
www.burmeseclassic.com

စိတ်ကူးသစ်စာပေ

မောင်ညိုမြိုင့်(သန့်လျှင်)

# မျက်ရည်တောင်မှာထိုးတဲ့ကျောက်စာ

(ဒုတိယပိုင်း)



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ

ကိုတင်ထွန်း

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၅၊ ဇန်နဝါရီလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | *Myat Min Han* |
| ကွန်ပျူတာစာစီ | ။ | *Maw Maw (New Idea)* |
| အတွင်းဖလင် | ။ | *Zin Oo & Brothers* |

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ညိုမှိုင်း၊ မောင်(သန်လျင်)
မျက်ရည်တောင်မှာထိုးတဲ့ကျောက်စာ/မောင်ညိုမှိုင်း(သန်လျင်)။–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၄၀–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မျက်ရည်တောင်မှာထိုးတဲ့ကျောက်စာ(ဒုတိယပိုင်း)

## ယနေ့ခေတ် မြန်မာစာကောင်းကောက်

ပိတောက်ကိုတဲ့ မ,တယ်၊
သျှားကောက်ခွေခွေနှင့် သမင်ရေ အပေါ်ဖုံးပါလို့၊
ဆယ်သုံးပင် ဝါခင်ပိုးကို၊ မှင်ရိုးမှာတွယ်။
မြီးဖျားက ပန်းပွားသွယ်၊ ခြယ်လှယ်လို့စုပေါင်း၊
ဒူး တေ တံတျာနှင့်၊ မြည်ရှာလေ ပြည့်စုံမက်တယ်၊
နန်းတော်ထွက်စောင်း။

မြဝတီမင်းကြီး ဦးစ

သက္ကရာဇ် – (၁၁၂၈–၁၂၁၄)

www.burmeseclassic.com

## ညောင်ရွက်

ဝေသာဝတီပြည်ကို အစိုးရသော မာရ်နတ်မင်းသည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို စစ်ထိုးလာသောအခါ အရေးနိမ့်ပြီး ထွက်ပြေးရသည်။ မာရ်နတ်မင်းသည် သူ၏ ဥသျှစ်သီးမှည့်ရောင်တောက်နေသော ဗေလုဝနတ်စောင်းကို မေ့ကျန်ရစ်၏။

ထိုစောင်းကို သိကြားမင်းရ၏။ သိကြားမင်းက ပဥ္စသိခ်နတ်သားအား ပေး၏။ ဗေလုဝနတ်စောင်းသည် ပဥ္စသိခ်နတ်သားလက်သို့ရောက်မှ ကျော်ကြားလာခြင်းဖြစ်သည်။

မြတ်စွာဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်နိုင်ခြင်းကို အစွဲပြု၍ စောင်းလက်ရုံးများတွင် ညောင်ရွက်ပုံသဏ္ဍာန် ပြုလုပ်ထားခြင်းဖြစ်သည်။

ကျမ်းကိုး –

မြန်မာ့စောင်းကောက်

မောင်ချစ်ဖေ (မဟာဝိဇ္ဇာ)

## ပါးပျဉ်း

စောင်းလက်ရုံးထိပ်မှ မှန်ပြသည် နှောင်းခေတ်မှပေါ်လာသည်ဟု ထင်၏။

ပုဂံခေတ်၌ မှန်ပြဆိုသည်ရှိပုံမပေါ်။

'မှန်ပြ' ကို 'ပါးပျဉ်း'၊ 'ညောင်ရွက်'ဟုလည်း ခေါ်၏။ မှန်တပ်ထားသောကြောင့် 'မှန်' ဟုလည်း ခေါ်၏။

'ပါးပျဉ်း'ဟုခေါ်ရခြင်းမှာ မြွေဟောက်ပါးပျဉ်းနှင့်တူသောကြောင့် ဖြစ်သည်ဟု အချို့က ယူဆ၏။

အချို့ကမူ မာဂဏ္ဍီမိဖုရားက ဥတေနမင်း၏ စောင်းတော်အတွင်းမှ မြွေထွက်လာစေရန် ဥပါယ်တံမျဉ်ဖြင့် ပြုလုပ်ထားသည်ကို သတိရစေရန် ပြုလုပ်ထားခြင်းဖြစ်သည်ဟု ယူဆကြသည်။

ကျမ်းကိုး –

မြန်မာ့စောင်း

မောင်ချစ်ဖေ (မဟာဝိဇ္ဇာ)

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့စောင်းကြိုး

စောင်းကောက်ကြိုးတပ်ရာ၌ ရှေးက (၃)ကြိုး၊ (၇)ကြိုး၊ (၁၃)ကြိုး တပ်ခဲ့ရာမှ ယခုအခါ (၁၄)ကြိုးရှိသည်ဟု သိရသည်။

မန်လည်ဆရာတော်က –

ငွေညို့ခုနစ်ချောင်း၊ သံမောင်းသံညှင်း၊

မတင်းမလျော့၊ လက်ကုန်ဆော့၍ ဟု မဃဒေဝလင်္ကာသစ်မှာ စောင်းကြိုး (၇)ချောင်းဟု ရေးခဲ့သည်။

ကုန်းဘောင်ခေတ် ဒေဝဣန္ဒာမောင်မောင်ကြီး (သက္ကရာဇ် ၁၂၁၆–၁၂၉၄) သည် (၁၃)ကြိုးမှ တစ်ပင်တိုး၍ (၁၄)ကြိုး တီထွင်ခဲ့သည်။

ပုလဲသီချင်းများကိုသာ (၁၄)ကြိုးဖြင့် တီးသည်။

စောင်းဦးဘသန်းကမူ (၁၄)ပင်ကို နှစ်ပင်ထပ်တိုး၍ (၁၆)ပင် တီထွင်ခဲ့သည်။

ကျမ်းကိုး –

မြန်မာ့စောင်း

မောင်ချစ်ဖေ (မဟာဝိဇ္ဇာ

## [ ၂၃ ]

❑

သည့်နောက် သူတို့ အောက်မားဆင်မကြီးတွေနောက်ကို လိုက်ကြပြန်တယ်။ တောင်ကြောကို ဖြတ်လိုက်၊ နောက်တစ်တောင်ကြောပေါ် တက်လိုက်၊ တောထဲကိုဝင်လိုက်၊ သစ်ပင်ကြီးတွေပေါ်ကနေ တက်ကြည့်လိုက်။

"ဆင်ရိုင်းကြီး ... ဆင်ရိုင်းကြီး ..."

"ဝေး ... ဘာတုံး ... မောင်သီဟ"

"သူတို့ကို တွေ့ပြီဗျို့ ... တွေ့ပြီ"

"ဟုတ်လား ... တကယ်လား ... ဘယ်မှာတုံးဟ"

"အစ်ကို ... တကယ်တွေ့တာလား ဟင် ဟင်"

"ဟုတ်တယ်ဟေ့ ... ငါတို့ အောက်မားကြီး နှစ်ကောင်ရော၊ ဆင်ဖြူသုံးကောင်ရောကွ။ ကြည့်စမ်း ... ဆင်ရိုင်းကြီးရေ"

"အေး ... ပြော ... ငါ့လူရေ ... ဘယ်မတုံးဟ"

"ကျွန်တော်တို့စတက်လာတဲ့ တောင်ခြေရှိရာကို ဦးတည်ပြီးသွားနေကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဒါဆို ငါတို့အောက်မားတွေ ပိုင်လို့နေမှာပေါ့။ ဒါကြောင့် မျှားခေါ်သွားတာဟ။ မောင်သီဟ မြန်မြန်ဆင်းပေါ့"

ရဲသီဟ သစ်ပင်ပေါ်က စွံတွေကိုဖြုတ်ပြီး ပြန်ဆင်းခဲ့လိုက်တယ်။

"ဒီကနေ ဝေးလား"

"ဝေးတယ်။ လိုက်ရင် မီနိုင်တယ်။ သူတို့ စားရင်းသွားနေတာ။ လိုက်စို့"

သူတို့ အောက်မားနဲ့ ဆင်ဖြူတွေသွားနေတဲ့ လမ်းကြောင်းအတိုင်း နောက်ကနေလိုက်ရင်း စဉ်းစားကြတယ်။

ဒီဆင်ဖြူသုံးစီး ပိတ်နေတဲ့ဂူကနေ ဘယ်လိုထွက်ကြတုံး။

ထွက်စရာဆိုရင် ဂူပေါက် ဝင်ပေါက်ပဲရှိတယ်။

မားကြီးနဲ့မားလေးလည်း ဒီဂူပေါက်ကပဲ ထွက်ခဲ့တာ။ သို့သော် မဖြစ်နိုင်ပေမင့် ဒီဆင်ဖြူသုံးကောင် ထွက်သွားဖို့က ကျောက်ရေတွင်းလေးပဲရှိတယ်။ ကျောက်ရေတွင်းက လက်တစ်ပိုင်းသာသာရယ်။

ဘယ့်နှယ် ... ခန္ဓာကိုယ်ကြီးမားတဲ့ ဆင်ဖြူတွေက ကျောက်ရေတွင်းကနေ ရေငုပ်ပြီး ထွက်လို့ရမှာလဲ။

သို့သော် စဉ်းစားစရာ ဒီနေရာပဲ ရှိတယ်ကိုး။

သူတို့ အောက်မားသုံးယောက်ရဲ့ ကိုယ်လုံးတွေဟာ ချွေးစိုရွှဲနစ်နေကြပြီး မိုက်ဆာလို့ဆာမှန်း မသိကြတော့ဘူး။ သူတို့ရင်ထဲမှာ ဆင်ဖြူသုံးကောင်ရမည့်အရေးက အရေးကြီးနေပြီ။

မင်းတရားကြီးက ယုံကြည်လို့ ခိုင်းခဲ့၊ တာဝန်ပေးခဲ့တာ။

သုံးကောင်အနက် တစ်ကောင်မှ မမိခဲ့ရင် အောက်မားတွေ နာမည်ပျက်ကိန်းပဲ။ နေက်ပလာဆင်အဖွဲ့ကလည်း လှောင်ကြမှာ။

သစ်ပင်ပေါ် တက်ကြည့်လိုက် ...

မြေပြင်ကနေ ပြေးလိုက် လိုက် ...

ဆင်ခြေရာနဲ့ သူတို့စားသွားတဲ့ စားပင်တွေကို ကြည့်ပြီး အပြင်းလိုက်ခဲ့ကြတာ။





မွန်းတိမ်းပြီးလောက်မှာ သူတို့ကို ခြေရာခံမိတယ်။

သူတို့ ကျောက်တောင်တွေကြားကနေ သွားနေကြတာကိုး။

ဒီနေရာကို မိမိတို့ မရောက်ဖူးဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ တောင်နှစ်ခုကြားက လမ်းကျဉ်းကျဉ်းပဲ။ ဆင်သွားရုံမျှလမ်း။ အချို့နေရာမှာ ကိုင်းတော၊ ဝါးတော၊ ချုံတွေ၊ အပင်တွေ။

ကြည့်စမ်း ...

အောက်မားဆင်မကြီးတွေ တော်လိုက်တာရယ်။

ဟုတ်တယ် ... ကျည်တောင်ရွာအထက်က တောင်ကြောရှိရာကို ပကိုးဘက်တောင်ကြား လမ်းသစ်ကနေ ဆင်မကြီးက ခေါ်လာခဲ့တာ။

နားလိုက်၊ စားလိုက်၊ မြူးတူးကျီစယ်လိုက်။ စမ်းချောင်းတွေ့ရင် ရေသောက်လိုက်။ အပင်ကြီးတွေအရိပ်မှာ ခိုဝင်ပြီး ...

ကျွန်းခေါက်တွေကို အစွယ်နဲ့ ထိုးခွာစားလိုက်။

တော်သေးတာပေါ့ ... မားကြီးရယ် ... သမီးကြီးရယ်။

"ကျွန်တော်တို့ ကျည်တောင်ကျုံးနဲ့ဆိုရင် သုံးခေါ်သာသာလေး ပဲ ဝေးမယ် ... ဆင်ရုံကြီးရေ"

"ဟုတ်နိုင်တယ်ကွယ့် .. ဒီတစ်ခါ အဆင်ချောအောင် တောစိုး တောင်စိုးတွေ စောင်မတော်မူပါ။ ရဲသီဟရေ ... ငါ ဥဇ္ဇတနမင်းကြီးရဲ့ ဆင်နိုင်ဂါထာကို ရွတ်လိုက်ဦးမယ်ပေါ့"

သည့်နောက် ဆင်ရုံကြီးက အရှေ့အရပ်ရှိရာကို လက်အုပ်ချီ မျက်နှာမူ လက်အုပ်ချီပြီး ဥတေနဘုရင်ကို သိကြားမင်းချီးမြှင့်ပေးခဲ့တဲ့ ဆင်နိုင်ဂါထာကို (၉)ခေါက် ရွတ်တော့တယ်။

"ပြီးပြီပေါ့ ... လိုက်ကြစို့ကွယ့်"

"ကျွန်တော်တို့လူ အောက်မားအဖွဲ့တွေလည်း မြင်မှာပဲ ... အစ်ကို"

"မြင်ကြမှာပဲကွ ... သူတို့လည်း အသင့်ရှိနေမှာပေါ့ကွာ"

ဒီလိုအချိန်မှာပဲ အဝေးကနေ ဆင်မတစ်ကောင်ရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျီ ..."

"ဂူး ... အူး"

"ဟာ ... ဒုက္ခပဲဟေ့ ... ဆင်ဖြူတော်တွေ ရပ်နေကြပြီဗျ"

'ဟုတ်တယ် ... ကြည့်ရတာ သူတို့ရှောင်ခိုင်းထားတဲ့ အောက်မားတွေဆီက ဆင်မတွေရဲ့ အော်သံပဲ။ ဆင်ဖြူသုံးကောင် တန့်သွားတယ်။

အောက်မားဆင်မကြီးကလည်း အသံလာရာကို နှာမောင်းကြီးမြှောက်၊ နားရွက်ကြီးတွေခတ်ပြီး စူးစမ်းနေတယ်။

ဒီမှာပဲ စွယ်စုံဆင်ဖြူကြီးဟာ နားရွက်ကြီးငြိမ်ပေပြီး နားစွင့်သလိုလုပ်ရင်းက နှာမောင်းကြီးကို လိပ်လိုက်၊ ချလိုက်၊ ယမ်းလိုက်နဲ့ ဂနာမငြိမ်တော့ဘူး။

မားကြီးနဲ့မားလေး အနီးကနေ အသာခွာလိုက်ပါရော။

မားကြီးကလည်း သိတယ်။

စောစောကအသံဟာ သူတို့ အောက်မားဆင်မရဲ့အသံ။

သူတို့ ကျူးရှိရာ တောင်ကျချောင်းနဲ့ နီးနေပြီ။

ဒီမှာ မားကြီးက စွယ်စုံကြီးကို နှာမောင်းနဲ့ တို့ထိချော့ပြီး ဆွဲခေါ်တယ်။

"ကျီ"

"ကျီ"

စွယ်စုံကြီးက စူးစူးဝါးဝါးအော်လိုက်ရော ကျန်ဆင်ဖြူနှစ်ကောင်ကလည်း ကျီခနဲအော်ပြီး တောင်ကြားလမ်းအတိုင်း နောက်ပြန်ဆုတ်လို့ ပြေးကြတာ တဝုန်းဝုန်း တဝေါဝေါ အသံတွေ ညံနေတယ်။

အောက်မားဆင်မကြီးလည်း သိလိုက်ပြီ။

သူမျှားခေါ်လာတဲ့ ဆင်ဖြူစွယ်စုံကြီး သင်္ကာမကင်းဖြစ်ပြီး နောက်ပြန်ပြေးပြီ။ ဆင်မ မားကြီးက အမြန်ပြေးပြီး ရှေ့ကနေ ဆို့တယ်။





ဒီမှာ စွယ်စုံကြီးက ဂူးခနဲအော်ပြီး အစွယ်ကိုဖွင့်လို့ ပြေးထိုးမလို့အလုပ် ...

မားကြီးကလည်း အစွယ်ချင်း ကပ်ယှက်ပြီး အဝင်လမ်းရှိရာကို လှည့်ခိုင်း၊ ပြန်တွန်း။

ဒီမှာ ဆင်နှစ်ကောင်ရဲ့ အားပြိုင်ပွဲ စပါရော။ စွယ်စုံက သူ့ခွန်အားနဲ့တွန်း။

မားကြီး ပြန်တောင့်ပြီး ခွာနင့်ကန်။

ကျန်ဆင်နှစ်ကောင်လည်း လန့်ပြီးပြေး။

ပြေးရာနောက်ကို မားလေးက ပြေးလိုက်ပြီး အော်။

မားကြီးနှင့် စွယ်စုံတို့ဟာ တွန်းရင်း၊ ရွေ့ရင်း၊ နှာမောင်းတွေနဲ့ လိမ်ချိုးကြရင်း နွားတွေ့ ကျွဲတွေ့ တွန်းရာက စွယ်စုံဆင်ဖြူပေါက်ဟာ မားကြီးရဲ့ စွယ်စုံအစွယ်ကြီးနဲ့ ခွန်အားဒဏ်ကို မခံနိုင်ဘဲ နောက်ဆုတ်နောက်ဆုတ် ကန်ရင်းခံရင်း အစွယ်ကို ဖယ်လို့ ခေါင်းအလွတ်မှာ ကျီခနဲအော်ပြီးပြေး။

အောက်မားဆင်မကြီးကလည်း လျင်မြန်နဲ့ခြေလှမ်းနဲ့ လိုက်။

ဒီမှာပဲ အောက်မားဆင်စခန်းက အောက်မားဆင်တွေနဲ့ ဦးစီးပုံကိုင်တွေ ရောက်ချလာပါရော။

"ဆင်ရုံကြီး ... ဘယ်လိုဖြစ်ကြတာတုံး"

"မင်းတို့ဆင်သံတွေ ကြားပြီး ဆင်ဖြူတွေ ပြန်လှည့်ပြေးကြတာပဲဟေ့"

"ကျွန်တော်တို့ အောက်မားတွေရော"

"ဆင်ဖြူသုံးကောင်ကို တားရင်း၊ ခေါ်ရင်း၊ ဖွေကြရင်း ဆင်ဖြူသုံးကောင်နောက်ကို လိုက်သွားကြတယ်ဟေ့"

"ဆင်ရုံကြီး ... ကျုပ်တို့လိုက်မှ ဖြစ်မယ်။ ကျွန်တော်တို့ရဲ့ ဆင်သိမှာအောက်မားတွေကို အဆုံးခံလို့ မဖြစ်ဘူး"

"ငါတို့လိုက်ရင် ဆင်ဖြူတွေ ပိုလန့်သွားမယ် ... ဦးစီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လိုလုပ်မတုံး"

"ငါတို့ သူတို့နောက်ကို ပြန်လိုက်သွားမယ်။ အခြေအနေမကောင်းရင် ငါတို့အောက်မားတွေကို ပြန်ခေါ်ခဲ့မယ်။ အကယ်လို့ ဆင်ဖြူတွေကို ငါတို့အောက်မားတွေ ပြန်ချော့ခေါ်လာနိုင်ခဲ့ရင် စောစောတုန်းကလို ငါတို့ ကျုံးရှိတဲ့ လမ်းကြောင်းပေါ် ရောက်ခဲ့ရင် မင်းတို့အောက်မားဆင်တွေနဲ့ ဝိုင်းပြီး ကျုံးထဲကို ခြောက်၊ မောင်းသွင်းကြတာပေါ့။ မင်းတို့အောက်မားတွေ လေအောက်ကနေ အခြေအနေကို ကြည့်ထား။ ငါတို့အချက်ပေးရင် ဘေးဘယ်ညာ ရံညှပ်ပြီး ရဲလောင်းလမ်းအတိုင်း ကျုံးရှိရာကို မောင်းကြ၊ ညတွေ၊ နေ့တွေ ရွေးမနေနဲ့ဟေ့"

"ဒါဆိုလည်း ကျုပ်တို့ လေအောက်ကနေ ပုန်းနေတော့မယ်"

"ရဲဒီဟာနဲ့ ဒီဗွ ... လိုက်ကြစို့ဟေ့"

ဆင်ရုံကြီးတို့သုံးဦး လိုက်တော့ ဆင်ငါးကောင်က အတော်ဝေးဝေးကို လိုက်သွားကြပြီး သူတို့ဟာ တောင်ပေါ်လမ်းအတိုင်း တက်သွားနေကြတယ်။

မကြာခင် သူတို့ကို မီလာတော့တယ်။

ခုတော့ အောက်မားကြီးတွေနဲ့ ဆင်ဖြူတွေ ရန်မဖြစ်ကြတော့ဘူး။ အောက်မားဆင်တွေကလည်း သူတို့နဲ့တန်းစီပြီး တောင်ပတ်လမ်းကနေ တန်းစီသွားနေကြတယ်။

အတန်ကြာတော့ ...

ဝါးတောကြီးထဲကို ဝင်သွားတာ မြင်ရတယ်။

သူတို့ လေအောက် မလှမ်းမကမ်းကနေ ပတ်ပြီး လိုက်ကြတုန်းမှာပဲ တောင်ကမ်းပါးယံတစ်ခုအောက်မှာ ဆင်တွေရပ်နေကြတာကို မြင်ရတယ်။

အလို ... ကမ်းပါးယံကြီးအောက်မှာ ဂူပေါက်ကြီးတစ်ခုကိုး။

ဂူကြီးရှေ့မှာ ကျောက်လုံးကြီးတွေ အစီအရီရှိလို့။

ဦးစွာ စွယ်စုံဆင်ဖြူကြီးက ဂူပေါက်ထဲကို ဝင်သွားတယ်။





နောက် ဆင်ဖြူနှစ်ကောင်ကလည်း လိုက်ဝင်တယ်။

သည့်နောက် အောက်မားဆင်မနှစ်ကောင် ဂူထဲကို လိုက်ဝင်သွားတာကို သူတို့မြင်ရတယ်။

"မောင်သီဟ ... မြင်လား"

"မြင်တယ် ... ဆင်ရုံကြီး၊ သူတို့ ကျောက်ဂူထဲ ဝင်သွားကြပြီ"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ကျွန်တော်တို့ အောက်မားဆင်တွေနဲ့ ဂူဝကို ဝိုင်းဆို့ပြီး အစာရေစာ ဖြတ်ဖမ်းရင် ရမယ်နဲ့တူတယ်"

"သူတို့က အစာဝတ်မခံဘဲ ပြန်တိုက်ပြီးထွက်ရင် ဘယ်လိုလုပ်မတုံး။ နောက်ပလာအဖွဲ့တွေ ပါရင်တော့ လွှန်ပစ်ပြီး ဖမ်းနိုင်မှာပဲ"

"ဒီဆင်ဖြူသုံးစီးက အတော်နပ်တယ် ... ဆင်ရုံကြီး"

"ဟုတ်တယ် ... များသောအားဖြင့် ငါတို့အောက်မားဆင်မတွေနဲ့တွေ့ရင် ပါလာတာ များတာပဲ။ ဒီသုံးကောင်နဲ့တွေ့မှ ငါတို့ဆင်မတွေလည်း ခက်နေကြတယ်။"

"သူတို့နဲ့ အတူနေပြီး တောပြောင်းရင် ဒုက္ခပဲ"

"ဟော ... ဟော ... နားထောင်ကြစမ်းဟေ့ ... ရှူး ... တိုးတိုး ... တိုးတိုး"

ဂူထဲကနေ ဆင်အော်သံတွေ ကြားရတယ်။ မကြာပါဘူး အောက်မားဆင်မနှစ်ကောင် ပြေးထွက်လာရင်းက ဂူဝကိုကြည့်ပြီး အော်ကြပါရော။

"အူး ... ဝူး"

"အူး ... ဝူး"

အောက်မားဆင်မနှစ်ကောင်ဟာ ဂူထဲရှိတဲ့ဆင်တွေကို အပြင်ထွက်အောင် ခေါ်နေတဲ့ပုံမျိုး။

အတန်ကြာအော်ပြီးနောက် ဆင်မနှစ်ကောင်ဟာ ဟိုဟိုဒီဒီကို လိုက်ကြည့်နေကြပါရော။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကို ခွာနဲ့ယက်လိုက်၊ နှာမောင်းတွေနဲ့ တွေ့ရာ အကိုင်း [illegible] ချိုးပြီး [illegible] ထဲကို ပစ်သွင်းလိုက်၊ ဟိုပြေးဒီပြေး ပြေးလိုက်၊ [illegible]

အချိန်အတန်ကြာသည့်တိုင် ဂူထဲက ဆင်ဖြူသုံးစီး ထွက်မလာဘူး။ အောက်မားဆင်မတွေကလည်း ဂူထဲကိုပဲ ကြည့်ပြီး နှာမောင်းတွေ တယမ်းယမ်း လုပ်နေကြလို့။

"ဆင်ရုံကြီး ... ထူးတော့ ထူးနေပြီဗျ"

"ဟုတ်တယ် ... မားကြီးတို့ မဝင်ရဲသလိုပဲကွ"

"အထဲကကောင်တွေ ရန်လုပ်လွှတ်သနဲ့ တူရဲ့ကွယ်"

"စောစောကပြောသလို အောက်မားဆင်တွေနဲ့ ဂူပေါက်ကိုဝိတ်ပြီး ဝိုင်းရမှာပဲ။ တို့လူတွေ သွားခေါ်"

"ကျွန်တော်သွားမယ် ... အစ်ကို"

"မင်း မသွားနဲ့။ လမ်းက ကြမ်းတယ်။ အစ်ကို လိုက်သွားမယ်။ မင်းနဲ့ ဆင်ရုံကြီး စောင့်ကြည့်နေ။ အခြေအနေမကောင်းရင် အောက်မားဆင်မတွေ ပြန်ခေါ်ပြီး ဆုတ်ခဲ့ကြ"

ရဲသီဟ နောက်ကြောင်းကို ပြေးခဲ့လိုက်တယ်။

ဒါနဲ့အတူ ပါးစပ်ကလည်း အချက်ပေးလိုက်တယ်။

"ဝူး ... ဝူး"

"ဝူး ... ဝူး"

ပါးစပ်က အချက်ပေးလိုက်၊ တောင်ကြားကို ဖြတ်လိုက်တာနဲ့ .

"ဝူး ... ဝူး"

"ဝူး ... ဝူး"

ဟော ... ပြန်အချက်ပေးသံ အောက်လျှိုထဲက ကြားရပြီ။

"ဝူး ..."

"ဝူး ..."

"ဆင်မှူးကြီးတို့ ... လာဗျို့"





"အေး ... ရဲသီဟလားဟေ့"

"ဟုတ်တယ်ဗျို့ ..."

"ဘာဖြစ်လို့လဲ ... တစ်ယောက်တည်းပါလား။ ဆင်ရုံကြီးတို့ရော"

"ရှိတယ်ဗျ ... ဆင်ဖြူတွေ ဂူတစ်ခုထဲကို ဝင်သွားပြီး ပြန်မထွက်ကြတော့ဘူး။ ကျုပ်တို့ မားကြီးနဲ့မားငလေးလည်း ကျောက်ဂူဝမှာ ရှိနေတုန်းပဲ"

ရဲသီဟက မြင်ခဲ့ရပုံကို အကျဉ်းချုံးပြောလိုက်ပြီး ...

"ဂူဝကို အောက်မားဆင်တွေနဲ့ ဝိုင်းထားပြီး အစာရေစာဖြတ်ဖမ်းမယ်တဲ့။ ဦးစီးတို့ ... အမြန်လိုက်ခဲ့"

"အေး ... ကောင်းပြီဟေ့၊ ရှေ့ကလမ်းပြ ... ရဲသီဟရေ"

သည့်နောက် အောက်မားဆင်မကြီးသုံးစီးနှင့် ဆင်ဦးစီးတွေ လျှိုအောက်ကနေ တက်လာခဲ့ကြတာ။

"ဦးစီး ..."

"ပြောဟေ့"

"ဆင်ဖျားဆင်တွေ မအော်စေနဲ့နော်"

"အေးပါ ... အေးပါ ... သိပါပြီ"

ကျောက်ဂူအတွင်းကို ကြည့်ပြီး တကျီးကျီး တဝူးဝူး အော်ဟစ်နေရာက အောက်မားဆင်အုပ်နဲ့ ဦးစီးတွေကို မြင်လိုက်ရရော ...

"ကျီ ... ဝူး ... ကျီ ... ဝူး"

"အစ် အစ် အစ် ... ဝူး"

အောက်မဆင်မတွေ အချင်းချင်း ပြန်ဆုံပြီး ဝမ်းသာအားရ အော်ဟစ်အသံပြု နှာမောင်းကြီးတွေ မြှောက်ယမ်းပြီး နားရွက်ကြီးတွေတယမ်းယမ်းနဲ့ ပျော်နေကြရဲ့။

"ဦးစီး ..."

"ဗျ ... ဆင်ရုံကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ဖြူတွေဝင်သွားပြီး ပြန်မထွက်သေးတာ ဒီကျောက်ဂူပဲဟေ့။ ငါတို့အောက်မားတွေနဲ့ ဂူဝကို ဆို့ထားကြမယ်ဟေ့"

"ဆင်ရုံကြီး . . ."

"အေး . . . ပြော . . . ဦးစီး"

"ဒီဂူက ဂူကြောရှည်ပြီး ဥမင်ပေါက်နေရင် ဆင်ဖြူတွေရှိပါ့မလား ဆင်ရုံကြီးရ"

"ဂူကြောမရှည်နိုင်ဘူး၊ ဥမင် မပေါက်နိုင်ဘူးကွ"

"ဘာလို့ပြောနိုင်တာလဲ"

"သူတို့ ဥမင်ရှိလို့ ထွက်သွားရင် ငါတို့အောက်မားဆင်မတွေ အနံ့ခံပြီး လိုက်သွားမှာပေါ့။ သူတို့ချင်း ရင်းနှီးနေကြပြီဥစ္စာ။ ခုဟာက အထဲကနေ ငါတို့အောက်မားဆင်မနှစ်ကောင်ကို ဂူထဲ အဝင်မခံဘဲ ပြန်ထိုးလွှတ်နေပုံပဲကွ။ အထဲမှာ ရှိတုန်းပဲ"

"ဒါဆိုလည်း ပိုင်းကြပေါ့ဗျာ"

အောက်မားဆင်ငါးစီးနဲ့ ဂူပေါက်ဝကို ပိတ်ဆို့ ကာထားလိုက်တယ်။ ဒါနှင့်အတူ အသင့်ပါလာတဲ့ ကြိုးတွေကိုလည်း ကွင်းလျှောတွေလုပ်ပြီး ဂူအတွက်လမ်းကြောင်းမှာ ချထားလိုက်တယ်။

ဒီဆင်ဖြူတွေ မထွက်ဘဲ မနေဘူး။

အစာနှင့်ရေအတွက် ထွက်ကိုထွက်ကြမှာ။

ထွက်လာတာနဲ့ ကျွန်းပင်နဲ့ ထိန်းချည်ထားတဲ့ ကွင်းလျှောကြိုးထောင်ချောက်တွေနဲ့ ဒင်းတို့ခြေထောက်ကို စွပ်မိအောင်ဆွဲ၊

ပြီးရင် အောက်မားတွေနဲ့ညှပ်။ ခြေထောက်ကို ထူးခတ်ပြီး ညှပ်ခေါ်သွားရင် ဒင်းတို့ လွတ်ရိုးလားလေ။

အောက်မား ဆင်ဖမ်းအဖွဲ့ခေါင်း ဆင်ရုံကြီးရော၊ ရဲသီဟတို့၊ ဆင်ကြားသား၊ ဆင်စမ်းသားနဲ့ ဆင်မှူးကြီး၊ ဆင်ဦးစီး၊ ဆင်ပဲ့ကိုင်၊ လုံကိုင်တွေပါ ဝမ်းသာနေကြတယ်။





ကျွန်ဆင်သမားတွေက ဆင်စာတွေရှာပြီး မားကြီးတို့ကို ကျွေးရေတိုက်။ အဝင်ဝကနေ အသင့်စောင့်။

ဒီလိုနဲ့ နေဝင်မှောင်သွားတယ်။

ဂူထဲကဆင်ဖြူတွေ ထွက်မလာကြဘူး။

မားကြီးနဲ့ မားလေးကလည်း နှာမောင်းတွေမှုတ်ပြီး ဂူထဲကို အနံ့ခံရင်း ခွာတရှပ်ရှပ် လုပ်နေကြတုန်းပဲ။

မစောင့်နိုင်တော့ မားကြီးက အထဲကိုဝင်သွားပြီး မကြာပါဘူး အပျာကယာ ပြန်ထွက်လာပြန်ရော။ မားကြီးရဲ့ပုံစံက ဂနာမငြိမ်သလိုဖြစ်လို့။ အထဲက ဆင်တွေက ရန်လုပ်ကြလို့လား၊ လုပ်ရင်လည်း ရုန်းရင်းဆန်ခတ်အသံ ကြားရမှာဥစ္စာ။

ဒီလိုနဲ့ တစ်ညဥ့်ကူးပြီး တစ်မိုးသောက်ခဲ့သည့်တိုင် ဂူအထဲက ဆင်ရိုင်းသုံးကောင် လုံးဝမထွက်ဘဲ ငြိမ်ချက်သားကောင်းနေတယ်။

ဒီလိုနဲ့ . . .

နေ့မွန်းတည့်လာပြီ။ နောက် နေဝင်သွားပြီ။

သူတို့ နှစ်ညမြောက် ထင်းမီးပုံကြီးတွေ မီးရှို့ပြီး အလှည့်နဲ့ စောင့်နေကြတုန်းပဲ။ မိုးလင်းတော့ သူတို့ ခေါင်းချင်းဆိုင် တိုင်ပင်ကြရတော့တယ်။

"ဆင်ရုံကြီး . . . ဆင်ဖြူတွေ မထွက်ဘူး။ ဒီကျောက်ဂူထဲမှာ ထွက်လမ်းရှိလိမ့်မယ် ထင်တယ်"

"စဉ်းစားစရာပဲ . . . မောင်သီဟ၊ ထူးတော့ ထူးနေတာပဲ"

"ကျွန်တော်တို့ ဂူနောက်ကျော တောင်ကမ်းပါးယံတွေကို လိုက်ကြည့်ဦးမယ်။ ဂူပေါက်များ ရှိလားလို့"

"အေး . . . သွားကြ"

ရဲသီဟတို့ ဂူပေါက်ကြီးရဲ့နောက်က တောင်ကျောနဲ့ ကျောက်ထရံကြီးကို ပတ်ပြီးရှာကြတယ်။ ကျောက်ထရံကြီးက ကျယ်ပြန့်ပြီး၊ မြင့်ပြီး ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်မှ မရှိဘူး။ ဒုံးပိတ်ကြီး။ တောင်ရဲ့ ဟိုမှာဘက်မှာလည်း ဘာဂူပေါက်မှ မရှိ။

သစ်ပင်တွေ၊ ချုံတွေအောက်ပါ ရှာကြတယ်။

ကျောက်တုံး၊ ကျောက်စိုင်ကြီးတွေအောက်လည်း ရှာကြတယ်။

အပေါက်မရှိဘူး။ ဆင်ခြေရာမရှိဘူး။ ဆင်စားတဲ့ လက်စလက်နမရှိဘူး။ ဒါနဲ့ ပြန်လာခဲ့ပြီး ဆင်ရုံကြီးကို ပြောပြလိုက်ရတယ်။

''ဒါဆို အထဲကို အရဲစွန့်ပြီး ဝင်ရမှာပဲ''

''ဖြစ်ပါ့မလား''

''ဘာလို့ မဖြစ်ရမှာလဲ။ ဒီကောင်တွေ ဂူကျယ်လို့သာ အထဲမှာ ငြိမ်နေတာနေမှာ။ စွန့်စားပြီး ကြည့်ရမှာပဲ။ တိကျတဲ့အဖြေရမှ ငါတို့ရှေ့ဆက် ဘာလုပ်သင့်လဲကို စဉ်းစားရမှာလေ''

ဒီမှာ ရဲသီဟက ...

''ဒါဆိုလည်း ကျွန်တော်ဝင်ကြည့်လိုက်မယ် ... ဆင်ရုံကြီး''

''မင်း မဝင်နဲ့ ... မောင်သီဟ''

ဆင်ရုံကြီး မောင်သီဟကို မဝင်နဲ့လို့ တားလိုက်တယ်။

''ကျွန်တော်မဝင်ရင် ဘယ်သူ့ကို ဝင်ခိုင်းမှာလဲ ... ဆင်ရုံကြီး''

''ကျုပ် ဝင်မယ်ဗျာ''

ရဲဒီဗွက ဆင်ထိုးလှံရှည်ကြီးကို မြှောက်ပြီး ပြောလိုက်ပြန်တယ်။ သူ့မျက်နှာပေါ်မှာ ဝံ့ရဲတဲ့သတ္တိတွေ ထင်းလို့။

''မင်းလည်း မဝင်နဲ့''

''ဗျာ ... ဒါ ... ဒါဆိုရင် ... ဘယ်သူ ...''

''ငါကိုယ်တိုင် ဝင်ကြည့်မယ်''

''ဆင်ရုံကြီး ... မဖြစ်ဘူးနဲ့တူတယ်နော်''

''ဘာလို့မဖြစ်ရမှာလဲကွယ့် ... ငါက ဒီအောက်မားအဖွဲ့မှာ ဆင်ဖမ်းခေါင်းဆောင်ပဲ။ ငါဝင်မယ် ... ငါပဲဝင်မယ်''





အားလုံးက အသက်အရှယ်ရနေတဲ့ ဆင်ရုံကြီးကို ဝိုင်းတားကြတယ်။ အထဲမှာ ဘယ်လိုအခြေအနေရှိနေမှန်း မသိဘူး။

ငြိမ်ချက်သားကောင်းပုံက ကြောက်စရာကြီး။ ဆင်ဆိုတဲ့ သတ္တဝါဟာ ဉာဏ်အလွန်များတာလေ။

ဘာအန္တရာယ်ပေးနိုင်တဲ့ သတ္တဝါ ရှိသေးလဲမသိဘူး။

''ဒီလိုလုပ်ပါ ... ဆင်ရုံကြီး''

''ပြော ... ဘယ်လိုလုပ်ရမှာတုံး ... မောင်သီဟ''

''ဆင်ရုံကြီးရယ်၊ ကျွန်တော်ရယ်၊ ညီလေးဒီဗွရယ် ဝင်ကြည့်မယ်။ သေအတူ ရှင်မကွာပေါ့ကွာ''

''အဲဒါ ကောင်းတယ်ဗျို့''

''အဲဒီလိုလုပ်ပါ ... ဆင်ရုံကြီး''

အားလုံးကလည်း ရဲသီဟရဲ့အဆိုကို ဝိုင်းထောက်ခံကြတာမို့ နောက်ဆုံး သူတို့သုံးဦး ဆင်ထိုးလှံရှည်ကိုယ်စီ၊ မီးတုတ်ကိုယ်စီနဲ့ ရှေ့နောက် နည်းနည်းစီခွာလို့ ကျောက်ထရံဂူကြီးထဲကို စွန့်စွန့်စားစား ဝင်ခဲ့ကြတော့တယ်။

ဂူကြီးက ဝင်ပေါက်ကျဉ်းပြီး အထဲမှာ ကျယ်တာပဲကိုး။

အထဲမှာ ကျောက်တုံးကျောက်ပြားတွေ ထပ်ထားသလိုပဲ။

အချို့ကျောက်လုံးတွေဟာ လူဦးခေါင်းနဲ့ ခပ်ဆင်ဆင်တူနေတာကို အံ့ဖွယ်မြင်ရတယ်။ ခေါင်းပြတ်တွေ ဆင့်ထားသလိုပဲ။

''ဆင်ရုံကြီး ... ဟိုမှာ ... ဟိုမှာ''

''ရှူး ... တိုးတိုး''

သူတို့မြင်လိုက်ရတာက ကျောက်ခုတင်ကြီးပေါ်မှာ ကျောပေးထိုင်နေတဲ့ လူကြီးတစ်ဦး ။

အလို ... သျှောင်ထုံးကြီးနဲ့ပါကလား။

မီးတုတ်နဲ့ မြှောက်ကြည့်လိုက်တော့ သူတို့ကို ကျောပေးထိုင်နေတဲ့လူကြီး အဖြူရောင်အင်္ကျီနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး . . . တရားထိုင်နေတာကွယ့်"

"ဟုတ်တယ်ဗျ . . . သူတော်စင် ကမ္မဋ္ဌာန်းသမားနဲ့ တူတယ်။ ဘယ်လိုလုပ်ကြမတုံး . . . ဆင်ရုံကြီး"

"ငါတို့ခြေသံကို သူ ကြားမှာပါ။ အနီးတိုးပြီး ကြည့်ရအောင် ဟေ့"

"လူသူတော်စင်လိုပုဂ္ဂိုလ်နဲ့ တွေ့ရတော့လည်း ကံကောင်းတာပေါ့။ လာ . . . လာကြ"

ရှေ့ကနေ မီးတုတ်မြှောက်ကြည့်လိုက်တော့ အသက် (၉၀)ခန့် အဘိုးအိုကြီး။

"ဟင် . . ."

"ရှူး . . . ဘာဖြစ်လို့တုံး"

"သူ . . . သူပဲ . . . သူပဲ . . ."

"ဘာသူပဲတုံး . . . အစ်ကို"

ရဲသီဟ အလွန်အံ့သြသွားခဲ့တယ်။ တစ်ညဲ အိပ်ပျော်နေတုန်း သူ့ကိုခေါ်ပြီး သတိပေးခဲ့တဲ့ အဘိုးအိုပါကလား။

လည်ပင်းမှာ ပုတီးနက်တစ်ကုံး ဆွဲထားလို့။

ဝမ်းသာလိုက်တာ။

ဖြစ်ချင်ရာဖြစ် ရဲသီဟ ကျောက်ခုတင်ပေါ်မှာ တရားမှတ်နေတဲ့ အဘိုးအိုကို အသံပြုလိုက်တယ်။

"အဘိုး . . . အဘိုး . . ."

"အဘိုး . . . ကျွန်တော်ပါ . . . မောင်သီဟပါ . . . အဘိုး"

ကျောက်ခုတင်ပေါ်က အဘိုးကြီးက လုံးဝ မလှုပ်ဘူး။

"အဘိုး . . ."

"မောင်သီဟ . . . တရားမှတ်နေတယ်လေကွယ်။ ငါတို့ ဆင်တွေကို အရင်ရှာကြည့်ကြမယ် . . . လာ"





ဒါနဲ့ သူတို့သုံးဦး တရားမှတ်ရှု ဈာန်ဝင်နေတဲ့ အဘိုးအိုကို လှည့်ကြည့်လှည့်ကြည့်လုပ်ရင်း ဆင်ရုံကြီးရှေ့ဆောင်ရာနောက်ကို မီးတုတ်မြှောက်ပြီး လိုက်ခဲ့လိုက်တယ်။

အလို . . . ကျောက်ဂူကြီးက အိမ်ကြီးနှစ်လုံးစာမျှ ကြီးတာပါကလား။ ရှေ့မှာ ကျောက်ခွက်တစ်ခု။ ကျောက်ခွက်ထဲမှာ ရေ မပြည့်တပြည့်။ သို့သော် ဆင်သုံးကောင်ရဲ့အသံ မကြားရဘူး။

ဂူကြီးက လုံးဝ ဥမင်မရှိတဲ့ ဂူကြီး။

ရှိတာဆိုလို့ ဂူကြီးရဲ့အလယ်မှာ လူနှစ်ဖက်ခန့် ကျောက်တွင်းတစ်ခုရှိတယ်။ ကျောက်တွင်းထဲမှာ ရေမရှိဘူး။ ရဲသီဟက ကျောက်တွင်းထဲကို ဆင်ထိုးလုံ့ရှည်စိုက်ပြီး အနက်ကို တိုင်းကြည့်လိုက်တယ်။

လူတစ်ရပ်ကျော် ဆင်ထိုးလုံ့သာ ဆုံးသွားရော . . .

အောက်မှာ အနက်က မဆုံးသေးဘူး။

လူဆင်းမယ်ဆိုရင် တစ်ယောက်တော့ ဆင်းလို့ရတယ်။

"ဆင်တွေ ဂူပေါက်မရှိဘဲ ဘယ်ရောက်သွားလဲ"

"ဟုတ်တယ် . . . အံ့သြစရာပဲ"

"အပေါက်နဲ့တူတာ ဒီကျောက်တွင်းပေါက်ပဲ ရှိတာဗျ"

"မင်းတို့၊ ငါတို့ မျက်စိနဲ့ တစ်အိပ်သေချာ ဝင်သွားတာ မြင်ရတာပဲလေကွာ"

"ဟုတ်တယ် . . . အခုမရှိဘူးလေ"

သူတို့ မကျေနပ်သေးဘူး။ ကျောက်လိုဏ်ဂူမှာ အံ့ထိုးကျောက်တံခါးများ ရှိမလားဆိုပြီး ကျောက်အက်ကြောင်းတွေ ရှာပြီး လက်နှင့်တွန်းကြည့်တယ်။ လျှို့ဝှက်အံ့ထိုးကျောက်တံခါး လုံးဝမရှိ။

ဒီဆင်သုံးကောင် ဝင်ထွက်စရာဆိုရင် . . .

ကျောက်တွင်းပေါက် လူတစ်ဝင်စာပဲ ရှိတယ်။

ရဲဒိဗ္ဗက ဆင်ရုံကြီးနား တိုးပြီး . . .

"ဆင်ရုံကြီး . . . ဒီတွင်းဝကများ ဝင်သွားရော့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... တော့်ရေ၊ ဒီတွင်းပေါက်က လူတစ်ယောက်ပဲ ဆင်းလို့ရမှာပေါ့ဗျာ။ ဆင်ကိုယ်လုံး ဝင်လို့ ဆင်းလို့ရမှာလား စဉ်းစားပြောစမ်းပါ"

ရဲဒိဗ္ဗ ဆင်ရုံကြီးစကားကြောင့် ငြိမ်နေလိုက်တယ်။

"ဆင်ရုံကြီး ... အပေါက်ထဲကို မီးတုတ် ထိုးကြည့်မယ်ဗျ"

ဒါနဲ့ ကျောက်တွင်းပေါက်ထဲ မီးတုတ်ထိုးကြည့်လိုက်တော့ ...

အလို ... ကျောက်လှေခါးထစ်တွေကို တွေ့လိုက်ရပါရော။

"ဆင်ရုံကြီး ... ကျောက်လှေခါးထစ်တွေနဲ့ဗျ။ လာကြည့်ပါဦးဗျ"

"ဟုတ်လား ..."

"ကျွန်တော် ဆင်းကြည့်မယ်ဗျာ"

"ဖြစ်ပါ့မလား ... မောင်သီဟ။ ဘယ်လောက်နက်မှန်း မသိဘူးနော်"

"နေ ... နေ ... စမ်းကြည့်မယ်"

ရဲသီဟက ခါးမှာပတ်ယူလာတဲ့ ကြိုးနဲ့ ခဲလုံးတစ်လုံးကို ချည်ပြီး ချကြည့်တော့ ဆယ်လံရှည်တဲ့ကြိုးဟာ တစ်စုံတစ်ခု (လှေကားထစ်)တွေ ထိခတ်ပြီး အောက်ကိုဆင်းသွားတာ ခံစားရတယ်။

"ဆင်းကြည့်မယ်"

"ရဲသီဟ ..."

"ဆင်ရုံကြီး ..."

"ငါတို့အလုပ်က ဆင်ဖြူသုံးစီးကို ရှာဖို့ပါ။ အသက်နဲ့ရင်းရတဲ့ မဆိုင်တာတွေ မလုပ်သင့်ဘူး ... မောင်သီဟ"

"အထဲမှာဘာတွေရှိလဲ သိချင်လို့ပါ ... ဆင်ရုံကြီး"

"ဘာသိနိုင်မှာတုံး ... ဆင်တော့ မဆင်းနိုင်ပါဘူး"

"ဒီကျောက်ဂူဟာ လျှို့ဝှက်ချက်ရှိတဲ့ ကျောက်လိုဏ်ဂူပဲ ... ဆင်ရုံကြီး။ ဆင်ဖြူသုံးစီး ဝင်သွားတယ်။ အထဲမှာ အလိုလိုပျောက်သွားတယ်။ ဘယ်လိုကြောင့် ဂူထဲမှာ ဆင်သုံးစီး ပျောက်သွားရတာလဲလို့





င်းကြီးကများ မေးခဲ့ရင် ကျွန်တော်တို့အောက်မှာတွေ ပြောနိုင်ရမယ်လေ။ ပြောနိုင်ရင် ကျွန်တော်တို့ အောက်မှာတွေ ညှို့တဲ့အကြောင်းကို သိသွားပြီ ..."

"ကဲ ... ဒါဆိုလည်း သတိနဲ့ဆင်းပါ ... ငါ့လူရာ။ အသက်ရှူ ရင် ဆက်မဆင်းနဲ့။ ဆင်းရင် ခါး ကြိုးချည်ဆင်း"

ရဲသီဟက သူ့ခါးမှာ ကြိုးကိုချည်လိုက်တယ်။ ပြီးနောက် ကြိုးတစ်ချောင်းနဲ့ အရှည်ဆက်လိုက်တယ်။

"ညီလေး ..."

"အစ်ကို ..."

"အောက်ကနေ အစ်ကို ကြိုးလှုပ်ပြရင် ငါ့ညီ ကြိုးကို အမြန် ဆောင့်ပြီးဆွဲထား ... ကြားလား"

"ဟုတ် ... ဟုတ် ... အစ်ကို ... သတိတော့ ထားနော်"

"အေးပါ ... ငါ့ကို ဓားမြှောင်ပေး"

ရဲသီဟ ခါးကြားမှာ ဓားမြှောင်ကို ထိုးပြီး မီးတုတ်ကိုကိုင်ရင်း ကြိုးကိုထိန်းလို့ ကျောက်ကျင်းပေါက်ထဲကို ဆင်းလိုက်တယ်။ အောက်မှာ ကျောက်လှေခါးထစ်တွေ ရှိနေတာကိုး။ သူ ကြိုးကိုကိုင်၊ မီးတုတ်ကိုကိုင်ပြီး ကျောက်လှေခါးတစ်ထစ်ချင်း ဆင်းလာလိုက်တာ အလံ (၁၅) လံလောက်ရှိတဲ့ကြိုးလည်း ဆုံးသွားပြီ။ အောက်မှာ ကျောက်လှေခါးထစ်တွေ မဆုံးသေးဘူး။ မီးတိုင်အလင်းရောင်နဲ့ အောက်ကို ငုံ့ကြည့်တော့ နက်နက်ရှိုင်းရှိုင်း လှေကားထစ်လမ်းကြောင်း ရှည်နေတာကို မြင်ရတယ်။

ဒီမှာပဲ အောက်ကနေ ဆိုင်းတီးသံတွေ ကြားရပါရော။

ဟုတ်ရဲ့လား ... ဟုတ်မှ ဟုတ်ရဲ့လား။

ဟုတ်တယ် ... သားရေပတ်ဗုံးကို တီးသံ၊ နှဲသံ၊ လင်းကွင်းသံ၊ ဘုရားရေ ... ဟိုးအောက်မှာ ဘယ်သူတွေ နေကြလို့ပါလိမ့်။

အို ... နှဲသံကလည်း သာယာနာပျော်လိုက်တာ။

လူသံ မကြားရဘူး။ သီချင်းဆိုသံ မကြားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



[illegible] နတ်တွေလား၊ တစ္ဆေတွေလား။ ဒါမှမဟုတ် ... [illegible]တွေနေတဲ့ အရပ်လား။

[illegible]ယောင်ဖန်ဆင်းတယ်ဆိုတဲ့ ကျတ်၊ တစ္ဆေတွေများ တီးမှုတ်နေ[illegible] ဒီမှာ လက်ထဲက မီးတုတ် ရုတ်တရက် ငြိမ်းသွားလို့ မှောင်ကျ[illegible]

ကျောက်ဂူမြေအောက် ကျောက်လှေခါးထစ်တွေပေါ်မှာ မီးတုတ် ငြိမ်းပြီး မှောင်ကျသွားပြီ။

အောက်ကဆိုင်းတီးသံတွေ ပိုကျယ်လာတယ်။

ပတ်မကြီးရဲ့တီးသံနဲ့ လင်းကွင်းကြီးတီးသံဟာ တဖြည်းဖြည်း မြန်မြန်လာလိုက်တာ နောက်ဆုံး ဗိန်းဗောင်းတီးသလို အဆူအပြေးသံတွေ ပဲ့တင်ညံနေပြီးနောက် ...

"ဆင်းခဲ့ ... ဆင်းခဲ့ ..."

"လိုက်ဟေ့ ... လိုက်ဟ"

"လိုက်ဟေ့ ... လိုက်ဟ"

"လိုက်ထား ... လိုက်ထား"

ဘုရားရေ ... ဗိန်းဗောင်းတီးသံ၊ လူအုပ်ကြီးရဲ့ ဆင်းခဲ့၊ လိုက်ဟ အော်သံတွေနဲ့အတူ ဟိုးအောက် ကျောက်လှေကားထစ်ပေါ်ကို စုပြုတိုးဝှေ့တက်လာတဲ့အသံတွေ ကြားလိုက်ရရော ...

ရဲသီဟ လက်ထဲက မီးခိုးအူနေတဲ့ မီးတုတ်ကြီးကို အလန့်တကြား ပစ်ချလိုက်တယ်။

"အား ... အား ..."

"ပူသဟ ... လိုက်ဟေ့ ... လိုက်ဟ"

သူ ကြိုးကိုလှုပ်ပြီး အမြန် အချက်ပေးလိုက်တယ်။

အပေါ်က ကြိုးတင်းသွားတာသိရရော တင်းနေတဲ့ကြိုးကို တင်းမိမိ ဆုပ်ကိုင်ပြီး ကျောက်လှေခါးထစ်တွေကို ခုန်ကျော်နင်းလို့ အပေါ်ကို ခုန်တက်လိုက်တယ်။





သူ့တစ်ကိုယ်လုံး ချွေးတွေနဲ့ ရွှဲပြီး မောဟိုက်နေပြီ။ ရဲဒီဖကာ[illegible]ဘူးကိုဖွင့်ပြီး ပါးစပ်ကို တေ့ပေးလိုက်တော့ သူ ရေဘူးရှိရေကုန်အောင် သောက်ပစ်လိုက်တော့တယ်။

သောက်ရေတွေဟာ ပါးစပ်ကလျှံပြီး ရင်ဘတ်ပေါ်ကျလို့ ရွှဲရွှဲစိုကုန်တော့တယ်။

"မောင်သီဟ ... အောက်ထဲမှာ ... ဘာ ... ဘာတွေ ... ဆွ ... တွေ့ခဲ့တုံး ... ဟင်"

"အစ်ကို ... အောက်မှာ ဘာတွေရှိလဲ ... ဟင် ... ဟင် ... အစ်ကို"

ရဲသီဟ မြင်ရကြားရတာကို ပြောပြရော ဆင်ရုံကြီးတို့ အလွန်အံ့သြသွားပြီး မယုံမရဲဖြစ် ကုန်ကြတယ်။

"ဆိုင်းသံကြားတယ် ... ဟုတ်လား"

"ဟုတ်တယ် ... အောက်ကနေ လူသံတွေ အော်ပြီး ... လိုက်လိုက်တာဗျ"

"မဟုတ်မှလွဲရော ကျတ်တွင်းများလားပဲ ... မောင်သီဟရေ"

"အစ်ကို ..."

"ပြော ... ညီလေး"

"ဟို ... ဟို ... ဆင် ... ဆင်ဖြူတွေရော"

"ညီလေးရာ ... အစ်ကိုတောင် မနည်းဝင်ပြီး ကြိုးနဲ့ဆင်းခဲ့ရတယ်။ ဆင်ဖြူတွေဆို ဒီတွင်းနက်ထဲနဲ့ ဘယ်လိုလုပ်ဆင်းမှာလဲ ... ညီလေးရဲ့"

"အရမ်းကို ထူးဆန်းနေပြီဗျာ"

ဒီမှာ ဆင်ရုံကြီးက ...

"မောင်သီဟ ... လှေကားထစ်ဆုံးအောင် မရောက်ခဲ့ဘူးပေါ့"

"မရောက်ဘူးခင်ဗျ ... ကြည့်ရတာ ကျောက်လှေခါးထစ်တွင်းက အတော့်ကို နက်မည့်ပုံပဲ။ အပေါ်ထိန်းကြိုးကလည်းတို၊ အရေးထဲ မီးတုတ်ကလည်း ငြိမ်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မယုံနိုင်စရာပဲလားဟေ့"

"ဆင်ရုံကြီး ... အပြင်ကအခြေအနေကို သွားကြည့်ဦးဗျ"

ဒါနဲ့ သူတို့ ကျင်းပေါက်ဝကနေ ခွာပြီးအထွက် ...

"အဟမ်း ..."

"ဟော ... လူသံနဲ့တူရဲ့ ဘယ်ကပါလိမ့်"

သူတို့ မီးတိုင်တွေနဲ့ ပြန်ထွက်ဖို့လုပ်တုန်းမှာ ဝင်လာတုန်းက မြင်ခဲ့ရတဲ့ ကျောက်ဖျာပေါ်က တရားမှတ်နေတဲ့ လူကြီးထံကလိုလို အသံကြားရတာ။

ဒီမှာ အကြောက်အရွံ့နည်းပြီး အတွေ့အကြုံများတဲ့ ရဲသီဟက ကျောက်ဖျာပေါ်မှာ တရားမှတ်နေတဲ့ လူကြီးအနီးကို တိုးကပ်သွားပြီး ..

"အဘ ... ကျွန်တော်တို့ ဆင်ဖြူသုံးစီးကို လိုက်ရှာတာပါ။ အဘကို လာရောက်စနှောင့်ယှက်တာ မဟုတ်ပါဘူးနော် ... အဘ နော်"

လူကြီးက လုံးဝမလှုပ်ဘူး။

မီးတုတ်မြှောက် ကပ်ကြည့်လိုက်တော့ လူကြီးရဲ့လက်မောင်းပေါ်မှာ ပုရွက်ဆိတ်မည်းမည်းတွေ တက်နေတာ မြင်နေရတယ်။

သူ့ရဲ့ အသက်ရှူသံလည်း မကြားရဘူး။

လူကြီးက ငြိမ်ချက်သားကောင်းလို့။

အနီးကပ်တိုးပြီး မီးတိုင်နဲ့ ကပ်ကြည့်လိုက်တော့ ...

အလို ...

အဘိုးကြီးရဲ့ နှာခေါင်းပေါက်ထဲကို ပုရွက်ဆိတ်မည်းမည်းကြီးတွေ ဝင်သွားတာပါလား။ နားရွက်ထဲကိုလည်း ဝင်သွားနေပါကလား။ အံ့ရောဟုတ်ရဲ့လား ...။ တရားထိုင်နေတဲ့ အဘိုးအိုကြီး လုံးဝ မတွန့်ဘူး။ ပြီး အဘိုးအိုက မနေ့ညတုန်းက တွေ့ခဲ့ရတဲ့ ဝတ်ဖြူစင်ကြယ်အဘိုးအိုနဲ့ လူချင်းတူနေတယ်။

လူစင်စစ်သာဆိုရင် ဒီလို နှာခေါင်းထဲ၊ နားရွက်ထဲကို ပုရွက်ဆိတ်တွေဝင်ရင် လူးလိမ့်နေရချေ ဖြစ်နေမှာပေါ့။





ရဲသီဟ မသင်္ကာတော့ဘူး။

ဖြစ်ချင်ရာဖြစ်။

"အဘိုး ... အဘိုး ..."

"အဘိုး ခင်ဗျ"

ဟုတ်ပြီ။ ... အဘိုးကြီး ပြန်မထူးဘူး။ သူအဘိုးကြီးရဲ့ဒူးကို ညာလက်နဲ့ အသာကိုင် လှုပ်ကြည့်လိုက်ရော ...

"ဟင် ..."

"ဘာတုံးဟေ့ ... မောင်သီဟ"

နောက်ထပ် ထပ်ကိုင်လိုက်တယ်။ အေးစက်နေတာပါလား။ သူ ဒူးကနေ ပေါင်။ ပေါင်ကနေ လက်တွေကို ကိုင်ကြည့်လိုက်ရော အေးစက်နေတယ်။ ဒါနဲ့ အသာဆိတ်ကြည့်လိုက်တယ်။

"ဆင်ရုံကြီး ..."

"ဘာတုံးဟေ့ ... ဘာထူးတုံးဟ"

"ဒါ ... ဒါ ... လူအစစ် မဟုတ်ဘူးဗျ"

"ဟေ ... လူအစစ်မဟုတ်ဘူး၊ ဒါ ... ဒါဆို ... ဘာလဲ"

"ကျောက်ရုပ်တုကြီးဗျ"

"ဟေ ... မြတ်စွာဘုရား"

သူတို့ ကျောက်ဖျာပေါ်က တရားမှတ်နေဟန်လူကြီးကို ဝိုင်းကိုင်ကြည့်ကြတယ်။ ဟုတ်တယ် ... လူအစစ်မဟုတ်ဘူး။ လူနှင့်တူသည့်အလား ရှိနေတဲ့ ကျောက်ရုပ်တုကြီး။

အံ့သြစရာပါကလား။ ဆန်းကြယ်လှချေကလား။

ဒီလို လူမရောက် မရှိတဲ့ တောကြီးတောင်ပေါ် ကျောက်ကမ်းပါးရဲ့ အောက်ကဂူထဲမှာ လူနဲ့ တစ်ထေရာတည်းတူတဲ့ ကျောက်ရုပ်တုကြီးကို ဘယ်လိုလူတွေ လာထားကြတာလဲ။

သူတို့ ကြက်သီးဖြန်းဖြန်း ထသွားကြတယ်။

ခေါင်းနားပန်းတွေ ကြီးသွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ... ဝေါ ... ဝေါ"

"ဟော ... ဟော ... ဘာသံတုံး ... မောင်သီဟ"

"မြန်မြန်ထွက် ... မြန်မြန်ထွက်ကြ ... ပြေး ... ပြေး"

ရဲသီဟ နှစ်ယောက်လုံးကို တွန်းဆွဲပြီး ဂူပေါက်ဝကို ပြေးတော့တယ်။

"ဝေါ ... ဝေါ"

"ဟာ ... ဟာ ..."

သူတို့ဦးခေါင်းပေါ်ကို ကျောက်မှုန်ကျောက်စတွေ တဖွားဖွားကျလာပြီး ကျောက်ဂူကြီး တုန်ခါလာတယ်။

ဒါနဲ့အတူ အမိုးပေါ်ကနေ ကျောက်တုံးကြီးတွေ တဝုန်းဝုန်း ပြုတ်ကျလာရော။ သူတို့ မီးတိုင်တွေပါ လွှင့်ပစ်ပြီး ကျောက်ဂူကြီးထဲကနေ ကြောက်လန့်တကြား ပြေးထွက်ခဲ့ကြတော့တယ်။

ကျောက်ဂူရဲ့အပြင်ကို ရောက်တော့ စိုးရိမ်တကြီး ကြိုနေကြတဲ့ အောက်မားအဖွဲ့နှင့်အတူ ဂနာမငြိမ်ဖြစ်နေကြတဲ့ အောက်မားဆင်မတွေကို မြင်လိုက်ရတယ်။

ဒါနဲ့အတူ တဝုန်းဝုန်းပြိုကျသံ ဆူညံနေတဲ့ ကျောက်ဂူထဲကနေ ကျောက်မှုန်တွေနဲ့ ကျောက်ကွဲစတွေ အပြင်ကိုလွင့်ပျံလာတာကို မြင်လိုက်ရလို့ ဘေးရှောင်နေတုန်းမှာပဲ ...

ကျောက်တုံးပြိုကျသံတွေ တဖြည်းဖြည်း တိမ်သွားခဲ့ပြီး ကျောက်မှုန်လုံးတွေပဲ ဝေ့ဝေ့ဝဲဝဲရှိနေတာကို မြင်ရတော့တယ်။

"ဟော့ ..."

"ဟင် ..."

"ဟာ ..."

"ဘုရားရေ ..."

နောက်ဘက် မလှမ်းမကမ်းက ခပ်ဟိန်းဟိန်းအော်လိုက်တဲ့ အသံကြောင့် သူတို့ ပြိုင်တူလှည့်ကြည့်လိုက်ရော ...





ရဲသီဟတို့သုံးဦး အံ့အားသင့်ပြီး ပါးစပ်တွေ ဟသွားပါရော။

ကျောက်တုံးကြီးတစ်တုံးပေါ်မှာ ရပ်နေတဲ့ လူကြီးတစ်ဦး။

သျှောင်တစ်စောင်း ထုံးလို့။

လည်ပင်းပေါ်မှာ စိပ်ပုတီးမည်းမည်းကြီး လွယ်ထားရဲ့။

ပြီး ... ပိတ်ဖြူစင်ကြယ် အပေါ်အောက် ဝတ်ထားတယ်။

အလို ... ဒါ ... ဒါ ...

ကျောက်ဂူထဲမှာ တရားထိုင်နေတဲ့ ကျောက်ရုပ်တု လူကြီးပါလား။ ဟုတ်ရဲ့လား ... မျက်စိပွတ်ကြည့်တယ်။ ဟုတ်တယ် ... သူ့မှသူပဲ။ သို့သော် မတူတာက အဘိုးအိုရဲ့လက်ထဲမှာ ကောက်ကောက်ကွေးကွေး တောင်ဝှေးတုတ်ကောက်ကြီး ကိုင်ထားတာပဲ။

ဟင် ... ဒါ ... ဒါ ... ဟို ... ဟို ... အဘိုးပါလား။

"အဘ ..."

ဆင်ရုံကြီးက အံ့ဩနေတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး ရိုရိုသေသေ ခေါ်လိုက်တယ်။

"မင်းတို့ တွေ့ခဲ့ရဲ့လား"

"ဟို ... ဟို ... အဘ ... အဘက ကျောက်ဂူထဲက တရားမှတ်နေတဲ့ အဘလားဟင်"

"တူလို့လားဟေ့"

"ဟုတ် ... ဟုတ်ကဲ့ပါခင်ဗျာ"

"အဲဒါ ငါမဟုတ်ဘူး"

"ဗျာ ..."

"ဒါ ... ဒါဆို ... အထဲက ကျောက်ရုပ်တုက ဘယ်သူပါလဲ ခင်ဗျာ"

"အဲဒါ ငါ့အဖေ"

"ဟင် ..."

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဘရဲ့အဖေ ... သူ ... သူက လူ ... လူအစစ်လား။ ဟို ဟို ... ကျောက်ရုပ်တုလားဟင် ... အဘ"

"အဲဒါ မင်းတို့မသိချင်နဲ့။ ဟိုသူငယ် ..."

ကျောက်တုံးပေါ်က အဘိုးအိုက ရဲသီဟကို တောင်ဝှေးကောက်နဲ့ထိုးရင်း ပြောလိုက်တယ်။

"မင်းကို ငါ ဘာပြောခဲ့တုံး"

"အဲ ... အဲ ... ဟို ... ဟို ..."

"ကျောက်ဂူတွေထဲ မဝင်နဲ့လို့ ပြောခဲ့မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ပါ ... အဘ။ ဟိုလေ ... ကျွန်တော်တို့ဆင်ဖြူသုံးစီးဝင်သွားလို့ လိုက်ရှာ ..."

"ဟား ဟား ဟား ဟား ဟား ... ဆင်ဖြူသုံးစီးဝင်သွားလို့ဟုတ်လား ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ"

"သေချာလို့လား ... မောင်ရင်လေးရဲ့"

"အားလုံးမျက်မြင်ပါခင်ဗျာ"

"ဒါဆို တွေ့ခဲ့လား"

"အဲ ... အဲ ..."

"ပြောကြလေ ... အားလုံးပြောပါ"

"မ ... မတွေ့တော့ပါဘူး ... အဘ"

"မှတ်ထား ... ဂူထဲကို အဲဒီဆင်ဖြူတွေ ဝင်သွားရင် မင်းတို့ဘယ်တော့မှ မတွေ့ရဘူးကွယ့်"

"ဗျာ ... ဘာ ... ဘာဖြစ်လို့ပါလဲ ... အဘရယ် ... အမိန့်ရှိပါခင်ဗျာ"

"မင်းတို့က ဒီဆင်ဖြူတော်သုံးစီးကို ဘာမှတ်နေလို့လဲ"

"အဲ ... အဲ ..."

"ဒီဆင်ဖြူတော်သုံးစီးကို ဘယ်သူပိုင်တာလဲ ... သိလား"





"မ ... မသိပါဘူးခင်ဗျာ"

"ပိုင်ရှင်မပေးဘဲ မင်းတို့ ဖမ်းလို့ရမှာလားကွ။ ပိုင်ရှင်မပေးရင် ဘယ်ရှင်ဘုရင်မှ ဖမ်းလို့မရဘူးဟေ့"

"အဘခင်ဗျာ .... ပိုင်ရှင်က .... ဘယ် .... ဘယ်သူပါလဲခင်ဗျာ"

"မင်းတို့ကို ပိုင်ရှင်အမည်ပြောတော့ရော ယုံမှာလား။ ဒီဆင်ဖြူသုံးစီး ဂူထဲဝင်သွားတာ မင်းတို့မြင်ပါလျက်နဲ့ အထဲမှာ ရှာလို့မတွေ့ဘူး။ အဲဒါ မင်းတို့ သဘောမပေါက်ကြသေးဘူးလား"

"အဘရယ် ... ကျွန်တော်တို့ မသိလို့ပါခင်ဗျာ။ သူတို့ ဘယ်လို ဂူထဲက ပျောက်သွားတာလဲဟင် အဘ"

"သူတို့ ..."

အားလုံးက ပိတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုရဲ့စကားကို ငံ့လင့်နေကြလို့ အသံတွေ တိတ်နေကြတယ်။

အံ့ဩဖို့ကောင်းတာက ...

အောက်မားဆင်မကြီးတွေဟာ နှာမောင်းကြီးတွေ ခေါင်းပေါ်လိပ်တင်ထားကြပြီး အဘိုးကြီးကို ကြည့်နေကြတာပဲ။

"သူတို့ မြေလျှိုးပြီး ထွက်သွားကြတာ"

"ဗျာ ..."

"ဟင် ..."

"ဟုတ်ရဲ့လား ... အဘရယ်"

အဘိုးအိုကြီးရဲ့ စကားကြောင့် သူတို့အားလုံး အံ့ဩသွားတာနဲ့ အတူ မယုံနိုင်ကြဘူး။ အချင်းချင်းလည်း ပြန်ကြည့်ပြီး မဖြစ်နိုင်တာဆိုတဲ့ မျက်လုံးတွေနဲ့ စကားပြောလိုက်ကြတယ်။

"မင်းတို့က မယုံဘူးကိုး။ ကဲ ... ဒါဆို ယုံအောင်ပြရမှာပေါ့။ ဟောဟိုက ကျောက်တောင်ပေါ်ကို လှမ်းကြည့်လိုက်ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆင်ရုံကြီးတို့၊ ရဲသီဟတို့ အောက်မားဆင်ဖမ်းအဖွဲ့ဟာ ပိတ်ဖြူစင်ကြယ်ဝတ်အတိုးအို တုတ်ကောက်ကြီးနဲ့ ထိုးပြတဲ့ အရှေ့ရှုးစူးက ကျောက်ခေါင်းတုံးတောင်ပေါ်ကို လှမ်းကြည့်လိုက်ရော ...

"ဟာ ... ဟုတ်တာပဲဟေ့"

"ဘုရားရေ ..."

တစ်မြင်ကျော်မှာမြင်ရတဲ့ ...

ကျောက်ခေါင်းတုံးတောင်ပေါ်မှာ ဆင်ဖြူတော်သုံးစီး ရပ်နေတာကို အံ့ဖွယ်မြင်လိုက်ရတယ်။

ဆင်ဖြူတော်သုံးစီးဟာ ကျောက်ခေါင်းတုံးတောင်ပေါ်မှာ ရပ်ရင်းက နှာမောင်းကြီးသုံးခု မြှောက်ပြီး အသံပေးကြပါရောဗျာ။

"ကျီ ... ကျီ"

"ကျီ ..."

"ဂူး ... အူး"

ဒီလိုအော်တဲ့အသံကို ကြားရရော အောက်မားဆင်မကြီးတွေဟာ ဆင်အော်သံကြားရာအရပ်ကို လှမ်းမျှော်ကြည့်ပြီး နှာမောင်းကြီးတွေ ဆန့်တန်းကြလို့ ပြိုင်တူပြန်အော်လိုက်ကြတယ်။

"ကျီ ..."

"ကျီ ... ကျီ ... ကျီ"

"အစ် ... အစ် ... အစ် ... အူး ... ဂူး"

တောင်ခေါင်းတုံးပေါ်က ဆင်ဖြူတော်သုံးကောင်က ပြိုင်တူအော်ပြီး နှုတ်ဆက်ကြတယ်။ ဒီက အောက်မားဆင်တွေကလည်း ဝမ်းနည်းကြေကွဲသံတွေနဲ့ ပြန်အော်နေကြတာ ရင်နင့်စရာပါပဲ။

သူတို့ရဲ့အသံတွေမှာ ဆို့နင့်သံတွေ ပါနေတယ်။

ချစ်သူ၊ ခင်မင်ရင်းနှီးသူနှင့် ကွေကွင်း ခွဲခွာရတဲ့အခါ ဝမ်းနည်းရင်ဆို့ နှုတ်ဆက်ကြတဲ့အသံမျိုး။





ဆင်တွေရဲ့ အော်သံ၊ ငိုသံလိုမျိုးတွေဟာ တောင်နံရံ၊ ကျောက်နံရံတွေရဲ့ ပဲ့တင်သံတွေနဲ့ တစ်တော၊ တစ်တောင်လုံး ညံနေကြရဲ့။

ဒီလိုအချိန်မှာပဲ မယုံနိုင်စရာအဖြစ်ကို ဆင်ရုံကြီးတို့၊ ရဲသီဟတို့ အောက်မားအဖွဲ့သားတွေ မြင်လိုက်ရပါရော။

ဟိုးအဝေး ကျောက်ခေါင်းတုံးတောင်ပေါ်မှာ နှာမောင်းကြီးတွေ မြှောက်ဆန့်ပြီး ကြေကြေကွဲကွဲ အော်ဟစ်နှုတ်ဆက်သလိုရှိနေတဲ့ ဆင်ဖြူတော်သုံးကောင်ဟာ ကျောက်ခေါင်းတုံးတောင်ပေါ်ကနေ မိုးကောင်းကင်ပေါ်ကို ပျံတက်သွားတာကို သူတို့ မြင်ရပြီး ကြီးစွာသော အံ့သြခြင်းတွေ ဖြစ်နေကြပါရော။ မယုံနိုင်စရာအဖြစ်ပါလား။

ကြည့်စမ်း ...

ဆင်ဖြူတော်သုံးစီးဟာ ကောင်းကင်တိမ်တိုက်တွေ ရှိရာကို လှမ်းဝင်သွားနေတာ သစ်ရွက်၊ ဝါးရွက်လေးတွေ လေဟုန်စီးပြီးသွားသလို တက်သွားနေကြတာ။

သူတို့ စကားလုံးဝ မပြောနိုင်ဘဲ အံ့သြကြီးစွာ ငေးမောကြည့်နေတုန်းမှာပဲ တိမ်ဖြူဖြူအုပ်ထဲကို ဆင်ဖြူတော်သုံးစီး ပျံသန်းတိုးဝင်ပျောက်ကွယ်သွားတာကို မြင်ရပြီး ကြက်သီးဖြန်းဖြန်းထကာ ခေါင်းနားပန်းတွေ ကြီးသွားတော့တယ်။

ဒါနဲ့ ထပ်တူပါပဲ။ သူတို့အနီးက အောက်မားဆင်မကြီးတွေရဲ့ ကြေကွဲဆို့နင့် မျှော်ကြည့်ဝမ်းနည်း နှုတ်ဆက်သံတွေလည်း တဖြည်းဖြည်း ငြိမ်သက်သွားကြလေရဲ့။

မားကြီးနဲ့ မားလေးတို့ရဲ့ မျက်လုံးအိမ်ဝန်းကျင်မှာ မျက်ရည်တွေ စီးလိမ့်ကျလို့။

အောက်မားဆင်တွေ နှာမောင်းကြီးတွေကို အောက်စိုက်ပြီး မြေကြီးကို ငုံ့ကြည့်နေကြလို့။

သံယောဇဉ်တွေ စခန်းသိမ်းပြီလို့ ထင်ပါရဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုကြီးပြောတဲ့စကားကို သူ [illegible]

[illegible] ဒီ ဆင်ဖြူသုံးစီးကို ဘယ်တော့မှ ဖမ်းမမိပါဘူးတဲ့။ ဒီဆင်ဖြူ[illegible] ဘာဆင်လို့ထင်ပြီး ဖမ်းနေကြတာတုံးတဲ့။

ဒီဆင်ဖြူတော်တွေကို ဘယ်သူပိုင်ဆိုင်သလဲ . . . သိလား။

ပိုင်ရှင်က ခွင့်မပြုရင် မင်းတို့လည်း ဖမ်းလို့မရဘူး . . .။ ဘယ်ရှင်ဘုရင်မှလည်း ဖမ်းလို့မရဘူးတဲ့။

ခုတော့ သူတို့ ယုံခဲ့ရပြီ။

မြေလျှိုးမိုးပျံတဲ့ ဆင်ဖြူတော်တွေ။

သိကြားမင်းပိုင်တဲ့ ဆင်ဖြူတော်တွေပဲလား။

စကြဝတေးမင်းပိုင်တဲ့ ဆင်ဖြူတော်တွေပဲလား။

တစ်ခုခုတော့ ကေန်ဖြစ်နိုင်ချေ ရှိရဲ့။

ဆင်ရုံကြီးနဲ့ ရဲသီဟတို့ အောက်မားအဖွဲ့တွေဟာ အုံ့ဩခြင်း၊ ကြောက်ခြင်းတွေကို ရပ်နားပြီး မိမိတို့ မှားတဲ့အကြောင်းကို ထူးဆန်းလွန်းလှတဲ့ ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုထံမှာ ဝန်ချတောင်းပန်ဖို့ လှည့်ကြည့် လိုက်ကြရော . . .

အလို . . .

မရှိတော့ဘူး။ အဘိုးအို မရှိတော့ပါလား။

စပါးကျီတစ်လုံးနီးပါးခန့်ကြီးတဲ့ ကျောက်တုံးမှာ ရပ်ပြီး ဟိုးအဝေး ကျောက်ခေါင်းတုံးတောင်ပေါ်ကို လက်ညှိုးညွှန်ပြတဲ့ အဘိုးအိုကြီး မရှိတော့ဘူး။

"ဟ . . . အဘ . . . ဘယ်ရောက်သွားတုံးဟ"

"အေးဗျ . . . ကျုပ်တို့ ဆင်ဖြူတော်တွေကို ငေးကြည့်နေတော့ ရှိနေတယ်ပဲ မှတ်တာဗျ . . . ဆင်ရုံကြီးရ"

"အဘ . . . အဘ . . ."

"အဘခင်ဗျာ . . . အဘ"





"အဘရေ . . . အဘ . . . အဘဘယ်နေရာမှာတုံးခင်ဗျ"

သူတို့အောက်မားတွေရဲ့ အော်သံဟာ ကျောက်ကမ်းပါးယံရှေ့မှာ ပဲ့တင်နေတယ်။ သည့်နောက် သူတို့အားလုံး လူခွဲပြီး အဘအိုကြီးကို ဆိုက်ရှာကြတာ လုံးဝမတွေ့ဘူး။ တွေ့တာတစ်ခုပဲရှိတယ်။

အဲဒါက အဘအို ရပ်နေခဲ့တဲ့ ကျောက်တုံးပေါ်မှာ ကျန်ရစ်ခဲ့တဲ့ အောက်ကောက်ကွေးကွေး သစ်သားတောင်ဝှေး။

ရဲသီဟ အဘအိုသူတော်စင်လို ပုဂ္ဂိုလ်ကြီး ကျန်ရစ်၊ ထားရစ်ခဲ့တဲ့ တောင်ဝှေးကောက်ကောက်ကို ကောက်ယူလိုက်ရော . . .

အို . . . မွှေးလိုက်တဲ့ရနံ့။

ဘုရားရေ . . . တောင်ဝှေးက မွှေးတဲ့ ရနံ့ပါလား။

ကရမက်ရနံ့လား . . .

ဟုတ်သေးဘူး . . . နံ့သာဖြူရနံ့နဲ့ တူရဲ့။

မဟုတ်သေးပါဘူး . . . သစ်မွှေးရနံ့နဲ့လည်း ဆင်သလိုပဲ။

ရဲသီဟ ဝမ်းသာအားရ တောင်ဝှေးကို ယူခဲ့ပြီး အောက်မားခေါင်းဆောင် ဆင်ရုံကြီးရဲ့လက်ထဲကို အပ်လိုက်တယ်။

"ဟာ . . . မွှေးလှချည်လား . . . မောင်သီဟ"

"ဟုတ်တယ်ဗျာ . . . ကျွန်တော့်လက်မှာ ရနံ့စွဲနေတုံးဗျ"

"မွှန်းစမ်း . . . အစ်ကို၊ အေးဗျာ . . . မွှေးလိုက်တာများ။ ဒါ . . . ဒါ ဘာတောင်ဝှေးလဲ ဟင်"

"နံ့သာဖြူရနံ့ပေမင့် နံ့သာဖြူမဟုတ်ဘူးကွ။ ကရမက်ရနံ့လည်း မွှေးတယ်ကွ"

"ဒါ ကရမက်ရနံ့လည်း မဟုတ်ဘူး"

"သစ်မွှေးရောဗျ"

"သစ်မွှေးက ဒီလိုမကောက်ဘူး"

"အနံ့မျိုးစုံ မွှေးနေတာဗျ . . . ဆင်ရုံကြီးရ"

"မောင်သီဟ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဆင်ရုံကြီး"

"သူဟာ ဘယ်လိုပုဂ္ဂိုလ်ထူးလဲ မသိဘူးကွ"

"သူတော်စင်တော့ သူတော်စင်ပဲဗျ။ ဒီတောင်ဝှေးကလည်း အမှတ်တရ သက်သေထားခဲ့တာနေမှာဗျ . . . ဆင်ရုံကြီး"

"ဒီသူတော်စင်ပုဂ္ဂိုလ် ကောင်းမှုကြောင့်လည်း ငါတို့ တန်ခိုးကြီးတဲ့၊ ဖမ်းလို့မရတဲ့ မြေလျှိုးမိုးပျံ ဆင်ဖြူတော်အကြောင်းလည်း သိခဲ့ရတာပဲလေ။ သူတော်စင်ကြီး ကျန်းမာချမ်းသာ၍ သာသနာပြုနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်နိုင်ပါစေဗျာ"

ဆင်ရုံကြီးက နံ့သာတောင်ဝှေးကောက်ကောက်ကို နဖူးမှာကပ်ပြီး သူတော်စင်အဘိုးအိုကို မေတ္တာပို့သလိုက်တယ်။

"ဆင်ရုံကြီး . . . ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ"

"ပြန်ကြမယ်"

"နေပြည်တော်ကမေးရင် ဘယ်လိုဖြေမတုံး . . . ဆင်ရုံကြီး"

"အခု မင်းတို့ငါတို့ ကြုံခဲ့ရတဲ့ ဆင်ဖြူတော်သုံးစီးအကြောင်း မင်းတို့ငါတို့အားလုံး သက်သေခံ ပြောပြရမှာပေါ့"

"မင်းကြီးက ခိုင်းတဲ့အတိုင်း မမိ၊ မရလို့ ပြစ်ဒဏ်များပေးရင် ဒုက္ခပဲ . . . ဆင်ရုံကြီး"

"ငါတို့ သစ္စာပြုပြီး အဖြစ်မှန်ကို တင်လျှောက်ရမှာပေါ့"

သည့်နောက် သူတို့အောက်မား ဆင်ဖြူတော်ဖမ်းအဖွဲ့သားတွေနဲ့ အောက်မားဆင်မကြီးတွေ အားလုံး ဆင်ဖြူတောင်ပေါ်ကနေ အကုန် တောင်ခြေကို တရွေ့ရွေ့ ပြန်ဆင်းခဲ့ကြတယ်။

✿ ✿ ✿

[ ၂၄ ]

❑

"အောက်မားအဖွဲ့ ပြန်လာပြီတဲ့ဟေ့"

"အောက်မားတွေ ပြန်လာပြီတဲ့"

"ဟဲ့ . . . ရှင်ဖြူတို့၊ ရှင်ညိုတို့"

"ရှင် . . . ရွာသူကြီး၊ ဘာတုံးတော့်"

"ရဲသီဟတို့၊ ရဲဒိဗ္ဗတို့ . . . အောက်မားဆင်ဖမ်းအဖွဲ့ ပြန်လာကြပြီတဲ့"

"ဟင် . . . ဟုတ်လား၊ ရွာသူကြီး ဘယ်သူပြောတုံးတော့"

ရှင်ဖြူနဲ့ရှင်ညိုက ဝမ်းသာအားရ မေးပါရော့။

"စခန်းချအဖွဲ့က ပြောတာဟဲ့"

"ဟုတ်လားတော် . . . အဖေရေ . . . အဖေ . . ."

ရှင်ညိုက တောင်ယာကပြန်လာတဲ့ အဖေနှင့်အမေတို့ကို အော်ဟစ်ပြီး ပြေးပြောတော့တာပဲ။

"ဟဲ့ . . . သမီး . . . ရှင်ညို အလန့်တကြားကွယ်။ ဘာဖြစ်လို့တုံး . . . သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ ပြန်လာပြီတဲ့တော့"

"ဘယ်သူတုံး ... ရှင်ညိုရဲ့"

"အစ်ကိုရဲ့သီဟတို့၊ မောင်ကြီးရဲ့ဒိဗ္ဗတို့ ဆင်ဖမ်းအောက်မားတွေ ပြန်လာကြပြီတဲ့ ... အဖေရေ"

"ဟုတ်လား ... ဟဲ့ ... ဒါဆို သွားကြည့်ကြမဟော့"

ဒီမှာ မိခင်ကြီးဒေါ်မယ်မင်းသာက ...

"ဒီမှာတော့ ... ကိုရင်ဖြိုးရဲ့"

"ဘာတုံးဟ ... မယ်သာ၊ နင်ကလည်း"

"တော် သိပ်မကဲနဲ့။ ဟွန့် ... ဒါပဲ"

"အို ... ဆင်ဖမ်းပြန်လာကြ ဥစ္စာ။ ဆင်ဖြူတော်လည်း သွား ကြည့်ရမှာပေါ့လို့။ ညည်းရော လိုက်မှာမဟုတ်လား"

"စဉ်းစားလိုက်ဦးမယ် ... ကိုဖြိုးရေ ... ဟဲ့ ... မိန်းမနှစ် ယောက်"

ဒေါ်မယ်မင်းသာ အူမြူးနေတဲ့ သမီးနှစ်ယောက်ဖက် လှည့်ပြီး မျက်နှာထားကြီးနဲ့ ပြောရော။

"အမေ ... ဘာလဲဟင်"

"နင်တို့နှစ်ယောက်က မိန်းကလေးတွေနော်"

"လူတိုင်းသိဥစ္စာ ... အမေကလည်း"

"နင်တို့နှစ်ယောက် ကြွေရရနေကြနော်။ ငါ သူများမေးငေါ့ မလိုလားဘူး ... ဟင်း ... ဟင်း ..."

"အို ... အမေကလည်း၊ သူတို့က ..."

"တော် ... လျှာထပ်မရှည်နဲ့၊ မိန်းမတို့ကြွေ ရွေးပေးလို့မရ ကြားဖူးတယ်၊ ရွှံ့ခဲပေးလို့ရတာမျိုး လာမလုပ်နဲ့ ... ဟင်း"

ဒီမှာ အဖေလုပ်သူ ကိုရင်ဖြိုးက ကြားဝင်ရတော့တယ်။

"မယ်သာ ..."

"ဘာတုံး"





"ဖြည်းဖြည်းပြောပါဟာ ... သွားတွေပါ ကျွတ်ထွက်လွင့်စင် ကုန်ပါဦးမယ်ဟာ ... မယ်သာရ"

"ပြော ... ရှင်က ဘာရှည်ချင်လို့တုံး"

"မယ်သာရယ် ... ငါမရှည်တာ နင်အသိဆုံး"

"ကဲ ... ကဲ ... သိဦး"

"အား ... အား ... မလုပ်ပါနဲ့ ... မယ်သာရ .. လွှတ်ပါဟ"

ဒေါ်မယ်သာက လင်လုပ်သူရဲ့ဗိုက်ခေါက်ကို ဆွဲလိမ်လို့ ကိုရင် ဖြိုး အော်ရပါရော။ ရှင်ဖြူနဲ့ရှင်ညိုက မေးငေါ့ပြီး ရယ်ကြ။

"ညည်း လိုက်မှာလား၊ မလိုက်ဘူးလား ရှင်းရှင်းပြော"

"မလိုက်ဘူး"

"ဒါဆို ပြီးရော။ လာ ... သမီးတို့၊ နောက်ကျရင် မကောင်းဘူး။ မြန်မြန်သွားကြစို့"

"ဒါမှ တို့အဖဟော့"

ရှင်ဖြူ၊ ရှင်ညိုနှင့် အဖေလုပ်သူ ကိုရင်ဖြိုးတို့ဟာ အောက်မား တွေ စခန်းချနေတဲ့ ဆင်ဖြူတော်တောင်ခြေရှိရာကို ခပ်သုတ်သုတ် လှမ်းခဲ့ ကြတယ်။

"တော့ ... ကိုဖြိုး ... ကိုဖြိုး ..."

"ကိုရင်ဖြိုးရဲ့ ..."

နောက်ကနေ အော်ခေါ်သံကြားလို့ ကိုဖြိုးနဲ့ ရှင်ညိုတို့ လှည့် ကြည့်လိုက်ရော ...

"ဟော်တော့ ... အဖေရေ၊ အမေခေါ်နေတာတော့"

ဒေါ်မိသာ အဝတ်ခေါက် ခေါင်းပေါ်တင်ပြီး ခြေလှမ်းကျဲကြီးနဲ့ လိုက်လာနေတာရယ်။

"မိမင်းသာ ... ဘာလို့ ခေါ်နေတာတုံး"

"ရပ်ဦးတော့ ... အမယ်လေး ... မောလိုက်တာတော်"

"စောစောတုန်းကတော့ မလိုက်ဘူးဆို"

www.burmeseclassic.com



"အိုတော် ... ရှင်ကလည်း"

"ဟွန်း ... မူတာလောက် အမြင်ကပ်တာကို မရှိဘူး"

ရှင်ဖြူနဲ့ရှင်ညိုတို့ သူတို့အဖေနဲ့အမေကို ကြည့်ပြီး ကျိတ်ရယ်ကြ ရဲ့။

လမ်းမှာ ကျည်တောင်ရွာက ရွာသူရွာသားတွေလည်း ဟိုကဒီက ထွက်လာကြတာ မြင်ရတယ်။

သူတို့လည်း ပုဂံသားအောက်မားတွေ ဖမ်းဆီးယူဆောင်လာမည့် ဆင်ဖြူတော်တွေကို ကြည့်ချင်နေကြတာရယ်။

သူတို့ ဆင်ဖြူတောင်ခြေ ဆင်စခန်းချရာကို ရောက်ရော စမ်း ချောင်းကိုဖြတ်ပြီး တောထဲကနေ ဆင်ဖမ်းအောက်မားအဖွဲ့တွေ ဆင်ကြီး တွေစီးပြီး လာနေကြတာကို မြင်လို့ ဝမ်းတွေသာကြ။

"အူး ... ဝူး"

"အူး ... ဝူး"

စခန်းက ဆင်တွေကလည်း တောပြန်ဆင်တွေကို မြင်တော့ ..

'အူး ဝူး'နဲ့အော်ပြီး ကြိုကြသလို၊ တောပြန်တောင်ပြန် အောက် မားဆင်တွေကလည်း 'အူး ဝူး' နဲ့ နှာမောင်းကြီးတွေ မြှောက်ယမ်းပြီး အပြန် အလှန် နှုတ်ဆက်ကြ။

ရွာထဲက လူကြီးလူရွယ်၊ ကလေးတွေကလည်း စမ်းချောင်းသည် ဘက် ညောင်ရိပ်တွေက စုပြုံရပ်ကြည့်။

"အစ်မ ... ကိုရဲဒိဗ္ဗတို့ရော ဟင်"

"နေဦးအေ့ ... ဟော ... ဟော ... တတိယမြောက်ဆင်ပေါ် မှာ ကိုရဲသီဟဟဲ့"

"ဟဲ့ ... ဟဲ့ ... ရှင်ညိုရေ ... နောက်ဆင်ပေါ်မှာ ညည်းလူ ကြီးဟဲ့"

"ဘယ်မှာတုံး ... အေးတော် ... ဟုတ်တယ်တော့"





ဒီလိုနဲ့ ဆင်တွေက ဒူးထောက်ပေး၊ ဆင်ပခက်ထဲကနေ ဆင်ရဲ ကြီးတို့၊ ရဲသီဟတို့၊ ရဲဒိဗ္ဗတို့ရော၊ ဆင်မှူးကြီးတွေရော ဆင်းလာကြ တယ်။

"ဟင် ... ဆင်ဖြူတော်တွေ မပါပါလားဟဲ့"

"အေးဟ ... သွားတုန်းက ဆင်ဖြူသွားဖမ်းကြဆို"

"ပဇာဖြစ်ပါလိမ့်တော်"

"မဟုတ်မှလွဲရော ကျုံးထဲမှာ သွင်းထားနဲ့တူရဲ့"

ရွာသူရွာသားတွေက ဆင်ဖြူတော်ဆိုတာ မမြင်ဖူးလို့ စူးစမ်းကြ တာပေါ့။

"မောင်ကြီးသီဟ ..."

"ဟာ ... ရှင်ဖြူ"

"မောင်ကြီးဒိဗ္ဗ ..."

"ရှင်ညိုရေ"

ရဲသီဟတို့ ညီအစ်ကိုကလည်း ရှင်ဖြူတို့ညီအစ်မကို မြင်ရော ဆင်တိုးလုံကြီးတွေ တပည့်တွေအပ်ခဲ့ပြီး ဝမ်းသာအားရဖြစ်ပြီး ပြေးလာကြ တော့တယ်။

"ရှင်ဖြူ ..."

"မောင်ကြီး"

"ညီမလေး ... ရှင်ညို၊ နေကောင်းကြတယ်နော်"

"ဦးကြီး ... နေကောင်းတယ်နော်"

"ဟဲ့ ... မောင်သီဟနဲ့ မောင်ဒိဗ္ဗ ..."

ဒီမှာပဲ ရှင်ဖြူတို့အမေက ရှေ့တိုးလာပြီး ပြောပါရောတော်။

"ကြီးတော် ..."

"အမလေး ... ငါ့တူကြီးတွေ တောင်ပေါ်တက်သွားကတည်းက မင်းညီမနှစ်ယောက် တမျှော်မျှော်ပါတော့်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“မနက်တစ်ခါ ညတစ်ခါ ဘုရားကို ပန်း၊ ရေချမ်းကပ်ပြီး မင်းတို့ အန္တရာယ်ကင်း ဘေးရှင်းဖို့ ဆုတောင်းလိုက်ရတာလဲ အမောပဲ”

“အို ... ဟုတ်လား”

“ကျန်ပါသေးတော်”

ဒေါ်မင်းသာက ရဲသီဟတို့ညီအစ်ကို စတွေ့ကတည်းက စကားတွေ အမျှင်မပြတ်တမ်းပြောနေလို့ ရှင်ဖြူတို့ စကားပြောကွက်ကို မရဘူး။

သူတို့အဖေ ဦးဖြိုးကလည်း သူ့မိန်းမကို မျက်စောင်းတခဲခဲ။

သူက မေးချင်စရာတွေ ရှိနေတာ သူ့မယား စကားမရပ်သေးလို့ ဝင်မရတော့ တင်းနေရော။ အံကြိတ်ပြလည်း အပြောမရပ်။

“အဲဒီဆင်စခန်းလာပြီး မင်းတို့တယ်နေ့ရောက်မှာလဲ မေးရတာလည်း နေ့တိုင်းပါပဲ ... ငါ့တူတို့ရယ်။ အဲဒါလေ ...”

“မယ်သာ ...”

“နေစမ်းပါတော် ... ဒီမှာ စကားကမပြတ်သေးဘူး ... ဝင်ဝင်မပြောနဲ့။ အဲဒါလေ မလာသေးဘူးလို့ ပြောသံကြားရင် ...”

“အေး ... ပြော ... မင်းတစ်ယောက်တည်း ပြောတော့။ ဟဲ့ သမီးတို့ ... ပြန်ကြစို့ ... လာ”

အဖေလုပ်သူက သူ့မိန်းမကို ဒေါ်ပွပြီး သမီးလုပ်သူတွေနဲ့ ပြန်မယ်လုပ်တော့မှ ဒေါ်မယ်သာက ...

“ကဲ ... ကဲ ... ကိုဟိုဒင်းရဲ့ ... ပြော ... ပြော .. စိတ်ကြိုက်သာပြော။ ကျုပ် ဝပြီတော်ရေ”

“ဩော် ... မောင်သီဟတို့ရေ ...”

“ဗျာ ... ကြီးတော်”

“နက်ဖြန် အိမ်မှာ ထမင်းလာစားကြနော် ... ငါ့တူတို့”

“ဟုတ် ... ဟုတ်ကဲ့ပါ ... ကြီးတော်”

ဒီမှာ ဦးဖြိုးက ...

“မယ်သာ ... ပြီးပြီလား”





“အဲ ... အဲ ... ပြီးပြီ။ ပြော ... ပြော ... အဟီး ... ကျုပ်ဆင်ရုံကြီးတို့ကို သွားနှုတ်ဆက်လိုက်ဦးမယ်တော့”

“သွား ... သွား ... ပြန်မလာနဲ့ ... မယ်သာရေ”

ဒေါ်မယ်သာက လက်ကိုယမ်းပြီး ဆင်ရုံကြီးတို့ရှိရာ ဆင်စခန်းထဲကို အသံကျယ်ကျယ်နဲ့ ထွက်သွားတော့မှ ...

“မောင်သီဟ ...”

“ခင်ဗျာ ... ဦးကြီး”

“မင်းတို့ရော နေလို့ထိုင်လို့ ကောင်းတယ်နော်”

“ကောင်းပါတယ် ... ဦးကြီးခင်ဗျာ”

“ဒါနဲ့ မင်းတို့ ဆင်ဖြူသုံးစီးရော ဖမ်းမိခဲ့တာပေါ့ .. ဟုတ်လား”

“အဲ ... အဲ ...”

“ကျုံးထဲမှာပဲလားဟေ့ ... မြင်ချင်စမ်းပါဘိကွာ”

“ဟုတ်တယ် ... မောင်ကြီးရဲ့၊ ‘ကျွန်မတို့ ကျည်တောင်တစ်ရွာလုံးက ဆင်ဖြူတော်ဆိုတာ မမြင်ဖူးလို့ လာကြည့်ကြတာတော့”

“ဟိုမှာ ... တွေ့လား၊ တစ်ရွာလုံးနီးပါးပဲ။ ဘယ်နေ့ ကျွန်မတို့ ဆင်ဖြူတွေကို မြင်ရမှာလဲဟင်”

“ဦးကြီးနဲ့ ရှင်ဖြူ၊ ရှင်ညို ...”

“ပြောပါ ... မောင်သီဟ ... ပြော”

“ညကျမှ ဆင်ဖြူတော်တွေအကြောင်း အေးအေးဆေးဆေး ပြောပြပါ့မယ် ... ဦးကြီး”

“အေး ... အေး ... အဲဒါ ကောင်းတယ်ဟေ့။ ကိုင်း ... မင်းတို့မောင်နှမတွေ စကားပြောကြဦး။ ဦးကြီး မင်းတို့ကြီးတော်နောက် လိုက်သွားမယ်ဟေ့”

ဦးဖြိုးက ရဲသီဟတို့အနီးကနေ ခွာပြီး သူ့မိန်းမသွားတဲ့ ဆင်ရုံကြီးတို့ ဆင်တဲစခန်းရှိရာကို ထွက်သွားကြတယ်။

“ရှင်ဖြူ ...”

“ရှင် ... မောင်ကြီး”



www.burmeseclassic.com

www.burmeseclassic.com



"ယောက္ခမကြီးက အလိုက်သိလိုက်ပါဘိကွယ် ... ရှင်ဖြူရယ်"

"ဟင်းနော် ... ဘာယောက္ခမကြီးလဲ"

"ယောက္ခမလို့ မခေါ်ရဘူးလား ... ရှင်ဖြူရဲ့"

"ဒါဆို မောင်ကြီးက ဘယ်လိုခေါ်ရမှာတုံးဗျ"

"အဖေလို့ခေါ်"

"ဟား ဟား ဟား ဟား ... ညီလေးဒိဗ္ဗရေ ... ဟင် ..."

ရဲသီဟက ရှင်ဖြူ့အပြောကြောင့် အားရပါးရရယ်ပြီး ညီလုပ်သူကို မင်းလည်း အဖေလို့ခေါ်ပြောမလို့ လှည့်ကြည့်လိုက်ရော ...

"ဟင် ... ညီလေးဒိဗ္ဗနဲ့ ရှင်ညို ဘယ်ရောက်သွားပါလိမ့်ဟ"

"မောင်ကြီး ..."

"ရှင်ဖြူတွေ့လိုက်လားဟင် ... သူတို့ ဘယ်ရောက်သွား ..."

"မောင်ကြီးရဲ့ ခုလောက်ဆို မောင်လေးဒိဗ္ဗနဲ့ ညီမလေးရှင်ညိုတို့ တစ်နေရာမှာ အလွမ်းသယ်နေလောက်ပြီ ... မောင်ကြီးရေ"

"ဟေ ... သူတို့နှစ်ယောက်က ငါ့ထက်မြန်သားဟ"

"ကိုင်း ... ရှင်ဖြူရေ ... မောင်ကြီးတို့လည်း သူတို့ကို မမီတောင် တန်းတူရည်တူလောက် အလွမ်းသည်ဖို့ ဟောဟို တမာပင်ကြီးအောက်ကို သွားကြစို့"

"အိုး ... မောင်ကြီးရဲ့"

"ဘာတုံး ... နှမရဲ့"

"လက်ကို လွှတ်ပါတော့။ ဟိုမှာ ရွာသူတွေ လာနေတယ်"

"ဟေ ... ဟုတ်သားဟ ... မောင်ကြီးလည်း လက်ကျူမနှေးပါလား ... ရှင်ဖြူရ ... ဟား ဟား ဟား ဟား"

"မောင်ကြီးနော် ... မောင်ကြီး ... အတင့်မရဲနဲ့တော့"

"ဘာလို့"

"ကျုပ်က ရှက်ရင် အိမ်မပြန်တော့ဘူး"

"ဘုရားရေ ... သာဓု ... သာဓု ... ကောင်းလေစွ"

✿ ✿ ✿

[၂၅]

❑

နောက်နေ့ ဘုန်းကြီးဆွမ်းစားချိန်မှာပဲ ပုဂံရွှေမြို့တော်က အောက်မားဝန် မင်းကြီးဖေယျ ဆင်အဖွဲ့နဲ့ ကျည်တောင်ရွာဆင်စခန်းကို ရောက်ချလာပါရော။

အောက်မားဝန်နှင့်အတူ ဆင်စာရေးတော်ကြီး ကို္လွတို့ပါ ပါလာတာ။

အောက်မားဝန်ဆိုတာက သူတို့အောက်မားဆင်အဖွဲ့ တစ်ခုလုံးရဲ့ ကိစ္စအဝဝကို တာဝန်ခံရတဲ့ အကြီးအမှူးပဲ။

အောက်မားဆင်ဖမ်းသမားများရော၊ သူတို့မိသားစုရဲ့ စားဝတ်နေရေးရော၊ လက်ရှိဆင်တွေနဲ့ အောက်မားဆင်မဝေ့၊ ဆင်မှူး၊ ဦးစီးဆင်ကဲ၊ လှံကိုင်၊ ကျူးသားတို့ရဲ့ လုပ်ငန်းတာဝန်အားလုံးကို တာဝန်ခံရတဲ့သူ။

ပုဂံဘုရင့်ထံ အောက်မားဆင်အဖွဲ့နှင့် စပ်လျဉ်းသမျှ တင်လျှောက်အမိန့်ခံရတဲ့ ဝန်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အောက်မားစာရေးဆိုတာက ...

ဆင်ဖမ်းထွက်တဲ့ကာလ ဝါတွင်းသုံးလကို ရှောင်ရတယ်။

ကျန်ကာလ ဆင်ဖမ်းထွက်တဲ့ အောက်မားတော်တွေ ဖမ်းဆီးရမိတဲ့ တောဆင်ရိုင်းတို့ရဲ့ ဆင်ကြန်အင်လက္ခဏာကို စေ့စေ့စပ်စပ် ရေးမှတ်ရတဲ့သူက အောက်မားစာရေးပဲ။

သူက ဖမ်းမိတဲ့ ဆင်ရိုင်းရဲ့ အရပ်အနေ အတိုင်းအထွာကနေ စပြီး ဆင်ရဲ့အရောင်အသွေး၊ အမူအကျင့်၊ နှာဖျားကနေ မြီးရင်းတိုင်အောင် မှတ်တမ်းတင်ပေးရတယ်။

ပြီးရင် ဆင်ဝန်ကို တင်ပြရတယ်။

ရှင်ဘုရင်က အမိန့်ထားသမျှကိုလည်း စီရင်ပေးရတဲ့ အရေးပါသူဖြစ်တယ်။

ဆင်ရုံကြီးနဲ့ အောက်မားအမှုတော်ထမ်းတွေဟာ ရုတ်တရက်ရောက်ရှိလာတဲ့ ဆင်ဝန်၊ အောက်မားဝန်နဲ့ ဆင်စာရေးတို့ကို ပျာပျာသလဲ ခရီးဦးကြို နေရာချပြီး ...

စားဖွယ်ရာများ၊ ရေကြည်တော်၊ အဖန်ရည်၊ ထမင်း စသည်တို့ကို အမြန် စီစဉ်ရတော့တယ်။

''ဆင်ရုံကြီး ...''

''ဝန်မင်းဘုရား ...''

''ဆင်ရုံကြီးတို့အောက်မားအဖွဲ့ ဆင်ဖြူတော် အဖမ်းထွက်တာ အချိန်တွေလည်းကြာ၊ အကျိုးအကြောင်းလည်း မသိရလို့ ကျုပ် လိုက်လာရတာပဲ''

''မှန်ပါ ... ဝန်မင်းဘုရား''

''မင်းမိန့်လည်း ပါတယ်''

''အမိန့်ရှိပါ ... ဝန်မင်းဘုရား''

''မင်းတရားကြီး စေခိုင်းတော်မူတဲ့ ဆင်ဖြူတောင်ပေါ်က ဆင်ဖြူသုံးစီးရော လက်ရဖမ်းမိပါပြီလား ... ဆင်ရုံကြီး''





ဆင်ရုံကြီးသာမက အောက်မားအဖွဲ့တွေ ရင်တုန်နေကြလေရဲ့။ ဘယ်လိုဖြေရမှန်းမသိ၊ ဘာကစရမှန်းမသိ ဖြစ်နေကြတယ်။

''ဆင်ရုံကြီး ...''

''ဝန်မင်းဘုရား ...''

''ဆင်ဖြူသုံးစီး ရခဲ့ပြီလားဟဲ့''

''မှန်ပါ ... အပြစ်တော်ပေးရင်လည်း ခံရပါတော့မည် ... ဝန်မင်းဘုရား''

''အလို ... ပဇာ့ကြောင့်တုံး ... ဆင်ရုံကြီးရဲ့ ပြောပါဦးဗျာ''

''မှန်ပါ ... ဘုရားကျွန်တော်မျိုးတို့ အောက်မားအဖွဲ့သားများ အောက်မားဆင်မတော်များနှင့် ဟောဟိုက ဆင်ဖြူတောင်ပေါ်မှာရှိတဲ့ ဆင်ဖြူသုံးစီးနောက်ကို နေ့စဉ် နေ့နေ့ညည ရှာဖွေလိုက်ဖမ်းခဲ့ပါတယ်ဘုရား''

''အဲဒီတော့ ပဇာဖြစ်တုံးဟဲ့''

''ဘုရားကျွန်တော်မျိုးတို့ ဆင်ဖြူတော်၊ စွယ်စုံဆင်ပေါက်သုံးစီးကို ကိုယ်တိုင်မြင်ခဲ့ရပါတယ် ... ဝန်မင်းဘုရား။ အလွန်ရှားပါးပြီး ဆင်ဖြူဆင်ကောင်းတို့ရဲ့ ကြန်အင်လက္ခဏာနဲ့ပြည့်စုံတဲ့ နှာမောင်းမှသည် မြီးဖျားတိုင်အောင် ပုလဲအနှစ်လို ဖွေးဥဖြူတဲ့ ဆင်တော်ဆင်ဖြူများဖြစ်လို့ အောက်မားဆင်ဖမ်းတော်များနှင့် ရက်အတန်ကြာ လိုက်ခဲ့ပါသော်လည်း ...''

''အဖိုးတန်မင်္ဂလာရှိတဲ့ အဖြူရောင်တွေပဲဟဲ့ ... ဆက်ပြောစမ်း''

''မကြုံစဖူး အလွန်ထူးဆန်းလှပါတယ် ... ဝန်မင်းဘုရား။ ကျွန်တော်မျိုးတို့ အောက်မားသက်တမ်းတစ်လျှောက် ဒီလိုအဖြစ်မျိုး လုံးဝ မကြုံဖူးပါဘူးဘုရား''

''ကောင်းပြီ ... ဆင်ရုံကြီးတို့ ကြုံရပုံကို ပြောစမ်းကွယ်''

''..............''

''ဆင်ရုံကြီးက သူတို့ကြုံခဲ့ရတဲ့ မြေလျှိုးမိုးပျံ၊ ဂူထဲကနေ ထူးဆန်းစွာပျောက်သွားတဲ့ ဆင်ဖြူသုံးစီးကနေ နောက်ဆုံး ကျောက်ဂူမှာ မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်စမ်းသား၊ ဆင်ကြွားသားများနှင့် ဆင်ရုံလေး ရဲသီဟတို့ညီအစ်ကို ကြုံ ခဲ့ရသည့် အဖြစ်ဆန်းများနှင့် ......

ထူးခြားလှတဲ့ ပိတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုရဲ့ သတိပေးချက်၊ ပြောပြချက်မှသည် ထွက်ပေါက်မရှိ ကျောက်လိုဏ်ဂူထဲက မြေလျှိုးသွားတဲ့ ဆင်ဖြူသုံးစီး ကျောက်ခေါင်းတုံးတောင်တန်းပေါ် ရောက်နေတာကို သူတော်စင်လို အဘိုးကြီးက ညွှန်ပြလို့ အံ့ဖွယ်မြင်ရပုံ ...

၎င်းနောက် ကျောက်ခေါင်းတုံးတောင်တန်းပေါ်က ဆင်ဖြူတော် သုံးစီး အဝေးမှာရှိတဲ့ မိမိတို့ အောက်မားဆင်တော်တွေကို နှုတ်ဆက်အော် ဟစ်အသံပြုပြီးနောက် မိုးကောင်းကင်ပေါ် ပျံတက်ပြေးလွှား တိမ်ညွှန့်စား သလို ပြုရင်း ...

ဖြူဖွေးဝင်းလက်နေတဲ့ တိမ်စိုင်တိမ်တိုက်တွေကို တိုးဝင်ပျံသန်း သွားခဲ့ပုံကနေ ...

ဘယ်အချိန်၊ ဘယ်နေရာကနေ၊ ဘယ်လိုရောက်ရှိလာ ပြောတဲ့ သူတော်စင်လိုအဘိုးအိုလည်း လှည့်ကြည့်တော့ မရှိတဲ့အကြောင်း ..... "နောက်ဆုံး အဘိုးအိုရပ်နေတဲ့ ကျောက်တုံးကြီးပေါ်မှာ ကျန်ရစ်ခဲ့တာက တော့ ထူးဆန်းသော ရနံ့များမွှေးကြိုင်နေတဲ့ ဟောဒီတောင်ဝှေး ကောက် ကောက်ကြီးပါ ... ဝန်မင်းဘုရား"

ဆင်ရုံကြီး ရှင်းပြတင်လျှောက်ချက်တွေကို နားထောင်ရင်း ဆင် ဝန်မင်းကြီးဖေယျဟာ မျက်လုံးအစုံ ကျယ်သွားလိုက်၊ ဝိုင်းသွားလိုက်၊ ၅ သွားလိုက်၊ ပါးစပ်ဟပြီး အံ့ဩသလို ဖြစ်နေရဲ့။

*ဆင်ရုံကြီးတင်ပြချက် ဆုံးတော့ အသံတိတ်သွားကြတယ်။*

ဆင်ရုံကြီးကလည်း တောင်ဝှေးကောက်ကောက်ကို ဆင်ဝန်မင်း ထံ အပ်လိုက်တယ်။

ဆင်ဝန်မင်းဟာ အောက်မားအဖွဲ့သားတွေကို တစ်ဦးစီ လိုက် ကြည့်ရင်းက ...

"ဆင်ရုံကြီး ..."





"ဘုရား ... ဆင်ဝန်မင်းဘုရား"

"ပုံပြင်နားထောင်ရသလိုပါပဲလားကွယ် ဟင်"

"မယုံသော် အောက်မားအဖွဲ့သားများကို မေးမြန်းစုံစမ်းနိုင် ကြောင်းပါ ... ဆင်ဝန်မင်းဘုရား"

"ရဲသီဟ ..."

"ဘုရား"

"ဆင်ရုံကြီးပြောတာ အမှန်ပဲလားဟဲ့"

"မှန်ပါ ... ဝန်မင်းကြီးဘုရား၊ ဘုရားကျွန်တော်မျိုးတို့ မျက်မြင် ကိုယ်တွေ့ပါ ဘုရား"

"ငါ့ကို မလိမ်မညာကြနဲ့နော်"

"မဝံ့ပါဘုရား"

"လိမ်ညာရင် ဘယ်လိုပြစ်ဒဏ်လဲ သိရဲ့လား"

"သိကြောင်းပါ ဘုရား"

"ဝန်မင်းကြီးဘုရား ... မယုံရှိသော် တွေ့ကြုံခဲ့ရသည့် ကျောက် များကို လိုက်ပြနိုင်ပါတယ် ဘုရား"

"ရဲဒိဗ္ဗ ... မောင်မင်းရော ဆင်ဖြူတွေ မြေလျှိုးမိုးပျံတာ မြင် သလားဟဲ့"

"အထင်အရှား မြင်ခဲ့ရကြောင်းပါ ဘုရား"

"ဆင်ဦးစီးတွေ၊ ဆင်မှူးတွေ ..."

"ဘုရား"

"မောင်မင်းတို့ရော မြင်တာ ဟေန်ပဲလားဟေ့"

"အမှန်ပါပဲဘုရား"

"ဟို ... ပဲ့ကိုင်၊ လုံကိုင်တွေ၊ အောက်မားတွေရော ..."

"ဆင်ရုံကြီးပြောတာ အမှန်ပါပဲ ဝန်မင်းဘုရား"

"အင်း ... မောင်မင်းတို့ ပြောပုံဆိုရင် အလွန့်ကို အံ့ဩစရာပါ ပဲတလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မကျန် တညီတညွတ်တည်း ထွက်ဆိုနေတော့ ဆင်ဝန်မင်း မမေးသာတော့ဘူး။

ဒီမှာ ဆင်ဝန်မင်းက သူတော်စင်အဘိုးအို ချန်ထားရစ်ခဲ့တယ်ဆိုတဲ့တောင်ဝှေးကို ကောက်ကိုင်လိုက်တယ်။

''မွှေးလှချည်လားဟဲ့ . . . ဒါ ဘာတောင်ဝှေးအသားတုံး''

''ပြောရခက်ကြောင်းပါ . . . ဝန်မင်းဘုရား၊ ကိုယ်တော်တိုင်သာ တောင်ဝှေးထံမှ ထွက်ပေါ်တဲ့ရနံ့ကို ခံစားတော်မူကြည့်ပါ ဘုရား''

ဆင်ဝန်မင်းက တောင်ဝှေးရဲ့ လက်ကိုင်နေရာကို နမ်းကြည့်တယ်။

''အလို . . . နံ့သာဖြူရနံ့ပါလား''

သည့်နောက် တောင်ဝှေးရဲ့ အလယ်နေရာကို လက်နဲ့ပွတ်ပြီး နမ်းကြည့်ရော . . .

''ဟဲ့ . . . ဒါက ကရမက်လို အနံ့ပါကလား''

''မှန်ပါ . . . တောင်ဝှေးအဖျားကို သုံးသပ်တော်မူပါဘုရား''

ဒါနဲ့ တောင်ဝှေးအဖျားကို လက်နဲ့ပွတ်ပြီး ရှူနမ်းကြည့်လိုက်ရော . . .

''အလို . . . အဖျားပိုင်းက သစ်မွှေးရနံ့ပဲဟဲ့ . . . ဆင်ရုံကြီးရဲ့''

''မှန်ပါတယ် . . . ဝန်မင်းဘုရား''

''ငါ ဒီလိုတောင်ဝှေးက ရနံ့သုံးမျိုးထွက်တာ မမြင်ဖူးဘူးဟဲ့။ ဘာအသားလို့ ပြောရမတုံး''

''ရနံ့သုံးမျိုးစပ်မို့ မပြောတတ်ကြောင်းပါ ဘုရား''

''အေးလေ . . . မောင်မင်းတို့ အောက်မားအဖွဲ့သား အကြီးအကဲကစပြီး၊ ဆင်စမ်းသားအလယ်၊ ဆင်ဦးစီးတွေ၊ ပဲ့ကိုင်၊ လုံကိုင်တွေပါ ထူးဆန်းတဲ့ အဘိုးအိုကြီးနဲ့ တွေ့ဆုံ ကြားသိ ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရတော့ ဒီဆင်ဖြူတော်သုံးစီးဟာ သာမန်ဆင်ဖြူတော်များတော့ ဟုတ်မယ် မထင်ဘူးကွယ့်''





''မှန်ပါ . . . ဘုရားကျွန်တော်မျိုးတို့ အောက်မားများလည်း အရှင့်အမှုတော်ကို ထမ်းပြီး တောစဉ်တောင်အနှံ့ ဆင်ရိုင်းများကို အောက်ငင်ရရှိခဲ့တဲ့ အတွေ့အကြုံ မနည်းပါဘူး ဘုရား။ ဒီလိုထူးဆန်းအံ့ဖွယ်ကောင်းတဲ့ ဆင်ဖြူတော်မျိုး တစ်ခါဖူးမှ မမြင်ဖူး၊ မကြုံဖူးကြောင်းပါ . . . ဝန်မင်းခင်များ''

''အိမ်း . . . ထူးခြားတဲ့ သူတော်စင်ကြီးပြောသလို စကြာဝတေးမင်းတို့၊ သိကြားမင်းတို့ပိုင်တဲ့ ဆင်ဖြူတော်တွေ ဖြစ်မှာပဲလေ။ အေး . . . တန်ခိုးကြီးတဲ့ ဆင်ဖြူတော်များ လက်ရမမိနိုင်ပါသော်လည်း အနုယုဒ္ဓမင်းဘုရားကြီး အုပ်စိုးတော်မူချိန်မှာ မြေလျှိုးမြေပျံ့တဲ့ ဆင်ဖြူတော်၊ ဆင်ပျံတော်များ တွေ့ရတာသည် ကောင်းမြတ်တဲ့ မင်္ဂလာပေပဲ . . . ဟုတ်ရဲ့လားဟဲ့ . . . စာရေးတော်ကြီး မောင်ပုလ္လရဲ့''

ဒီမှာ ဆင်စာရေးတော်ကြီး မောင်ပုလ္လက . . .

''မှန်ပါ . . . အတိတ်ကောင်း၊ နိမိတ်ကောင်းပါပဲ ဘုရား''

''မင်းတရားကြီး အုပ်စိုးရာအရပ်မှာ မြေလျှိုးမိုးပျံ နတ်ဆင်၊ သိကြားဆင်၊ စကြာဝတေးဆင်ဖြူတော် ပေါ်သည်မှာ ကေန်အမှန်ဖြစ်နေတာကြောင့် တိုင်းပြည်စည်ကား ဝေစည် ဂုဏ်သတင်းကျော်ဇောပြီး မြင့်မြတ်ဖြူစင်သော သူတော်စင်၊ သူတော်ကောင်းတို့ကို မြင်ရဖူးရ ဆည်းကပ်ရမည့် အတိတ်ကောင်း၊ နိမိတ်ကောင်းပါပဲ . . . ဝန်မင်းဘုရား''

''မောင်ပုလ္လ . . .''

''အမိန့်ရှိပါ . . . ဝန်မင်းဘုရား''

''စကြာဝတေးမင်းအကြောင်း မောင်မင်းသိသမျှ ပြောပြစမ်းကွယ်။ ဟောဒီအောက်မားတွေလည်း ဗဟုသုတရအောင်ပေါ့ကွယ့်''

''မှန်ပါ . . . ဝန်မင်းဘုရား၊ စကြာမင်း (၅)မျိုးရှိသည်ဟု ဒေသနာမှတ်သားရဖူးပါ ဘုရား။ စကြာမင်းကိုပဲ 'စက္ကဝတ်မင်း၊ စကြာဝတေးမင်း' ဟု ခေါ်ကြကြောင်းပါဘုရား။ စကြာဝတေးမင်း (၅)ပါးကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



(၁) အာဝုဓစက္ကဝတ္တိရာဇာ . . .

လူသတ်လက်နက်အမျိုးမျိုးကို အစိုးရသော၊ အဇာတသတ် မင်းကဲ့သို့သော လက်နက်စကြာမင်းမျိုး။

မှတ်ချက် ။ ။ ယခုခေတ် အနုမြူလက်နက်ပိုင်သူမျိုး။

(၂) ပုညဝဓနစက္ကဝတ္တိရာဇာ . . .

ဇောတိက၊ ဇဋိလ၊ ကာကဝဏ္ဏ၊ မေဏ္ဍက စသော သူဌေး ကြီးတို့၏ ဆိတ်ရုပ်၊ ကြေးရုပ်၊ ရွှေတောင်း၊ ထမင်းအိုး၊ စလယ်တောင်း စသည်တို့မှ သုံးမကုန်၊ ယူမလျော့ တိုးပွား ခြင်း၊ သမုဒ္ဒရာကိုပင် ပြည့်အောင်ဖုန်းနိုင်လောက်သော ဥစ္စာ ရွှေငွေ၊ ဆန်ရေစပါး ပေါများကုံလုံကြသည့် ပုညဝဓန စက္ကဝတ္တိရာဇာ စကြာမင်းမျိုးလည်းတစ်ပါး။

(၃) အာဏာစက္ကဝတ္တိရာဇာ . . .

သက်မဲ့ အဝိညာဏကဖြစ်တဲ့ ရွှေခြေချင်းကို စေလွှတ်ပြီး မဒ္ဒဝပြည်ကို အစိုးရသော ကာလနဂါးမင်းအား ရွှေခြေချင်း ဖြင့်ခတ်၍ ခေါ်နိုင်ခြင်းအာဏာ၊ ထို့အတူ ရွှေချိုင့်ကိုစေ လွှတ်ပြီး ကရဝိတ်ငှက်မင်းကို ဖမ်းယူဆောင်ကျဉ်းနိုင်သော အာဏာရှိကြသည့် သီရိဓမ္မာသောကမင်းကဲ့သို့ အာဏာ စကြာမင်းလည်း တစ်ပါး။

(၄) ပုညပဒစက္ကဝတ္တိရာဇာ . . .

မဟာသုဒဿန စကြာမင်း ကာလိင်္ဂဗောဓိ စသော စကြာ မင်းတို့၌ ဖွားမြင်စကပင် မြေဖဝါး၌ စကြာပုံတောင်းတံဆိပ် လက္ခဏာပါခြင်းကြောင့် ကျွန်းကြီးလေးကျွန်းနှင့်တကွ ယုဂန္ဓိုရ်တောင်အထက် အာလိန်ငါးဆင့်ရှိ နတ်တို့ကိုပါ အစိုးရလတ္တံ့ဟု သိစေနိုင်သော စကြာပုံတောင်ရတနာကို ရသည်။ 'ပုညပဒစက္ကဝတ္တိ' မင်းမျိုးလည်းတစ်ပါး။





(၅) ဂန္ဓာရီစက္ကဝတ္တိရာဇာ . . .

ရှေးစာဟောင်းတို့မှာတော့ 'ကန္တာရအတတ်' လို့ ရေးကြပါ တယ်။ ဝန်မင်းဘုရား ခဲ၊ သံ၊ ပြဒါး၊ ကြေးနီ စသည့် ဓာတ် တို့အား ရွှေငွေမနောမယဓာတ်လုံးများ ဖြစ်လာအောင် ချက်လုပ်နိုင်ခြင်း၊ မြေလျှိုးမိုးပျံနိုင်ခြင်း၊ ဆန်းကြယ်လှစွာ သော ဂါထာ၊ မန္တန်၊ မန္တရား၊ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့ စသော လောကီပယောဂ ဟူသမျှတို့ သိဒ္ဓိအစွမ်းဖြင့် မြေ လျှိုးမိုးပျံခြင်း၊ စိတ်အလိုအတိုင်း ပြီးခြင်း စတာတွေကို ဖြစ် စေနိုင်တဲ့ လောကီဝိဇ္ဇာ မော်ဆရာအပေါင်းတို့သည် သမ္မာ ပယောဂ ဣဒ္ဓိဝဓနစက္ကရာဇာခေါ် ဂန္ဓာရီစကြာမင်း တစ် မျိုးဖြစ်တဲ့အတွက် စကြာမင်း (၅)မျိုး ရှိကြောင်းပါဘုရား။

စကြာမင်းတို့မှာ စကြာမင်းကျင့်ဝတ် (၃)ပါး၊ (၁၀) ပါး၊ (၁၂) ပါး စသည့် . . .

အကျဉ်းပြောရလျှင် . . .

(၁) ဒါန–တိုင်းသားပြည်သူ ရှင်လူရဟန်းတို့ကို အလှူပေးခြင်း၊

(၂) ဒမ – ဣန္ဒြေကို ဆုံးမခြင်း၊

(၃) သံယမ–ကိုယ်နှုတ်နှစ်ပါးနှင့် ငါးပါး၊ ရှစ်ပါး၊ ကိုးပါးသီလ ကို စောင့်ထိန်းခြင်း . . .

ကျင့်ဝတ်များကို ကျင့်ကြရပါသည် ဝန်မင်းဘုရား။ စကြာမင်းတို့ သည် လောဘကို ထိန်းရပါသည်ဘုရား။ ဝိသမလောဘ ထိုက်သောအရာ ၌ အလွန်အမင်း တပ်မက်အပ်သော လောဘမျိုးကို ပယ်ခြားရပါတယ် ဘုရား။

မင်းကျင့်တရား (၁၀)ပါးကို အတိမ်းအစောင်းမရှိ သစ္စာရှိစွာ ကျင့် သုံးရပါသည် ဝန်မင်းဘုရား"

"စကြာရတနာ ဘယ်နှပါးရှိသတုံး . . . စာရေးတော်ကြီး"

"မှန်ပါ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"စကြာရတနာ (၇)ပါးရှိကြောင်းပါ ဘုရား"

"ရှင်းစမ်းကွယ်"

"မှန်ပါ ... စကြာမင်းတို့ပိုင်ဆိုင်တဲ့ ရတနာ (၇)ပါးမှာ (၁) စကြာ၊ (၂) ဆင်ဖြူတော်၊ (၃) နတ်မြင်းပျံ၊ (၄) ပတ္တမြား (မနောမယပတ္တမြား ဖြစ်သည်)၊ (၅) မြောက်ကျွန်းသူမယ်၊ (၆) နန်းတော်ဖွား သားနန်းနွယ်၊ (၇) သူဌေး ... ပိုင်တယ်လို့ 'မဟာသုဒဿ' သုတ်တော်မှာ ဆိုကြောင်းပါ ဘုရား"

"ဟုတ်ပေရဲ့ကွယ် ... စာရေးတော်ကြီးရယ်၊ စကြာရတနာများ ကိုရော ဘယ်လိုကြောင့် ရသတုံးတဲ့လဲကွယ်"

"မှန်ပါ ... စကြာရတနာ (၇) ပါးကို ဤကုသိုလ် (၃) ပါးကြောင့် ရသည်ဟု သိရကြောင်းပါ ဘုရား။ ကုသိုလ် (၃)ပါး အကျိုးကတော့ ...

ဘုန်းခေါင်မိပတိ၊ မဟိဒ္ဓိနှင့်၊ လောကိတမွတ်၊ စက္ကဝတ်မဟာ၊ မြတ်ရာဇာတို့၊ စကြာယာဉ်မင်း၊ ဆင်မြင်းရတနာ၊ ဤသုံးဖြာကို မဟာ ကုသလ၊ အဒေါသကြောင့်၊ ရ၏ဟူပြား။

ပတ္တမြားနှင့် မိဖုရားနတ်၊ သူဌေးမြတ်မူ၊ စွန့်လွှတ်စာဂ၊ အလောဘ ကြောင့်၊ ရ၏ဟူပေ။

သက်ဝေဩရသ်၊ အိမ်ရှေ့မြတ်ဟု၊ လောကခေတ်နယ်၊ တိုက်ဝန်း ကျယ်၌၊ နတ်နှယ်အလား၊ လေးကျွန်းသားကို၊ တရားမဖောက်၊ ရှုချီးမြှောက်၍ စောင့်ရှောက်နိုင်သီး၊ ရှုမငြီးသည့်၊ သားကြီးပရိဏာ၊ ရတနာကား၊ ပညာ ဟူထ၊ အမောဟဖြင့်၊ မူလဟိတ်ကျိုး၊ ပြည့်စုံဖြိုးသည်ဟု ဆိုကြောင်း ပါ ... ဝန်မင်းဘုရား"

"သာဓု ... သာဓု ... သာဓု ... စာရေးတော်ကြီး မောင်ပုလ္လ ငါ့တပည့် ဗဟုသုတ ကြွယ်ဝပါပေရဲ့။ စကြဝတေးမင်းတို့ရဲ့ ဘုန်းကံကြီး မားပုံကလည်း ကုသိုလ်နဲ့ယှဉ်ပြီး ရတာကိုးကွယ်။ အိမ်း ... အိမ်း ... သာဓု ... သာဓု ..."





"အိမ်း ... အိမ်း ... သာဓု ... သာဓု ... သာဓု ... ဒီလို မြေလျှိုးမိုးပျံ ဆင်ဖြူရတနာကိုတော့ စကြာမင်းမှတစ်ပါး၊ ဥတေနမင်းကြီးမှ တစ်ပါး အခြားသူများ ရဖို့ မလွယ်ပါသော်လည်း ... ငါတို့မင်းတရားကြီး ဘုန်းကံကြောင့် အရိန္ဒမာလုံ့ပျံတော်ရခဲ့ဖူးတာ ရှိတယ်။ တစ်နေ့ နတ်သိကြား များဆက်တဲ့ ဆင်ဖြူရတနာ၊ မြင်းရတနာ၊ သူတော်စင်သူတော်မြတ်ရတနာ များ ရောက်ရှိမှာမလွဲလို့ တို့များ ယုံကြည်ရမှာပဲဟေ့။ ကိုင်း ... ကိုင်း .. အနုရုဒ္ဓါမင်းတရားကြီး အမိန့်တော်ရှိတာက မကြာခင် မိုးကျတော့မှာမို့ တောကြီးတောင်ကြီးထဲ မိုးရွာရင် အောက်မားတွေ အန္တရာယ်ရှိတယ်တဲ့။ ဆင်ဖြူရတနာများ ရခဲ့ရင်လည်း ရသမျှနဲ့ နေပြည်တော်ကို ပြန်ခဲ့။ မရခဲ့ သော်လည်း ရာသီဥတုဒဏ်ကြောင့် အမှုထမ်းတွေ၊ အောက်မားဆင်တော် တွေ ထိခိုက်မယ်။ ရရ၊ မရရ အမြန်ပြန်ခဲ့ကြလို့ အမိန့်တော်ရှိတယ်။ ဒါ ကြောင့် မနက်ဖြန်မိုးသောက်သည်နှင့် နေပြည်တော်ပြန်ရန် အောက်မား အားလုံး အသင့်စီစဉ်ကြတော့။

"မှန်ပါ ... ဝန်မင်းကြီးဘုရား"

ခုမှပဲ ဆင်ရုံကြီးလည်း ရင်ထဲက အပူလုံး၊ သောကလုံးတွေ ကျ သွားတော့တယ်လေ။ ကျန်လူတွေလည်း စိုးရိမ်စိတ်များပျောက်သွားပြီး ဆင် ဝန်မင်းကို ရှိသေစွာ ကန်တော့ကြတယ်။

ပြောရရင်တော့ ဆင်ဝန်မင်းက သူ့လက်အောက်ငယ်သားတွေရဲ့ အရေးကို အမြဲ ကြည့်ရှုစောင့်ရှောက်တဲ့သူလေ။

တရားမျှတပြီး သီလသစ္စာ သမာဓိရှိတဲ့ ဝန်မင်းကြီးရယ်။

ဆင်ဝန်မင်းရဲ့ ကြီးကြပ်မှုအောက်မှာ သူတို့ တောဆင်ရိုင်းများစွာ ကို ဖမ်းဆီးရမိပြီး ပုဂံဘုရင် အနုရုဒ္ဓါမင်းကြီး ဆင်တပ်တော်ရဲ့ လိုအင် ဆင်ကောင်ရေများစွာကို ဖြည့်ပေးနိုင်ခဲ့တယ်။

ဒီအရေးကတော့ ဘယ့်နှယ်တတ်နိုင်မတုံး။

မြေလျှိုးပြီး မိုးပျံနိုင်တဲ့ ဆင်ဖြူတော်တွေကို ဘယ့်နှယ်ဖမ်းလို့ရ တုံး။ ဥတေနမင်းရဲ့ ဆင်နိုင်ဂါထာကို ရွတ်ခဲ့ပါသော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့က ဉတေနဘုရင် မဟုတ်ဘူးလေ။

ဉတေနမင်းကို သိကြားမင်းက ဆင်နိုင်ဂါထာ ကိုယ်တိုင်ပေးခဲ့တာ။ မိမိတို့အောက်မားတွေက အလွှတ်ကျက်ပြီး တောထဲဝင်၊ ဆင်ဖြူတော် လိုက်ဖမ်းရတာ။

ဆင်ဝန်မင်းလည်း ဒါကို သဘောပေါက်တာပေါ့။

ကောင်းကင်ပေါ်တက်ပြီး ဘယ်လိုလူစားမျိုးက လိုက်ဖမ်းလို့ရမှာတုံး။

ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီဆိုရင်တော့ ရနိုင်မလားပဲ။

ဒီအချိန်မှာ ရဲသီဟတို့၊ ရဲဒိဗ္ဗတို့ ညီအစ်ကိုလည်း အခက်တွေ့နေရပါရော။

သူတို့ညီအစ်ကို တွက်ထားတာက ဒီဆင်စခန်းမှာ ရက်အတန်ကြာ နားရဦးမယ်။ လက်ရှိကြုံခဲ့ရတဲ့ ဆင်ဖြူတော်ဖြစ်ရပ်ဆန်းကြယ်ကိစ္စကို ပေါက္ကံ (ပုဂံ) မှာနေတဲ့ ဆင်ဝန်မင်းကြီးထံ အထောက်တော်များလွှတ် အစီရင်ခံပြီး . . .

ဆင်ဝန်မင်းရဲ့ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ကြမယ်။

ဒီလိုအမိန့်ကို ခံဖို့ စောင့်နေချိန်မှာ . . .

သူတို့ချစ်သူရည်းစား ရှင်ဖြူ၊ ရှင်ညိုတို့နဲ့ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် နေကြမယ်။ ဒီလိုတွက်ထားတာ။

ခုတော့ ဆင်ဝန်မင်းကြီးကိုယ်တိုင် ကြွရောက်လာပြီး လက်ရှိဖြစ်ရပ်မှန်အကြောင်း သိပြီးဖြစ်လို့ မနက်ဖြန်ပြန်ဖို့ အမိန့်ပေးပြီဆိုတော့ ရင်ထဲမှာ နင့်တင့်တင့် ဖြစ်ခဲ့ရပြီ။

ဒါနဲ့ ညဦး အချိန်လေးရတုန်း ရှင်ဖြူတို့အိမ်ကို အမြန်သွားပြီး နေပြည်တော်ပြန်ရမည့် မင်းမိန့်ကို မပြောရက်၊ ပြောရက် ပြောခဲ့လိုက်ရော . . .

ရှင်ဖြူရော၊ ရှင်ညိုပါ မျက်ရည်တွေစီးကျပြီး ရှိုက်လို့ ငိုကြတော့တယ်။





"မငိုကြပါနဲ့ . . . ရှင်ဖြူနဲ့၊ ရှင်ညို။ မောင်ကြီးတို့တို့ နေပြည်တော်မှာ လုပ်ငန်းကိစ္စ ပြောဆိုအပ်နှံပြီးရင် နှမတို့ထံကို အမြန်အရောက်လာခဲ့မှာပါ . . . ရှင်ဖြူ"

"အင့် . . . ဟီး . . ."

ဦးဖြိုးနဲ့ ဒေါ်မယ်သာတို့လည်း ရဲသီဟတို့ ညီအစ်ကိုကို သားအရင်းလို သံယောဇဉ်ဖြစ်နေကြတော့ စိတ်မကောင်းကြဘူးပေါ့။

"ရှင်ဖြူ . . ."

"အင့် . . ."

"ညီမလေး . . . ရှင်ညို"

"အစ်ကိုရဲ့ . . . ဟီး"

"မငိုပါနဲ့ . . . ညီမလေးရယ်၊ မောင်ကြီးတို့ အောက်မားဆိုတာ မင်းမိန့်ကို နာခံရသူတွေပါ။ မောင်ကြီး သစ္စာဆိုပါတယ် . . . ညီမတို့ရယ်။ မောင်ကြီးတို့ မင်းတို့ရှိရာ ကျည်တောင်ရွာကို ဆက်ဆက်ပြန်လာခဲ့ပါမယ်။ မ . . . မယုံဘူးလား"

"အင့် . . . ဟီး"

ညီအစ်မနှစ်ဦး ရှိုက်လို့ငိုကြတယ်။ သူတို့ရဲ့ပါးပြင်တွေဟာ မျက်ရည်စိုစွတ်ပြီး သနပ်ခါးကွက်တွေပါ ပျက်လို့။

"မောင်ကြီးတို့ညီအစ်ကို မြေကြီးကိုကိုင်ပြီး သစ္စာပြုခဲ့မယ်"

"မောင်ကြီး . . ."

"ရှင်ဖြူ . . ."

"တ . . . တကယ်ပြောတာ . . . ဟုတ်ရဲ့လား . . . မောင်ကြီး . . တင်"

"သစ္စာစကားပါ . . . ရှင်ဖြူရဲ့ . . . ယုံပါနှမ"

"ကိုရဲဒိဗ္ဗ . . ."

"ရှင်ညို"



www.burmeseclassic.com

www.burmeseclassic.com



"ကို . . . ကို . . . ဒီဗွ . . . ပြန် . . . ပြန်လာခဲ့ပါ နော်"

"ပြန်လာမှာပေါ့ . . . ရှင်ညိုရယ်၊ လုပ်ငန်းဆိုင်ရာတွေ အပ်ဖို့ ခဏဆပ်သွားမှာပါ ရှင်ညိုရဲ့"

"ကျွန် . . . မ . . . တို့ . . . ညီအစ်မ . . . စောင့် . . . စောင့်နေမှာ . . . နော် . . . နော်"

"စောင့်ပါ . . . ရှင်ညို၊ ကိုဒီဗွတို့ ယောကျ်ားကတိ မပျက်စေရပါဘူးကွယ်။ ခုပဲ ကျိန်ဆိုပါ့မယ်"

"အို . . . အို . . . မလုပ်ပါနဲ့ . . . ကိုဒီဗွ"

"မောင်လေးဒီဗွ . . . မကျိန်ဆိုနဲ့၊ အစ်မတို့ မောင်လေးကိုရော ကိုသီဟကိုပါ ယုံကြည်ပါတယ်ကွယ်"

"မောင်ကြီးတို့ပြန်လာတာနဲ့ ရှင်ဖြူတို့ကို မိသားဖသားစိုစို တောင်းရမ်းလက်ထပ်မယ် . . . သိလား။ ဦးကြီးတို့ရှေ့မှာ ကတိပြုပါတယ်"

"ယုံပါတယ် . . . မောင်ရဲ့သီဟရယ်"

"ကျွန်မတို့ မောင်ကြီးတို့ပြန်လာမယ့် အချိန်တိုင်းကို မျှော်နေကြိုနေပါ့မယ်။ ကျွန်မတို့ညီအစ်မ မောင်ကြီးတို့ ညီအစ်ကိုပေါ်မှာ သစ္စာမမဲ့ဘူးဆိုတာ ယုံနော် . . . မောင်ကြီး"

"ယုံပါတယ် . . . ရှင်ဖြူ၊ ထာဝစဉ်ယုံပြီးသားပါ . . . နှမရယ်"

"ကဲ . . . မောင်ကြီးတို့ . . . ပြန်မယ်နော်"

"ဟုတ် . . . ဟုတ် . . ."

"ရှင်ညို . . . ညီမလေး"

"အစ် . . . ကို . . . ကြီး . . . အင့် . . . ဟီး"

"မငိုနဲ့။ တို့များ ပောဒီကျည်တောင်ရွာမှာ မင်္ဂလာပွဲကြီး ခန့်ခန့်ညားညား လာလုပ်မှာကွယ့်။ တစ်ရွာလုံးကို မီးခိုးတိတ် ဝက်သား၊ အမဲသားနဲ့ ကျွေးမယ်"





"အစ်ကိုကြီး . . ."

"ပြော . . . ညီမလေး . . . ပြော . . . ဘာလဲ"

ရှင်ညိုက အစ်မလုပ်သူ ရှင်ဖြူရဲ့မျက်နှာကို လှမ်းကြည့်ပြီး မျက်ရည်ဥတွေကို လက်ခုံနဲ့သုပ်ရင်း . . .

"ကျွန်မတို့ညီအစ်မမှာ အစီအစဉ်တစ်ခုရှိတယ် . . . အစ်ကိုရဲ့"

"ဟုတ်လား . . . ပြောပါဦး . . . ညီမရဲ့ . . . ပြော"

"ကျွန်မတို့ညီအစ်မက ပောဟိုဆင်ဖြူတောင်နဲ့ ဒီဘက်က (နောင်အခါ လေ့ထွင်းတောင်ဟုခေါ်သည်) တောင်ညီအစ်မပေါ်မှာ စေတီတစ်ဆူစီတည်မယ်လို့ အဓိဋ္ဌာန်ထားတယ် . . . အစ်ကိုကြီးရဲ့"

"သာဓုပါဗျာ . . . မင်္ဂလာစကားပါလား . . . ဟင် . . . ညီလေး"

"ဟုတ်တယ် . . . အစ်ကို"

"တောင်ပေါ်မှာ စေတီနှစ်ဆူတည်တဲ့အခါမှာ အစ်ကိုကြီးတို့နဲ့ ကိုဒီဗွတို့လည်း ပါစေချင်တယ် . . . အစ်ကိုကြီးရဲ့"

"ပါရမှာပေါ့ . . . ညီမလေးရယ်။ အစ်ကိုကြီးတော့ ပြန်ရောက်သော့မှ ဆင်ဖြူတောင်ပေါ်မှာ စေတီတည်ကြမယ်နော် ဟုတ်လားဟေ့"

"ဟုတ် . . . ဟုတ် . . ."

"ကိုင်း . . . အစ်ကိုတို့ စခန်းကို ပြန်ဦးမယ်နော်။ ဩော် . . . ဦးကြီးနဲ့ ကြီးတော်တို့ခင်ဗျာ . . . ကျွန်တော်တို့ ကန်တော့ပါတယ်ခင်ဗျ"

ရဲသီဟနှင့် ရဲဒီဗွတို့ . . . ဦးဖြိုးနဲ့ ဒေါ်မယ်သာတို့ကို လက်အုပ်ချီပြီး ကန်တော့ကြတော့ . . .

စကားပြောရမှာ ဆို့နင့်ဝမ်းနည်းနေကြတဲ့ လူကြီးနှစ်ဦးဟာ ဆုပေးစကားပြောဖို့ ပါးစပ်တွေ တုန်နေကြတယ်။

"ရှင်ဖြူနဲ့ရှင်ညို . . ."

"ရှင် . . ."

"ညီမတို့လည်း ကန်တော့ကြ"

"ဟုတ် . . . ဟုတ်ကဲ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် လေးဦးသား မိဘနှစ်ပါးကို ရှိသေစွာ ကန်တော့ကြတယ်။ မိဘနှစ်ဦးရဲ့ရင်ထဲမှာ ကြည်နူးဝမ်းသာခြင်းဆိုတဲ့ လှိုင်းတံပိုးတွေ တရိပ်ရိပ် တက်လာသလို ခံစားရပြီး မျက်ရည်စို့လို့ ...

''သာဓု သာဓု သာဓု ... ငါ့သားတွေ၊ သမီးတွေ အသက်ရှည်ကျန်းမာချမ်းသာ၍ အတူတကွ သာသနာပြုနိုင်သည့် သူတော်ကောင်းများ ဖြစ်ကြပါစေ''

သည်နှစ်ဦးဟာ မိမိတို့ရဲ့ သားတွေပါပဲ။

သူတို့လေးဦးကို ချစ်သူတွေအစား ...

သူတို့ဇနီးမောင်နှံတွေလို့ မိဘနှစ်ဦးက မြင်နေကြတယ်။ ရှေ့အနာဂတ်မှာ ဒီသား ဒီသမီးတွေနဲ့ မြေးတွေမြစ်တွေ စည်ပင်ပွားများဝေဆာပြီး ငါတို့အဘိုးကြီးနဲ့ အမယ်ကြီးနှစ်ဦး ...

ပုခက်လွှဲတေး ...

မြေးချော့တေးတွေ မြိုင်မြိုင်ကြီး ဆိုရဦးမှာပါလားလို့ တွေးရင်း ကြည်နူးမျက်ရည်တွေ ပါးပြင်ပေါ် စီးလိမ့်ကျလာလေရဲ့။

✿ ✿ ✿

[၂၆]

❑

ကံကြမ္မာဆိုးရဲ့ ခြေလှမ်းကြမ်းတွေဟာ တစ်နေ့တော့ ကျည်တောင်ရွာရှိရာကို ခြေချရောက်ရှိလာခဲ့တယ်။

သူတို့သာ ကျည်တောင်ရွာကို ရောက်မလာခဲ့ရင် သူတို့ညီအစ်မရဲ့ မျက်ရည်စက်တွေ ဆင်ဖြူတောင်ခြေနဲ့ လှေထွင်းတောင်ခြေမှာ ပိုးပိုးပေါက်ပေါက် ကျစရာ မလိုပါဘူး။

သို့သော် လောဘသားတွေနဲ့ တဏှာယောက်ျားဆိုးတွေရဲ့ ကြမ်းကြုတ်ခက်ထန်တဲ့ အာဏာလောဘ၊ ရမ္မက်တွေကြောင့် ဟောဒီ ဆင်ဖြူတောင်ခြေမှာ မျက်ရည်မြစ် စီးခဲ့ရတယ်။

ဟောဟိုလှေထွင်းတောင်ခြေမှာ အလွမ်းပင်တွေ ရှင်သန်မှိုင်းညို့ခဲ့ရတယ်။

မုန်တိုင်းရဲ့အစကို သူတို့ သယ်လာခဲ့ကြတာ။

လောဘမုန်တိုင်းပေါ့။

ဒီလောဘမုန်တိုင်းက သူတို့ကို မွှန်မွှန်ညက်ညက် ကြေစေခဲ့ပေမဲ့ ဆင်ဖြူတို့မိသားစုကိုတော့ ကံကောင်းမိုးတွေ ရွာချစေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသီဟတို့ အောက်မားဆင်ဖမ်းအဖွဲ့တွေ ပေါက္ကံ (ပုဂံ) နေပြည်တော်ကို ပြန်သွားကြတော့ ...

သူမတို့မိသားစု လွမ်းတသသ ကျန်ရစ်ခဲ့ကြတာပေါ့။

သို့သော် ဦးဖြိုးတို့က အလွမ်းနဲ့ သတိရစရာတွေကို အလုပ်နဲ့ ချေဖျက်ခဲ့တယ်လေ။ သူတို့တောင်ယာထဲမှာ အချိန်တွေကို ကြိုးစားနစ်မြှုပ်ခဲ့ကြတယ်။

သူတို့တောင်ယာက ကျည်တောင်ရွာအနောက်ဘက်က တောစပ်မှာ။ ဒီတောစပ်မှာ တောင်ယာသွားလုပ်ကြလို့ ရွာထဲကလူတွေက သူတို့ကို မဟုတ်က ဟုတ်က ပြောဆိုနေကြရဲ့။

ကျောက်ဘီလူးမတောစပ်ကို တော်ရုံလူ မသွားကြဘူး။

အများအားဖြင့် ဦးဖြိုးတို့လုပ်နေတဲ့ တောင်ယာဝန်းကျင်ကို ရှောင်ကွင်းကြတာ များတယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီတောင်ယာတောရှေ့ မလှမ်းမကမ်းမှာ ဂဝံကျောက်ရုပ်တုဘီလူးမကြီး ရှိနေလို့ပဲ။ ကျောက်ရုပ်တုဘီလူးမကြီးက ဂဝံကျောက်သေတ္တာကြီးပေါ်မှာ ဆောင့်ကြောင့်ကြီး ထိုင်နေတာ။

လူသာမန်ရဲ့ ခန္ဓာကိုယ် အဆနှစ်ဆယ်ဆမက ရှိတယ်။ ကြီးမားတယ်။

နို့ပျဉ်းကြီးနှစ်ခုက ချက်တိုင်အောင် ကျလို့။

မျက်လုံးနှစ်လုံးက မျက်လုံးအိမ်ကနေ ပြူးကန်ထွက်နေတဲ့ပုံက လူသတ္တဝါကို အစိမ်းလိုက်ဝါးစားတော့မည့် ကြောက်စရာ ပုံပန်းကြီး။ ဘယ်ဒူးပေါ်မှာ ဘယ်လက်တုတ်တုတ်ကြီးကို တင်ထားသလို၊ ညာလက်ကြီးက တစ်စုံတစ်ဦးကို လက်ညှိုးထိုးနေသလိုပဲ။

အလျင်တုန်းက ဒီကျောက်ဂဝံ ဘီလူးမရုပ်တုကြီးကို နွယ်တွေ၊ ချုံတွေ ပတ်နေတော့ ဘယ်သူမှ သတိမမူ၊ မတွေ့ကြဘူး။





တစ်နေ့ အရည်းကြီးရဟန်းတစ်ပါး ရောက်လာပြီး တောကျောင်းလေးဆောက်ဖို့ ချုံမြေသစ်ပင် ခုတ်ရှင်းရာကနေ အဲဒီကျောက်ဘီလူးမရုပ်တုကြီးကို တွေ့သွားခဲ့တာ။

အရည်းရဟန်းရဲ့ ပုံပန်းသဏ္ဌာန်က အရပ်မြင့်မြင့်၊ မုတ်ဆိတ်ကျင်စွယ်နဲ့၊ နားရွက်ကားကား၊ မျက်လုံးပြူးပြူး၊ အသားမည်းမည်း။

အရည်းကြီးမထေရ်ကလည်း ထူးတာက လူတွေ့မခံဘူး။

သူ့ကျောင်းသခ်မ်းကို လူအလာမခံဘူး။ လျှို့ဝှက်လွန်းတယ်။

ဝါးကျောင်းငယ်နဲ့ မြီးမြီးမြဲမြဲ တစ်ပါးတည်း နေတာ။

သူ့ဘာသာ တောထဲမှာ သစ်သီးသစ်ဖု ရှာကြံစားတယ်။

လူတွေက အရည်းတောထွက်ကြီးကို ကြည်ညိုလေးစားလို့ လာခဲ့ရင် အော်ငေါက်လွှတ်တော့တာပဲ။

ဒါနဲ့ သူ့ကျောင်းသခ်မ်းရှိရာကို ရွာသူရွာသားမပြောနဲ့၊ တောလိုက်မုဆိုးတောင် ရေဝင်တောင်းမသောက်ဘူး။

ဒီလိုနဲ့ တစ်နေ့ညမှာ ...

မိုးကြီးလေကြီးတွေကျပြီး မိုးကြီးသည်းထန်စွာ ရွာပါရော။

လျှပ်စီးတွေက တဝင်းဝင်းလက်၊ မိုးကြိုးတွေက ဆက်တိုက်ပစ်။

ဆင်ဖြူတောင်ပေါ်က တောင်ကျရေတွေ ဝါးလုံးထိုးစီးကျ။ အဲဒီမှာ တောထဲကနေ ရူးရူးဝါးဝါးအော်သံ ကြားရသလို ...

ဟီးဟီး ရယ်သံတွေလည်း လေနှင့်အတူ လွင့်လာပေမင့် ဘယ်သူလဲ၊ ဘာဖြစ်တာလဲ သွားမကြည့်ရဲကြဘူး။

အိမ်တွေထဲမှာ ပုန်းနေကြရတယ်။

ဒီမှာပဲ မိုးကြိုးသုံးကြိမ် ဆက်တိုက်ပစ်လိုက်တာ နားကွဲလုမတတ်ကျယ်လွန်းတဲ့ မိုးကြိုးသံကြောင့် အချို့ လန့်ပြီး သတိပင် လစ်သွားကြတယ်။

တစ်ညလုံး မိုးကြီးရွာလိုက်တာ မိုးလင်းခါနီးမှ မိုးစဲတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးလည်းစဲ၊ ရေလည်းကျလို့ ထွက်ကြည့်ကြတော့ . . .

သားကောင်သေတွေ ရေဝဖောင်းကားနေတာကို လူတွေမြင်ကြပြီး စားလို့သင့်တာကိုယူ၊ ခွဲခြမ်း၊ အခြောက်လှမ်း၊ ကြပ်တင် လုပ်ကြတာပေါ့။

ကျည်တောင်ရွာလူတွေ မေးကြတာက . . .

ညက မိုးထဲလေထဲမှာ အော်ကြီးဟစ်ကျယ်ရယ်တာ ဟိုးတောအုပ်ဘက်က ကြားရတယ်။ ဘယ်သူလဲ မေးကြ၊ စူးစမ်းကြ။

ဒီမှာ မုဆိုးငခါ တောကျောင်းကလေးရှိရာကို သားကောင်လိုက်ရှာရင်း ရောက်သွားတော့ အရည်းရဟန်းရဲ့ ဝါးကျောင်းဟာ တစ်စစီ ပြိုလဲကျလို့။

ဒါနဲ့ တောကျောင်းရဟန်းကြီးကို စိုးရိမ်လို့ ပြိုလဲကျနေတဲ့ အမိုးအကာတွေ ဖယ်ကြည့်လိုက်ရော . . .

မီးကျွမ်းနေတဲ့ ကောက်ကောက်ကွေးကွေး အလောင်းတစ်ခုကို မြင်လိုက်ရတော့တယ်။

ဝမ်းဗိုက်ဟောင်းလောင်းကြီး ပွင့်လို့။

ဒါနဲ့ ကျည်တောင်ရွာထဲ ပြေးပြောပြတော့ ရွာသားတွေ၊ ရွာသူကြီးတွေပါ လာကြည့်ပြီး အမျိုးမျိုး ဝေဖန်ကြတာပေါ့။

ဘယ်အရပ်က အရည်းရဟန်းလဲ . . .

ဘွဲ့နာမည်လည်း မသိရ . . .

ရွာထဲလည်း ဆွမ်းမရပ် . . .

ဘယ်သူနဲ့မှလည်း စကားမပြော . . .

ဘယ်လိုလူစားမျိုးမှလည်း အလာမခံ . . .

အခု မိုးကြိုးလောင်ပြီး ထိပြီး သေသွားပြီ။

နောက်ဆုံး ကိစ္စပြီးသွားအောင် တဲကျောင်းရော၊ သူ့ကိုပါ မီးသင်္ဂြိုဟ်ပေးခဲ့လိုက်တော့တယ်။





ရွာလူကြီးနဲ့ ရွာသားတွေဟာ ဝါးကျောင်းလေးနဲ့ မလှမ်းမကမ်းမှာရှိနေတဲ့ ကျောက်ဘီလူးမ ဂဝံရုပ်တုရှေ့ကနေ ဖြတ်လာလိုက်တော့ အံ့ဖွယ်နှစ်ခုကို မြင်လိုက်ကြတော့တယ်။

တစ်ခုကတော့ . . .

ကျောက်ဘီလူးရုပ်တုကြီးရဲ့ အောက်ခံ ဂဝံကျောက်ခုံကြီးရှေ့မှာ မြေကြီးတွေကို တူးဆွထားလို့။ ကျင်းကြီးဖြစ်ပြီး ရေပြည့်နေတာ။

နောက်တစ်ခုကတော့ ကျောက်ဘီလူးမကြီးရဲ့ ပါးစပ်ကနေ သွေးကဲ့သို့သော နီနီရဲရဲ နံနံဟောင်ဟောင်အရည်တွေ ဘီလူးမကြီးရဲ့ နို့နှစ်လုံးကြားကို စီးကျပေကျံနေတာ မြင်ရရော . . .

အားလုံး ခေါင်းနားပန်းတွေကြီးပြီး ပြေးကြတော့တာပဲ။

ကျည်တောင်ရွာထဲမှာလည်း ဝေဖန်ပြောဆိုနေကြတာပေါ့။

ကျောက်ဘီလူးမကြီး အသားစိမ်းစားတယ်။

အရည်းရဟန်းကို အူအသည်းတွေ စားပြီး မိုးရွာချိန် ဝါးကျောင်းပေါ် ပြန်တင်ထားတုန်း မိုးကြိုးပစ်လို့ ကျောင်းရော၊ သူရော မည်းတူးမီးကျွမ်းသေရတာ ဖြစ်ကုန်ကြတယ်။

ဘာလို့ ကျောက်ဘီလူးမကြီးက အရည်းရဲ့ အူအသည်းကို စားရတာတုံး မေးပြီ။

စဉ်းစားလေ . . . ကျောက်ဘီလူးမကြီး ထိုင်နေတဲ့အောက်မှာ ကျင်းအိုင်း တူးဆွထားတာ အရည်းမလုပ်လို့ ဘယ်လှည်းသမား လာလုပ်မှာတုံး။ ဘယ်သူမှ ဒါမျိုး မလုပ်ရဲကြဘူး။

ဟုတ်ပါပြီ . . .

အရည်းက ဘာလို့ ဘီလူးမထိုင်တဲ့ ကျောက်တုံးကို တူးရတာလဲ။

တစ်ခုခု ရှာနေတာ နေမှာပေါ့။ တစ်ခုခု စီရင်တာနေမှာပေါ့။

သိတဲ့အတိုင်းပဲလေ . . .



www.burmeseclassic.com

www.burmeseclassic.com



ပေါက္ကံပြည်တစ်နယ်လုံး အရည်းရဟန်းတွေကြီးစိုးခဲ့တဲ့ ခေတ်ကြီးက ရှည်ကြာလှဥစ္စာ။

ဟိုး . . . တပ္ပဝတီမြို့တည် သိုက်တိုင်မင်း လက်ထက်ကတည်းက အရည်းကိုးကွယ်မှု ကြီးထွားရှင်သန်ခဲ့တာလေ။ သိုက်တိုင်မင်းနောက် ခုနစ်ဆက်မြောက် ထွန်ခြစ်မင်း၊ ပုပ္ပါးစောရဟန်းခေါ် သထုံရာဇာလက်ထက်မှာလည်း အရည်းရဟန်းတွေ သောင်းနဲ့ချီ အရည်အတွက်ရှိခဲ့တယ်။

ပျူပြားမင်း၊ သိန်းခိုမင်း အုပ်စိုးတယ်။

သိန်းခိုမင်းကို တောင်သူကြီးက လုပ်ကြံပြီး ညောင်ဦးစောရဟန်း အမည်နဲ့ ပေါက္ကံကို မင်းပြုတာ။

ဒီ ညောင်ဦးစောရဟန်းမင်းကလည်း နဂါးကို ယုံကြည်စွဲလမ်းလွန်းလို့ နဂါးရုပ်တုလုပ်ပြီး ကိုးကွယ်သတဲ့။

ညောင်ဦးစောရဟန်းက မင်းမျိုးမင်းနွယ်မဟုတ်ဘူး။

တောင်သူကြီးသက်သက်။

တစ်နေ့ . . . သိန်းခိုမင်း တောကစားရင်း လမ်းမှားသွားတော့ ဗိုက်ဆာလွန်းတာနဲ့ တောင်ယာတစ်ခုထဲက သခွားသီးကို ပိုင်ရှင်မပြောဘဲ ခူးစားလိုက်တယ်။ ဒီမှာ တောင်ယာရှင်နှင့် ပက်ပင်းတိုးပြီး အချင်းများရာက တောင်သူကြီးက တူးရွင်းနဲ့ရိုက်လို့ သိန်းခိုမင်း သေရော။

ဒီတုန်းက ရှင်ဘုရင်ကိုသတ်ရင် သတ်ရဲတဲ့သူ ဘုရင်လုပ်ရတဲ့ကာလ။ မင်းမရှိရင် တိုင်းပြည်ပျက်မှာစိုးလို့ တောင်သူကြီးကို နန်းတော်ခေါ်ပြီး ဘုရင်လုပ်ခိုင်းရတယ်။

တောင်သူကြီးမင်းတဲ့။

သို့သော် အခြားမင်းတွေ ကြားလို့ကောင်းအောင် ဟိတ်ဟန်ကောင်းတဲ့ နာမည်သစ် ပေးရတယ်။

ညောင်ဦးစောရဟန်းမင်းတဲ့။

သိန်းခိုမင်းက အစားမှားလို့ သခွားသီးသူခိုး ဖြစ်သွားတယ်။





စာမတတ်တဲ့ တောင်သူကြီးက ဘုရင်ကိုသတ်ရဲလို့ ဘုရင်ဖြစ်သွားတယ်။ တယ်ကံကောင်းတဲ့ခေတ်ပဲ။ ဒီမင်းက နတ်နဂါးတွေကို ယုံကြည်တယ်။

စောရဟန်းလည်း ကျောက်ရုပ်တုပိပြီး နတ်ရွာစံသွားတယ်။ သူ့နောက်မှာ ရှေးပျူပြားမင်းရဲ့မြေး ကွမ်းဆော်ကြောင်ဖြူမင်း မင်းပြုပြန်တယ်။

အဲဒီကြောင်ဖြူမင်းကို ညောင်ဦးစောရဟန်းရဲ့ သားတွေဖြစ်တဲ့ ကျည်းစိုးနှင့် စုက္ကတေးက နန်းချပြီး အစဉ်အတိုင်း ပေါက္ကံထီးနန်းကို မင်းပြုပြန်သတဲ့။

တစ်ခါ . . . စုက္ကတေးမင်းကို ကွမ်းဆော်ကြောင်ဖြူမင်းရဲ့သား အနော်ရထာက ရောဝတီမြစ်နံဘေးမှာ မကျေပွဲစိန်ခေါ်ပြီး မြင်းစီး စီးချင်းထိုးကြတာ။

အနော်ရထာမင်းသားရဲ့လှံချက် စုက္ကတေးရင်ဝစူးဝင်ပြီး မြင်းရော လူရော မြစ်ထဲထိုးကျ နတ်ရွာစံရော။

စုက္ကတေး ပြုတ်ကျသေတဲ့ ကမ်းပါးဟာ မြင်းကပါလို့ နောက်သမိုင်းတွင်ခဲ့တယ်။

အနော်ရထာက ရဟန်းဝတ်နေတဲ့ နန်းကျဖခမည်းတော်ကို ပေါက္ကံထီးနန်းပြန်အပ်ပေမင့် ခမည်းတော်ကြောင်ဖြူမင်းက ရဟန်းဘဝနဲ့ အရိုးထုတ်တော့တာမို့ သက္ကရာဇ် ၃၇၉ ခုနှစ်မှာ အနော်ရထာက မင်းပြုအုပ်စိုးခဲ့တယ်။

ကျန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီး စတဲ့ သူရဲကောင်းလေးဦး အကူအညီနဲ့ ပေါက္ကံ (ပုဂံ)ကို ကြီးကျယ်ခမ်းနားအောင် ထူထောင်ခဲ့တာ ယနေ့ဝှိုင်ဘုန်းကြီးနေတာ အားလုံးအသိ။

သည်မှာ အရည်းကြီးတို့ရဲ့ ရေခပ်၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ဝတ်၊ ဆေးဖင်ဟော၊ မန္တန်မှုတ်၊ ပန်းဦးလွှတ်ဝါဒတွေကို ရှုံ့ရှာစက်ဆုတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သိုက်တိုင်မင်းလက်ထက်ကနေ နှစ်ပေါင်းများစွာ တိုင်းသူပြည်သားတွေ ကိုးကွယ်နေတဲ့ အရည်းကြီးတွေ။ ဆင်ကျော့၊ ဆင်ဖမ်း၊ မြင်းစီး၊ ဆင်စီး၊ ဓားရေး၊ လှံရေး၊ မြားရေး၊ လက်ဝှေ့ တတ်ကျွမ်းတယ်။ သင်ကြားပေးတယ်။ သူတို့မှာ အင်အားခြောက်သောင်းကျော်ရှိပြီး လက်နက်အစုံရှိတယ်လေ။ လောကီဂမ္ဘီရ မှော်အတတ်တွေလည်း အံ့မခန်းတတ်ကြတယ်။

ကံကောင်းချင်တော့ သထုံကကြွလာတဲ့ ရှင်အရဟံဆိုသူ သီလ၊ သမာဓိ၊ သိက္ခာ၊ ဓမ္မစစ်တို့နှင့် ပြည့်စုံကြည်ညိုဖွယ် ရဟန်းမြတ်ရဲ့ တရားစစ်၊ တရားမှန်ကို နာကြားရပြီးနောက် ...

အရည်းတို့ရဲ့ ဖယ်ခတ်၊ တုံးခုန်၊ မီးလှုံ၊ ရေကူး၊ ပန်းဦးလွှတ်တဲ့ အမူအကျင့်နှင့် သထုံရှင်အရဟံမြတ်ရဲ့ အမူအကျင့် ဒေသနာတန်ဖိုး ကွာခြားတာကို သိရှိနားလည်ပြီးနောက် ...

အရည်းရဟန်းဆိုတာ သာသနာအတု။

ရှင်အရဟံက ထေရဝါဒ ဗုဒ္ဓသာသနာအစစ်။

နောက်ပိုင်း သထုံဘုရင် မနူဟာမင်းထံက ပိဋကတ်သုံးပုံကို ဖူး သို့ပင့်ဆောင် ဖတ်ရှုနာကြားပြီးရော ...

ဗုဒ္ဓဂေါတမဘုရားရှင်ရဲ့ ထေရဝါဒသည်သာ တရားစစ်၊ တရားမှန်၊ လူတို့၏ကောင်းကျိုးကိုပြုသော ဓမ္မစစ်၊ တရားမြတ်။

အရည်းကြီးတို့က မိစ္ဆာဝါဒသမားတွေ။

အရည်းတို့ရဲ့ မိစ္ဆာဝါဒကိုတိုက်ဖျက်ပြီး အကုန်အရေးယူ။ အချို့ကို ဆင်ထိန်း၊ မြင်းထိန်း၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး အပြစ်ပေးလို့ ဗုဒ္ဓသာသနာကို ပုဂံတစ်ဝှမ်း ကိုးကွယ်ဆည်းကပ်စေခဲ့တယ်။

အရည်းခြောက်သောင်းကလည်း ဓားလှံ လက်နက်တွေနဲ့ အပြင်းအထန် ခုခံပြီး ဘုရင်အနော်ရထာရဲ့တပ်တွေကို တိုက်သော်လည်း ...





ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး စတဲ့ သူရဲကောင်းလေးယောက်ဦးဆောင်တဲ့ ပုဂံစစ်သည်တို့ရဲ့ ဝိုင်းဆို့တိုက်အားမှာ အရည်းတို့ အရှုံးပေး အညံ့ခံရတော့တယ်။

သို့သော် အချို့အရည်းရဟန်းတွေက အဝေးကိုထွက်ပြေး လွတ်မြောက်သွားပြီး တိုးတိုးလျှိုလျှို သူတို့အကျင့်ဝါဒကို ဖြန့်ဝေနေတုန်းပဲ။

အရည်းတို့ရဲ့ ဝါဒတွေဟာ နေရာအနှံ့မှာ ပျံ့နေတယ်။

အခု ကျောက်ဘီလူးမကြီးရဲ့အောက်ခြေ မြေကြီးကိုတူးတာလည်း အရည်းကြီးရဟန်းပဲလို့ ယုံကြည်ကြတယ်။

ဘာကြောင့်တူးတာလဲ။

ကျောက်ဘီလူးမကြီး ရုပ်တုကြီးကို ဖယ်ရှားချင်လို့များလား။

ဘာကြောင့် ဖယ်ရှားပစ်ချင်ရတာလဲ၊ စဉ်းစားလို့ မရဘူး။

ဒီလိုဖြစ်ရပ်ဆန်းကြယ်တွေ ရှိနေလို့ ကျောက်ဘီလူးမကြီးရှိတဲ့ တောထဲ တောစပ် ရေကန်ဝန်းကျင် ဘယ်သူမှ မှို့ရှာ၊ မျှစ်ရှာ၊ ငါးရှာ၊ ဖားရှာ သောကောင်လိုက် မလုပ်ရဲဘူး။

ဒီကုန်းကြမ်း၊ မြေကြမ်းမှာ လုပ်ကိုင်စားသောက်ရဲတာဆို ကိုရင်ဖြိုးတို့ ရှင်မယ်မင်းသာတို့ မိသားစုလေးဦးပဲ ရှိတယ်လေ။

ဒီအကြောင်းကိုလည်း ကိုရင်ဖြိုးနဲ့ ရှင်မယ်မင်းသာကလွဲပြီး ဘယ်သူမှ သိတဲ့ လျှို့ဝှက်ချက်ရှိတယ်။

တစ်ည လင်မယားနှစ်ယောက်ကို အိပ်မက်ဆန်းတစ်ခု ပေးပါသည်။ အိပ်မက်ထဲမှာ ...

နို့ပျဉ်းတွဲကြီးနဲ့ ကျောက်ဘီလူးမကြီး ရောက်လာပြီး သူတို့လင်မယားကို အော်ခေါ်တာ။

"ဖြိုးနဲ့ မိသာ ... ဖြိုးနဲ့ မိသာ ..."

"ဟေ့ ... ဘယ်သူတုံး၊ ငါတို့နာမည်ကို ခေါ်နေတာ"

"ငါပါ ... ငါပါ ... မြန်မြန်ထစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ကျောက်ဘီလူးမကြီး ဆံပင်ဖားလျား၊ နှီပျဉ်းတွဲကြီးနဲ့ အရုပ်ကလည်း ဆိုးလွန်းလို့ ကိုရင်ငဖြိုးတို့ ရင်ဆိုင်မကြည့်ရဲကြဘူး။ ကြောက်လွန်းလို့ တုန်နေကြသတဲ့။

"ငါ့ကို အစားအစာ နည်းနည်းကျွေးပါဟယ်။ ငါ ဗိုက်ဆာလွန်းလို့ပါဟဲ့။ မြန်မြန်လုပ်ကြပါကွယ် . . . သားတို့၊ သမီးတို့ရယ်"

ကြောက်ကလည်း ကြောက်တော့ ချက်ထားတဲ့ အမဲသားအိုးထဲက တစ်တုံးပေးလိုက်ရော ဆတ်ခနဲ ပါးစပ်ထဲ ပစ်သွင်းလိုက်တယ်။

"ပေးပါဦးဟဲ့ . . . ငါ မဝသေးလို့ပါ"

ကြောက်တော့ နောက်တစ်တုံး လှမ်းပေး။

"ပေးပါဦးဟာ . . . ငါ ဆာလွန်းလို့ပါ။ ဟဲ့ . . . ငဖြိုး၊ အိုးလိုက်သာပေး။ ငါ ဆာနေပြီ"

ဘီလူးဆိုတော့ တော်ပါတော့ ကျုပ်တို့စားဖို့ ကျန်သေးတယ်လို့ မပြောရဲဘူး။

ဒါနဲ့ . . . မစားရလည်းနေတော့လို့ ဆုံးဖြတ်ပြီး အမဲသားချက်မြေအိုးကို အဖုံးဖွင့်ပေးလိုက်ရော . . .

ပါးစပ်ထဲ အိုးသွန်ပြီး အားရပါးရ ဝော်ကြီးကျသလို စားနေတာ။ နှီပျဉ်းကြီးနှစ်လုံးပေါ် ဟင်းရည်တွေ စီးပေကျလို့။

"ရော့ဟေ့ . . ."

ပြောင်သလင်းခါနေတဲ့ အိုးကို ပြန်ပေးတယ်။

"ငဖြိုး . . ."

"ဗျာ . . . ဗျာ . . ."

"ဟဲ့ . . . မယ်သာ"

"ရှင် . . . ရှင် . . ."

"သောက်ရေတစ်ခွက် ပေးစမ်း"

"ဟုတ် . . . ဟုတ် . . ."

စိတ်ကူးသစ်စာပေ



ဒါနဲ့ သောက်ရေတစ်ခွက် ခပ်ပေးတော့ ခေါင်းယမ်းတယ်။ အဲဒီ အိုးလိုက်မပေးရော မော့သောက်တော့တယ်။ ဘီလူးမရဲ့ ရင်ဘတ်တစ်ခုလုံး ရေတွေစိုရွှဲပြီး တစက်စက်ကျလို့။

"ဝပြီဟေ့ . . . နင်တို့ကျေးဇူး ကြီးပါဘိအေ။ ငါကလည်း ငါ့ သမင်ကျွေးတဲ့ နင်တို့လင်မယားကို ပြန်ကြည့်ရမှာပေါ့။ နင်တို့လင်မယား ငါနေတဲ့ဝန်းကျင်မှာ တောင်ယာလာလုပ်ကြ၊ နင်တို့ငါ စောင်မကြည့်ရှုမယ် သော့။ မလာဘဲ၊ မလုပ်ဘဲမနေနဲ့ . . . ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ပါရှင်"

"ငါ့ကို မကြောက်နဲ့။ ငါ့လည်း စားဦးစားဖျားလေး ကျွေး။ နင်တို့ကို ငါအားကိုးသလို နင်တို့လည်း ကြီးပွားချမ်းသာအောင် ငါကြည့်မယ်။ ဖြစ်လှူတော့ လုံးဝအလိုမရှိဘူး . . . ကြားရဲ့လား"

"ကြားပါတယ်ခင်ဗျ"

"လာဖြစ်အောင် လာ။ နင်တို့ ငါ့အပေါ် ကောင်းတယ်။ ငါပြန်မယ်ဟေ့"

သို့ကလိုပြောရင်း ကြီးမားရဲ့လက်ဝါးကြီးနှစ်ဖက်ကို အသံအကျယ်ကြီးဖြစ်အောင် တီးလိုက်ရော ဝုန်းခနဲ ပျောက်သွားရော။

ဒီမှာ ကိုရင်ငဖြိုးတို့လင်မယား ပြိုင်တူလန့်နိုးလာတယ်။ မြင်မက်အိပ်မက်လည်း တူနေတယ်။

ဒါနဲ့ မီးတုတ်ထွန်းကြည့်လိုက်ရော . . . အလို . . .

အိမ်ရှေ့ကြမ်းပြင်မှာ ရေတွေရွှဲနေပါကလား။ သောက်ရေအိုးအဖုံးကြည့်တယ်။ ရေ တစ်စက်မှ မရှိတော့ဘူး။

သည့်နောက် မီးဖိုဆောင်ဘက်သွားပြီး မနက်စားဖို့ချက်ထားတဲ့ အမဲသားဟင်းမြေအိုးကို ဖွင့်လိုက်တော့ အံ့သြစရာပဲ။ အိုးဖုံးလည်း မပွင့်ဘူး။ အထဲမှာလည်း အမဲသားဟင်းတွေ တစ်တုံးမှ မရှိတော့ဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၂၇

❑

ဖြစ်ချင်ရာဖြစ် သူတို့ စွန့်စားကြည့်ကြတယ်။ ဘယ်သူ့မှမသွားရဲတဲ့ ကျောက်ဘီလူးမကြီးရှိရာ တောစပ်မှာ တောင်ယာခုတ်ဖို့ ဓားတွေ တူးရွင်းပေါက်ပြားတွေနဲ့ လာခဲ့လိုက်ကြတယ်။

အစကနဦးတုန်းက သမီးနှစ်ယောက်ကို မခေါ်ခဲ့ဘူး။ ကြောက်မှာလန့်မှာစိုးလို့။

ကျောက်ဘီလူးမကြီးရှေ့ ရောက်တော့ ပါလာတဲ့ ထမင်းနဲ့ဟင်းရယ်၊ သောက်ရေတစ်ခွက်ရယ်ကို ကျောက်ဘီလူးမကြီးထိုင်နေတဲ့ ဂဝံကျောက်တုံးပေါ်ကို တင်ပြီး ...

"အမေကျောက်ဘီလူးမကြီးရှင် ... အမေခေါ်လို့ သမီးတို့၊ သားတို့ တောင်ယာလုပ်ကိုင်ရန် ရောက်လာခဲ့ပါပြီ။ အမေကျောက်ဘီလူးမကြီး ကြိုက်နှစ်သက်တဲ့ အမဲသားဟင်းနှင့် ထမင်းဖြူကိုလည်း ဒီနေ့ စားဦးစားဖျားများ လှူဒါန်းပါတယ်။ သားတို့သမီးတို့ကိုလည်း မြေကောင်း၊ ရေကောင်း





မြေသို့ လုပ်ကိုင်စားသောက်ရန် ကူညီစောင့်ရှောက်ပါ ... အမေကျောက်ဘီလူးမကြီးရှင့်"

သည့်နောက် ရှိသေစွာ ဦးညွှတ်ကန်တော့ပြီး မြေနေရာရွေးဖို့ ထိုက်ရှာတော့ ...

အချို့နေရာက ကျောက်ကုန်း။

အချို့နေရာက ရွံ့ဗွက်။

အချို့နေရာက ဝါးနက်တော။ အချို့နေရာက ကြခတ်တော။

ဒါနဲ့ ရေနဲ့လည်းနီးမည့်နေရာကို လိုက်ရှာတုန်းမှာပဲ ချုံနွယ်တွေ အပင်ပုတွေ ပေါက်နေတဲ့နေရာကို ရောက်စဉ်မှာ ...

"အဲဒီနေရာမှာ လုပ်ကြ"

"ဟင် ..."

"အလို ..."

စကားသံ။ လူတစ်ဦးတစ်ယောက်က ပြောလိုက်တဲ့အသံ။ လိုက်ရှာတယ်။ လူမတွေ့ဘူး။ အသံက မိန်းမကြီးအသံ။

"ကိုရင်ဖြိုး ..."

"မယ်သာ ..."

"ဒါ ... ဒါ ... ဟို ... အမေကျောက်ဘီလူးမကြီးရဲ့ အသံပဲနေမှာတော့"

"အေး ... ဟုတ်မယ်ဟ ... မယ်သာရ"

"နောက်ထပ် မရှာနဲ့တော့။ ဒီနေရာ ရေကန်နှင့်လည်း သိပ်မဝေးဘူး။ ချုံနွယ်ပင်ပဲရှိတယ်။ ဒီနေရာပဲ တောရှင်းတော့"

ဒါနဲ့ လင်မယားနှစ်ယောက် ချုံတွေ၊ နွယ်တွေကို ဓားတွေနဲ့ရှင်းတစ်နေရာမှာ စုပုံ။ နောက်နေ့လည်း လာခုတ်။ ရောက်လာရင် ထမင်းစားဦးစားဖျားကို ကျောက်ဘီလူးမကြီးကို အရင်လှူကျွေး။

ပြီးမှ တောင်ယာခုတ်ကြ။

ခုတ်ပြီးသားတွေကို နောက်နေ့မှာ တောင်ယာမီးရှို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသွားသွားနေလို့ သမီးတွေက မေးရော။

နောက်ဆုံး ဖြစ်ကြောင်းကုန်စင်ကို ပြောပြတော့ သမီးတွေ အံ့ဩလို့။

“အဖေနဲ့အမေ ဘာမှမဖြစ်ဘူးနော်”

“မဖြစ်ပေါင်အေ”

“ဒီနေရာကို ဘယ်သူမှ မသွားရဲကြဘူး … အမေရဲ့”

“သူ့ကံအကျိုးပေးနဲ့ သူတို့ပေါ့ … သမီးရယ်”

“အမေတို့ကတော့ ကျောက်ဘီလူးမကြီးနဲ့ ဘယ်လိုတော်စပ်သက်ခဲ့လည်း မသိတော့ အကြောင်းဆုံကြတာပေါ့။ သူ့မေတ္တာ၊ ကိုယ့်စေတနာပေါ့။ အမေတို့ ဘာမှမဖြစ်ဘူး။ သမီးတို့လည်း မကြောက်ကြနဲ့။ ကျောက်ဘီလူးမကြီးကို ကိုယ့်ဆွေမျိုးသားချင်းလို့ မှတ်ပြီး ရိုရိုသေသေသာပြုကြ”

ဒီလိုနဲ့ သူတို့မိသားစု ကျောက်ဘီလူးမ တောင်ခြေတောစပ်မှာ တောင်ယာလုပ်ခဲ့လိုက်ကြတာ။

ပြောင်းပင်၊ ပဲပင်၊ နှမ်းပင်တွေ ဖြစ်မှဖြစ်ပဲ။

စားပင်တွေကို ဘယ်တောသတ္တဝါမှ လာမဖျက်ဆီးကြဘူး။

လိုရမည်ရ ဆူးခက်စည်းရိုးတွေ ပတ်လည်ကာထားလိုက်တယ်။ လောင်းရေအတွက် ကန်ကနေ ရေမြောင်းသွယ်ပြီး ကန်အိုင်လေးဖွဲ့ထားတော့ ရေအတွက် မပူရဘူး။

ကိုရင်ဖြိုးတို့၊ ရှင်မယ်သာတို့ ကျောက်ဘီလူးမတောင်ခြေမှာ တောင်ယာစိုက်နေကြတယ်လို့ ကျည်တောင်ရွာနဲ့ ရွာနီးချုပ်စပ်လူတွေကြားတော့ ဟုတ်ရဲ့လားလို့ စူးစမ်းကြတယ်။

“ဖြိုး … မင်းတို့ ဘီလူးမတောင်ခြေမှာ တောင်ယာစိုက်နေကြဆို”

“ဟုတ်တယ် … ဦးနော”

“ကျောက်ဘီလူးမကြီး မဖမ်းစားဘူးလားဟ … ဖော”





“လုပ်တော့ လုပ်နေတာပဲ … ဦးနောရ”

“အပင်တွေ တယ်ဖြစ်လို့ ကြားတယ် … ဟုတ်လားဟ … ဖြိုးရ”

“ဟုတ်ပါတယ်ဗျ”

အချို့ မယုံလို့ လိုက်ကြည့်ကြတယ်။ ဟုတ်တယ် … ပြောင်းပင်၊ ပဲပင်၊ နှမ်းပင်တွေ၊ စားပင်တွေ ဖြစ်လိုက်တာမှ စိမ်းစိုနေတာပဲ။

ဖြိုးတို့၊ မယ်သာတို့တောင် တောင်ယာလုပ်တာ ဘာမှမဖြစ်ရင် တို့လည်း သွားလုပ်မယ်ဟေ့။

ရွာသားအချို့ တောင်ယာလာခုတ်ကြတယ်။

တောင်ယာခုတ်နေတုန်း မြွေငန်းပုပ်ကြီးတွေလိုက်လို့ မနည်းအသက်လု ပြေးခဲ့ရတယ်။

ကြိမ်လုံးဆိုတဲ့ ယာသမား ဆွေမျိုးတစ်စုလည်း တောင်ယာလုပ်ဖို့ တောရှင်းတုန်းရှိသေး မြွေဟောက်ကြီးတွေ၊ မြွေငန်းဝါကြီးတွေ ပိုင်းလို့ ပြေးရရော။

အချို့ အရဲစွန့်ပြီး ခုတ်တယ်။ ပြီး မြေဘောင်တင်ပြီး မျိုးစေ့ချပြန်တယ်။ နောက်နေ့ လာကြည့်ရော မျိုးစေ့ချယာတစ်ခင်းလုံး တောဝက်တွေ ထိုးသွားတာ မွစာကျဲကုန်ရော။

နောက်ဆုံး ဘယ်သူမှ ကျောက်ဘီလူးမတောင်ခြေက တောစပ်မှာ စိုက်ပျိုးမြေကောင်းတယ်ဆိုပြီးတော့ လာပြီးတော့ တောင်ယာမစိုက်ရဲကြတော့။

သည့်အတွက် ဘာမှအကျိုးမယုတ်ဘဲ အောင်မြင်ဖြစ်ထွန်းနေတဲ့ ဦးဖြိုးတို့ကို အံ့လည်းအံ့ဩ၊ အမျိုးမျိုးလည်း ပြောကြတယ်။

“ကျောက်ဘီလူးနဲ့ အမျိုးတော်သလားမှ မသိဘဲဟဲ့”

“ကြည့်နေပါကွာ … တော်ကြာ ကျောက်ဘီလူးမကြီး ကုပ်ချိုးသတ်လို့ တစ်မိသားစုလုံး သေမှာ။ အရည်းကြီးရဟန်းလို လူကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



အူအသည်း ထုတ်စားတာကွ။ သင်းတို့ သက်ဆိုးမရှည်ဘူး စောင့်သာကြည့်''

''ဘီလူးစာတွေ သွားကြမှာပေ့ါ''

အဲဒီလို မနာလိုဖြစ်ပြီး ပြောဆိုနေကြပေမင့် ကိုရင်ငဖြိုးတို့က လုံးဝ စိတ်မဆိုးဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်ရင်း စားဦးစားဖျား ဟင်းထမင်းများကို တောင်ယာခင်းထဲရောက်တိုင်း တင်မြှောက်ပသ လှူဒါန်းမြဲပဲ။

အခု နွားနဲ့လူညီးနဲ့ ဖြစ်နေပြီ။

✿ ✿ ✿

|၂၈|

□

တစ်နေ့ ... အရည်းရဟန်းတစ်ပါးနဲ့ နောက်လိုက်ကပ္ပိယတစ်ဦး ဘျည်တောင်ရွာကို ရောက်ချလာတယ်။ ဆိုခဲ့သလိုပေ့ါ။ ဝေးတဲ့ရွာစဉ်နယ်မြေမှာ အရည်းရဟန်းတွေ ပြောက်ကျားပြောက်ကျား ရှိနေတုန်းပဲ။

အချို့က အရည်းရဟန်းတွေကို ကိုးကွယ်နေတုန်းပဲ။

အချို့က ဗုဒ္ဓဘုရားကို ကိုးကွယ်နေကြတာပဲ။

အရည်းရဟန်းတွေက ယုံကြည်ကိုးစားသူတွေကို အင်းအိုင်လက်ဖွဲ့တွေ ချီးမြှင့်နေတုန်းပဲလေ။ ခုတ်ဆင်၊ ခုတ်ရိုက်၊ ယတြာ၊ မာတြာ လုပ်ပေးတုန်းပဲ။

(မှတ်ချက် ။ ။ အရည်းဟူသည့်စကားက အရိယဆိုတဲ့ ပါဠိမှလာသောကြောင့် ဝိနယ–ဝိနည်း၊ ပစ္စယ–ပစ္စည်းဟု ပြန်သကဲ့သို့ အရည်း–သူမြတ်သို့ အဓိပ္ပာယ် ဆိုလိုချင်ကြတယ်။ ပုဂံရာဇဝင်ဟောင်းနှင့် ရာဇဝံသ စီးကမှာတော့ 'အရဲ' လို့ရေးတယ်။ အရည်းတို့ရုပ်ပုံများကို မင်းနန်သူ (အနန္တသူရိယ)တည်သည့်ဘုရားရဲ့ လိုဏ်မုခ်ပေါက်မှာ ရေးချယ်ထားတာကို ယနေ့



www.burmeseclassic.com

www.burmeseclassic.com



တိုင် မြင်နိုင်ပါတယ်။ အချို့သော သမိုင်းဆရာများက သမုတိရာဇ်မင်း လက်ထက်ကစ၍ အရည်းတို့ကို ကိုးကွယ်ကြတယ်လို့ အယူအဆရှိတယ်။ သူတို့နေတဲ့အရပ်က သမထီးအရပ်။ ပုဂံမြို့ဟောင်း အရှေ့တောင်ယွန်းယွန်း မှာ ရှိတယ်။ ဟိုးရှေးဟောင်းကျောက်စာတွေမှာ 'သစ်မတည်' လို့ ရေးကြ တယ်။ အချို့ပညာရှင်တွေက အရည်းသုံးကျိပ် စတင်ရာအရပ်မို့ သမတီ ကနေ သမတီး၊ အဲဒီကနေ သမထီး ဖြစ်တယ်လို့လည်း ဆိုကြတယ်။)

အခုလည်း ကျည်တောင်ရွာဖျားက ဖိုးလုဆွယ်တို့အိမ်ကို ရောက် နေတယ်။ ဖိုးလုဆွယ်နဲ့ ဒေါ်မွေစိတို့က သူတို့အိမ်ကို အရည်းရဟန်းကြွလာ လို့ ဝမ်းသာအားရ နေရာထိုင်ခင်းပေးပြီး ဦးချကြတယ်။

"ကိုယ်တော် ... ဘယ်အရပ်က ကြွလာပါလဲ ဘုရား"

"သမထီးကပဲ ... ဒကာ"

"ဆွမ်းကိစ္စပြီးပါပြီလား ... ကိုယ်တော်"

"ပြီးပါပြီ ... ဒကာ"

"ကပ္ပိယကြီးရော ထမင်းစားပါဦးမည်လား"

"မစားတော့ပါဘူး ... အဖ"

"ဒါနဲ့ ကိုယ်တော်တို့ လာရင်းကိစ္စ အထူးရှိပါသလားဘုရား။ ဒီမှာ တည်းမယ်ဆိုလည်း တပည့်တော်တို့ ဆွမ်း၊ ကွမ်းကိစ္စ တာဝန်ယူပါရစေ ဘုရား"

"ဒကာကြီးတို့ ... ဒီအရပ်က ဆင်ဖြူတောင်တဲ့လား"

"မှန်ပါ ... ဆင်ဖြူတောင်ပါ ဘုရား"

"ပဇာကြောင့် ဆင်ဖြူတောင် ခေါ်ကြတာတုံး"

"လွန်ခဲ့တဲ့ နှစ်ဦးတုန်းက ပေါင်းလောင်းမြစ်အနီး ဒီတောင်ပေါ် မှာ ဆင်ဖြူတော်သုံးကောင် ပေါ်တော်မူပါတယ် ... ကိုယ်တော်။ အဲဒီဆင်ဖြူ တော်များကို ပုဂံမင်းကြီးရဲ့ အောက်မားဆင်ဖမ်းအဖွဲ့ လာရောက်ရှာငင် ဖမ်းကြပါတယ်။ အဲဒီကနေ ဆင်ဖြူတောင်အမည်ဖြစ်သွားတာပဲ အရှင်"

"ဆင်ဖြူတော်တွေကို ဖမ်းလို့မမိဘူး ... ဟုတ်လား"





"မှန်ပါ ... မြေလျှိုးမိုးပျံ ပျောက်သွားလို့ အောက်မားတွေ ပုဂံ ကို ပြန်သွားရကြောင်းပါ ကိုယ်တော်"

"ဟား ဟား ဟား ဟား ... ဟဲ့ ... ကပ္ပိယ ..."

"ဘုရား ... ကိုယ်တော်"

"သမထီးမှာတုန်းက အနော်ရထာမင်းရဲ့ ဆင်ဝန်ကို ငါပြောတာ မှန်ဘူးလားဟဲ့ ... ဒကာဖောရဲ့ ... ဟင်"

"ခုတော့ ကိုယ်တော်ကြီးပြောခဲ့တာ မှန်နေလို့ နတ်မျက်စိရထား သလိုပါပဲ ... ကိုယ်တော်"

"ဟင်း ဟင်း ဟင်း ဟင်း"

ဒီမှာပဲ အိမ်ရှင် ဖိုးလုဆွယ်က ...

"ကိုယ်တော်ဘုရား ... ဒီဆင်ဖြူတော်တွေကို ဖမ်းလို့မရဘူးလို့ ကိုယ်တော်က ကြိုပြောခဲ့တာပါလား ဘုရား"

"ဟုတ်တယ် ... ဒကာ။ ပုဂံဘုရင် အနော်ရထာက ဆင်ဖြူတော် အိပ်လိုချင်နေတယ်။ သူ့မှာလည်း သန်မြန်စွာဆိုတဲ့ ဆင်ဖြူတော်အပါ အဝင် ဆင်ဖြူချည်းပဲ (၃၈) စီး ပိုင်ထားတယ်။ သူတို့ရှင်ဘုရင်ဆိုတာက ဆင်ဖြူတော်များများ ပိုင်ရင် ဘုန်းတန်ခိုးကြီးတယ်လို့ ယုံထားတာကိုး။ ငါကပြောတယ်၊ ငါ့အိပ်မက်ထဲမှာ ဆင်ဖြူသုံးကောင်က ပျံသွားတာ မြင်မက် တယ်။ မင်းတို့ ပင်ပန်းမှာပဲ။ ဆင်ဖြူတွေမရဘူးလို့ ကြိုဟောခဲ့တယ်။ သည် တုန်းက ဆင်ဝန်ရဲ့တပည့်က ငါ့ကို နိမိတ်မရှိ၊ နမာမရှိပြောတဲ့ ကိုယ်တော် ဆိုပြီး စိတ်ဆိုးသေးသဟဲ့။ ပုဂံဘုရင်ကြားရင် အမျက်တော်ရှတော့မှာပဲတဲ့။ ယုံတဲ့လူတွေက အခု ကြုံရပြီဟေ့။ ဟင်း ဟင်း ဟင်း ... သင်းတို့က ငါ့ကို ဘယ်လိုအရည်းမှတ်နေလဲ မသိဘူး။ ငါက အနာဂတ်ကိုအလိုရှိရင် ကြည့်လို့ရတဲ့ အရည်းဟဲ့။ သူတို့က ဒီဆင်ဖြူတော်သုံးစီးကို ဘာဆင်များ မှတ်နေကြလဲမသိဘူး"

"ကိုယ်တော် ..."

"ပြောပါ ... ဒကာမကြီး၊ နာမည် ဘယ်လိုခေါ်တုံး"



www.burmeseclassic.com

www.burmeseclassic.com



"မိဖွေစိလို့ ခေါ်ပါ ... ကိုယ်တော်"

"ဒကာမကြီးရဲ့ အဲဒီဆင်ဖြူတော်တွေက နတ်ဆင်တွေဟဲ့"

"နတ်ဆင် ... ဟုတ်လား"

"ဟုတ်တာပေါ့ ... ဒီနတ်ဆင်တွေက မြေလျှိုး မိုးပျံနိုင်တယ်။ တိမ်ညွန့်ကို စားတယ်။ နတ်ပြည်မှာ ပျင်းမှ လူ့ပြည်တောထဲဆင်းပြီး တောစာကိုစားရင်း တောဓလေ့နဲ့ ခေတ္တပျော်မွေ့တဲ့ နတ်ဆင်တွေလေ။ ဒီနတ်ဆင်တွေကို တောင်ပိုင်နတ်ကြီးတွေ၊ ရုက္ခစိုးနတ်ကြီးတွေ၊ ဘုမ္မစိုး နတ်ကြီးတွေက အန္တရာယ်မရှိအောင် ပိုင်းဝန်းစောင့်ရှောက်ပေးရတာ။ ဘယ်လိုလုပ် ... ရမှာတုံး။ ငါက သိတာပေါ့"

"အရှင် ..."

"ဒကာ ..."

"တပည့်တော်တို့ ကိုယ်တော့်ကို အလွန်လေးစားလှပါတယ် ဘုရား။ ကိုယ်တော် ဘာများအလိုရှိပါသေးလဲ၊ အမိန့်ရှိပါဘုရား"

"ဒကာတို့ သူတော်ကောင်းဖနီးမောင်နဲ့ကိုတော့ မေးစရာရှိ သကွယ့်"

"မေးပါ ... ကိုယ်တော်"

"ဒါ ကျည်တောင်ရွာ သေချာတယ်နော်"

"သေချာပါ ဘုရား"

"ကျည်တောင်ရွာအနောက်ဘက်မှ ရေကန်ကြီးရှိတယ်ဆိုတာ ရော ဟုတ်သလား"

"ရှိပါတယ် ... ကိုယ်တော်၊ ကန်မှ အကြီးကြီးပဲဘုရား"

"ရေကန်အနီးမှာ ညောင်ပင်ကြီးရှိတာကော ဟုတ်သလား"

"မှန်ပါတယ်ဘုရား ... ညောင်ပျဉ်းကျ ညောင်ပင်ကြီးပါ ... ကိုယ်တော်"

"ဟုတ်ပြီ ... အဲဒီရေကန်အနီးမှာ ကျောက်ဘီလူးမကြီးရှိတယ် လို့ ကြားတယ်။ ကျောက်ဘီလူးမကြီးရော ရှိသလား"





"ရှိပါတယ် ... ဘုရား။ လူခန္ဓာကိုယ် အဆနှစ်ဆယ်ဆကျော် တော ကြီးတဲ့ ကျောက်ဘီလူးမကြီး ရှိပါတယ်ဘုရား"

"ငါတို့ အဲဒီကျောက်ဘီလူးမကို ကြည့်ချင်တယ် ဒကာ"

ဒီမှာ လင်မယားနှစ်ယောက်စလုံးက ပျာပျာသလဲဟာန်နှင့် အရှည်း ကို လျှောက်တော့တယ်။

"ကိုယ်တော် ... ကျောက်ဘီလူးမတောင်ခြေကို မသွားပါနဲ့ဘုရား။ အထူး မေတ္တာရပ်ပါတယ် ဘုရား။ မသွားပါနဲ့ ဘုရား"

"ဘာဖြစ်လို့လဲ ... ဒကာလုစွယ်နဲ့ မယ်မြွေစိ"

"အဲဒီဘီလူးမတောင်ခြေရာ မြေကြမ်း၊ ရေကြမ်း၊ တောဆိုးပါ ကိုယ်တော်။ အဲဒီနေရာသွားမိတဲ့ မုဆိုးတွေ သေသူသေ၊ ရူးသူရူးဖြစ်အောင် ကျောက်ဘီလူးမက ပြုစားခြောက်လှန့်ပါတယ် ဘုရား။ ပြီးတော့ ... ပြီး တော့ ..."

"ဆက်ပြောလေ ... ပြီးတော့ ဘာဖြစ်တုံး ဒကာ"

"ပြီးခဲ့တဲ့ နှစ်လခန့်က အရှည်းတစ်ပါး တောကျောင်းဆောက်ပြီး အဲဒီ ကျောက်ဘီလူးမတောင်ခြေမှာ တရားလာကျင့်တာ မိုးကြိုးလောင်မီး ကျပြီး အနိစ္စရောက်ပါတယ် ကိုယ်တော်။ ပြီး အူ၊ အသည်းတွေကိုလည်း ကျောက်ဘီလူးမက စား ... စား ..."

"ဒကာဆွယ် ... အဲဒီအရှည်းနာမည် ဘယ်သူလို့ ခေါ်တုံးဟဲ့"

"မသိရပါ ... ကိုယ်တော်"

"ဘယ်လိုပုံပန်းသဏ္ဌာန်ရှိလဲ ပြောစမ်းဟဲ့"

"အရပ်မြင့်မြင့်၊ မုတ်ဆိတ်ကျင်စွယ်နဲ့ နားရွက်ကားကား၊ မျက်လုံး ပြူးပြူး။ အသားမည်းမည်းပါဘုရား"

သို့ကလို ဖိုးလုစွယ်က ပြောလိုက်ရော အရှည်းရဟန်းက သူ့ နောက်ပါတပည့် ငကျောက်ဖား (ဖား) ဆိုသူကို အဓိပ္ပာယ်ပါပါ လှမ်းကြည့် ပြီး ပြုံးပြလိုက်တယ်။ ငကျောက်ဖား (ဖား) ကလည်း ခေါင်းညိတ်ပြလိုက် တယ်။ သိပါတယ် ဘုရားဆိုတဲ့ သဘောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကြားသိသလောက်တော့ အဲဒီနေရာကို သွားတဲ့လူရှိဆို ... ဟဲ့"

ဒီမှာ အမယ်ကြီး မယ်မွေစိက ...

"မှန်ပါ ... ကိုယ်တော်၊ ကျည်တောင်ရွာထဲက မိသားစုတစ်စု တော့ အရဲစွန့်ပြီး ကျောက်ဘီလူးမတောင်ခြေမှာ တောင်ယာစိုက်တာတော့ ရှိပါဘုရား"

"သူတို့ရော ဘာဖြစ်တုံး"

"သူတို့တော့ ဘာမှဖြစ်တာ မကြားရပါဘူး ... ကိုယ်တော်။ ဒါ ပေမင့် ထူးတာက အခြားသူများ တောင်ယာသွားလုပ်ရင်တော့ ချောက်ချား စရာကောင်းတဲ့ အန္တရာယ်တစ်ခုမဟုတ်တစ်ခု ကြုံပြီး ထွက်ပြေးခဲ့ရတာပါ ပဲဘုရား"

"ဒကာဆွယ် ..."

"ဘုရား ..."

"မိုးကြိုးလောင်ပြီးကျပြီးသေတဲ့ အရည်းကရော အဲဒီတောင်ခြေ ဝန်းကျင်မှာ ဘာတွေထူးထူးခြားခြားများ လုပ်သွားသေးတုံး ... ဒကာရဲ့"

ဒီမှာ ဦးလုဆွယ်က စဉ်းစားသလို လုပ်ရင်း ...

"အဲ ... အဲ ... အဲဒီအရည်းပဲ လုပ်ခဲ့တာလား၊ ဘယ်သူလုပ် ခဲ့သလဲတော့ မသိဘူး ကိုယ်တော်။ ကျောက်ဘီလူးမရုပ်တုရဲ့ ခြေ ... ကျောက်ခြေ မြေကြီးတွေကို တူးဆွထားတာမျိုးတော့ သွားကြည့်သူတွေ တွေ့ခဲ့ကြသတဲ့ ဘုရား"

အရည်းရဟန်းလည်း အသံတိတ်ပြီး တစ်စုံတစ်ခုကို စဉ်းစားသလို လုပ်ရင်းက ခေါင်းတညိတ်ညိတ် လုပ်နေတယ်။

အတန်ကြာမှ ...

"ငါ ...

အဲဒီအရပ်မှာ တရားအားထုတ်မယ် ... ဒကာတို့"





"ဗျာ ..."

"အမယ်မယ်တော် ... အကျိုးနည်း"

နှစ်ဦးစလုံး စိုးရိမ်အံ့သြသွားကြပြီး ...

"စဉ်းစားတော်မူပါ ... ကိုယ်တော်"

"အန္တရာယ်များပါတယ် ... ကိုယ်တော်။ အခြားအရပ်ကို စဉ်းစားတော်မူပါ ဘုရား"

"ကိစ္စမရှိ ... ဒကာတို့။ ငါတို့အရည်းတွေမှာ အင်းအိုင်ခလှဲ့ လက်ဖွဲ့၊ မန္တန်များ ရှိတာပ။ ရော့ ... ဟောဒါ ... ဒကာတို့လင်မယားအတွက် အန္တရာယ်ကင်းလက်ဖွဲ့"

လင်မယားနှစ်ယောက် ဝမ်းသာအားရနှင့် အရည်းပေးတဲ့လက်ဖွဲ့ ကို ခံယူပြီး အရည်းကို ဦးချကန်တော့ကြတယ်။

"စုန်း၊ တစ္ဆေ သရဲမှန်သမျှ ဒီလက်ဖွဲ့ကို ဆောင်ထားသ၍ သင်တို့အနီးကို ကပ်လို့ နှောင့်ယှက်လို့ မရဘူးဟဲ့ ... မှတ်ထား။ ကိုင်း ... ငါသွားမယ်ဟေ့"

"ကိုယ်တော် ... ဆွမ်း၊ ကွမ်းကိစ္စအတွက် ကပ္ပိယကြီးကို မကြာ မကြာလွှတ်ပေးပါမယ် ... ဘုရား။ ဒါမှမဟုတ် သားလုပ်သူကို ပို့နိုင်းပါ့မယ် ဘုရား"

"သာဓု ... သာဓု ... သာဓု"

သည့်နောက် အရည်းရဟန်း ရှင်ဂုတ္တနှင့် တပည့်ကပ္ပိယ ငဖား တို့ ငဖိုးဆွယ်လု တို့အိမ်ကနေ ထွက်လာခဲ့ကြရင်း လမ်းမှာ ပြောဆိုဆွေးနွေး ခဲ့ကြတယ်။

"ငဖား ..."

"ကိုယ်တော် ..."

"အရည်း ပုလ္လအိန် ... ကျောက်ဘီလူးမရှိရာကို လာသွားခဲ့တာ တိုးကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ . . . ရှင်ပုလ္လအိန်လည်း ကျောက်ဘီလူးမသိုက်စာကို ရသွားလို့ သွားရှာတာနေမှာပေါ့ . . . ကိုယ်တော်"

"အခု သူ အနီးစွရောက်သွားပြီတဲ့"

"ပစ္စည်းတွေရပုံ မပေါ်သေးနဲ့တူရဲ့ . . . ကိုယ်တော်"

"အေးလေ . . . ပညာစွမ်းလေး မတောက်တခေါက်နဲ့ သွားလုပ်တော့ သေတာပေါ့။ ကိုင်း . . . ငါတို့ အချိန်ဆိုင်းမနေနဲ့။ အခြားအရည်းတွေ ရောက်လာဦးမယ်။ ငါတို့ ကျောက်ဘီလူးမတောင်ခြေကို ဝင်ကြနို့ဟေ့"

သူတို့နှစ်ဦးဟာ ကျည်တောင်ရွာအနောက်ဘက်က တောင်ခြေရှိရာကို အမြန်ခရီးနှင်ခဲ့ကြတော့တယ်။

✿ ✿ ✿

[၂၉]

❑

သူတို့ တောင်တန်းတစ်ခု အခြေကိုရောက်တော့ အလွန်ကြီးမားအံ့ဩဖွယ်ကောင်းနေတဲ့ ညောင်ပင်ကြီးတစ်ပင်ကို တွေ့ကြတယ်။

ညောင်မုတ်ဆိတ်ကြီးတွေ တန်းလန်းကျလို့။

အရည်းဂုဏ္ဍက သိုက်စာကြေးပေလွှာကို ကြည့်ပြီး ခေါင်းညိတ်လိုက်တယ်။

"ကျည်တောင်ရွာနောက် တည့်တည့်လျှောက်တဲ့။ ညောင်ပင်အနီး ဘီလူးမကြီး၊ နို့ပျဉ်းကြီးကျ၊ ထိုင်နေရတဲ့"

"ဟုတ်တာပေါ့ . . . ကိုယ်တော်၊ ညောင်မုတ်ဆိတ်တွေ ညောင်ပျဉ်းတွေ တန်းလန်းကျပြီး ထောက်နေတာ သည်ညောင်ပင်ပဲ . . . ကိုယ်တော်"

ဟုတ်တယ် . . ညောင်မုတ်ဆိတ်ကြီးတွေ တွဲရွဲကျနေပုံက ညောင်ပင်ကို ဝါးပိုးတိုင်ကြီးတွေနဲ့ အစီအရီ ထောက်ထားသလိုပဲ ဖြူဖွေးဖြောင့်စင်းနေတာပဲ။ သက်တမ်းရင့် ညောင်ပင်ကြီး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညောင်ရွက်တွေက ကုတ်ကိုင်းကျနေလိုက်တာ မြေကြီးကို ထိလု ခမန်းပဲ။ ညောင်ထောက်တွေကြားမှာ ရှဉ့်တွေ ဝင်ထွက်ပြေးနေကြတယ်။

ဒါနှင့်အတူ အဝေးကမျောက်တွေရဲ့ အော်ဟစ်သံတွေလည်း ကြား နေရတယ်။

သူတို့ ကြေးပေလွှာကိုကြည့်ရင်း ပြောနေကြတယ်။

''ညောင်ပင်ရှေ့စူး၊ ကျောက်ဘီလူး၊ ကောက်ဦးစားဖို့၊ စောင့်နေ သည်ဆိုတော့ . . . ငါတို့ ဒီညောင်ပင်ရဲ့ နေထွက်ရာ အရှေ့စူးစူးကို သွား ကြမယ်ဟေ့''

အရည်းဂုတ္တက ဖျင်ကြမ်းအဝတ်လွယ်အိတ်ကြီးလွယ်ပြီး ရှေ့ကနေ ခပ် သုတ်သုတ်သွားတော့ အထုပ်ကြီးတစ်ထုပ် ထမ်းထားတဲ့ ဖေားကလည်း နောက်ကနေ အပြေးလိုက်ရတော့တယ်။

ဒီလိုနဲ့ ဝါးပင်၊ နွယ်ချုံနဲ့ ဆူးပင်အုပ်တွေကို ကွမ်းတစ်ရာညက် ခန့် ကျော်ပြီးနောက် . . .

အဖြူရောင်ပန်းရုံကြီးရှေ့မှာ ကျောက်ဘီလူးမကြီးကို ဘွားခနဲတွေ့ ရော သူတို့ အလွန်ဝမ်းသာသွားကြလေရဲ့။

''တွေ့ပဟ . . . ဒါ ကျောက်ဘီလူးမကြီးပဲကွ . . . ဖေားရ''

''အကြီးကြီးပဲ . . . ကိုယ်တော်ရေ''

တောစံပယ်ပွင့် ဖြူဖြူတွေ ဖွေးဖွေးလှုပ်ပွင့်နေတဲ့ စံပယ်ရိုင်းချုံကြီး ရှေ့ ဂဝံကျောက်တုံးကျယ်ကြီးပေါ်မှာ ငုတ်တုတ်ထိုင်နေတဲ့ ကျောက်ဘီလူးမ ကြီး။

အလို . . . နှစ်တောင်နီးပါးခန့် နို့ပျဉ်းကြီးနှစ်လုံးကလည်း ဘူးသီး ခေါင်းကြီး လည်သိမ်လို သဏ္ဌာန်နှင့် ဒူးပေါ်ကို ကျလို့။

ပြူးနေတဲ့ မျက်လုံးနှစ်လုံးက သူတို့နှစ်ဦးကို စိုက်ကြည့်နေသလို မျိုးရှိလို့ ကပ္ပိယဖေား ကြက်သီးဖြန်းဖြန်းထပြီး ရှေ့မတိုးရဲသလို ဖြစ်နေရဲ့။

''ဖေား . . . ဘာဖြစ်လို့ ရှံ့နေတာတုံး''

''သူ . . . သူ စိုက်ကြည့်နေလို့ . . . ကိုယ်တော်''





''ငါတစ်ယောက်လုံး ပါတာတောင် ကြောက်ရွံ့နေရလားဟဲ့၊ ရော့ . . . ဒီလက်ဖွဲ့ လည်ပင်းဆွဲထား''

အရည်းဂုတ္တပေးတဲ့ ကြိုးမည်းလက်ဖွဲ့ကို လည်ပင်းမှာ ဆွဲလိုက် တော့မှ ကြောက်စိတ်တွေ ပြေပြီး သွက်လာတော့တယ်။

''ဖေားရဲ့ . . . ကျောက်ဘီလူးမလည်း သိုက်စာအရ တွေ့ပကွယ့်၊ ဘီလူးမအနီးမှာ ရေကန်ကြီးရှိတယ်လို့ ဆိုထားတယ်။ အရေးကြီးတာ ရေကန်ပဲ။ ရေကန်ကြီးတွေ့ရင် ငါတို့ကိစ္စ အောင်ပြီကွယ့်။ ရှာစမ်းဟ''

သူတို့ ရေကန်ကြီးကို လိုက်ရှာကြတယ်။ လမ်းမှားနေတော့ မတွေ့ကြဘူး။

ဒီအချိန်မှာ ဗျိုင်းတစ်အုပ် ထိုးဆင်းသွားတာ မြင်ရရော၊ ဗျိုင်းအုပ် ထိုးဆင်းသွားတဲ့နေရာကို လိုက်ရှာတော့ ရေကန်ကြီးကို သွားတွေ့ပါရော။

ကြည့်စမ်း . . . ကြည်လင်ပြည့်မောက်နေတဲ့ ရေကန်ကြီးရယ်။

ကြာဖြူ၊ ကြာညိုနဲ့၊ ကြာပဒုမ္မာတွေ ပွင့်နေတဲ့ ရေကန်ကြီး။

ဝုန်းခနဲ ဝုန်းခနဲ ထခုန်မြူးနေတဲ့ ငါးကြီးတွေကိုလည်း အထင်း သား မြင်ရတယ်။

ဗျိုင်းဖြူတွေက ကြာရွက်တွေကြားမှာ အစာချောင်းနေသလို၊ အချို့ ဗျိုင်းဝေသာလီ ခြေတံရှည်တွေက ကန်ရေစပ်မှာ ရပ်ပြီး ငါးလေးတွေ ကို ပေါက်စားလို့။

ရေဝမ်းဘဲကြီးတွေကလည်း ကန်ထဲငုပ်လိုက်၊ ပြန်ပေါ်လိုက်၊ အုပ်စုလိုက် တဝေါဝေါပြေးလိုက်၊ သာယာလိုက်တဲ့ နေရာရယ်။

ငှက်မျိုးစုံရဲ့ အသံတွေကလည်း ငှက်သီချင်း သီဆိုနေသလိုပဲ။

''သိုက်စာတော့ သေချာပြီ . . . တပည့်ရဲ့''

''ဒါ . . . ဒါဆို . . . တပည့်တော်တို့ . . . ချမ်း . . . ချမ်းသာတော့ မှာ . . . နော် . . . နော် . . . ကိုယ်တော်''

''ဒါပေါ့ . . . ငါ့တပည့် ပုဂံမှာ သူဌေးသူကြွယ် စာရင်းဝင်ပြီး အနော်ရထာ မင်းပေးတဲ့ သူဌေးဘွဲ့ကို ရပြီပေါ့ . . . တပည့်ရေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား . . . ငါ . . . ငါ . . . ချမ်းသာတော့မယ် ချမ်းသာတော့မယ်။ ချမ်း . . . ချမ်းသာရင် . . . ရင် . . ."

"ဖေား . . ."

"ဖျား . . . ကိုယ်တော်"

"လုပ်ငန်းစမယ်။ ငါပြောတာကို သေချာနားထောင်"

"မှန်ပါ . . . ကိုယ်တော်၊ ပြော . . . ပြော . . . ပြောပါ ဘုရား"

"ဒီကျောက်ဘီလူးမကြီးက အသက်ရှိတယ်"

"ဟင် . . . ဟုတ်လား . . . ကိုယ်တော်"

"မင်း မယုံရင် သေချာကြည့်လေ။ မကြောက်နဲ့ . . . ရဲရဲကြည့်"

ဒါနဲ့ သူတို့ဆရာတပည့် ကျောက်ဘီလူးမရှိရာ တောစပယ်ရုံရှေ့ကို ပြန်လာပြီး ကြည့်လိုက်ရော . . .

"ဟင် . . ."

"အမယ်လေး . . ."

ကပ္ပိယဖေား တွေ့လိုက်တာက ကျောက်ဘီလူးမကြီးရဲ့ လက်သီး ဆုပ်ခန့် ကျောက်မျက်လုံးနှစ်လုံး လှုပ်နေတာ။

ကြည့်နေတုန်းမှာပဲ ကျောက်ဘီလူးမကြီးရဲ့ နို့ပျဉ်းကြီးနှစ်လုံး ဘယ်ညာယမ်းပြီး လှုပ်နေတာ မြင်ရရော ဖေား အံ့အားသင့်သွားတယ်။

"ကိုယ်တော် . . . သူ . . . သူ . . . တပည့်တော်ကို . . ."

"မပြောနဲ့ . . . ငါ မြင်တယ်"

"ကျောက်ရုပ်တုဘီလူးမက ဘာကြောင့် အသက်ဝင်နေတာလဲ ဟင်"

"ရှေးရှေး တန်ခိုးကြီးတဲ့သူတွေ မှော်ပညာအတတ်နဲ့ အသက်သွင်း စီရင်ခဲ့တာပဲကွယ့်။ လိုအပ်ရင် အသက်ဝင်လာရော။ အခု ငါတို့ ပထမဦးဆုံး လုပ်ရမှာက ဟောဒီကျောက်ဘီလူးမကြီးရဲ့ ဝိညာဉ် ပြေးထွက် အန္တရာယ် မပြုနိုင်အောင် သိုက်စာအရ သူ့လည်ပင်းကို အစီအရင် ချည်မန်းကွင်းစွပ် ပြီး ဖမ်းချုပ်ထားရမယ်ဟေ့။





ဒီလိုမှမလုပ်ရင် သူ ငါတို့ကို ကြီးကြီးမားမား အနှောင့်အယှက် ပေးလိမ့်မယ်။

အဲဒီလိုလုပ်ပြီးရင် ဒီရေကန်ကို ငါတို့ပြန်လာပြီး . . .

ငါ မန္တန်ရွတ်မယ်။ ငါမန္တန်ရွတ်လိုက်တာနဲ့ စောစောက ငါတို့မြင် ခဲ့ရတဲ့ ရေကန်ထဲကနေ ကျွဲကြီးတစ်ကောင် ပေါ်လာလိမ့်မယ်။

ကျွဲရုပ်ပေါ်လာရင် အဲဒီကျွဲကို ငါ ဘီလူးမကို လုပ်သလို ချည်မန်း ကွင်းစွပ်ပြီး ချုပ်ထားမယ်။ မကြောက်နဲ့နော်။

မင်းကို ဆေးကြိမ်တုတ် ပေးထားမယ်။ မင်းက ကျွဲရုပ်ကို လုံးဝ မရိုက်နဲ့။ ဟန့်ရုံပဲ ရွယ်ထား၊ ဟန့်ထားရမယ်။ နားလည်လား"

"မှန်ပါ . . . ကိုယ်တော်၊ ဟို . . . ဟို . . . ရိုက်ရင် . . . ဘာ . . . ဘာဖြစ်မလဲ ဟင်"

"မင်းက ကြောက်လန့်လို့ ယောင်ယမ်းပြီး ကျွဲကို ရိုက်လိုက်တာ နဲ့ ငါရွတ်ဖတ် မန်းမှုတ်နေတဲ့ဂါထာ သိဒ္ဓိအစွမ်း ပျက်သွားမယ်။ အဲဒါ အထူးသတိထား။ အဲလိုရိုက်ရင် စည်းပေါက်ပြီး အသက်အန္တရာယ် ရှိ တယ်"

"မှန် . . . မှန်ပါ . . . ကိုယ်တော်ဘုရား"

"ငါ ကျွဲကြီးကို ဂါထာခုနစ်အုပ် မန်းမှုတ်လိုက်တာနဲ့ အဲဒီရေကန် ထဲကနေ ရွှေသားအတိပြီးတဲ့ လောင်းလှေတစ်စင်း ပေါ်လာမယ်လို့ သိုက်စာ က ဆိုထားတယ်"

"ရွှေ . . . ရွှေ . . . လောင်းလှေ . . . ဟုတ် . . . ဟုတ်လား"

"ဟုတ်တယ် . . . အဲဒီ ရွှေလောင်းလှေပေါ်မှာ ရွှေကြုတ်နဲ့ထည့် ထားတဲ့ ပြဒါးပြာရှိသတဲ့။ အဲဒါ ပြဒါးပြာကို ငါတို့ ရယူရမယ်"

"ကိုယ်တော် . . ."

"ဘာတုံး . . . ဖေား"

"ဟို . . . ဟို . . . ရွှေတွေ၊ ကျောက်တွေ မရဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖားရဲ့အသံမှာ လောဘတွေ ကြီးစိုးလွှမ်းမိုးနေလို့ ဆရာအရှင်က အတော်ထိန်းနေရပါရော။

"ငါယူမှာက ပြဒါးပြာပဲ။ မင်းအတွက်ကတော့ ရွှေလေ့ပေါ်မှာရှိတဲ့ပစ္စည်း ကြိုက်တာယူပေါ့"

"တ ... တကယ်နော် ... နော် ..."

"မင်း လောဘတက်ပြီး ငါပြောတာ၊ သတိပေးတာတွေ မမေ့နဲ့နော်။ မှားရင် စည်းပေါက်ရော။ စည်းပေါက်သွားရင် မင်းရော၊ ငါရော ဒီနေရာကနေ အသက်နဲ့ပြန်ထွက်လို့ မရတော့ဘူး"

"စိတ် ... စိတ်ချပါ ... ကိုယ်တော်ဘုရား ... အဟီး"

ကျောက်ဖားရဲ့မျက်လုံးထဲမှာ ရေကန်ထဲက ပေါ်လာမည့် ရွှေလှေပေါ်က ရွှေတုံးရွှေခဲနဲ့ ကျောက်မျက်ရတနာတွေကို ဘယ်လိုလုပ် သယ်ယူရမလဲ စဉ်းစားပြီး ပျော်နေတယ်။

အနီးမှ ပုဂံနန်းတွင်းသူ အချောဆုံး၊ အလှဆုံးတွေက သူဌေးမင်း သူဌေးမင်းနဲ့ တစာစာ ခစားယုယ ချော့မြှူပြုစု။

ပုဂံရွှေမြို့တော်က အကောင်းဆုံးအစားအစာတွေကို မယားချော၊ မယားလှ၊ ဖြူဖြူတောင့်တောင့်၊ ခါးသေးရင်ချီတွေ ညိုညိုစိမ့်စိမ့်၊ ညက်ညက် ဖွံ့ဖွံ့ကားကား၊ တုတ်တုတ်ခဲခဲကြီးတွေက တယုတယခွံ့ကျွေး။ အဟိ ...။

မျက်လုံးထဲမှာ ရွှေဘုံပေါ်မှာ စံစားနေရတဲ့ဘဝ မြင်နေရပြီ။

ရင်ထဲမှာ ဝမ်းသာလွန်းလို့ တုန်နေရဲ့။

အမေရေ ... အမိရေ ...

အမိတို့သား သြရသကြီး ကိုရွှေမောင်ကျောက်ဖား မြောက်ပြင်သူဌေးကြီးဖြစ်တော့မယ် ... အမိရဲ့ ... အဟီး ...

"ဖေဖား ..."

"အဲ ... အဲ ... ဗျာ ... ဗျာ ... အဲ ... ကန်တော့ပါ ဘုရား ကန်တော့ပါ"





"မင်း ဘာဖြစ်နေတာလဲ"

"အဲ ... အဲ ... ဟို ... ဟို ... ပျော် ... ပျော်လို့ပါ ... ကိုယ်တော်ဘုရား"

"ကျွန်ခြေရရနေစမ်း။ ငါ့မန္တန်မန်းမှုတ်ပြီး ဘီလူးမကို ခြေမန်းကွင်းစွပ်မယ်။ သွားစို့"

"ဟုတ် ... ဟုတ်"

" ... ဦ ........."

" ... ဦ ........."

အရည်းရဟန်း ရှင်ဂုတ္တက ကျောက်ဘီလူးမကြီးရှိရာကို ပြန်လာပြီး မန်းကွင်းကြိုးကို ကိုင်ဆုပ်ပြီး ဦးခံတဲ့မန္တန်ကို လျှာလိပ်သံ၊ ရင်ခေါင်းသံတို့နဲ့ ခုနစ်အုပ်မန်းလိုက်တော့ လက်ထဲမှာကိုင်ထားတဲ့ ခြေမန်းကွင်းဟာ အသက်ဝင်လာပြီး လက်ထဲမှာ လူးလွန့်ရုန်းကြွနေတာကို အံ့ဖွယ်မြင်ရတယ်။

"ဦ ... ငါဆရာအမိန့်၊ ရှင်ကြီးဝါကြီး မဟာသိဒ္ဓိရှင်ကြီးတို့ရဲ့ အမိန့်။ ဟဲ့ ... ငါစီရင်မန်းမှုတ်ထားတဲ့ အသက်ဝင်ချည်ကွင်းချုပ်ကြိုး ဟောဟိုက ကျောက်ဘီလူးမရဲ့ လည်ပင်းကို မရုန်း မအော်နိုင်အောင် ချုပ်စေ"

သို့ကလိုပြောပြီး ခြေမန်းကွင်းကို ဘီလူးမဦးခေါင်းပေါ် ပစ်တင်လိုက်တာ ချည်မန်းကြိုးဟာ မီးတောက်တွေစွဲပြီး ဘီလူးမရဲ့ဦးခေါင်းမှာ သွားစွပ်နေပါရော။

အလို ... စောစောတုန်းက မျက်လုံးလှုပ်၊ နှုတ်ခမ်းလှုပ်ပြတဲ့ ကျောက်ဘီလူးမရဲ့ လည်ပင်းမှာ ခြေမန်းကွင်း စွပ်ဝင်၊ ပတ်ထားလိုက်တာ ပါလား။

ကြည့်စမ်း ... ကျောက်ဘီလူးမကြီး လည်ပင်းအစ်ပြီး မျက်လုံး ပြူးနေတာကို ဖေဖားမြင်ရပြီး ဆရာရှင်အရည်းရဲ့ ဂမ္ဘီရပညာအစွမ်းကို အလွန် အံ့သြသွားပါရော။



www.burmeseclassic.com

www.burmeseclassic.com

တပည့်လုပ်သူ ကျောက်ဖားမှာလည်း ကျောက်ရုပ်တုဘီလူးမကြီး လည်ပင်းအစ် မျက်လုံးပြူးနေတာကို ကြည့်ပြီး ဒီလိုပညာတွေ ရှိနေတာကို အံ့သြနေတယ်။ ကိစ္စပြီးရင် ဒီပညာတွေ သင်ယူမယ်လို့ တွက်ထားတယ်။

ဒီဘီလူးမကြီး ဒီတောထဲမှာ ဘာလုပ်နေတာလဲ။

ဒီဘီလူးမကြီးကို ဘယ်သူ အသက်သွင်းခဲ့တာလဲ။

ဘီလူးမကြီး ဘာကြောင့် အသက်ဝင်နေသလဲဆိုတဲ့ နက်နဲဆန်းကြယ် ဂမ္ဘီရကို သူ မသိဘူး။

ဆရာရှင်ရဟန်းကတော့ သိနေတယ်။

သူက ဂမ္ဘီရပညာရှင်၊ မှော်ပညာရှင် အရည်းရဟန်းကိုး။

ဒီလို လျှို့ဝှက်နက်နဲ ဆန်းကြယ်လွန်းလှတဲ့ ပညာတွေကို အရည်းရဟန်းကြီးက လောကီပညာလို့ခေါ်တယ်။

အရည်းရဟန်းတို့ဟာ အင်္ဂိရတ်ပညာ၊ မှော်ပညာတွေ၊ အံ့မခန်း ကျွမ်းကျင်တတ်မြောက်ကြတာတော့ ဖောသိတယ်။

သူတို့ရေးသားစီရင်တဲ့ကျမ်းက ...

အာဒိကပ္ပကျမ်းတဲ့။ ဒီကျမ်းကို ဟိုကုလားပြည်က မှတ်ဆိတ်မွေး ရဟန်းကြီးတွေ၊ သျှောင်ထုံးနဲ့ ရသေ့ကြီးတွေ အစီပွာယ်ဖွင့်ဆို ညွှန်ကြားတယ်လို့ ကြားရတယ်။

ကျောက်ဘီလူးမကြီး မအော်နိုင်တော့ဘူး။

သို့သော် အိုးအိုးအေးအေး အသံထွက်နေတာကို ဖောကြားရ၏ ကြက်သီးဖြန်းဖြန်း ထနေပြီ။ မတော် လည်ပင်းမှာစွပ်နေတဲ့ ချည်မန်းကြိုး ကို ဖြုတ်နိုင်သွားခဲ့ရင် အမလေး ... အမိရေ ...

"ဟဲ့ ... ကျောက်ဖား"

"အရှင် ... အမိန့်ရှိပါ"

"ဘီလူးမ မလှုပ်နိုင်၊ မအော်နိုင်တော့ဘူးဟေ့။ မြန်မြန်လာ ... ငါတို့ ရောကန်ကိုသွားရမယ် ... လာ"

စိတ်ကူးသစ်စာပေ



ဒါနဲ့ သူတို့ဆရာတပည့် စောစောကတွေ့ခဲ့တဲ့ ရေကန်ကြီးရှိရာ ကို မပြေးရုံတမယ် လာခဲ့ကြပြန်ရော။

ဒီအချိန်မှာ တောကြီးဟာ လေလုံးဝမတိုက်ဘဲ ငြိမ်သက်နေတယ်။ စောစောတုန်းက လှိုင်းကြက်ခွပ်လေးတွေနဲ့ ငှက်တွေနဲ့ ချမ်းမြေ့သာယာ ခဲ့ယ် ကန်ကြီးကလည်း လုံးဝကို ရေငြိမ်လို့။ ငှက်တွေ တစ်ကောင်မှမရှိ တော့ဘူး။

တိတ်ဆိတ်နေပုံက ချောက်ချားစရာကြီး။

တောထဲမှာ အသက်ရှိတဲ့သတ္တဝါမှ ရှိကြသေးရဲ့လား။

မျောက်အော်သံ မကြားရ၊ ငှက်ပျံသံ မကြားရ။

ပုစဉ်းရင်ကွဲအော်သံ မကြားရ၊ သစ်ကိုင်းချင်း ပွတ်ကြိတ်သံ၊ အရွက်ချင်း ထိခတ်သံမျှတောင် မကြားရ။

အသံမကြားရတဲ့အတွက် အရည်းဂုတ္တရော၊ တပည့်ကျောက်ဖား ပါ ဟိုဟိုဒီဒီကြည့်ပြီး ခြေလှမ်းကို သတိထားလှမ်းခဲ့ကြတယ်။

"ဆရာအရှင် ..."

"ကျောက်ဖား ..."

"အသံတိတ်လှချေလား ... အရှင်"

"ကိစ္စမရှိဘူး ... ငါ ကန်ဘောင်ပေါ်ကနေ မန္တန်ရွတ်မယ် ... တပည့်။ မကြောက်နဲ့၊ မပြေးနဲ့ ကြားရဲ့လား"

"ဟုတ် ... ဟုတ် ..."

"ဥုမ် ..."

ရဟန်းကြီး ဂုတ္တဟာ ငြိမ်သက်နေတဲ့ ကန်ရေပြင်ရေလယ်ကို လက်ညှိုးနဲ့စိုက်ထိုးပြီး ရင်ခေါင်းသံနဲ့ ဖြဟ္မထာသံဂါထာကို ပုဏ္ဏားကြီးတွေ ရွတ်နေသကဲ့သို့ ရွတ်လိုက် ...

မြေပြင်ကို ဖနောင့်နှင့်ပေါက်လိုက် လုပ်နေတယ်။

စောစောတုန်းက ကျောက်ဘီလူးကို ချုပ်တဲ့မန္တန်နဲ့ မတူဘူး။ ခုနစ်ကြိမ်တိတိ မန်းမှုတ်၊ ဖနောင့်ပေါက် အမိန့်ပေးလိုက်ရော ...

www.burmeseclassic.com



ငြိမ်သက်နေတဲ့ ကန်ရေပြင်မှာ ကြာရွက်တွေ စတင်လှုပ်နေတာကို မြင်ရတယ်။

ဆရာရှင်ရဟန်းနဲ့ ကျောက်ဖားတို့ဟာ ကြာရွက်လှုပ်စပြုနေတဲ့ ရေပြင်ကို မမိုတ်မသုန် စူးစိုက်ကြည့်နေတုန်းမှာပဲ . . .

ရေကန်ရဲ့ အလယ်နေရာကနေ ရေပလုံစီတွေ တပွက်ပွက် တရွေ့ရွေ့ ရေအောက်ကနေ စတက်လာတာကို မြင်နေရပါရော။ ရေပလုံစီနှင့်အတူ ကြာရွက်တွေ ပိုပြီး လှုပ်ခတ်နေတာလည်း မြင်ရရော . . .

ကြည့်နေရင်းမှာပဲ . . .

ရေပလုံစီတွေ တဖွားဖွားနဲ့ ရေနွေးဆူသလို တက်လာပြီး လှိုင်းဂယက်တွေဟာ ကြီးကြီးစိပ်စိပ်လာပြီးနောက် ကြည်လင်နေတဲ့ ကန်ရေဟာ ရုတ်ခြည်း ရေအရောင် နောက်ကျိပြောင်းလဲလာတာကို မြင်ရပြီး ဆရာတပည့်နှစ်ဦးတို့ အသက်မရှူဝံ့ စိုက်ကြည့်နေတုန်း။

"ဗွမ်း . . ."

"ဟာ . . ."

"ဟယ် . . ."

"ညွှမ့် . . . ညွှမ့် . . ."

အလိုလေး . . . ကြည့်စမ်းပါ။ ကန်ရေပြင်အလယ်ကနေ ဗွမ်းခနဲမြည်ပြီး ရေလုံးရေစက်တွေ လွင့်စင်တက်၊ ရေဖွားတွေ အောက်ကနေ ချိုကားကားကြီးနှင့် အလွန်ကြီးတဲ့ ကျွဲခေါင်းကြီး ဘွားခနဲ ပေါ်လာပါရော။

အလိုလေး . . . ကျွဲနက်ကြီးပါလား။

ကျွဲနက်ကြီးဟာ ကြီးမားတုတ်ခိုင်တဲ့ ကိုယ်လုံးကြီးဖော်ပြီး ချိုကားကြီးကို ဘယ်ညာယမ်းလို့ ရေပြင်ကို ထိုးကော်ခပ်လိုက်တာ . . .

"ဗွမ်း . . . ဗွမ်း . . ."

"ညွှမ့် . . . ညွှမ့် . . ."

"ဖူး . . . ဖူး . . . ညွှမ့် . . ."





အို . . . ကျွဲနက်ကြီး ဒေါသတွေဖြစ်နေပြီ။ ကျွဲနက်ကြီးဟာ ရေပြင်ကို မွှေခတ်ပြီးနောက် ကန်ရေပြင်ကို တရကြမ်း ကူးခတ်ပြီး သူတို့ရှိရာကို အရှိန်ကြီးစွာနဲ့ ပြေးလာနေတာ။

"ကိုယ် . . . ကိုယ်တော် . . . လုပ် . . . လုပ်ပါဦး ဘုရား"

"ဟဲ့ . . . ကန်စောင့်နတ်ကျွဲရဲ့လည်ပင်း မန္တရခြေမန်းကွင်းစွပ်ပြီး လှုပ်နိုင်အောင် ချုပ်နှောင်လို့ ထားစမ်းဟဲ့ . . . သွားဟ"

ပါးစပ်ကနေ အမိန့်ပေးပြီးနောက် ရှင်ကြီးဂုဏ္ဍက လက်ထဲက ခြေမန်းကွင်းကို အရှိန်နဲ့ ရေကူးဒေါသတကြီး ပြေးလာတဲ့ ကန်စောင့်နတ်ကျွဲကြီးဦးခေါင်းပေါ် ပစ်လိုက်ရော . . .

"ညွှမ့် . . ."

"ဖူး ဖူး ဖူး . . . ညွှမ့်"

"ဝုန်း ဝုန်း . . . ဗွမ်း ဗွမ်း . . . ဝုန်း ဝုန်း"

ရှင်ကြီးပစ်လိုက်တဲ့ ခြေမန်းကွင်း နတ်ကျွဲကြီးရဲ့လည်ပင်းကို တန်းစွပ်သွားတာ။ ကန်စောင့်နတ်ကျွဲကြီးဟာ နှာကျင်စူးရှ ဒေါသတွေ အစွမ်းကုန် ပေါက်ကွဲပြီး ကန်အောင်ရေစပ်မှာ လူးလွန့်ခုန်ပေါက်တော့တယ်။

ရေနောက်တွေ၊ ရွှံ့ဗွက်တွေဟာ ကန်စောင့်နတ်ကျွဲကြီးရဲ့ လူးလွန့်ဆော်ခတ်ချက်ကြောင့် သူတို့ဆရာတပည့်နှစ်ဦးကို လာစင်ပြီး ပေကျံကုန်တယ်။

"ကျောက်ဖား . . ."

"အရှင် . . . အင် . . . ဟင် . . ."

"ရော့ . . . ဆေးကြိမ်လုံး၊ ဒီဆေးကြိမ်လုံးနဲ့ ရွယ်ယုံပဲ ရွယ်နော်။ ထိုးဝ သွားမရိုက်နဲ့။ ကိုင်ထား . . . ရော့ . . ."

"သူ . . . သူ . . . ကုန်းပေါ်ကို တက်လာပြီး ခတ်ရင် . . ."

"မခတ်နိုင်တော့ဘူး . . . ကျောက်ဖားရဲ့၊ ခြေမန်းကွင်းနဲ့ ချုပ်ပြီးပြီ ကြည့်နေစမ်းပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပဲ . . . စိုးရိမ်စိတ်နဲ့ ပြေးရကောင်းနိုး ဖြစ်နေတုန်းမှာ နာကြင်စူးရှ အော်ဟစ်ဒေါသတကြီး လူးလွန့်ကော်ခတ်နေတဲ့ ကန်စော နတ်ကျွဲကြီးဟာ တစ်စုံတစ်ဦးက လည်ပင်းကို ကြိုးတင်းတင်းနဲ့ ချည်ထား လိုက်သကဲ့သို့ . . .

လည်ပင်းအစ်ပြီး ခေါင်းကြီးမော့၊ နှာတဖူးဖူးမှုတ်ရင်း အုံ့မှုန် ကောင်းအောင် ငြိမ်ကျသွားပါရော။

ကြည့်စမ်း . . . နတ်ကျွဲကြီးအသက်ကို မှူးမှူးရှူရင်း ကန်ရေ ဖွက်ထဲမှာ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်သွားပါရောလား။

ဒါပေမင့် မျက်လုံးရဲရဲတွတ်တွတ်ကြီးနဲ့ ရန်လုပ်ဖို့ ကြည့်နေတု ပဲ။

အလို . . . ငါ့အရှင် စွမ်းလှချည်ကလား။

သို့ကလို အားရဝမ်းသာဖြစ်ပြီး နတ်ကျွဲကြီးကို ဆရာအရှင်မြ သလို အနီးတိုးပြီး ဆေးကြိမ်လုံးနဲ့ ရွယ်ထားလိုက်တယ်။

တယ်ဟုတ်ပါလား ဟရို့။

နတ်ကျွဲကြီးက မျက်လုံးကိုမှိတ်ပြီး ကြောက်ရွံ့ဟန်နဲ့ ခေါင်းကြီးငုံ့ သွားပါရော။

ကြည့်စမ်း . . . ဓား၊ လှံ၊ လေးမြားထက်တောင် စွမ်းတဲ့ ဆေးကြိမ် လုံးပါကလား။ ငါ့အရှင် အမှန်တကယ်ကို စွမ်းလှချည်လား။

“ရွယ်ထားနော် . . . ကျောက်ဖား”

“မှန်ပါ . . . ကိုယ်တော်”

“မရိုက်လိုက်နဲ့နော်”

“စိတ်ချပါ . . . ဆရာအရှင်ရဲ့”

“ငါ ရွှေလောင်းပေါ်လာအောင် အရေးကြီးမန္တန် စုတ်မယ်နော်”

“အေးအေးဆေးဆေးသာ စုတ်ပါ . . . ကိုယ်တော်။ ဒီနတ်ကျွဲ အပိုင်းကို တပည့်တာဝန်ယူပါတယ် . . . ဆရာအရှင်ရဲ့”





တပည့်ကို စိတ်ချနားလည်အောင် ပြောပြီးနောက် ရှင်ကြီးဂုတ္တ ဟာ သစ်ခေါက်နက်သင်္ကန်းကို ရင်ဘတ်မှာ တုတ်ချည်လိုက်ပြီး တတိယ မြောက် မန္တန်ရှည်ကြီးကို အသံကျယ်ကျယ်နဲ့ ရွတ်တော့တယ်။

“ဥုမ် . . . သွှာရိ . . .

သြောင်း . . . . . .

နတ်ကျွဲကြီးက အသံကျယ်ကျယ်၊ ရင်ခေါင်းသံ၊ လိုဏ်သံနဲ့ မန္တန် ရွတ်နေတဲ့ သစ်ခေါက်ဆိုးဝတ် အရည်းရဟန်းကို ခိုးစွေကြည့်လိုက်၊

ကျောက်ဖားက ဆေးကြိမ်လုံးနှင့် ဟန့်လိုက်။

ကြောက်ပြီး ခေါင်းကို ငုံ့လိုက်။

ရှည်လျားလှတဲ့ မန္တန်ကို အဆက်မပြတ် ရွတ်ဆို မန်းမှုတ်နေတုန်း မှာပဲ ကန်ရေပြင်တစ်ခုလုံး လှိုင်းထလာပြီး ရေလှိုင်းတွေက ကန်ပေါင်ကို ထုန်းဂုန်း ရိုက်လာနေပါရော။

ကြာရွက်တွေ လှိုင်းအောက်ရောက်သွားလိုက်၊ ပြန်ပေါ်လိုက်။

ဒါနှင့်အတူ ကန်ရေအောက်ကနေ ထူးဆန်းတဲ့အသံ ပေါ်လာ တယ်။

“ဝီ . . . ဝီ . . .”

“ဝရော ဝရော . . . ဝရုန်း ဝရုန်း”

“ဝီ ဝီ ဝီ”

“အရှင် . . .”

ရှင်ကြီးဂုတ္တက ပါးစပ်ကို လက်ညှိုးကပ်ပြီး မပြောနဲ့လို့ ပြော လိုက်တယ်။ ကန်အောက်ကနေ တဝီဝီမြည်သံနဲ့အတူ ရေလုံးရေလှိုင်းတွေ ကြားခနဲ ဝုန်းခနဲ ဖွေးခနဲ တဖွားဖွားဖြစ်နေပြီ။

ဆရာတပည့်နှစ်ဦးဟာ လူးလွန့်ရုန်းကြွ ဝုန်းထအော်မြည်နေတဲ့ ကန်ရေပြင်ကို စိုက်ကြည့်ရင်း ရင်တွေတုန်နေကြတယ်။

ရေထဲက ဘာပေါ်လာမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သိုက်စာထဲကလို ရွှေလောင်းလှေပဲ ပေါ်လာမှာလား။ နောက်ထပ် ကျွဲရိုင်း၊ ကျွဲဆိုး ကောင်ရေအုပ်ကြီး ပေါ်လာမှာလား။

ရှင်ကြီးဂုတ္တက လိုရမည်ရ ရန်နှိမ်သပိတ်ကွဲအင်းတွေကို လက်နှင့်ဆုပ်ကိုင်ပြီး ပွက်ပွက်လူးလူး ဝေါဝေါ မြည်နေတဲ့ ကန်မျက်နှာပြင်ကိုပဲ မမှိတ်မသုန် ကြည့်နေချိန် . . .

✿ ✿ ✿

## [၁၀]

❑

ဒီအချိန်မှာ ကိုရင်ငဖြိုး၊ ဒေါ်ရှင်မယ်သာနှင့် ရှင်ဖြူ၊ ရှင်ညိုတို့ သားအမိ ကလည်း တောင်ယာထဲက သီးနှံတွေ ရူးဆွတ်ဖို့ ရောက်လာကြတယ်။

''အဖေ . . .''

''ဘာတုံး . . . ရှင်ညို သမီးလေး''

''စားပင်တွေ ဖြစ်လိုက်တာနော် . . . အဖေရယ် နော်''

''ကံအကျိုးပေးပေါ့ . . . သမီးရယ်၊ ဒီတစ်ဆောင်း ကောင်းကောင်း ထွက်လိုက်ရင် သမီးတို့တည်ချင်တဲ့ စေတီလည်း တည်နိုင်မှာပါပဲကွယ်''

''ဟုတ်တယ် . . . အဖေ၊ အိပ်မက်ထဲမှာလေ သမီးတို့ညီအစ်မ ဆင်ဖြူတောင်နဲ့ ညီတော်၊ နှမတော်တောင်ပေါ်မှာ စေတီတည်ရတယ်လို့ အိပ်မက် ခဏခဏမက်တယ် . . . အဖေရဲ့။ စေတီက ရောင်ခြည်တော်တွေ ထွတ်တာများ လင်းထိန်နေတာပဲ . . . အဖေ''

''နိမိတ်ကောင်းပေါ့ . . . သမီးရယ်၊ သမီးတို့မျှော်လင့်သလို ဖြစ်လာရမှာပေါ့။ ခုနေ စိုက်ရေးပျိုးရေး အဆင်ပြေတုန်းအခိုက် ကြိုးစားလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြကွယ့်။ အဖေတို့ အရင်ထက်စာရင် ဒုက္ခဆင်းရဲ မရှိတော့ပါဘူး ... သမီးရယ်။ ကိုင်း ... သမီးတို့က အသီးအနှံတွေ ဆွတ်ကြ၊ ခူးကြ။ အဖေ တောင်ယာချဲ့ဖို့ အပင်တွေ ရှင်းလိုက်ဦးမယ်ဟေ့''

ရှင်ဖြူ၊ ရှင်ညိုတို့က ထေရဝါဒကို ကူးပြောင်းကိုးကွယ်စ ပြုနေသမို့ ရတနာသုံးပါးကိုလည်း သက်ဝင်နားလည်စ ပြုနေတယ်။ ဒါနဲ့အတူ စေတီတည်ရင် ကုသိုလ်ရတယ်ဆိုတာ ကြားဖူးတော့ စေတီသေးသေးလေး ဖြစ်ဖြစ် ကုသိုလ်ရအောင် တည်ချင်ကြတယ်။ သူတို့အရပ်မှာ အရည်းကိုး ကွယ်တဲ့ ယုံကြည်မှုတွေလည်း ရှိနေတုန်းပဲ။ အရည်းတွေလည်း တွေ့ရင် လေးလေးစားစား ဆက်ဆံတယ်။

''အမေ ... သမီး အမေထမင်းချက်တာ ကူပေးရဦးမလား ဟင်''

''မကူပါနဲ့အေ ... အမေ လုပ်နိုင်ပါတယ်။ ဟင်းကျက်ရင် အမေ လှမ်းခေါ်လိုက်မယ်ဟေ့''

ဒါနဲ့ ရှင်ဖြူနဲ့ ရှင်ညိုက ခရမ်းသီးနဲ့ ပိန်းဥတွေစိုက်ထားတဲ့ အခင်း ကိုဝင်ပြီး ခူး၊ နုတ်၊ ဖော် တောင်းတွေထဲထည့်။

ကိုရင်ဖြိုးက ဓားမတစ်လက်နဲ့ အပင်တွေခုတ်။

ဒေါ်မိမယ်သာက ထမင်းချက်၊ ဟင်းချက်။

ဒီလိုနဲ့ အချိန်က နေမွန်းမတည့်တတည့် ရောက်လာတယ်။

''သမီးတို့ရေ ... အလုပ်သိမ်းတော့လေ၊ ထမင်းစားမယ်။ နင့် အဖေရော ခေါ်လိုက်တော့အေ''

''ဟုတ်ကဲ့ ... အမေ''

''အဖေရေ ... အဖေ''

''အေး ... သမီး ... ဘာတုံးဟေ့''

''အမေက ထမင်းစားမယ်တဲ့။ လက်စကို ရပ်တော့ ... အဖေရေ''

''အေး ... အေး ... ရပ်မယ်သမီးရေ''





သူတို့မိသားစု ဝါးရုံရိပ်မှာနားကြပြီး ချွေးသုတ် ခြေလက်ဆေး ကြ။

''ကိုရင်ဖြိုးရေ ... ကျွန်မ ဘုရားဆွမ်းကပ်ပြီးပြီ။ အမေကျောက် ဘီလူးမကြီးကို စားဦးစားဖျား သွားလှူရမယ်''

''အေး ... အေး ... စားဦးယူခဲ့''

ဒေါ်မယ်သာက မြေပန်းကန်ထဲမှာ ထမင်းကို ဟင်းနဲ့ မောက် မောက်ထည့် ယူလိုက်သလို ကိုရင်ဖြိုးကလည်း ရေတကောင်းနဲ့ ဝါးဆစ် ခွက်တစ်ခွက်ကို ယူသွားဖို့ လုပ်တယ်။

''ရှင်ဖြူနဲ့ရှင်ညို နေရစ်ရဲ့လား ... သမီးတို့''

''နေရစ်ပါတယ် ... အမေ။ စိတ်ချပြီးသွား၊ အမေတို့ပြန်လာမှ စား မယ်။ သမီး တို့စရာ ပြုတ်လိုက်ဦးမယ်တော့်''

ဒါနဲ့ လင်မယားနှစ်ယောက် ကျောက်ဘီလူးမတောင်ခြေကို စား ဖွယ်များ ယူခဲ့ကြတယ်။

ကျောက်ဘီလူးမကြီးက သူတို့ကို စောင့်ရှောက်စောင်မ,နေတယ် လို့ ယုံကြည်တယ်။

ဘယ်လိုလူမျိုးမှ တောင်ယာလုပ်လို့ ငါး၊ ဖား၊ သစ်သီးရှာဖို့ လုပ် လို့မရတဲ့ အရပ်မှာ ကျောက်ဘီလူးမကြီးရဲ့ အိပ်မက်ပေးမှုကြောင့် သူတို့ တောင်ယာလာစိုက်တယ်။

အသီးအနှံတွေ ဖြစ်ထွန်းအောင်မြင်တယ်။ မြွေ၊ ကင်း အဆိပ်ရှိ တဲ့သတ္တဝါ လုံးဝ အန္တရာယ်မပြုဘူး။

မြွေကြီးတွေ တွေ့သည့်တိုင် သူတို့ မသတ်ခဲ့ဘူး။

တစ်ခါတလေ နွားနို့၊ ဆိတ်နို့ ယူလာပြီး ကျောက်ဘီလူးမကြီးကို တစ်ခွက် စားဦးစားဖျား ထမင်းဟင်းနဲ့ ကျွေးလှူကုသိုလ်ပြုသလို၊

တောင်ယာဝန်းကျင်လာတတ်တဲ့ မြွေဟောက်ကြီးတွေ သောက် ရအောင် မြေပန်းကန်နဲ့ထည့်ပေး ကုသိုလ်ပြုကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမေတ္တာမို့ပဲလား။

ကျောက်ဘီလူးမကြီး စောင့်ရှောက်နေလို့လား ထင်ရဲ့။ မြွေဆိုးတွေ လုံးဝ အန္တရာယ်မပြုဘူး။ တောဝက်တွေ၊ မျောက်တွေ အသီးအနှံတွေကို မဖျက်ဆီးဘူး။

တစ်ခါတစ်ရံ ဟိုးဆင်ဖြူတောင်အရပ်က တောဆင်ရိုင်းတွေ ဒီဘက်ကို ဆင်းလာကြပေမင့် သူတို့ယာခင်းတွေ ဖျက်မသွားကြတာသည် ကျောက်ဘီလူးမကြီး စောင့်ရှောက်ပေးတာလို့ ယုံကြည်တယ်။

ဒီနေရာမှာ ကျောက်ဘီလူးမ ရုပ်တုကြီးကို ဘယ်သူလာထုလုပ်သွားတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။

အများနားလည်ကြတာက ဒီကျောက်ဘီလူးမကြီးနေတဲ့ ဝန်းကျင်ဟာ မြေကြမ်းတယ်လို့ပဲ သိကြပြီး မလာရဲကြဘူး။

စဉ်းစားရင်း သူတို့ ကျောက်ဘီလူးမကြီးရှေ့ ရောက်လာကြတယ်။

သည့်နောက် ကျောက်ဘီလူးမကြီးထိုင်နေတဲ့ ဂဝံကျောက်ခုံပေါ်မှာ မြေပန်းကန်နဲ့ ထမင်းဟင်းတွေကို တင်လိုက်ပြီး ဦးဖြိုးက ရေတကောင်းထဲက သောက်ရေကို ဝါးခွက်ထဲ ခပ်ထည့်ပြီး တင်လိုက်။

သည့်နောက် မြေပြင်မှာထိုင်ပြီး ရိုရိုသေသေ ပြောဆိုကြလေရဲ့။

"အမေ ... ကျောက်ဘီလူးမကြီးရှင့်၊ အမေဘီလူးမကြီး အိပ်မက်ပေးခွင့်ပြု ခေါ်တဲ့အတွက် သမီးတို့၊ သားတို့ အမေဘီလူးမကြီးဝန်းကျင်မှာ တောင်ယာများ လုပ်ကိုင်စားသောက်တာ အောင်မြင်ပါတယ် ... အမေ။ ဒါကြောင့် စားဦးစားဖျားများ၊ ထမင်းဟင်းများ၊ ခြံထွက်သီးနှံဟင်းများနဲ့ တင်မြှောက်ကုသိုလ်ပြုပါတယ်။ အမေကျောက်ဘီလူးမကြီး ဝမ်းမြောက်ဝမ်းသာ သုံးဆောင်တော်မူပါ"

ဦးဖြိုးကလည်း နှေးနှေးညည စောင့်ရှောက်ဖို့ ပြောဆိုပြီးချိန် ..

"အစ် ... အစ် ... အစ် ..."

"ဟင် ..."





"င ... ငဖြိုးနဲ့ ... မိ ... မိသာ ... အစ် ... အစ် ... အု .. အု ..."

အလို သူတို့လင်မယားနာမည်ကို တိုးတိုးအစ်အစ် ခေါ်သံကြားလို့ မော့ကြည့်လိုက်ရော ...

အသံက ကျောက်ဘီလူးမကြီးရဲ့ ပါးစပ်က လာတာဖြစ်လို့ အံ့သြသွားတော့နီး ...

"င ... င ... ဖြိုး ... ငါ့ ... ကို ... ငါ့ကို ... ကယ်ပါ ... အစ် ... အစ် ..."

"မယ်သာ ... ကျောက်ဘီလူးမကြီးထံက အသံဟ"

"အေးတော် ... ကျွန်မတို့ တစ္ဆေခြောက်ပြီနဲ့တူရဲ့ ကိုရင်ဖြိုး"

"င ... ဖြိုး ... နဲ့ ... မယ် ... သာ ..."

"ဟ ... ငါတို့နာမည် ခေါ်နေသံဟ။ အမေဘီလူးမကြီး ... ဘာ ... ဘာဖြစ်လို့ ကျွန်တော်တို့ ... ခေါ်တာတုံး ခင်ဗျ"

"ငါ့ ... ငါ့ကို ... မြန်မြန်ကယ်ပါ။ သားတို့ကယ်မှ အမေ ... အသက် ... ချမ်း ... ချမ်းသာရာရမှာ ... အား ... အစ် .. အစ် ... ငါ့ ... ငါ့လည်ပင်းကို ... သိုက် ... သိုက်ဆရာနှစ်ဦး ချည်မန်းကွင်းစွပ်ပြီး ညှစ်ထားတယ်။ အမေ အသက်ရှူရ ကြပ်နေပြီ။ အမေ့ ... လည်ပင်းက ချည်မန်းကွင်းကို ... ဖြုတ် ... ဖြုတ် ... အမြန်ဖြုတ်ပေး အစ် ... အစ် ... အား ... အာ ... အ ..."

ကိုရင်ဖြိုးနဲ့မယ်သာလည်း မကြုံစဖူး ကျောက်ဘီလူးမကြီးက ငိုသံအစ်အစ် နာကျင်သံနဲ့ လူလိုစကားပြောတော့ ကြောက်လန့်ပြီး တစ္ဆေခြောက်တယ်မှတ်လို့ ပြေးမယ်ပြုရော ...

"သား ... ငဖြိုး ... သ ... မီး ... မယ်သာ ... အမေ ... ဒုက္ခရောက်နေတာ ... အမှန်ပါ ... သား ... တို့ ... သမီးတို့ရယ်။ အ ... မေ ... သေ ... ရ ... တော့မယ်ကွယ့်။ အဲဒါ ... လည်ပင်းက



www.burmeseclassic.com

www.burmeseclassic.com



ချည်မန်းကွင်း . . . ကြိုးကို . . . မြန်မြန်ဖြုတ်ပေးကြပါ . . . သားတို့ . . . သမီးတို့ရဲ့ . . . အမေတောင်းပန်ပါတယ် . . . သားတို့ . . . သမီးတို့ရယ်''

သူတို့ ပြေးမလို့ ဟန်ပြင်နေတုန်း ကျောက်ဘီလူးမကြီးရဲ့ သနားစဖွယ် အသံအစ်အစ်နဲ့ တောင်းပန်သံကို ကြားရရော . . .

ဒါ တစ္ဆေခြောက်နေတာ မဟုတ်ဘူး။

ကျောက်ဘီလူးမကြီး ခြောက်လှန့်နေတာ မဟုတ်ဘူး။

တကယ်အံ့ဖွယ် ခံစားနေရတဲ့ပုံ၊ ဒုက္ခရောက်နေပုံ။

ပြီး . . . ဒီကျောက်ဘီလူးမကြီးက သူတို့ရဲ့ ကျေးဇူးရှင်။

အိပ်မက်ထဲမှာ သူ့ကို ထမင်းဟင်းလေး တစ်ကြိမ်ကျွေးဖူးရုံနှင့် ဒီနေရာ မြေကောင်းမှာ ယာလုပ်ဖို့ အိပ်မက်ပေး ကူညီစောင့်ရှောက်တဲ့ ကျေးဇူးရှင် ကျောက်ဘီလူးမကြီး။

နေ့စဉ်နှင့်အမျှ စားဦးစားဖျား ဆက်နေကျမို့ သနားလည်းသနား။ သူတို့မိသားစုအပေါ် အမှန်တကယ် စောင့်ရှောက်ခဲ့တာလည်း ရှိတော့ ယုံကြည်သံယောဇဉ်နဲ့ ဂရုဏာစိတ်ဖြစ်လာပြီး ဆုံးဖြတ်ချက်ချလိုက်တယ်။

''မယ်သာ . . . ငါ တက်ဖြုတ်မယ်''

''ဖြုတ်ရင်လည်း မြန်မြန်ဖြုတ်ပေးလိုက်ပါ . . . ကိုရင်ရယ်၊ ကျွန်ုပ် ကြောက်လို့ပါတော်''

''နင်စောင့်နေ''

ကိုရင်ဖြိုး ဖြစ်ချင်ရာဖြစ် ကူညီမယ်လို့ ဆုံးဖြတ်ပြီး . . .

ကျောက်ဘီလူးမကြီးကို ကန်တော့ပြီးနောက် အောက်ခံကျောက်တုံးပေါ် လှားခနဲခုန်တက်လိုက်တယ်။

ဒီအချိန်မှာ မိုးကောင်းကင်ကြီးကလည်း တိမ်ညိုတိမ်မည်း တိမ်တိုက်တွေနဲ့ ပြည့်လုခမန်းဖြစ်ပြီး နေ့ဟာ မှောင်ကြီးကျသလို ဖြစ်လာနေတယ်။

ဒါနဲ့အတူ လေရှိန်ကလည်း တိုက်စပြုပြီး သစ်ပင်ဝါးပင်တွေ လှုပ်လှုပ်ခတ်ခတ် ဖြစ်လာနေတယ်။





ကိုရင်ဖြိုး ကျောက်ခုံပေါ်ကနေ ကျောက်ဘီလူးမကြီးရဲ့ဒူးကို ဖက်ပြီး တက်လိုက်ပြန်တယ်။ သို့သော် မြင့်နေတော့ ဘီလူးမလည်ပင်းပေါ်က ကြိုးမည်း ချည်မန်းကွင်းကို လှမ်းမမီဘူး။

သည့်နောက် တွဲလောင်းကြီးကျနေတဲ့ ကျောက်ဘီလူးမကြီးရဲ့ နို့ပျဉ်းကြီးပေါ် လှမ်းတက်ပြီး ဘီလူးမကြီးရဲ့ လက်မောင်းကို ကိုင်ရပ်လိုက်တော့ ချည်မန်းကွင်းကြိုးကို လက်မီသွားပြီ။

''မြန်မြန် . . . လုပ်ပါ . . . သားရဲ့ . . . အသက်ရှူ . . . မ . . . မရ . . .''

''ကိုင်းဟာ . . .''

ကိုဖြိုး ဘီလူးမလည်ပင်းကို တုပ်ချည်သလိုရှိနေတဲ့ ကြိုးမည်းကို လက်နှင့်ဆွဲဖြုတ် ဖြုတ်ပစ်လိုက်ရော . . .

အလို . . . ကျောက်ဘီလူးမကြီး အံ့သြစရာကောင်းအောင် အသက်ဝင်သွားပါရောလား။

မယ်သာလည်း လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ ကျောက်ဘီလူးမကြီးကို ကြည့်ပြီး ကြောက်လန့်ရင်ဖိ။

ဒီမှာ ကျောက်ဘီလူးမကြီးက ကိုဖြိုးကို မြေပြင်မှာ အသာချပြီး မတ်တတ်ရပ်လို့ သူ့ထဘီကို ဖြန့်ဝတ်လိုက်ပါရော။

ဖြိုးနဲ့ မယ်သာတို့လည်း တစ်ဦးလက်တစ်ဦးဆုပ်ပြီး လူကဲ့သို့ အသက်ဝင်လှုပ်ရှားနေတဲ့ ကျောက်ဘီလူးမကြီးကိုကြည့်ပြီး အသားဆတ်ဆတ် တုန်နေကြပြီ။

''ဟဲ့ . . . ဖြိုးနဲ့ မယ်သာ . . . နင်တို့ကျေးဇူးတွေ ငါ့အပေါ်များသွားပြီ . သားတို့ရဲ့။ နင်တို့ ယာထဲကိုရောက်တိုင်း ငါ့ကို စားဦးသောက်ဦး မမေ့မလျော့ တင်မြှောက်ကြတာလည်း ငါသိတယ်ဟဲ့။

အခု ငါ သိုက်ဆရာယုတ်တွေကြောင့် ဒုက္ခအကြီးအကျယ် ရောက်နေချိန်မှာလည်း ငါ့လည်ပင်းက ချည်မန်းကွင်းကို ချွတ်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အသက်ကို ကယ်လို့ နင်တို့ကျေးဇူး ဒီနေ့ ငါဆပ်မယ် ... သားနဲ့ သမီးရေ။ နားထောင်ကြစမ်း ... ဖြိုးနဲ့ မယ်သာ။ ငါထိုင်ခဲ့တဲ့ ကျောက်တုံးအောက်မှာ ရွှေနဲ့ ရတနာပစ္စည်းတွေ ရှိသဟဲ့။ ဒီဥစ္စာသိုက်ကို ငါစောင့်နေတာ နှစ်မနည်းတော့ဘူး။ အဲဒါတွေ နင်တို့ယူ။ နောင်အခါ ငါတို့ကို ကောင်းမှုကုသိုလ်လုပ်ပြီး အမျှဝေကြ။ ငါ လုပ်စရာရှိလို့ သွားပဟေ့''

သို့ကလိုပြောပြီးနောက် အသက်ဝင်နေတဲ့ ကျောက်ဘီလူးမကြီးဟာ နို့ဖျဉ်းကြီးနှစ်လုံးကို လက်နှင့်မပြီး ... ဟိုး ... ရေကန်ရှိရာအရပ်ကို ခြေလှမ်းကျဲနဲ့ ပြေးသွားပါရော။

ကျောက်ဘီလူးမကြီး မျက်စိရှေ့မှောက်ကနေ ပျောက်သွားတော့မှ ကိုရင်ဖြိုးနဲ့ ရှင်မယ်သာတို့ အသိတွေဝင်လာပြီး သမီးနှစ်ဦးရှိရာယာတောကို အပြေးလာခဲ့လိုက်ကြတယ်။

မပြေးလို့ မဖြစ်ဘူးလေ၊ အရမ်းကြောက်နေကြပြီ။

မိုးကောင်းကင်မှာလည်း တိမ်မည်းတွေက လေအလျင်နဲ့ မြင်းစိုင်းသလို ပြေးနေ၊ ရွေ့နေတာ။

လေတိုက်သံလည်း ပိုပြီး ကျယ်လာနေပြီ။

မိုးကြီးလေကြီး ကျမည့်အခြေအနေ။

သမီးနှစ်ယောက် လန့်ပြီးဆိုရင် ဒုက္ခ။ ဒါကြောင့် ပြေးနှုန်းကို မြှင့်လိုက်ကြတယ်။

✿ ✿ ✿

[ ၃၁ ]

❑

ကန်တော်စောင့် နတ်ကျွဲကြီးဟာ ဦးခေါင်းမော့ပြီး ချိုကားကြီး တယမ်းယမ်းလုပ်လို့ မာန်ဖီနေတယ်။

''အိ ... အိ ... ဖူး ... ဖူး ... ဖူး''

''အမယ် ... ငါ့မျှား စောင်ကြည့်လို့ ... ငါ ရိုက်လိုက်ရတော့ စင်းစင်းသေသွားတော့မှာပဲ ... ဟင်း ... ငြိမ်ငြိမ်နေစမ်း''

ကျောက်ဖား တရှုန်းရှုန်း တယမ်းယမ်းလုပ်ပြီး ကုန်းကုန်းထမလို လုပ်နေတဲ့ ကန်စောင့်နတ်ကျွဲကြီးကို ဆေးကြိမ်လုံးနှင့် မှတ်သွားအောင် ရိုက်ချင်လွန်းလို့ လက်ယားနေတယ်။

သို့သော် ဆရာရှင်ရဟန်းက လုံးဝမရိုက်နဲ့။

ရွယ်ရုံ၊ လှန့်ရုံပဲလုပ်လို့ ပြောထားလို့သာပေါ့။

စိတ်ကို မနည်းချုပ်တည်းထားရတယ်။

စိတ်ကြိုက်သာ ကြိမ်နဲ့ ဆော်လိုက်ရရင် သင်း မျက်လုံးပါကန်းသွားမယ် ... ဟင်း။ အရေးထဲ မိုးတွေ၊ တိမ်မည်းတွေက ညို့မည်းပြီး မှောင်သလိုဖြစ်နေပြီ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာအရည်းရဟန်းကလည်း မန္တန်ရွတ်လို့ မပြီးသေးဘူး။

သက်နိုးလည်း လေတိုးလို့ တဖျတ်ဖျတ်လွင့်။

ကန်လယ်ကနေ ရွှေလှေပေါ်ရင်လည်း မြန်မြန်သာ ပေါ်ပါတော့။ ဒီကျွဲဆိုးကြီးနား သူ မနေချင်ဘူး။ မတော် အောက်ကနေ ပင့်ခတ်လိုက်ရင် . . . အမယ်လေး . . . မတွေးဝံ့စရာကြီး။

ရှင်ရဟန်းရဲ့ ဂါထာရွတ်သံ၊ မန္တန်ရွတ်သံ တိတ်သွားပြီ။

ရှင်ရဟန်းက ရေပြင်ကို လက်ညှိုးထိုးပြီး အမိန့်တွေပေးနေတုန်းမှာပဲ . . .

''ဝေါ . . . ဝေါ . . . ဝေါ''

''ဗွမ်း . . . ဗွမ်း . . . ဗွမ်း''

''ဝီ . . . ဝီ . . . ဝီ . . .''

''ဟာ . . . ဟာ . . . ဟာ . . .''

''ဟုတ်ရဲ့လား . . . ဟုတ်ရဲ့လားဟ . . . ဟာ''

''ဗွမ်း . . . ဗွမ်း . . . ဗွမ်း . . . ဝုန်း . . . ဝေါ''

''ဗွမ်း . . . ဗွမ်း . . . ဗွမ်း . . . ဝုန်း . . . ဝေါ''

မန္တန်ဂါထာ ရွတ်သံအဆုံးမှာပဲ ကန်ရေပြင်ဟာ တဗွမ်းဗွမ်း အသံတွေမြည်ပြီး ရေလုံးရေလှိုင်းတွေ မြှူးကြွပြီးနောက် ရေလယ်ကနေ (၁၅) တောင်ခန့်ရှိမည့် လောင်းလှေကြီး တရွှေရွှေ ပေါ်လာပါရော။

အလို . . . လောင်းလှေကြီးက ရွှေရောင်ဝင်းလို့ပါလား။

ဟုတ်ပြီ . . . ဒါ သိုက်စာထဲက ရွှေလောင်းလှေကြီးပဲကွ။

ငါတို့ ချမ်းသာတော့မယ်ဟေ့ . . . ဟာဟ . . .

ရှင်ရဟန်းကလည်း ရေပြင်ပေါ်မှာ ဘွားဘွားပေါ်နေတဲ့ ရွှေလောင်းလှေကြီးကို ကြည့်ပြီး အံ့ဩဝမ်းသာဖြစ်လို့။

ရွှေလောင်းလှေကြီးပေါ်မှာ လည်ပေါ်ပြာသာဒ်တစ်ခု ရှိနေတယ်။





လည်ပေါ်ပြာသာဒ်အောက်မှာ . . . ရွှေပိန်းချထားသကဲ့သို့သော ခုံတစ်ခုရှိပြီး ခုံပေါ်မှာ ရွှေကွန်ချာအုပ်ဆောင်းနဲ့ အုပ်ထားတဲ့ ရွှေဘူးကို မြင်နေရပြီ။

ကြည့်စမ်း . . . ရွှေလှေကြီးဟာ ကနုတ်ပန်းခက်တွေ ဆင်လို့။

ရွှေလှေရဲ့ဦးမှာ သိကြားရေသွန်းနေဟန် လှေဦးရုပ်တုနဲ့။

ပြာသာဒ်ကလည်း ကျောက်မျက်ရတနာတွေ စီကွပ်မိုးထားတော့ နေရောင်နှင့် လက်နေတာပဲ။

''အရှင် . . . ရွှေ . . . ရွှေ . . . လောင်းလှေကြီး . . . ရွှေလှေကြီးဘုရား''

''ဟုတ်တယ် . . . ငါလိုချင်တဲ့ ပစ္စည်းက ရွှေလောင်းလှေပေါ်က ရွှေကွန်ချာအောက်မှာရှိတယ်။ အဲဒါရရင် ငါတို့ အသက်ထောင်သောင်းမက အသက်ရှည်ပြီဟေ့ . . . ဟား ဟား ဟား ဟား''

''အရှင် . . . တပည့်လည်း ရွှေလှေပေါ် လိုက်မယ်နော်''

''မလိုက်နဲ့ဦး။ ဒီကန်တော်စောင့်ကျွဲကို စောင့်ပြီး ထိန်းထား။ ငါ အရင် ရွှေလှေပေါ်ကို တက်မယ်။ ဟိုရွှေဘူးဟာ သိုက်စာအရ အသက်ကမ္ဘာတည်အောင်ရှည်တဲ့ ပြဒါးပြာဘူးပဲ။ ငါ အဲဒီဘူး ရယူပြီးရင် ပြန်လာမယ်။ ပြီးမှ မင်းကြိုက်တဲ့ပစ္စည်း သွားယူ။ ခုတော့ နတ်ကျွဲကို စောင့်ထိန်းထား''

သည့်နောက် သိုက်ဆရာအရည်းရဟန်းက ကမ်းစပ်မှာရှာတွေ့တဲ့ ပျဉ်ပြားဟောင်းကြီးကို ရေထဲတွန်းချပြီး ပျဉ်ပြားပေါ် တက်ထိုင်လို့ ရွှေလှေရှိရာကို လက်နဲ့လှော်ပြီး လာခဲ့လိုက်တယ်။

ပြဒါးပြာလေ။

ဒီပြဒါးပြာဆိုတာ ကမ္ဘာတည်အောင်၊ မီအောင် အသက်ရှည်တဲ့ဆေး။

ဒီဆေးပြဒါးပြာရဖို့ အချို့ နှစ်ပေါင်းများစွာ အဂ္ဂိရတ်ပညာနဲ့ စီရင်ခဲ့ပေမယ့် လုံးဝ မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ပြဒါးဝိဇ္ဇာ၊ အဂ္ဂိရတ်ဝိဇ္ဇာ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များမှ စီရင်နိုင်တဲ့ဆေး။

အင်းဝိဇ္ဇာတိုင်း ဆေးဝိဇ္ဇာဖြစ်ချင်မှ ဖြစ်တယ်။

ဝိဇ္ဇာတွေက အမျိုးမျိုးရှိတယ်။ ဝိဇ္ဇာမျိုး လေးပါး။ ဝိဇ္ဇာဓိုရ်က ငါးပါး။ ဝေဒဝိဇ္ဇာဓိုရ်ဆိုတာ ဣသျှု၊ ယဇု၊ သာမ၊ အာတပ္ပန ဗေဒင်လေးမျိုးတတ်တဲ့ ဝိဇ္ဇာဓိုရ်။

မန္တန်ဝိဇ္ဇာဓိုရ်ဆိုတာက လက္ခဏာကျမ်း၊ နိမိတ်ကျမ်း၊ ဂါထာမန္တရား ဆေးဝါး ဓာတ်ကျမ်း လောကီပညာ အမျိုးမျိုးကို တတ်တဲ့သူ။

ဂန္ဓာရီဝိဇ္ဇာဓိုရ်ဆိုတာ ဓနသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ဥဒကာသိဒ္ဓိမျိုးကို ပေါက်မြောက်ပြီး နတ်သိကြားတမျှ အစွမ်းရှိတဲ့သူကို ဆိုလိုတာ။

လောကီဝိဇ္ဇာဆိုတာက လောကီအဘိညာဉ် (၅)ပါးကို ရတော်မူတဲ့ ဈာန်ပျံပုဂ္ဂိုလ်တွေကို ခေါ်တာ။

အရိယဝိဇ္ဇာဓိုရ်ဆိုတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အဟုတ်အမှန်အတိုင်း သိတဲ့ပုဂ္ဂိုလ်ကို ခေါ်တာ။

နောက်ထပ်ဝိဇ္ဇာဓိုရ် (၅)မျိုး ရှိသေးတယ်။

ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတဲ့

ဝိဇ္ဇာဓိုရ်ဖြစ်ဖို့က ဒီဝိဇ္ဇာနည်း (၅) မျိုး အတတ်တတ်မှ ...

ဒီလိုဝိဇ္ဇာဓိုရ်တွေဟာ မြေလျှိုး၊ မိုးပျံနိုင်တယ်။ သူတို့ အသက်ရှည်ကြတယ်။ ရှည်မှာပေါ့။ သူတို့ဝိဇ္ဇာမယအစွမ်းနဲ့ ဖော်စပ်စီရင်ထားတဲ့ ပြဒါးပြာကို စားတာကိုး။

ဒါကြောင့် ပြောတာ။

ပြဒါးပြာရဖို့ မလွယ်ဘူး။

အဂ္ဂိရတ်လည်း နားလည်မှ။





အခု သိုက်စာညွှန်းအရ မန္တန်ဝိဇ္ဇာရှင်ရဟန်း ပြဒါးပြာစစ်စစ်ရတော့မယ်။ ဝိဇ္ဇာကြီးတွေ၊ ဝိဇ္ဇာဓိုရ်ကြီးတွေ စားတဲ့ အသက်တစ်ကမ္ဘာရှည် ပြဒါးပြာရတော့မယ်။ ဝမ်းသာလိုက်တာ။

အရည်းရဟန်း ရွှေလောင်းလှေ့ရှိရာကို အားသွင်းရေယက်ပြီး ပျဉ်ပြားကိုလှော်လို့ လာခဲ့လိုက်စဉ်မှာ ...

တပည့်ကျောက်ဖားကလည်း ဆေးကြိမ်လုံးဝင့်လိုက် ...

ဆရာအရှင် ရွှေလောင်းလှေပေါ် ရောက်သွားပြီလား လှမ်းကြည့်လိုက်နဲ့ ဂနာမငြိမ်ဖြစ်နေတယ်။ သူလည်း ရွှေလှေပေါ်ကို မြန်မြန်တက်ချင်နေပြီ။ ရွှေလောင်းလှေထဲက ရွှေငွေရတနာတွေ ပုဆိုးနဲ့ထုပ်ပြီး သယ်ချင်မြန်ချင်နေပြီ။

ဒီအချိန်မှာပဲ နို့ပျဉ်းတွဲကျ ကျောက်ဘီလူးမကြီး ကျောက်ဖားရဲ့နောက်ကို ရောက်လာပြီး ...

ကျောက်ဖားကို ကြည့်လိုက် ...

ရွှံလူးပြီး ကုန်းကုန်းထဖို့ ကြိုးစားပေမင့် ချည်မန်းကွင်းကြောင့်ထမရဖြစ်နေတဲ့ ကန်တော်စောင့် နတ်ကျွဲကြီးကို ကြည့်လိုက် ...

အလို ... ရွှေလောင်းလှေ့ရှိရာကို ပျဉ်ပြားဖောင်နဲ့ ကူးသွားနေတာ ငါ့လည်ပင်းကို ချည်မန်းကွင်းစွပ်တဲ့ ရဟန်း သိုက်ဆရာပါလား။

ကြည့်စမ်း ... သင်းတို့က ငါစောင့်ရှောက်နေတဲ့ ဝန်းကျင်မှာ ရွှေလှေကို ဖော်ပြီး သိုက်တူးကြတာကိုး။

လောဘသားတွေ။

ချွေးတစ်ပေါက်မကျဘဲနဲ့ ဝိဇ္ဇာဓိုရ်တွေ စီရင်တဲ့ဆေးတော်မြတ်ကိုမတော်လောဘနဲ့ လိုချင် စားချင်တဲ့ အတ္တသမား အယုတ်တမာတွေ။

ဒီဝိဇ္ဇာဓိုရ်ပြဒါးပြာသာ သင်းတို့လက်ထဲ ရောက်သွားရင် ...

တိုင်းပြည်မြို့ရွာကို ထင်သလို ခြယ်လှယ်စော်ကားနေမှာ။

သိကြရောပေါ့ ... သိုက်ဆရာ ရှင်ရဟန်းရေ။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် လောဘဓောတက်ပြီး တင့်ငံ့ တမျှော်မျှော်ဖြစ်နေတဲ့ ကျောက်ဖားနောက်ကနေ ...

"ဟဲ့ ... ကျောက်ဖား၊ ကျွဲကို လွှတ်လိုက်စမ်းဟေ့"

လှည့်ကြည့်လိုက်တော့ ကျောက်ဘီလူးမကြီး။

အမယ်လေးဗျ ... နှို့ပျဉ်းတွဲ၊ မျက်လုံးပြူး၊ အစွယ်ဖွေးဖွေးနဲ့။

အလို ... ဒီဘီလူးမကို ငါ့ဆရာအရှင် ချည်မန်းကွင်းစွပ်ပြီး ချုပ်ထားခဲ့တာဥစ္စာ။ ဘယ်လိုလုပ်ပြီး ကျောက်ဘီလူးမ လွှတ်မြောက်လာပါလိမ့်။

"ဟဲ့ကောင် ... ကျွဲကို လွှတ်လိုက်စမ်း"

"ညွှမ့် ... ညွှမ့် ... ဖူး ... ဖူး ... ညွှမ့် ... ဖူး"

"ဟဲ့ ... ကျွဲစုတ်၊ မလှုပ်နဲ့နော်။ ငါ ရိုက်လိုက်ရရင်ကွာ ... ဟင်း"

"ဖူး ဖူး ... ညွှမ့် ညွှမ့်"

နတ်ကျွဲကြီးက ကျောက်ဘီလူးမကြီးရဲ့ အသံကြားရော ရွှံ့ရေထဲကနေ ဝမ်းသာအားရ တအားရုန်းထ၊ ကျောက်ဖားက ဆေးကြိမ်လုံးနှင့်ရွယ် ...

နတ်ကျွဲကြီးကလည်း အားရှိသလိုဖြစ်ပြီး ရုန်း၊ လူး ... အော်သံပေး။

ရွှံ့ရည်တွေ၊ ရွှံ့ဖတ်တွေ ကျောက်ဖားကို စဉ်ပေကုန်ပြီ။

ကျောက်ဖားမျက်စိထဲကို ရွှံ့ရည်တွေ ဝင်ရော၊ ဒေါသတွေဖြစ်ပြီး လက်ထဲက ဆရာရဟန်းပေးခဲ့တဲ့ ဆေးကြိမ်လုံးနဲ့ နတ်ကျွဲကြီးရဲ့ဦးခေါင်းကို သုံးချက် ဆင့်ရိုက်ပစ်လိုက်တယ်။

"ကျွဲစုတ် ... ကျွဲနာ ... သေဟာ ... သေဟာ ... သေစမ်းဟာ"

"ရွှမ်း ..."

"ဖောင်း ..."





"ရွှမ်း ... ဖောင်း ... ရွှမ်း ... ဖောင်း ..."

"ဝေါ ... ဝေါ ... ဝေါ ... ဂူး ... ဂူး ... ဂူး ..."

"ဂျိမ်း ..."

"အမယ်လေး ..."

"ဝုန်း ..."

ဆေးကြိမ်လုံးနဲ့မရိုက်နဲ့ ရွယ်ရုံရွယ်၊ ရိုက်ရင်စည်းပေါက်လိမ့်မယ်လို့ ပြောတဲ့ ဆရာ့စကား နားမထောင်ဘဲ ဒေါသစိတ်နဲ့ ကျွဲကိုရိုက်လိုက်ရာ ...

တောထဲနဲ့ ကောင်းကင်ကနေ ဝေါဝေါ ... ဂူးဂူးဆိုတဲ့ လေသံမိုးခြိမ်းသံတွေ ကြားရပြီး ဝင်းခနဲ ... ဂျိုင်းခနဲ မိုးကြိုးပစ်သံနှင့်အတူ ကျွဲနက်ကြီးဟာ ကမ်းစပ်ရွှံ့ရည်ကနေ အော်ပြီး ထလိုက်တယ်။

"ညွှမ့် ..."

"ဝုန်း ..."

"ညွှမ့် ... အွမ်း ... ဖူး"

"အား ... အ ... အ ... ဆ ... ဆရာ ... အရှင် ... အား"

နတ်ကျွဲကြီးဟာ စည်းပေါက်ပြီး ချည်မန်းကွင်းပြတ်ပြီး ရေထဲ ဗွမ်းခနဲငုပ်သွားတယ်။ ငုပ်ပြီးနောက် ရေနဲ့ထိ အားဖြစ်ပြီး ...

ရေပေါ် ဘွားခနဲပြန်ပေါ်ရင်းက ကန်ပေါင်ပေါ် တရကြမ်းပြေးတက်ပြီး မိုးကြိုးပစ်သံကြောင့် လန့်ပြီး ခေါင်းငုံ့နေတဲ့ ကျောက်ဖားရဲ့ရင်ဝကို ချိုကားကြီးနဲ့ ပြေးပင့် ကော်ခတ်တင်လိုက်တာ ...

"အား ... အား ... မလေးဗျ ..."

နတ်ကျွဲကြီးရဲ့ ချိုဖျားမှာ ရင်ဝစူးပြီး လူတန်းလန်းပါပြီး အသံနက်ကြီးနဲ့ အော်လိုက်တဲ့အသံဟာ တောရော၊ တောင်ရော တုန်သွားတာပဲ။

"ဟား ဟား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား ... ဟီး ဟီး ဟီး ဟီး ... မှတ်ပြီလားဟဲ့ ... သိုက်ဆရာစုတ်ရဲ့ နောက်လိုက် ... ငပဲ့ ... ငကျိုးကောင်ရဲ့ ... ဟင် ... အော်စမ်း ... တစ်ခွေမျိုးလုံး ကြားအောင် အော်စမ်း အော် ... အော် ... သေအောင်အော်ဟဲ့"

ဒီအချိန်မှာ ကိုရင်ငဖြိုးတို့လင်မယားက မလုံမခြုံ ယာထဲမှာ ရှိနေကြတဲ့ သမီးနှစ်ယောက်ကို ခေါ်ပြီး ရွာထဲကို ပြန်ပြေးဖို့ ပြောရတယ်။

"ရှင်ဖြူနဲ့ရှင်ညိုရေ ..."

"အဖေ ... မိုးတွေလေတွေလည်း မှောင်ကျလာပြီ။ လူတစ်ယောက်ရဲ့ အသံနက်ကြီးနဲ့ အော်သံလည်း ကြားရတယ်။ သမီးတို့ မနေရဲတော့ဘူး ... အဖေရဲ့ ... ဟီး"

"ကြောက်တယ် ... အမေ ... ဟီး ... ဟီး ..."

"ဟဲ့ ... ဟဲ့ ... မငိုနဲ့ ... ကြည့်ရတာ ရေကန်ဝန်းကျင်မှာ တစ်ခုခုဖြစ်နေပုံပဲ။ တို့လည်း အဲဒီနေရာက ဖြတ်ပြီးမှ ရွာထဲကို ဝင်ရမှာ။ ကိုင်း ... လာ ... သမီးတို့ ... လေကြီးမိုးကြီးမကျခင် ဒီနေရာက အမြန် ထွက်ကြစို့"

သူတို့သားအမိ၊ သားအဖ လေးယောက် တစ်ယောက်လက် တစ်ယောက်ဆွဲပြီး ဂူးဂူးဝေါ်ဝေါ်မြည်နေတဲ့ လေသံကြား၊ မိုးခြိမ်းသံကြားကနေ ဝပ်လိုက်၊ ထိုင်ချလိုက်၊ ထပြေးလိုက်နဲ့ ပြေးလာနေတုန်းမှာပဲ ...

အသက်ဝင်နေတဲ့ ကျောက်ဘီလူးမကြီးကို ဖြုန်းခနဲ တွေ့ရလို့ ကြောက်ပြီး ညောင်ပင်ကြီးကို ကွယ်ပြီး ရင်တထိတ်ထိတ်နဲ့ ချောင်းကြည့်လိုက်ကြရော ...

ဘီလူးမကြီးဟာ ရောမန္ဒပျဉ်းကြီးနှစ်လုံး တုန်ခါယမ်းနေအောင် ခုန်ခုန်လက်ညှိုးထိုးပြီး အားရပါးရ ရယ်နေတာ။

ရှင်ဖြူနဲ့ရှင်ညို ကြောက်လွန်းလို့ တစ်ဦးကိုတစ်ဦး ဖက်ပြီး ခေါင်းငုံ့ထားရတယ်။

ကိုရင်ငဖြိုးနဲ့ ရှင်မယ်သာတို့က အရမ်း အံ့ဩနေပြီ။





ရွာထဲကို ဝင်ဖို့ကလည်း ဒီရေကန်ကြီးရှေ့ကနေ နှစ်ခေါ်ခရီးကို ဖြတ်ပြေးရမှာ။

"ဟင် ..."

"အမယ်လေး ..."

"အမေ ... အဖေ ..."

အလို ... ကျွဲချိုကား မည်းမည်းနက်နက်ကြီးက လူတစ်ဦးကို ဦးချိုနဲ့ထိုးကော်ပြီး ယမ်းခါချ နင်းခြေသတ်နေတာပါလား။

အလွန်ကြောက်စရာကောင်းတဲ့ အဖြစ်ဆိုးကိုကြည့်ပြီး သူတို့အသံမထွက်ရဲကြဘဲ ကျောက်ဘီလူးမကြီးမမြင်အောင် ပုန်းနေကြတယ်။

အံ့ဖွယ်အသက်ဝင်ပြီး ကြမ်းကြုတ်ခက်ထန်နေတဲ့ ကျောက်ဘီလူးမကြီးဟာ ရေကန် ကန်ပေါင်ပေါ် တက်ရပ်ပြီး ကန်လယ်ကို လက်ညှိုးထိုးနေလေရဲ့။

ကိုရင်ငဖြိုးကတော့ ယောကျ်ားသားလည်း ဖြစ်နေပြီး ကျေးဇူးအပြန်အလှန်ရှိခဲ့ဖူးတဲ့ ကျေးဇူးရှင် ဘီလူးမကြီးဖြစ်နေတော့ ကြောက်ပင် ကြောက်ပါသော်လည်း ကြောက်ကြောက်နဲ့ လှမ်းကြည့်လိုက်တော့ ...

အလို ... ရေကန်ကြီးရဲ့အလယ်မှာ လောင်းလှေကြီးပါကလား။

ဘုရားရေ ... လောင်းလှေကြီးက ရွှေလောင်းလှေကြီးနဲ့တူရဲ့။ ဝင်းဝင်းဖိတ်ဖိတ် လက်လို့။ လောင်းလှေကြီးပေါ်မှာ လူတစ်ယောက်မှ မရှိဘူး။ အရင်တုန်းကလည်း ဒီလှေကြီးကို တစ်ခါမှ မမြင်ဖူးဘူး။

ရွှေလောင်းလှေကြီးဟာ လေပြင်းတွေတိုက်၊ လျှပ်စီးတွေ လက်နေတော့ လှိုင်းဘောင်ဘင်ရိုက်ပြီး ဘယ်ညာလူးနေတယ်။

ဟယ် ရွှေလောင်းလှေကြီးရဲ့အနီးမှာ လူတစ်ဦးပါလား။

ပျဉ်ပြားချပ်ကြီးကို လှေလို၊ ဖောင်လို စီးပြီး ရွှေလောင်းလှေပေါ်ကို တက်မလို့ လုပ်နေတာရယ်။

လှေပေါ်ကို လှမ်းတက်မယ်လုပ်လိုက်၊ လှိုင်းရိုက်လို့ တိမ်းစောင်းသွားလိုက် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ရေကန်ပေါင် ကုန်းပေါ်က ထိတ်လန့်တကြား အော်သံ၊ ကျွဲအော်သံ အသံနက်ကြီးနဲ့ ရယ်သံကြောင့် အရည်းရဟန်းက ကုန်းပေါ်ကို ရေစိုရွှဲနဲ့ လှမ်းကြည့်လိုက်ရော ...

အလို ... သူ့တပည့်ကျောက်ဖား ကန်စောင့် ကျွဲနက်ကြီးချိုဖျားမှာ ကားယားတန်းလန်းနှင့် အသံကုန်အော်ဟစ်နေတာ တွေ့ပါရော။

သိပြီ ... စည်းပေါက်ပြီ။

ကန်စောင့်နတ်ကျွဲနက်ကြီးဟာ ကျောက်ဖားကို ချိုဖျားပေါ်ကနေ ခါချပြီး နင်းခြေကော်ခတ်နေတာ အူတွေက တန်းလန်း။ အူအချို့က ကျွဲချိုဖျားမှာ ငြိနေတာ မြင်ရတယ်။

သူ့တပည့်ရဲ့ အဖြစ်ဆိုးကို မြင်ရော မန္တန်တစ်ပုဒ်ကို မန်းမှုတ်ပြီး ကျွဲဆိုးကြီးရှိရာ လက်ညှိုးထိုး အမိန့်ပေးပေမင့် ကျွဲဆိုးကြီးက ဒေါသတွေကြီးပြီး နင်းခြေနေတုန်း။

ဒီမှာ ကျောက်ဘီလူးမကြီးက ဆံပင်ဖားလျားချပြီး ...

''ဟဲ့ ... နတ်ကျွဲကြီး ... ရပ်။ ဟော့ဟိုကန်လယ်မှာ လောဘသား သီလကြောင်ကြီးဟဲ့။ ငါတို့အရှင်သခင် ဆေးဝိဇ္ဇာတွေ၊ ဝိဇ္ဇာဓိုရ်သူတော်စင် သူတော်ကောင်းတွေ သုံးစွဲဖို့ အနှစ်နှစ် အလလ ကြိုးပမ်းသိမ်းဆည်းထားတဲ့ မဟာဆေးပြဒါးပြာ ဂမ္ဘီရပစ္စည်းတွေကို အခမဲ့ရယူဖို့ သင်းဖျက်လိုဖျက်ဆီးလုပ် ယုတ်မာနေတာ။ သင်းကိုပါ အဆုံးစီရင်လိုက်စမ်း ... နတ်ကျွဲကြီးရေ ... ဟား ဟား ဟား ဟား''

''ညွှမ် ...''

''ဝုန်း ... ဗွမ်း ဗွမ်း''

ဟာ ... နတ်ကျွဲဆိုးကြီး သူ့ရှိရာကို လာနေပဟာ။

ကျောက်ဘီလူးမကြီးရဲ့ စကားအဆုံးမှာ ကန်စောင့် နတ်ကျွဲဆိုးကြီးဟာ ကျောက်ဖားအနီးကခွာပြီး ရေကန်ထဲကို ဝုန်းခနဲ ခုန်ချလို့ ရေကူးပြီး လိုက်တော့တယ်။

စိတ်ကူးသစ်စာပေ



ဒီမှာ သိုက်ဆရာ ရှင်ရဟန်းဟာ ရွှေလောင်းလှေပေါ်ကို လှမ်းခုန်တက်မလို့ ဟန်ပြင်နေချိန်မှာပဲ ...

''ဂူး ဂူး ဂူး ဂူး''

''ဝေါ ဝေါ ဝေါ ဝေါ''

''ကျိမ်း ကျိုင်း ... ကျိမ်း ကျိုင်း''

လျှပ်စစ်မိုးကြိုးတွေ ဝင်းလက်သွားလို့ လန့်ဖျန့်ပြီး သစ်သားဖျဉ်ပေါ်ကနေ ရေထဲ ပြုတ်ကျသွားချိန် ...

''ဝေါ ...''

''ဟာ ...''

လှိုင်းဘောင်ဘင်ကြားမှ ဘယ်ညာယိမ်းနေတဲ့ ရွှေလောင်းလှေကြီးရယ် ... နောက်ဘက်ကတွန်းပို့တဲ့ လေပြင်းအရှိန်နဲ့ ရှေ့ကို ဆောင့်ထွက်သွားတာ လေရှိန်ကြောင့်ပဲလား။ ဒါမှမဟုတ် ဘယ်လိုပုဂ္ဂိုလ်တွေ တွန်းပို့လိုက်တာလည်းမသိ ...

ရွှေလောင်းလှေကြီး တဝီးဝီး တဝေါဝေါ အသံတွေနဲ့ ရေပြင်ပေါ်မှာ မြားပြေးသလို ပြေးရာကနေ လေထဲကို မြောက်ခနဲ ထိုးတက်သွားတာ ...

ရှင်ရည်းရဟန်း ရေကူးရင်းက အံ့သြပြီး အော်ပါရော။

''ရွှေလှေ ... ငါ့ ... ငါ့ရွှေလောင်းလှေ ... ပြန်လာခဲ့ ... ပြန်လာခဲ့''

''ဝေါ ... ဝီး ဝီး ဝီး ဝီး ... ဝေါ ... ဝရော ... ဝီး''

အလွန်ထူးဆန်းတဲ့ ဖြစ်စဉ်ကို ကိုရင်ငြိုး ပုန်းချောင်းကြည့်ရင်း မြင်နေရတယ်။

ရွှေလောင်းလှေကြီးဟာ ရေပြင်ကနေ လေပြင်ကိုခွဲပြီး ကျောက်ဘီလူးမကြီးနေတဲ့ အနောက်အရပ်က ပေါင်ကြီးကို အရှိန်နဲ့ ထိုးဆိုက်ဆောက်ဝင်သွားတာ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်တဲ့ အသံနှင့်အတူ ကျောက်စကျောက်တုံးတွေ၊ သစ်ပင်တွေ မိုးပေါ်လွင့်စင်သွားတာ အတိုင်းသား မြင်နေရတယ်။

အရည်းရဟန်းရော အံ့အားကြီးသင့်၊ မှင်တက် ငေးမောနေတုန်းမှာပဲ . . .

ရွှေလောင်းလှေကြီးဟာ ကျောက်တုံးကျောက်ကွဲများကြားကနေ တောင်ကိုဖောက်ထွင်းထွက်ပြီး ဟိုးအဝေးကို တန်းထိုးပြေးထွက် ပျောက်ကွယ်သွားတာကို အံ့ကြီးဘနန်း မြင်လိုက်ရပါရော။

"ဖွမ်း ဖွမ်း . . . ညွှမ့် ညွှမ့်"

"ဟာ . . . ဟ . . . ဟ . . . ဟဲ့ကျွဲ . . . ဟဲ့ကျွဲ . . . သွား . . . သွား . . . ခတ်လဟဲ့"

ကျောက်ဘီလူးမကြီးကလည်း ထဘီတိုတို၊ နို့ပျဉ်းခါခါနှင့် ကျုံးအော် အမိန့်ပေး။

ကျွဲနက်ကြီးဟာ ကုန်းပေါ်က ရေကန်ရှိရာကို ကဆုန်စိုင်းပြေးပြီး ခုန်ချကူးသွားပြီး အရည်းရဟန်းရှိရာကို ဒေါသတကြီးနဲ့ တရကြမ်းကူးခတ်သွားနေတာ။

"ဟဲ့ကောင် . . . ဟဲ့ကောင် . . . ကျွဲဆိုး . . . ကျွဲမိုက် . . . မလာနဲ့ . . . ငါ့နားကို မလာနဲ့။ သွား . . . သွား . . ."

"ဝေါ ဝေါ . . . ဂူး ဂူး"

"ဂျိမ်း . . . ဂျိုင်း . . ."

ကောင်းကင်ကြီးဟာ မည်းမှောင်လာပြီး မိုးခြိမ်းသံတွေနဲ့ လျှပ်စီးတွေ လင်းလက်နေဆဲ။

"ဂျိုင်း . . ."

"အမလေး . . ."

မိုးကြိုးလျှပ်စီးက အရည်းရဟန်းရဲ့ခေါင်းက ဖြတ်သွားရော။

အရည်း လန့်ပြီး ရေထဲကို ခုန်ချငုပ်သွားချိန် . . .





ကျွဲနက်ကြီးကလည်း ဦးချိုတယမ်းယမ်းနဲ့ ရေထဲမှာ ရှန်သူတို့ သည်းကြီးမည်းကြီး လိုက်ရှာတယ်။ သိုက်ဆရာရဟန်းကလည်း ကိုယ်နဲ့ အက်နီးစိုကို လွှင့်ပစ်ပြီး ကုန်းပေါ်ရောက်အောင် ရေစိုရွှဲနဲ့ ရေကူးပြေးတယ်။

ပြီး ရုပ်ပျက်ဆင်းပျက် သေဆုံးနေတဲ့ တပည့်အနီးမှာ ဆေးကြိမ်လုံးကို အလျင်စလို လိုက်ရှာတယ်။

တွေ့သွားပြီ။

သူ့အသက်ရှင်ဖို့က ဒီဆေးကြိမ်လုံးက အဓိကပဲ။ ရှင်ရဟန်း ဆေးကြိမ်လုံးကို ကောက်ယူဖို့ ပြင်လိုက်ချိန်မှာပဲ . . .

"အွမ့် . . ."

"ဗုန်း . . ."

"အမယ်လေး . . . အာ . . . အား . . . အား"

"ဝုန်း"

နောက်ကနေ ကျွဲနက်ကြီးက ချိုကားကြီးနှင့် ပင့်ကော်လိုက်တာ သိုက်ဆရာရှင်ရဟန်း သင်းပိုင်စိုရွှဲနဲ့ အပေါ်ကို မြောက်တက်သွားပြီး မြေပြင်ကို အရှိန်နှင့် ပြန်အကျ။

"အွမ့် . . ."

"ဒိုး . . ."

"ဇွပ် . . ."

"အား . . . အ . . . အ . . . အီး . . . အီး . . . အ . . . အ"

ကျွဲချိုဖျားမှာ သိုက်ဆရာရှင်ရဟန်းရဲ့ ဝမ်းဗိုက်ထဲက အူတွေ တန်းလန်းကြီး ပါသွားတယ်။ သွေးတွေဟာ ရဲခနဲ။

ရှင်ရဟန်းက အပမှီနေသလို အူကိုပိုက်လို့ ပြေးရင်း ကျောက်ဘီလူးမကြီးရဲ့ ခြေထောက်ရှေ့မှာ အရုပ်ကြိုးပြတ် လဲကျပြီး လူးလိမ့်အော်ဟစ် ကြိမ်းဝါးတိုင်းထွာဆဲရင်း . . .

ပါးစပ်ကလည်း ရွှေလောင်းလှေကြီး တောင်ကိုခွဲဝင်ပျောက်ကွယ်သွားတဲ့ တောင်ကြီးကို သွေးလူးလူးလက်နှင့် ထိုးပြပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ ... ငါ့ ... ငါ့ရွှေလေ့ ... ငါ့ရွှေလေ့ ..."

"ငါ့ဟာ ... ငါ့ဟာနော် ... ငါ့ရွှေလောင်းလေ့ နော်"

"ဘယ်သူမှ မယူနဲ့ ... ငါ့ ... ငါ့ ... ငါ့လေ့ ... အား ... အား"

သိုက်ဆရာရှင်ရဟန်း သွေးရူးသွေးတန်း အော်ဟစ်ကုန်းထရင်း ဇက်ကြိုး အသက်ပျောက်သွားခဲ့တော့တယ်။

"ဟား ဟား ဟား ဟား ဟား ... အောင်ပြီဟေ့ ... အောင်ပြီဟေ့ ..."

ကျောက်ဘီလူးမကြီးဟာ လက်ဝါးကြမ်းကြီးနှစ်ဖက်နှင့် သူ့ရင်ဘတ်သူ တဘုန်းဘုန်း ထုရိုက်ပြီး တောတောင်တုန်အောင် ဟစ်အော်ရယ်မောပြီးနောက် ရွှေလောင်းလှေဝင်သွားတဲ့တောင် (နောင်အခါ လှေထွင်းတောင်ဟု ခေါ်သည်)ကို လက်အုပ်ချီပြီး တောနက်ကြီးထဲကို ဝင်ရောက်ပျောက်ကွယ်သွားခဲ့တယ်။

ကန်စောင့်ကျွဲနက်ကြီးကလည်း တရွေ့ရွေ့ထွက်သွားတဲ့ ကျောက်ဘီလူးမကြီးကို ငေးမျှော်ကြည့်နေလေရဲ့။

ဘီလူးမကြီး လုံးဝ မရှိတော့မှ ရေကန်ကြီးထဲကို ဝုန်းခနဲခုန်ချပြီး ရေအောက်ကို ငုပ်လျှိုးသွားခဲ့တော့တယ်။

✿ ✿ ✿

၊၃၂၊

လောဘသား အရည်းရဟန်းသိုက်ဆရာ ဆရာတပည့် ဇာတ်သိမ်းသွားတဲ့ သတင်းကို တောင်ယာပြန် ကိုရင်ဖြိုးတို့မိသားစု တွေ့ပြီး ရွာထဲက သူကြီးကို အကြောင်းကြားရပါရော။

ရွာသူကြီးနဲ့အတူ ရှင်မွေ့စိန့် ဖိုးလုဆွယ်တို့လင်မယားလည်း တောထဲကို လာကြည့်တော့ ...

မနက်တုန်းက အိမ်ကိုကြွလာ စကားပြောခဲ့တဲ့ အရည်းရဟန်းနဲ့ အပ္ပိယတို့ အလောင်းတွေ၊ မိုက်ပွင့် ရုပ်ပျက်ဆင်းပျက် ကျိုးကြေပြီး အသက်ပျောက်နေတာကို မြင်လို့ အံ့ဩ အော့အန်ကုန်ကြရော။

သူတို့အနီးမှာ ကြိမ်လုံးကျိုးတစ်ချောင်းနဲ့ ကြေးပေလွှာကျိုးတစ်ချပ်၊ သိမ်ဝင်သပိတ်ကွဲအင်းချပ်တွေကို သူကြီးက ကောက်ယူကြည့်လိုက်တော့ သိုက်စာဖြစ်နေတာကို သိရတယ်။

သိုက်စာကို ဖတ်လို့ရသလောက် ဖတ်ကြည့်တော့ ဒီအရည်းရဟန်းနဲ့ တပည့် သိုက်စာအရ သိုက်တူးလာတာဖြစ်နိုင်တယ်လို့ ကောက်ချက်ချတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မွေ့စိတို့ကလည်း သေသူနှစ်ဦး မနက်တုန်းက သူတို့အိမ်ကို ရောက်လာပြီး ကျောက်ဘီလူးမနှင့် ရေကန်ကြီးအကြောင်း လာရောက်မေးမြန်းပုံကို ပြောပြတယ်။

ကိုရင်ဖြိုးတို့၊ ရှင်မယ်သာတို့၊ ရှင်ဖြူ၊ ရှင်ညိုတို့က ကြောက်လွန်းလို့ တုန်နေကြရဲ့။

သူကြီးနဲ့ လူကြီးတွေ ပတ်ဝန်းကျင်ကို လိုက်ကြည့်တော့ . . .

ကြီးမားတဲ့ ကျွဲခြေရာများ။

ရှည်လျားကျယ်ပြန့်တဲ့ လူခြေရာကြီးများ။

မွစာကျဲနေတဲ့ ကန်ဘောင်မြေကြီးများ။

စုတ်ပြတ်နေတဲ့ သက်န်းစတွေနဲ့အတူ . . .

နောက်ကျိနေတဲ့ ကန်ရေပြင်၊ ရေပြင်ပေါ်က ကြာရွက် ပြတ်၊ လန်များ။

ကျွဲခြေရာတွေ ရေကန်ထဲ ဦးတည်ဆင်းသွားပုံမျိုး မြင်ရတယ်။

"သူကြီး . . . သူကြီး . . . ဟိုမှာ . . . ဟိုမှာ . . ."

"ဘာတုံး . . . မုဆိုးငလန်၊ ဘာတုံးဟ"

"ကန်ထဲမှာ . . . ကန်ထဲမှာ . . . အဝတ်စတစ်စ ပေါ်နေတယ်"

"ဟုတ်သဟ . . . အဲဒါ ဘယ်လိုဟာတုံး . . . ဟဲ့ကောင် . . . ဖြိုး . . ."

သူကြီးက ကြောက်လွန်းလို့ မျက်စိမျက်နှာ ပျက်နေတဲ့ မယ်သာတို့မိသားစုဘက် လှည့်ပြီး မေးရော . . .

"ဗျာ . . . ဗျာ . . ."

"သူတို့ ဘယ်လိုဖြစ်ကြတာတုံး . . . ဖြိုး"

ဒါနဲ့ ကိုရင်ဖြိုးက မြင်သမျှ၊ တွေ့သမျှကို အသံတုန်တုန်နဲ့ ရှင်းပြတယ်။



| ၃၃ |

❑

ညဘက်ရောက်တော့ . . ကိုရင်ဖြိုးတို့လင်မယား နှစ်ကိုယ်ကြား တိုင်ပင်ကြတယ်။ သူတို့ သာမန်ကျောက်ဘီလူးမလို့ ထင်ခဲ့တာ မဟုတ်ဘူး ဘဲကိုး။

"မယ်သာရဲ့ ကျောက်ဘီလူးမကြီးပြောခဲ့တာ မင်းအကြားနော်"

"သူထိုင်တဲ့ ကျောက်တုံးအောက်က ရွှေ၊ ငွေ ဆိုတာလား"

"အေးလေ . . . သူ့အသက်ကို ကယ်လို့ တူးဖော်ယူတဲ့"

"ရှင်က ယုံတယ်ပေါ့"

"မယုံလို့ ရမလား၊ ချည်မန်းကွင်းဖြုတ်ပေးလို့ ကျေးဇူးဆပ်တာ ပဲ့ အသေအချာပြောသွားတာဟ"

"ကျွန်မတော့ မယူရဲဘူး . . . ကိုရင်ဖြိုးရဲ့"

"မင်းကလည်း တုံးပါ့ကွာ။ ပေးတဲ့သူက ပေးနေဦးမှာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မွ . . . မွ . . . ဟ . . . ရှာရှိမသားရ၊ ငါ့မပစ်ဘဲ မင်းကိုပစ် . . . အဲ . . . အဲ . . . မင်းပစ်လည်း ငါတို့ စက်ကွင်းမလွတ်ဘူး။ ပြန်မယ်ဟေ့ ဟိုနှစ်လောင်းကိုသင်္ဂြိုဟ်ဖို့ လေ့ူးတို့၊ လေ့တို့ လူရွယ်တွေ လုပ်ဟေ့ . . . ဟဲ့ . . . ဖြိုးနဲ့မယ်သာ"

"ရှင် . . . သူကြီး"

"နင်တို့လည်း ဒီနေရာ ကြည့်လာ၊ ကြည့်လုပ်ကြ"

"ဟုတ် . . . ဟုတ်ကဲ့ရှင့်"

"တော်ကြာ မိုးကြိုးပစ်ပြီး သေနေမှ"

"ကျိမ်း"

"ကျိုင်း"

"အမယ်လေး . . . ကန်တော့ . . . ကန်တော့ပါဗျာ . . . ကျုပ် ကျုပ်ပြောတာ မဟုတ်ပါဘူးဗျာ"

"ကျိမ်း"

"အမယ်လေး . . . ပြေး . . . ပြေး . . . နောက်မပြောပါဘူးဗျ . . ပြေးဟေ့"

ဒီနေရာကို အဲလို ကြောက်ကြတယ်။

ခု မြင်တဲ့အတိုင်းပဲ အပြောအဆိုမှားတာကို မကြိုက်လို့လား၊ ဒါမှ မဟုတ် မိုးကြိုး၊ မိုးခြိမ်း လက်စမသတ်သေးလို့လား မသိဘူး . . .

မိုးကြိုးက ပြောက်ကျားပြောက်ကျား ပစ်တုန်း။

✿ ✿ ✿



"အင်း . . . အင်း . . . ဒီသိုက်စာရယ်၊ ဒီကြိမ်လုံးရယ်၊ ဟောဟို ကွဲခြေရာနဲ့ လူခြေရာကြီးရယ် . . . အရည်းရဟန်းနဲ့ လူတစ်ယောက်ရယ် နယ်ပျက်ဆင်းပျက် သေကုန်တာကို ကြည့်ရင် မယ်စီတို့လင်မယား ပြောပုံရယ် ဆိုရင်တော့ သင်းတို့ သိုက်စာအရ သိုက်လာတူးတာပဲ ဖြစ်မယ်။

ခုတော့ လိုချင်တာမရဘဲ ထူးဆန်းကြမ်းတမ်းတဲ့ အသေဆိုးနဲ့ သေကုန်ကြပြီ"

ဒီမှာ မုဆိုး ဆေင့်ခွက်က ဟိုတစ်ခါတုန်းကလည်း ဒီလိုမျိုး အရည်း ရဟန်းတစ်ပါး ဒီကျောက်ဘီလူးမ တောထဲမှာ မိုးကြိုးလောင်မီးကျပြီး သေရ ဘာပဲမဟုတ်လား . . . သူကြီး။ ကြည့်ရတာ ဒီကန်ကိုစောင့်နေတဲ့ ကျောက် ဘီလူးမကြီးလက်ချက်နဲ့များ သူတို့သေရရောလား . . . သူကြီးရာ"

"သိုက်လာဖော်တာကွ . . . သိုက်စာထဲမှာ ကျောက်ဘီလူးမ ပါဝင်တာ။ ဒီသိုက်စာက သက်သေခံနေတယ်။ ကျောက်ဘီလူးမကြီးကို လိုရ ည့်ရ သွားကြည့်ရအောင်"

ဒါနဲ့ သူကြီးအပါအဝင် လူ (၅၀) ခန့် တုတ်၊ ဓား၊ လှံတွေနဲ့ ဆောင်ခြေက ဘီလူးမကြီးရုပ်တုကို သွားကြည့်လိုက်ကြရော . . .

အားလုံး အံ့သြစရာဖြစ်ရပ်ကို သွားတွေ့ကြရတယ်။

ကျောက်ဘီလူးမကြီးရုပ်တု ခေါင်းပြတ်၊ ကိုယ်နှစ်ခြမ်း အက်ပြီး ပျက်စီးနေတာကို အားလုံးမြင်ကြရတယ်။

"ဒါ ဘယ်လိုဖြစ်တာတုံးဟ"

"မိုးကြိုးပစ်လို့ ခေါင်းပြတ်သွားတာ နေမှာပေါ့ဗျ"

"ဟိုလူသေနှစ်ယောက်များ ဖျက်ဆီးသွားတာလားဟ"

"ဒါဆိုလည်း သင်းတို့ သေတာတောင် နည်းသေးဗျာ။ သူကြီး . . . ဒီဘီလူးရုပ်တုနား ကြာကြာမရပ်နဲ့ဗျို့"

"ဘာဖြစ်လို့တုံး . . . ငပိန်စဝ်"

"သူကြီးပါ မိုးကြိုးပစ်ခံရမှာ စိုးလို့ဗျို့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ကျုပ်တို့ ... လေကြီးမိုးကြီးကျ ... လျှပ်စီးတွေ လက်လို့ ယာတောကနေ ရွာထဲကို ပြန်ပြေးလာတုန်း ဒီကန်ဘက်ကနေ အော်သံဟစ်သံကြားလို့ ကြည့်လိုက်တော့ ............"

လူတစ်ဦးကို ကျွဲခတ်နေတဲ့မြင်ကွင်း။

အလွန် ကျယ်လောင်တဲ့ မိန်းမကြီးတစ်ယောက်ရဲ့ ရယ်သံ။

ရေကန်ထဲက အရည်းရဟန်း ...

ပြီး ရွှေလောင်းလှေကြီး ရေပေါ်က ကြွပျံတက်ပြီး ဟိုးကျောက် ဘီလူးမနောက်က တောင်ထဲကို ဖောက်ဝင်သွားပုံကနေ ကျွဲနက်ကြီး ရေထဲ ခုန်ဆင်းပြီး ရေကူးနေတဲ့ ရဟန်းကို လိုက်ပုံ။

ကုန်းပေါ်ကို ရည်းရဟန်း ပြေးတက်လာတော့ ကျွဲနက်ကြီး အသေခတ်ပြီး ကန်ထဲ ပြန်ခုန်ဆင်းသွားပုံကို ပြောပြတော့ သူကြီးအပါ အဝင် ရွာသူရွာသားတွေ အလွန်ကို အံ့သြနေကြပါရော။

"ထွားကျိုင်းတဲ့မိန်းမကြီး ... ဟုတ်လား ... ဖြိုး"

"ဟုတ် ... ဟုတ်တယ်ဗျ ..."

"အဲဒါ ဘယ်သူလဲ ... မင်းသိလား"

"ဟင့်အင် ... မိုးတွေ မှောင်လိုက်၊ လင်းလိုက် ဖြစ်ပြီး အလှမ်း ဝေးနေလို့ မျက်နှာ မသဲကွဲဘူး"

"ဟဲ့ ... ဖြိုးရဲ့ ရေကန်ထဲကနေ ရွှေလောင်းလှေကြီးပျံတက် ပြီး ဟိုးကမြင်ရတဲ့တောင်ကို ဖောက်ဝင်သွားတယ်ဆိုတာ ဟုတ်ရဲ့လား ... ဖြိုးရာ ... မင်း မရူးပါဘူးနော် ... ဖြိုး"

"ကျုပ် ... ကျုပ်မိသားစုကိုသာ မေးကြည့်ပါတော့ .. သူကြီး"

"ဟဲ့ ... ဟိုဟာမတွေ ... ဖြိုးပြောတာ ... ဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

"ကျွဲနက်ကြီး ရေထဲ ပြန်ခုန်ဆင်းသွားတာရော"

"အမှန်ပါပဲ ... ရှင် ... ရှင်"

"ဘုရားရေ ... အံ့သြစရာပါလား ... ငါ့လူတို့"





"တော်ပါတော့တော် ... ကျောက်ဘီလူးမကြီးဝန်းကျင်မှာ အသေအပျောက် သုံးယောက်ရှိပြီ။ တောင်ယာပဲ စိုက်စားမယ်။ တောင်ယာစိုက်စားရတာတောင် လန့်ချင်နေပြီ။ အိပ်ကြစို့"

သို့သော် ငြင်းပယ်လို့ မရခဲ့ဘူး။

ညဦးသန်းခေါင်မှာ နို့ပျဉ်းတွဲနဲ့ ကျောက်ဘီလူးမကြီး အိပ်မက်ထဲ ရောက်လာပြန်တယ်။

"ဟဲ့ ... ဖြိုးနဲ့မယ်သာ ... ထစမ်း ... ထကြစမ်း"

"ဟင် ... အမေဘီလူးမကြီး"

"နင်တို့ ဘာလို့ ပစ္စည်းတွေ လာမဖော်ကြတာတုံး ဟင်"

"ဟို ... ဟို ... အဲ ... အဲ ..."

ဖြိုးက သူ့မိန်းမကို လှည့်ကြည့်ပြီး စကားထစ်လို့။

"ငါသိတယ်။ ဟိုကောင်မ ... အသုံးမကျတဲ့ ငနုံအေမိန်းမ။ ဟဲ့ အဲဒါ ငါတို့ပိုင်တဲ့ ပစ္စည်းဟဲ့။ သိုက်ဆရာဘုန်းကြီး လက်ထဲမပါတာ နင်တို့ ကောင်းလို့ဟဲ့။ အသုံးမကျတဲ့ လင်မယားရဲ့။ တယ်လေ ... ငါ လုပ်လိုက်ရင်တော့လား။ ဒီမှာ မနက်ဖြန်မွန်းတည့်ချိန်မှာ အမဲသားတစ်အိုးချက်ပြီး ထမင်းတစ်အိုးနဲ့ လာကျွေး။ ငါ စားပြီး စောင့်ပေးမယ်။ နင်တို့ တူးကြ။ နင်တို့သမီးတွေ စေတီတည်ချင်၊ လှူချင်တန်းချင်တာ ငါသိတယ်။ နင်တို့ မတူးယူရင် နောင်လာမည့် သိုက်ဆရာလက်ထဲ ပါသွားမယ်။ ငါ နင်တို့ကို ဒီတစ်ဘဝပဲ ကျေးဇူးဆပ်နိုင်မှာ ... ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ... အမေကြီးရှင့် ..."

"နင် ကတိပေးလား"

"ပေး ... ပေးပါတယ် ... ရှင့် ရှင့်"

"ငါသွားမယ်။ ငါ့လည်း အမျှဝေဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဘီလူးမကြီး ထဘီရင်လျားကြီးနဲ့ ပြန်ထွက်သွားရော သူတို့လည်း ပြိုင်တူ နိုးကြ။ အိပ်မက်ကလည်း အရင်တစ်ခါလို ပြိုင်တူ မက်နေတာ။

"မယ်သာ . . . အံ့သြစရာ ဖြစ်နေပြီဟ"

"ဟူး . . . ဘယ်လိုလုပ်ရမှန်း မသိဘူးတော်"

"နက်ဖြန် နင် အမဲသား ဝယ်ဖြစ်အောင်ဝယ်ဟေ့။ ငါတို့နဲ့ထိုက်လို့ မဖြစ်မနေ လာပေးနေတာ။ တဲစုတ်နဲ့ တစ်သက်လုံးနေသွားမလား။ ချမ်းချမ်းသာသာနဲ့ အလှူကြီးပေးပြီး သေမလား စဉ်းစား။ ငါတို့ စွန့်စားမှ ချမ်းသာမှာ အိပ်တော့"

✿ ✿ ✿

# [ ၃၄ ]

❑

မိုးလင်းတော့ ဒေါ်မယ်မင်းသာက အမဲသားကို မရမက လိုက်ရှာ ယ်ကာ ဟိုး . . . ဘက်ရွာကျမှ အမဲသားတစ်တွဲ ရတော့တယ်။

အမဲသားကို အတုံးကြီးကြီး တုံးပြီးချက်။

မနူးတနူးမှာ ခွင်ပေါ်ကချ။

မြေအိုးနှင့် ထမင်းတစ်အိုးတည်။

အားလုံးကျက်တော့ တောင်းထဲဆင့်ထည့်၊ ငှက်ပျောရွက်အုပ်ပြီး ဆုတကောင်းထဲ သောက်ရေဖြည့်လိုက်တယ်။

"ပြီးပြီလား . . . မယ်သာ"

"ပြီးပြီတော့"

"သွားစို့"

"ကိုငဖြိုးက ပေါက်တူး၊ ငန်းပြားနဲ့ တောင်းငယ်တစ်ခုကိုယူပြီး ဆီးတွေကို မှာခဲ့လိုက်တယ်။

"ရှင်ဖြူနဲ့ ရှင်ညို . . ."

www.burmeseclassic.com



"ရှင် … အဖေ"

"ဒီနေ့ အိမ်မှာပဲ နေခဲ့ကြ။ အဖေတို့ မြောင်းတွေ ပေါင်တင်ပြီး ပြန်ခဲ့ကြမယ်"

"အဖေ … စောစောပြန်ခဲ့နော်"

"အေးပါ … ဘယ်မှမသွားကြနဲ့ … ကြားလား"

"ဟုတ်ကဲ့ပါ … အဖေ"

ကိုရင်ဖြိုးတို့လင်မယား တောင်းရွက်၊ အထမ်းကိုယ်စီနဲ့ ယာတောရှိရာ ဘီလူးမတောင်ခြေကို သွားကြတယ်။

"အစ်မ …"

"ဘာတုံး … ရှင်ညို"

"ဟိုလေ … ကိုဒိဗ္ဗတို့လည်း ပြန်လာမယ်ဆိုပြီး လုံးဝပေါ်မလာပါလား … အစ်မရယ် … ဟင်"

"အေးကွယ် … ဘာတွေများဖြစ်နေကြလဲ မသိဘူး။ လူကြုံလည်း မလာ၊ ဟို … ဆင်ဖြူတော် မမိလို့များ မင်းကြီးက …"

"အို … ဖွ … ဖွ … လွဲပါစေ … ဖယ်ပါစေတော် … မဖြစ်နိုင်ပါဘူး … အစ်မရယ်။ သူတို့နောက်ထပ် ဆင်ဖမ်းများထွက်ကြလို့လား မသိဘူး နော် … နော်"

"အေး … ဟုတ်မယ် … ညီမရေ၊ မောင်ကြီးရဲ့သီဟတို့ဟာ သစ္စာမဲ့မည့်သူတွေတော့ မဟုတ်နိုင်ပါဘူးကွယ်။ အလုပ်များနေလို့ နေမှာပါ။ တစ်နေ့ လာကိုလာမှာပါ။ အစ်မတို့ သစ္စာရှိရှိ စောင့်နေကြတာပေါ့ ဟုတ်လား … ညီမလေး"

ညီမလေးကို ကြည့်ပြီး ရှင်ဖြူ အရမ်းသနားခဲ့တယ်လေ။

ရှင်ဖြူရော၊ ရှင်ညိုပါ အပျိုဖော်ဝင်ကတည်းက ရည်းစားသနာ မထားဖူးကြဘူး။ အောက်မားဆင်ဖမ်းအဖွဲ့ ရောက်လာမှ ကိုသီဟတို့ ညီအစ်ကိုနဲ့ အိမ်ဝင်အိမ်ထွက် ရင်းနှီးပြီး ချစ်သူရည်းစားဘဝကို ရောက်သွားကြတာဆိုတော့ …





အပျိုစင် အချစ်ရိုင်းမလေးဖြစ်ကြတဲ့ သူတို့ညီအစ်မ လွမ်းရတာပေါ့။ အစ်မလုပ်သူက မျှော်ပြီး လွမ်းချင်ပေမင့် ညီမလေး မျက်ရည်ကျမှာ စိုးလို့ ကျိတ်မျှော် ကျိတ်လွမ်းခဲ့ရတယ်လေ။

အိမ်ရှေ့မှာ ကျီးသာရင် …

မောင်ကြီးသီဟတို့များ ရောက်မှာလားဆိုပြီး …

ဆန်ဆေးရင်းမျှော်၊ တံမြက်လှည်းရင်းမျှော်၊ အဝတ်လျှော်ရင်း မျှော် …

ရွာထိပ်က လှည်းသံ၊ မြင်းသံကြားရင် အပြေး သွားကြည့်ကြရဲ့။

မောင်ကြီးဒိဗ္ဗတို့များ ဖြစ်နေမှာလားလို့။

မောင်ကြီးတို့ ရွှေမြို့တော်ပုဂံက လူကြုံများ လာလေမှာလား။ မောင်ကြီးတို့ ဘာမှာလိုက်လဲ။ နက်ဖြန်သန်ဘက် ရောက်မှာတဲ့လား။ ကြား ချင်လိုက်တာ။

ရှင်ညို ဆင်စခန်းနေရာဟောင်းကို သွားသွားမျှော်ကြည့်နေတာ မြင်ရ၊

ပြန်လာရင် မျက်လုံးရဲရဲကြီးတွေက မျက်ရည်စတွေနဲ့။

ညီမရဲ့မျက်ရည်ကို အလွမ်းမျက်ရည် မဖြစ်စေချင်ဘူး။

ဝမ်းသာပီတိမျက်ရည် ဖြစ်စေချင်လို့ နေ့စဉ် အားပေးရတယ်။ မောင်ကြီးတို့ရောက်လာရင် လူကြီးမိဘတွေ ပါလာမှာဖြစ်တဲ့အကြောင်း မောင်ကြီးတို့၊ မောင်ငယ်တို့က တို့များကို ကျကျနန တောင်းရမ်းယူမယ်လို့ အဖတို့ရှေ့မှာ ကတိပြုသွားတာ … ညီမရဲ့။

သူတို့ ဟောဒီကျည်တောင်ရွာကို လာကြမှာ သေချာပါတယ် … ညီမရယ်။ လာရင်သာ မကဲနဲ့ … သိလား။ အို … ကဲမှာပဲ … မျှော်ရ လွမ်းရတာ ကြာလှဉစ္စာ။

ညီမလေးကတော့ ကိုဒိဗ္ဗအနားကနေ ခွာမှာကိုမဟုတ်ဘူး … မေရယ်။ သူတို့ရွှေမြို့တော်က ပုဂံသူအချောအလှတွေနဲ့ တွေ့ပြီး ဟို



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတို့ကိုများ မေ့သွား ... ဘွာ ... ဘွာ ... ဖွ ... ဖွ ... မဖြစ်နိုင်ပါဘူး ... နော် ... နော်။

ဒါမှမဟုတ် ညီမလေးတို့က ဆင်းရဲနွမ်းပါးလို့လားဟင်။

ကိုဒိဗ္ဗက ကျွန်မကို ပြောခဲ့ဖူးတယ် ... အစ်မရဲ့။

ဟောဒီကျည်တောင်ရွာသူ ရှင်ဖြူနဲ့ ရှင်ညိုတို့ရဲ့အလှကို ပုဂံသူတွေမြင်ရင် ရင်သပ်ရှုမော ဖြစ်သွားမှာတဲ့တော့။

ဟုတ်လားဟင် ... အစ်မ ... ဟင်။

ညီမလေးတို့ ညီအစ်မက တကယ်ချောဆို ... ဟုတ်လား။

ရှင်ဖြူ ခေါင်းညိတ်ပေးရတယ်။ သူ ကြည်နူးပျော်ရွှင်နေတာကို မြင်ရရင် ရှင်ဖြူ ဝမ်းသာရတယ်။

မောင်ကြီးရယ် ...

လွမ်းလို့ကျတဲ့ မျက်ရည်ပွင့်တွေကို တစ်ပွင့်စီခြွေပြီး မြေမှာစိုက်ထားရရင် မျက်ရည်ပန်းတောကြီး ဖြစ်နေမှာ အမှန်ပါပဲ ... မောင်ကြီးရယ်။

သူတို့ညီအစ်မ ချစ်သူရည်းစားများကို လွမ်းပြီး မျက်ရည်ဥတွေ တွဲလွဲခိုနေချိန်မှာ အဖေနှင့်အမေကတော့ ဘဝတစ်သက်တာအတွက် ယုံကြည်မျှော်လင့်စိတ်နဲ့ စွန့်စားနေကြတယ်လေ။

လင်မယားနှစ်ယောက် ခေါင်းပြတ်ကိုယ်လုံးအက်ကွဲ ကျောက်ဘီလူးမကြီးရုပ်တုရှေ့ကို မရဲတရဲ ရောက်ခဲ့ကြတယ်။ ဒီနေရာကိုရောက်ဖို့ ကန်ကြီးကို ဖြတ်လာတုန်းက ကြက်သီးဖြန်းဖြန်း ထခဲ့ရသေး။

ဒီနေရာမှာ သိုက်ဆရာရှင်ရဟန်းနဲ့ သူ့တပည့်တို့ ကျွဲရိုင်းခတ်ပြီး အသေဆိုးနဲ့ သေခဲ့တာလေ။

အမဲသားဟင်းတောင်းကို ရွက်လာတော့ နောက်ကနေ လှမ်းဆွဲလိုက်လို့ ...

"အမေ့ ..."

"ဟဲ့ ... မယ်သာ၊ ဘာဖြစ်လို့တုံး"





"ကျုပ် ... ကျုပ် ... ထမင်းတောင်းကို လှမ်းဆွဲတယ်တော့"

"ဟင် ... ဘယ်သူဆွဲတာတုံး ... မယ်သာ"

"သိဘူး ... တစ်ခုခုပဲတော့။ မြန်မြန်သွား ... ကိုရင်ဖြိုး"

သူတို့ ခပ်သုတ်သုတ်လျှောက်နေတုန်း နောက်ကနေလိုက်လာတဲ့ ခြေသံမျိုး ကြားရပြန်ရော။ ဒါနဲ့ ဘယ်သူတွေလဲသိရအောင် ရပ်ပြီးကြည့်တယ်။ ဘယ်သူမှမရှိဘူး။

ဒါနဲ့ ကိုရင်ဖြိုးက ရှေ့က၊ မယ်သာက နောက်က ဆက်လှမ်းခဲ့ကြတယ်။

"ဟဲ့ ... ဟဲ့ ... ဟဲ့ ..."

"မယ်သာ ... ဘာဖြစ်ပြန်ပြီတုံးဟ"

"တောင်းကိုဆွဲတယ် ... ကိုရင်ရဲ့ ... အမယ်လေး"

"ဟာ ... ဟုတ်ရဲ့လားဟာ။ ဟေ့ ... ဘယ်သူဆွဲတာတုံးကွ .. ဟေ ... ဒါ မင်းတို့ တစ္ဆေသရဲတွေ စားဖို့မဟုတ်ဘူး။ ကျောက်ဘီလူးမကြီး စားဖို့ကွ။ လာခဲ့စမ်း ... လာလေ ... ခုတ်ပစ်လိုက်မယ် ... လာခဲ့"

"ကိုရင်ဖြိုး ... မပြောနဲ့။ မြန်မြန်လာ။ ဘုရား ... ဘုရား ... ဘုရား"

ပါးစပ်က ဘုရားတရင်း ခြေလှမ်းမြန်မြန်နဲ့ လျှောက်ခဲ့လိုက်တော့မှ ဘီလူးမကြီးရုပ်တုရှေ့ ရောက်ခဲ့ကြတော့တယ်။

ကျောက်ဘီလူးမကြီးမှာ ခေါင်းမရှိတော့ဘူး။

နို့ပျဉ်းကြီးနှစ်လုံးလည်း ကြေမွပျက်စီးပြီး ရင်နှစ်ခြမ်းကြားမှာ အက်ကြောင်းကြီးထင်နေပြီ။

မြင်ရချက်က စိတ်မသက်သာစရာပဲ။

မိုးကြိုးပစ်ခံရလို့ပဲလား။

ပြိုကျပျက်စီးချိန်တန်လို့ ပျက်စီးတာလားမသိ။

သို့သော် သူက အိပ်မက်ပေးခဲ့တာ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com



အောက်ခံကျောက်တုံးပေါ်မှာ ငုက်ပျောရွက်ခင်းလိုက်ပြီး ထမင်းနဲ့ အမဲသားတစ်အိုးချက်ကို သွန်လောင်းလို့ ရေတကောင်းပါ အသင့်ပြင်ပေး ထားလိုက်တယ်။

''အမေကျောက်ဘီလူးမကြီးရှင့် ... အမေစားချင်တဲ့ အမဲသား ဟင်းနဲ့ထမင်းများ ကျွေးမွေးလှူဒါန်းပါတယ်။ မြိန်ရှက်စွာ သုံးဆောင်ပါ ရှင်''

သည့်နောက် သူတို့လင်မယား မေတ္တာပို့လိုက်ကြတယ်။ အမေ ဘီလူးမကြီး စောင့်ရှောက်ခဲ့တာတွေလည်း ကျေးဇူးတင်ပါတယ်။ ဒီဘဝမှာ အပြန်အလှန် ကူညီရတဲ့အတွက်လည်း အမေဘီလူးမကြီး ကျေနပ်ပါလို့ ပြောပြီး ခဏနားနေတုန်း ...

''ဝေါ ...''

''ဝုန်း ... ဝုန်း ...''

''ဟ ... ဟ ... ဘယ်လိုဖြစ်တာလဲ ဟ''

''အမယ်လေးတော် ...''

ပြိုလုအက်ကွဲဖြစ်နေတဲ့ ကျောက်ဘီလူးမကြီးရုပ်တုဟာ လေ မတိုက်ဘဲနဲ့ ဝေါခနဲအသံမြည်ပြီး ပြိုကျသွားလိုက်တာ အောက်ခံကျောက် တုံးကြီးပါ နစ်ခြမ်းကွဲလုလု ဖြစ်သွားတယ်။

အခု ကျောက်တုံးပုံကြီး ဖြစ်နေပြီ။ ရှင်မယ်သာကတော့ ကြောက် ပြီး ဘုရားတနေတုန်းပဲ။

''ကိုရင်ငဖြိုး ...''

''အေး ...''

''ဘယ် ... ဘယ်လိုလုပ်ကြမတုံး ... ဟင် ... ဟင် ...''

''အိပ်မက်ထဲမှာ သူဖင်ခုထိုင်တဲ့ ကျောက်တုံးကြီးအောက်မှာ တူးဆွရှာလို့ ပြောတယ်လေ။ ဘာပဲဖြစ်ဖြစ် တူးဖော်ကြည့်ရမှာပဲ''

စိတ်ကူးသစ်စာပေ



ကိုရင်ငဖြိုးကတော့ ကြုံရချက်တွေ ဆန်းဆန်းပြားပြား မြင်ခဲ့ကြုံ ခဲ့ရပြီးမို့ မကြောက်တော့ဘူး။ ခွေးဖြစ်မှတော့ ချေးမကြောက်တဲ့ သဘော မျိုးပဲ။

''မယ်သာ ... ညည်း ထိုင်နေ။ ငါဘာသာ တူးမယ်''

''သ ... သ ... တိ ... ထား ... နော် ... ကိုရင်''

''အေးပါ ...''

သည့်နောက် ပြိုကျပျက်စီးသွားပြီဖြစ်တဲ့ ဘီလူးမရုပ်တုကျောက် တုံးတွေကို ဖယ်ရှားပစ်လိုက်တယ်။

ထမင်းတစ်အိုးချက်ကြာတော့ ကျောက်ပုံကြီး ရှင်းသွားပြီ။ နစ်ခြမ်း အက်ကွဲနေတဲ့ အထိုင်အောက်ခံကျောက်တုံးကို အားစိုက်ဖယ်လိုက်တော့ အောက်မှာ နှုတ်ခမ်းသား ပေါ်စပြုနေတဲ့ ကျောက်အိုးနှုတ်ခမ်းကို တွေ့ရ တော့တယ်။

မြေကြီးသားတွေဖယ်လိုက်တော့ ဆန်ပြာဆန်ကောခန့် ကျောက် အိုးတစ်လုံးကို မြင်ရတာနဲ့ ကျောက်အဖုံးကို ကလော်သွန်ချလိုက်တယ်။ အလို ... ကျောက်အိုးကြီးထဲမှာ ကျောက်အိုးသေးသေးလေးတစ်လုံး။ ကိုရင် ငဖြိုး ကျောက်အိုးလေးကိုဖော်ပြီး ဖနီးသည်ရှိရာကို ဝမ်းသာအားရ ယူခဲ့ လိုက်တယ်။

''မယ်သာရေ ...''

''ရှင် ... ကိုရင်''

''အိုးတစ်လုံးတော့ ရခဲ့ပဟ ... ဟောဒီမှာဟေ့ ...''

ကျောက်အိုးလေးရဲ့ နှုတ်ခမ်းမှာ မြေခဲတွေကပ်လို့ အိုးက အဖုံး မရှိတော့ဘူး။ အဝမှာ မြေကြီးတွေ ပိတ်ကြပ်သိပ်နေတယ်။

နှစ်ဦးစလုံး ကျောက်အိုးကိုကြည့်ပြီး စိတ်တွေ လှုပ်ရှားနေကြပြီ။ စကားလုံးဝ မပြောနိုင်ကြဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကိုရင်ဖြိုးက ဓားမတိုနှင့် အိုးဝပိတ်နေတဲ့ မြေကြီးတွေကို ကော်ပြီး ဖယ်တယ်။ အလို ... မြေကြီးက ကျောက်လို မာနေပါလား။ ဓားဦးနှင့်ဖဲ့ဆွလိုက်တော့ အပေါ်ယံ အမာသားတွေ ကုန်သွားတယ်။

အောက်မှာ ဖြူဖွေးနေတဲ့ သဲတွေ။

''ကိုရင် ... သဲတွေချည်းပါလားတော့''

သဲတွေကုန်တော့ ပြာလိုအမှုန်တွေ ထွက်လာတယ်။

အရိုးပြာတွေနဲ့ တူရဲ့။

ဒါနဲ့ ကိုရင်ဖြိုးက ပြာတွေ မှောက်သွန်ချလိုက်ရော ...

''ဟင် ...''

''ဟာ ...''

သူတို့တွေ့လိုက်ရတာ ကွမ်းသီးခြမ်းခန့် ရွှေတုံးရွှေခဲတွေနဲ့ ငွေထုံးဘူး ငါးဘူး ...။ ပဒ္မရှုပဦးခေါင်းနဲ့ အမြီးပုံထိနေတဲ့ ပျူလက်ရာ လက်ကောက်ငါးကွင်း။ ရှေးခေတ်လက်ရာ ရွှေနားတောင်းကြီးသုံးရံ။

''ကို ... ကို ... ရင် ဖြိုး ...''

''မယ် ... မယ်သာ ...''

''ရွှေ ... ရွှေတွေ ... လက်ကောက်တွေ''

''ဟုတ်တယ် ... ဒါ ... ဒါ ... အမေကျောက်ဘီလူးမကြီးပေးတဲ့ ပစ္စည်းတွေ။ ငါတို့ကိုပေးတဲ့ ပစ္စည်းတွေ။ မြန်မြန်သိမ်းပါတော့တော်မှဆိုးတွေ၊ သူစိမ်းတွေ မြင်သွားရင် မဟုတ်မဟပ်ဖြစ်မယ်''

ကိုရင်ဖြိုး လုံကွင်းကိုဖြန့်ပြီး ကျောက်အိုးလေးရယ်၊ ရွှေတုံးတွေနဲ့ ရွှေလက်ကောက်၊ နားတောင်းတို့ကို ထည့်ပြီး လုံးထုပ်လိုက်တယ်။

သည့်နောက် ကျောက်ပုံကြီးအဖြစ် ကျန်ရစ်ခဲ့တဲ့ ကျောက်ဘီလူးမကြီးနေရာကို လင်မယားနှစ်ယောက် ထိုင်ပြီး ရိုရိုသေသေ ကန်တော့ကြပြီးနောက် ရွာထဲကို အမြန်ပြန်လာခဲ့လိုက်ကြတယ်။

✿ ✿ ✿

| ၃၅ |

❑

ပြောရရင် သူတို့ နေ့ချင်းညချင်း သူဌေးဘဝကို ရောက်သွားကြတယ်။ အလှူကြီးအတန်းကြီးပေးပြီး ဇေတဝန်ဒါ ဘုန်းတော်ကြီးများပင့်၊ ဆွမ်းကျွေး၊ ကျေးဇူးရှင်ကျောက်ဘီလူးမကြီးကို အမျှပေးဝေတယ်။

ကျည်တောင်ရွာတစ်ရွာလုံး အံ့သြလို့မဆုံး ဖြစ်ကြလို့။

ရွာသူကြီးကလည်း ဆင်းဆင်းရဲရဲ၊ စွန့်စွန့်စားစား တောင်ယာစိုက်စားကြတဲ့ ကိုရင်ဖြိုးတို့မိသားစု နေ့ချင်းညချင်း သူဌေးဘဝရောက်တာ လက်ငင်းမြင်ရတော့ အံ့သြဝမ်းသာဖြစ်ပြီး မေးကြည့်တယ်။

ကြည့်လေ ...

ဝါးအိမ်ကလေးဘဝကနေ အခု သစ်ကြီးဝါးကြီးနဲ့ အိမ်ကြီးကို ဆောက်ထားတာ ဟီးနေတာပဲ။

ကျွဲတွေ၊ နွားတွေ၊ အလုပ်သမားတွေနဲ့။

ရှင်ဖြူနဲ့ ရှင်ညိုတို့ဆိုတာ အလွန်ကို ချောမောလှပတဲ့ ရှမ်းစော်နွယ် မိန်းကလေးနှစ်ဦးရယ်။ ဆင်းရဲတဲ့အချိန်တုန်းက အဝတ်နွမ်းကလေးတွေဝတ်ပြီး ရိုးရိုးယဉ်ယဉ်နေကြတဲ့ မိန်းကလေးတွေရယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု ဝတ်ကောင်းစားလှနဲ့။

ရွှေနဲ့ငွေနဲ့ ဖြစ်လာတော့ အလှပေါ်မှာ၊ အယဉ်ဆင့်၊ အယဉ်ပေါ်မှာ အလွှင်သင့်တော့ . . .

ခု သူဌေးသမီးတွေဖြစ်ပြီး ထင်ပေါ်ကျော်ကြားခဲ့ပြီ။

ကိုရင်ငဖြိုးနဲ့ ဒေါ်မယ်သာကိုလည်း သူဌေးလို့ အသိအမှတ် ပြုကုန်ကြပြီ။ သူဌေးဦးဖြိုးနဲ့ သူဌေးကတော် ခေါ်ကုန်ကြပြီ။

လူတိုင်းက သူတို့ ဘယ်လိုသဘောကြောင့် နေ့ချင်းညချင်း ချမ်းသာသွားတာလဲ စိတ်ဝင်စားနေကြတယ်။

သူတို့မျက်စိရှေ့မှောက် ကြီးပွားချမ်းသာ သူဌေးဖြစ်သွားတာကို နာလို နှစ်ခြိုက်သူရှိသလို၊ မနာလို မနှစ်ခြိုက်သူတွေလည်း ရွာထဲမှာဆုံရင် အမျိုးမျိုး ဝေဖန်ကြပါပြီ။

"သင်းတို့ ဟိုသိုက်ဆရာ အရှည်းရဟန်းနဲ့ တပည့် သိုက်တူးလို့ ရတဲ့ ပစ္စည်းတွေ ခိုးဝှက်ယူထားလို့ ချမ်းသာတာနေမှာပေါ့"

"သူတို့ပြောတော့ ရေကန်ထဲကနေ ရွှေလောင်းလှေကြီး မိုးကိုပျံပြီး ဟိုတောင်ကို ဖောက်ဝင်သွားဆို။ အဲဒီလှေပေါ်ကကျခဲ့တာတွေ ရသနဲ့တူပါရဲ့ဗျာ"

"သင်းတို့ပြောတာ ယုံလို့လားတော့"

"သူတို့မြင်တယ် ပြောတာပဲလေ"

"အပိုတွေပြောတာ နေမှာပါဟာ။ ကြည့်ရတာ ပထမ မိုးကြိုးပစ်လို့ သေသွားတဲ့ အရှည်းဝှက်ထားတဲ့ ပစ္စည်းတွေ သူတို့ ရရင်ရ၊ ဒါမှမဟုတ်ရင် သိုက်ဆရာအရှည်းတို့ရတဲ့ ပစ္စည်းတွေကို သိုက်ဆရာတွေသေနေတုန်း အချောင် ရယူထားတာနေမှာဟ"

"အဲဒါ မတရားရတာပဲပေါ့"

"အချောင်ရတယ် ခေါ်တာပဲဗျာ"

"အချောင်ရတဲ့ပစ္စည်း မမြဲဘူးဗျ"

စိတ်ကူးသစ်စာပေ



"စောင့်ကြည့်စမ်းပါတော် . . . ခွေးရူးကောင်းစား တစ်မွန်းတည့်တဲ့။ တော်ကြာ ပိုင်ရှင်ပေါ်လာရင် မင်းပြစ်မင်းဒဏ် သင့်ကုန်ပြီး အကုန်သေကုန်မှာ"

ရခီးဆိုတဲ့ကောင်က အဆိုးဆုံးပဲ။ သူက ရှင်ဖြူတို့ဆီလာတဲ့ ပုဂံသား အောက်မားတွေနဲ့ ပရောပရီလုပ်နေတာကို မျက်စိဆံပင်မွေးစူး မနာလိုဖြစ်နေတာ။

သူတို့ဆီလာတဲ့ သိုက်ဆရာအရှည်းတို့ အသေဆိုးနဲ့သေတာလည်း သံသယရှိနေတယ်။

ဒီလို မကောင်းတဲ့ အမြင်အတွေးနဲ့ မနာလိုဝန်တိုဖြစ်တဲ့သူတွေ ရှိနေကြသလို၊ ကောင်းနဲ့စိတ်နဲ့ ရှုမြင်သူတွေလည်း ရှိကြတယ်။

"ကံကောင်းမှာပေါ့ဗျာ . . . သူတို့က ကံကောင်းအောင် နေတာကိုးဗျ"

"ဘယ်လိုကံကောင်းအောင် နေတာတုံး"

"သူတို့က သူများ မသွားရဲ၊ မနေရဲတဲ့ ဘီလူးမတောင်ခြေမှာ သွားပြီး တောင်ယာလုပ်ရဲတာပဲ ကြည့်လေ"

ဒီမှာ မုဆိုးငဆင့်က . . .

"ဒါတော့ ဟုတ်တယ် . . . ကိုရင်ဖုံရဲ့။ ကျုပ် အဲမဲလိုက်သွားရင်းတွေ့တာတော့ ဟိုကျောက်ဘီလူးမရုပ်တုကြီးကို စားဦးစားဖျား နေ့တိုင်းဆက်နေတာပဲဗျာ"

"နေပါဦး . . . ဦးကြီးဖုံ၊ ဒီကျောက်ဘီလူးမကြီး ရုပ်တုကို ဘယ်သူတွေ ထုထားခဲ့တာတုံးဗျာ . . . ခင်ဗျားရော သိလား"

"ငတို့လည်း မသိဘူး။ ဒီတစ်ကြောမှာ ပျူလူမျိုးတွေလည်း ဟိုးတစ်ချိန်တုန်းက သွားလာနေထိုင်ဖူးကြတာပဲ။ ပျူတွေပဲ လုပ်ခဲ့သလား၊ ဒါမှမဟုတ် အရှည်းကြီးတွေ ခေတ်ဦးတုန်းကပဲ လျှို့လျှို့ဝှက်ဝှက် အစီအရင် လုပ်ခဲ့လို့များ ဟိုအရှည်းရဟန်းနှစ်ဦး အကြောင်းသိလို့ လာရှာတာနေမှာပေါ့ဗျာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''သိုက်စာကြေးပေပြားတော့ ကျုပ်တို့သူကြီး ရထားတာပဲဗျ''

''ဆိုချင်တာက ကိုရင်ဖြိုးတို့ ဒီနေရာမှာ တောင်ယာလုပ်လို့ရတယ်။ အခြားသူတွေ လုပ်လို့မရဘူး။ လုပ်ရင် ပျက်စီးတာပဲ''

''ဟုတ်တယ် ... ဒါတော့ လက်တွေ့ပဲ''

''စဉ်းစားရတော့ ကြပ်တယ်။ တိုတိုပြောရရင် သူတို့နဲ့ထိုက်လို့ သူတို့ရတာပဲဗျ။ ကိုရင်ဖြိုးတို့ကလည်း ချမ်းသာသွားပေမယ့် ဘဝမမေ့ပါဘူးဗျာ။ မရှိလို့သွားအကူအညီတောင်းရင် အလွယ်ပေးနေတာပဲ မဟုတ်လား။ အခုလည်း ထေရပ်ဒါ ရဟန်းတွေနေဖို့ ကျောင်းကြီးတွေဆောက်ဖို့ လုပ်နေတယ်လေ''

''အေးပေါ့ဗျာ ... ကျုပ်တို့ ကျည်တောင်ရွာမှာ သူဌေးတစ်ဦး ရှိနေတယ်ဆိုရင် ဂုဏ်တင့်တာပဲဗျ။ ခင်ဗျားတို့ အမြင်ပဲလေ။ ပုဂံက အောက်မားဝန်လာတုန်းက ကျုပ်တို့ရွာမှာ ဝန်ကြီးနေဖို့ ဘယ်မှာ အိမ်ကြီး အိမ်ကောင်း ရှိလို့တုံး။ ခုနေ ဝန်ကြီးပဲလာလာ၊ ဝန်လေးပဲလာလာ ကိုရင်ဖြိုးတို့အိမ်ပေါ်ကို နေရာချပေးရင် ကျုပ်တို့ရွာ ဂုဏ်တက်တာပေါ့''

ဒီလိုအကောင်းမြင်သူတွေလည်း ကျည်တောင်ရွာမှာ အများကြီး ရှိပါ၏။

တစ်နေ့တော့ သူကြီးက ကိုရင်ဖြိုးတို့အိမ်အလည်လာရင်း စကားနှိုက်တယ်။

''ဟဲ့ ... ငဖြိုးရဲ့၊ မင်း ငါမေးစရာရှိတယ်ကွယ်''

''မေးပါ ... သူကြီး၊ မေးပါ''

''မင်းတို့ ဘယ်လိုများ ချမ်းသာရတာတုံး။ ငါမေးတာက မင်းတို့ ဘဝ လုံခြုံရေးအတွက် မေးရတာနော်။ အချို့က မင်းတို့ကို ဘာဘာညာ ညာ ပြောနေကြတယ်လေကွယ်''

''ဘယ်လိုပြောလို့တုံး ... သူကြီးရဲ့''

''မင်းတို့သမီးနှစ်ယောက်နဲ့ ရင်းနှီးတဲ့ ဟို အောက်မားဆင်ဖမ်းအရာရှိက နှစ်ယောက်က ဘယ်သူ ...''





''မောင်ရဲသီဟနဲ့ မောင်ရဲဒိဗ္ဗကို ပြောတာလား ... သူကြီး''

''အေး ... အေး ... ရဲသီဟတို့ကို ပြောတာ။ ရွာထဲအချို့ ပြောဆိုနေကြပုံက အဲဒီအောက်မားနှစ်ဦးက မင်းသမီးများနဲ့ ရည်ငံနေလို့ ဘုရင့်ဘဏ္ဍာထဲက အလုပ်သုံးငွေတွေကိုပဲ သူတို့အနာဂတ်အတွက် မင်းတို့ထံ အပ်ခဲ့သလိုလို ပြောနေကြလို့ကွ''

''ဟာ ... မဟုတ်တာ ... သူကြီးရာ၊ သူတို့ပြန်မလာလို့ ကျုပ်သမီးတွေတောင် တမျှော်မျှော် ဖြစ်နေကြတာဗျ''

''နောက်ပြီး ပြောနေသေးသကွ''

''မပြောပါဦး ဘာတွေ ပြောပြန်မတုံး''

''သူတို့ ဆင်ဖြူတော်ပေါ်မှာ ဆင်ဖြူတော်သွားဖမ်းရင်း ရတနာသိုက်တွေ့ခဲ့လို့ ရတဲ့ပစ္စည်းတွေ ဖြစ်မှာတဲ့။ ပုဂံကိုယူသွားရင် ရှင်ဘုရင်သိမ်းမှာစိုးလို့ မင်းတို့ထံ အပ်ထားခဲ့တာတဲ့။ ပုဂံမင်းသိရင် အရေးယူခံရမှာတဲ့''

''သူကြီး ...''

''ပြော ... ငဖြိုး''

''အခုပြောနေတာတွေက မဟုတ်ဝါရုတ် လုပ်ကြံပြောနေကြတာပါဗျ။ တစ်ခုမှ မဟုတ်ဘူးဗျ''

ကိုရင်ဖြိုး စိတ်ထဲမှာ ထောင်းခနဲဖြစ်လို့ ပြောလိုက်ရော ...

''အေးလေ ... ငါကတော့ ငါတို့ရွာသူရွာသား ကောင်းစားတာမြင်တော့ ဝမ်းသာတာပေါ့ကွာ ... ဖြိုးရ။ လူဆိုတဲ့သဘောက တစ်ယောက်ကောင်းစား တစ်ယောက် မနာလိုတာလည်း ရှိတတ်တာကိုး။ ငါစိုးရိမ်တာက မတော် မလိုတဲ့သူက နေပြည်တော် မဟုတ်မဟပ်သွားတိုင်ရင် မင်းကို မေးသားစစ်လားလုပ်ရင် ဘယ့်နှယ်လုပ်မတုံး''

ကိုရင်ဖြိုး ငိုင်သွားတယ်။

အချို့လူတွေက တယ်ကြောက်စရာ ကောင်းပါကလား။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစဉ်းစားလေ ... ဖြိုး။ ပထမသေသွားတဲ့ အရည်းရဟန်း မှတ်မိလား။ ဒီအရည်းနာမည် ငါတို့မသိဘူး။ သူနိုးလား၊ ရာဇဝတ်ပြေးလား မသိဘူး။ ဘယ်အရပ်ကလာလဲ မသိဘူး။ အဲဒီအရည်းက ကျောက်ဘီလူးမ တောင်ခြေမှာ တစ်ယောက်တည်း လျှို့လျှို့ဝှက်ဝှက်ကိစ္စတွေ သွားလုပ်နေ တုန်း မိုးကြိုးလောင်မီးကျပြီး သေသွားတာလေ"

"အဲဒါ ပဇာဖြစ်တုံးဗျာ"

"မင်းလည်း ကြားသိပါတယ် ... ဖြိုးရာ။ ပုဂံဘုရင်အနော်ရထာ က ရှင်အရဟံဆိုတဲ့ရဟန်းကို အကြောင်းပြုပြီး ထေရဝါဒဆိုတဲ့ ဗုဒ္ဓဘာသာ ကို တစ်နိုင်ငံလုံး ကိုးကွယ်စေဖို့အတွက် သိုက်တိုင်မင်း လက်ထက်ကတည်း က အမြစ်တွယ်နေတဲ့ မိစ္ဆာဒိဋ္ဌိ အရည်းကြီးရဟန်းတို့ကို ဖယ်ရှားရှင်းလင်း ခဲ့တယ်။ ဒီမှာ အချို့အရည်းကြီးတွေက အဖမ်းမခံ အဝေးအရပ်ကို ထွက် ပြေးတိမ်းရှောင်သွားတယ်။ ဘီလူးမတောင်ခြေမှာ မိုးကြိုးလောင်မီးကျပြီး သေတဲ့ အရည်းရဟန်းကလည်း မင်းမိန့်ကြောင့် ထွက်ပြေးတိမ်းရှောင်လာ တဲ့ အရည်းရဟန်း မဖြစ်နိုင်ဘူးလား။ အဲဒါအရည်းက ပုဂံဖြစ်စေ၊ သမထီး ကဖြစ်စေ မြို့စားရွာစား သူဌေးသူကြွယ်တို့ ရွှေငွေဥစ္စာ ရတနာတွေကို လိမ်လည်လှည့်ဖျား ရယူပြီး တို့များအရပ်က တောထဲမှာ ပုန်းရှောင်ခဲ့တာ ဖြစ်ခဲ့ရင် တစ်နေ့မဟုတ်တစ်နေ့ အဖြစ်မှန်များ ပေါ်ပေါက်ခဲ့ရင် ငါ့လူ မင်းလည်း အရည်းနဲ့ပတ်သက်ပြီး ပစ္စည်းတွေ ကြံရာပါရယူပါတယ် ဖြစ်ခဲ့ရင် မင်းကို ငါ ကယ်လို့မရတော့ဘူး ... ဖြိုး"

သူကြီး စကားကိုရပ်ပြီး ကိုရင်ဖြိုး (ခေါ်) သူဌေးဦးဖြိုးရဲ့မျက်နှာ ကို အကဲခတ်ပြီး ကြည့်နေတယ်။ သူဌေးဦးဖြိုးလည်း အဲဒီလိုမျိုး မတွေး ခဲ့ဖူးတော့ အနည်းငယ် တုန်လှုပ်မိတယ်။ လူရိုးကြီးလေ။

အဖြစ်မှန်ကို ပြောရင် သင့်ပါ့မလား စဉ်းစားတယ်။

"သူကြီး ..."

"ပြော ... ဖြိုး"





"သူကြီးကတော့ ကျုပ်တို့ရွာရဲ့ အကြီးအကဲပါပဲဗျာ"

"အေး ... အဲဒီတော့ ဘာဖြစ်တုံး"

"ကျုပ်တို့ ပစ္စည်းတွေရပုံကို အမှန်အတိုင်း ပြောပြပါမယ်။ သူကြီး ဒီကိစ္စကို နှုတ်လုံပါနော်"

"အေးပါ ... အမှန်အတိုင်းတော့ ပြောပေါ့ကွာ"

"ကျုပ်တို့ ဘယ်ရှင်ရဟန်းရဲ့ ပစ္စည်းဥစ္စာကိုမှ စိတ်နဲ့တောင်မဖြစ် ခဲ့ပါဘူးဗျာ။ နတ်ဒေဝတာကိုရော၊ ဘုရားရှင်ကိုရော တိုင်တည်သစ္စာပြု ကျိန်ဆိုရဲသလို၊ အစစ်အဆေးလည်း ခံရဲပါတယ်။ ကျုပ်တို့ ပစ္စည်းအချို့ ရပုံက ဒီလိုပါ .. သူကြီး"

သူဌေးဦးဖြိုးက အိမ်သူအိမ်သားတွေ မကြားရအောင် သူကြီးကို နားကိုယ်ကြား သူတို့ ကျောက်ဘီလူးမကြီးနဲ့ နွယ်ခဲ့ပုံကနေ ရဟန်းသိုက် ဆရာရဲ့ ခြေမန်းကွင်းကြီး ဖြုတ်ပေးခဲ့ရာမှသည် ဖြစ်ရပ်ဆန်းကြယ် ကိစ္စ များကို အမှန်အတိုင်း ပြောပြလိုက်ရော ကျည်တောင်ရွာသူကြီး အလွန့်ကို အံ့သြနေပါရော။

"ဖြစ်စဉ်က ဒါပါပဲ ... သူကြီး"

"အံ့သြစရာပဲကွာ ... မင်းတို့နဲ့ ကျောက်ဘီလူးမကြီးနဲ့ ဟိုးဘဝ ဘဝတွေက ဆွေမျိုးတော်စပ် ရေစက်ဆုံပြီး ခုဘဝမှာ သူတစ်လှည့် ကိုယ် တစ်ပြန် အကျိုးကျေးဇူး ပြုတာပဲကိုးကွ"

"ဟုတ်ပါတယ်ဗျာ ... ဘယ်မင်း၊ ဘယ်စိုးလာလာ ကျုပ်တို့ အစစ်ဆေး ခံရဲပါတယ်။ နှုတ်တော့လုံပါ ... သူကြီးရာ"

"အေးပါ ... စိတ်ချပါ။ ဒါနဲ့ မသိလို့ မေးပါရစေ ... ဖြိုးရာ။ မင်းတို့ ကျောက်ဘီလူးမကြီးရဲ့ ကျောက်ထိုင်ခုံအောက်ကို နောက်ထပ် ဆက်မရှာကြဘူးလားဟ ... ငါ့လူ ... သူဌေးကြီးရဲ"

သူကြီးက မြှောက်ပင့်ပြီး ဝမ်းသာအားရ မေးတယ်။

"ဆက်မရှာတော့ဘူးဗျ ..."

"ဘာလို့တုံး ... ငါ့လူသူဌေးကြီးရာ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်လို့"

"ပဇာကို ကြောက်သတုံးဟ ... ဖြိုးရ"

"မသိဘူးဗျ ... ကြက်သီးတွေထ၊ ခေါင်းနားပန်းတွေ ကြီးထလို့ ရတဲ့တွေ့တဲ့ ရွှေတိုရွှေစ လက်တစ်ဆုပ်ယူပြီး ပြန်လာခဲ့တာပဲဗျ"

"ခု မင်းတို့ အဲဒီနေရာမှာ တောင်ယာလုပ်တုန်းပဲလား"

"လောလောဆယ် ရပ်ထားတယ်။ ကျုပ်တို့ စေတီတစ်ဆူတည်ဖို့ စီစဉ်နေတယ် ... သူကြီး၊ သူကြီးလည်း ဝိုင်းကူပါဦးဗျာ နော်"

"ဟ ... ကူညီရမှာပေါ့ကွ။ ငါ့ရွာသား သူဌေးကြီး ဘုရားတည် ကျောင်းဆောက်တဲ့ကိစ္စမှာ ငါ မသိကျိုးကျွန်နေလို့ ရမှာလားကွ ... ဖြိုးရ။ မင်းတို့မိသားစု ဘာအရေးအကြောင်းရှိရှိ ငါက အသက်နဲ့ထပ်ပြီး ကာကွယ်စောင့်ရှောက်ရမှာပေါ့ကွ။ ငါ့လည်း နည်းနည်းပါးပါးကြည့်ပေါ့ ... ငါ့လူသူဌေးရ နော် ... အဟဲ ဟဲ ဟဲ"

"စိတ်ချပါ ... သူကြီး၊ ကျုပ် သူကြီးကတော်အတွက် တန်ဖိုး ရှိတာလေး ယူခဲ့ပါ့မယ်ခင်ဗျ"

"သာဓုဗျာ ... သာဓု ... သာဓု ... သာဓု ... လိုချင်လို့ပြော တာမဟုတ်ဘူးနော် ... သူဌေးကြီး ... ဟား ဟား ဟား ဟား"

"သူဌေးကြီးမလုပ်ပါနဲ့ဗျာ အရင်လို ဖြိုးပဲခေါ်ပါ ... သူကြီး ရာ"

"မင်းကြီးတော်ကလည်း လှချင်သကွ။ အေးလကွာ ... သူကြီး ကတော်လုပ်ပြီး ထန်းရွက်နားတောင်းနဲ့ နေရတော့ ရှက်သကိုး ... မောင်ဖြိုးရ နော ..."

ဒီအချိန်မှာ ရှင်ဖြူနဲ့ ရှင်ညိုတို့ညီအစ်မဟာ ဝတ်ကောင်းစားလှနဲ့ ရွှေလက်ကောက် ရွှေဆွဲကြိုး၊ ရွှေလက်စွပ်ကိုယ်စီနဲ့ အိမ်ပေါ်တက်လာတာ မြင်ရော သူကြီးက မသိသလိုအမူအရာနဲ့ မေးရော ...

"ဟ ... မောင်ဖြိုးရ၊ သူတို့က ပသူတွေသတုံးဟ"

"ကျုပ်သမီး ရှင်ဖြူနဲ့ရှင်ညိုလေ ... သူကြီးရ"





ရှင်ဖြူနဲ့ရှင်ညိုကလည်း သူကြီးကို ရိုရိုသေသေ နှုတ်ဆက်ကြတယ်။

"ဘသူကြီး ... ကျန်းခန့်ပါရဲ့လား ရှင်"

"အလိုလေးဗျာ ... ဒါ ရှင်ဖြူနဲ့ရှင်ညို။ ဟာ ... လှတောင်မှားပါ ... မောင်ဖြိုးရာ၊ သောက်ကျိုးနည်း လှလိုက်၊ ကျက်သရေရှိလိုက်ပါတွယ်။ ပုဂံနေပြည်တော်မှာသာဆို ငါ့တူမလေးတွေ မြို့စားကတော်၊ မင်းစားကတော် ကျိန်းသေပဲဟ ... ငါ့လူရ ... ဟား ဟား ဟား ဟား"

"ဘသူကြီးကတော့ မြှောက်နေပြန်ပါပြီရှင်၊ အမေရေ ... အမေ သူကြီးကို ထမင်းကျွေးပြီးမှ ပြန်လွှတ်နော်၊ အမေ"

"ဘသူကြီးက အမှန်အတိုင်းပြောတာပါဗျာ ... တူမတို့ရ။ ကိုရင် ဖြိုးရေ ... အနော်ရထာမင်းကြီးများ တိုင်းခန်းလှည့်လာတာမြင်ရင် ငါ့ တူမတွေကို ပန်းကြဲခိုင်းပါနော်"

"ဘာလို့တုံး ... ဘသူကြီးရဲ့"

"ငါ့တူမတွေကို အနော်ရထာမင်းကြီးမြင်ရင် ဟောဒီအိမ်ရှေ့မှာ …ခြင်း ရာဇမတ်ကာပြီး တစ်သောင်းတန်တဲ့ ဒေါင်းအလံစိုက်လို့ တော်ကောက်မှာ ကျိန်းသေတယ်ဟ ... ဟား ဟား ဟား ဟား"

ဒီအချိန်မှာပဲ ဒေါ်ရှင်မယ်သာတစ်ယောက် မျက်နှာအိုးမည်းပေလူးနဲ့ မီးဖိုချောင်ကနေ ထွက်လာရင်းက ...

"တော့ ... ရွာသူကြီးရဲ့"

"ဗျာ ... သူဌေးကတော် ... ဘာဇာတုံးဗျ"

"ကျွန်မရော ပန်းကြဲရင် ရှင်ဘုရင်ကတော် ဖြစ်မှာလားတော့"

"ဒီပုံကိုလားလဟ ..."

"ဟုတ် ... တော့"

"ဒီလို ဝတုတ်ပြဲ အိုးမည်းပေလူးကိုသာ မြင်ရင် ကျိန်းသေပဲဟေ့ ရှင်မယ်သာရေ ..."

"ရှင်ဘုရင်ကတော်ပဲလား ... သူကြီး ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ချေးကျုံးနေတဲ့ အရာကျ အရည်းမယားဖြစ်မှာဟ"

"အမယ်လေး ... တော်ပါတော့ ... ကိုရင်သူကြီးရယ်။ ခုတိုင်း လေးပဲ ကိုရင်ဖြိုးရဲ့ကတော် ဖြစ်နေတာကမှ စားလို့သောက်လို့ ကောင်း လိမ့်မယ်တော်"

"ကိုင်း ... ငဖြိုးတို့၊ မယ်သာတို့၊ ငါ့တူမတို့ရေ ... ငါပြန်ဦး မဟေ့"

"ဟုတ်ကဲ့ဗျာ ..."

"ဘသူကြီး ..."

"ဘာတုံးဟဲ့ ... ရှင်ညိုရဲ့၊ သူဌေးသမီးက ဘာပြောမလို့တုံး"

"ဘသူကြီးရဲ့ကတော်ကလည်း ချောတာပဲတော့်"

"ဟေ ... ဟုတ်ရဲ့လား ... ငါ့တူမကြီးရယ် ... တကယ် ... သေ ... သေချာရဲ့လားဟင်"

"သေချာတယ် ... ဘသူကြီးရဲ့ ... မြန်မြန်ပြန်"

"ဟ ... ရှင်ညိုရ၊ ငါ့မိန်းမချောတာနဲ့ ငါက ဘယ့်နှယ် အ မြန်မြန်ပြန်ရမှာတုံးလဟ ... ရှင်ညိုရ"

"အဲလိုချောရင် ဆင်ချေးကျုံး၊ မြင်းချေးကျုံးတဲ့ အရည်းလူထွ တွေနောက် ပါသွားမှာတော့်"

"သေဟ ... ညည်းတို့က ငါ့စကားနဲ့ ငါ့ပြန်နှက်နေတယ်။ နှ တော့လားဟာ ... ဟင်း ဟင်း"

"ခစ် ခစ် ခစ် ခစ် ... အဟိ"

ရှင်ဖြူနဲ့ရှင်ညိုက သူကြီးကိုကြည့်ပြီး ရယ်ကြတယ်။

"မောင်ဖြိုးရေ ... အဲ ... အဲ ... သူဌေးရေ"

"ဗျာ ..."

"စောစောက တို့ပြောတာလေး မမေ့နဲ့နော်။ ငါ အိမ်ကစောင့်နေ မယ် ... သိလား"

---

စိတ်ကူးသစ်စာပေ



"အင်းပါ ... စိတ်ချပါ"

သူကြီး အရမ်းပျော်နေတယ်။ သူ့မယားအတွက် လက်စွပ်လား နားကပ်လား ရမှာမို့လို့လေ။ ဒီလိုလေး မြှောက်၊ မြှောက်မှ ကိုယ့်အတွက် လည်း ကျန်မှာကိုး။

အခု သိပြီ။ သူတို့ ရွှေထည်ပစ္စည်းအချို့ကို ကျောက်ဘီလူးမကြီး ရုပ်တုအောက်က ရတာတဲ့။ သူတို့ အကုန်မဖော်သေးဘူး။

ဒီတော့ ကျန်တာတွေကို ကိုယ်ဖော်ရင် ရဦးမှာပဲ။

ဟေဟေ့ ... ရွှေတုံးတွေ၊ ငွေတုံးတွေများ ရရင်လားကွာ ... ဟော့ကောင် ... ငဖြိုး မင်းတင် ရွာမှာ သူဌေးအခေါ်ခံရမှာမဟုတ်ဘူး။ ငါ လည်း သူဌေးသူကြီး၊ သူကြီးသူဌေးနဲ့ ဒီနယ်မှာ မျက်နှာပွင့်ဦး၊ ကြီးဦး ထည်ဝါဦးမှာကွ။ စောင့်ကြည့်နေဟေ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၆ |

❑

သူဌေးဦးဖြိုးနဲ့ သူဌေးကတော် ရှယ်မယ်သာတို့ ဘုရားတစ်ဆူ တည်ထားကိုးကွယ်ဖို့ စိုင်းပြင်းနေကြတယ်။

"အဖေ ..."

"ဘာတုံး ... ရှင်ဖြူ"

"အဖေတို့ ဘုရားတည်ပြီးရင် သမီးလည်း ဆင်ဖြူတောင်ပေါ်မှာ ဘုရားစေတီတစ်ဆူ တည်မယ်အဖေ"

"ကောင်းတာပေါ့ ... သမီးရဲ့၊ အဖေအားပေးတယ်ဟေ့"

ဒီမှာ ရှင်ညိုကလည်း ပြောလာတယ်။

"အဖေလည်း သမီးလည်း ဟောဟို လှေထွင်းတောင်ပေါ်မှာ စေတီတစ်ဆူ မှတ်မှတ်ရရ တည်မယ်နော် အဖေ"

"ကောင်းတယ် ... ငါတို့မိသားစု ရှိတဲ့ပစ္စည်းလေးတွေ လေးပုံပြီး ကိုယ်ကုသိုလ်ရမည့်အလုပ်၊ ဘဝကူးကောင်းမည့်အလုပ် လုပ်ကြကွာ နောင် လာမည့်သမိုင်းမှာ ဦးဖြိုး၊ ဒေါ်မယ်သာမိသားစု သာသနာပြုသွားတယ်





ဆိုတဲ့သက်သေ ကျန်ခဲ့ရမယ်ဟေ့။ ကိုင်း ... အဖေ ဘုရားတည်ဖို့ကိစ္စ ပန်းရံတွေနဲ့ သွားတိုင်ပင်ဦးမယ်ဟေ့။ ညည်းတို့ ပြောနှင့်ကြ"

အဖေနှင့်အမေ အိမ်ထဲကနေ အပြင်ကို သွားတော့မှ ညီအစ်မ နှစ်ဦး ခေါင်းချင်းဆိုင် တိုးတိုးတိုင်ပင်ရတော့တယ်။

"အစ်မ ..."

"ပြော ... ညီမလေး ... ပြော"

"ကျွန်မတို့ချည်း ဘုရားတည်ရင် ကောင်းပါ့မလား ... အစ်မရယ် ဟင်"

"ကောင်းပေမင့် မသင့်ဘူး ... ညီမ။ မောင်ကြီးရဲ့သီဟတို့ ညီအစ်ကို ပြန်လာအောင် စောင့်ရမယ်။ သူတို့နဲ့လက်ထပ်ပြီးမှ တည်ရင် ပို မကောင်းဘူလား ... ညီမရယ်"

"သူတို့က လာရော လာကြပါတော့မလား ... အစ်မရယ်။ ညီမ တို့ စောင့်မျှော်ရတဲ့ရက်တွေ မနည်းတော့ဘူး ... အစ်မရဲ့"

"အစ်မ စဉ်းစားထားတာရှိတယ် ... ညီမလေး"

"အစ်မ ... ဘာတွေ စဉ်းစားထားလို့တုံး"

"တို့များမှာ ရွှေငွေရှိနေပြီပဲလေ။ ဒီတော့ ..."

"အစ်မက ပုဂံကို လိုက်သွားမလို့လား"

"အဲ ... အဲသလို မဟုတ်ပါဘူးကွယ်။ တစ်နယ်တစ်ကျေး ခရီး အဝေးကြီး ပုဂံဘယ်အရပ်မှာလဲတောင် မသိပါဘူး။ အစ်မ စီစဉ်ထားတာ က ပုဂံကို လူကြုံလွှတ်ပြီး စုံစမ်းခိုင်းမယ်"

"ဖြစ်ပါ့မလား ... ဘယ်သူ့ကိုလွှတ်မယ် စဉ်းစားတုံး ... အစ်မ"

"မှဆိုးငစဉ်ရဲ့ညီ ရှဉ်ငြက ပုဂံကို ရောက်ဖူးသတဲ့။ သူ့ကို စားရေ ရိက္ခာနဲ့ ခရီးစရိတ်ပေးပြီး လွှတ်မယ်လားလို့"

"ကိုရှဉ်ငြ သဘောကရော"

"စရိတ်ပေးရင် သွားနိုင်ပါတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း မြန်မြန်သာလွှတ်ပါ ... အစ်မရယ်။ ညီမလေး ရင်ထဲမှာ ခံစားရလွန်းလို့ပါ"

သည့်နောက် သူတို့ညီအစ်မ ကိုငရှည့်ကို လူတစ်ယောက်နဲ့ ခေါ်ခိုင်းလိုက်တော့ မကြာဘူး၊ ငရှည့်ဆို ဗလကောင်းကောင်း၊ သန်မာဖျတ်လတ်သူ လူရွယ် ရောက်လာတယ်။

"ရှင်ဖြူ ... ခေါ်တယ်ဆို"

"လာ ... လာ ... ကိုရင်ငရှည့်ရေ ... ကျွန်မ ဟိုတစ်နေ့က ပြောတဲ့ကိစ္စလေ"

"ပုဂံသွားဖို့လား ... ရှင်ဖြူ"

"ဟုတ်တယ် .. ပုဂံသွားဖို့ပဲ။ ကိုရင်ငရှည့်သွားမယ်ဆိုရင် ငွေကြေး အလုံအလောက်ပေးလိုက်မယ် ... ဘယ့်နှယ်"

"တစ်ယောက်တည်းသွားဖို့ မဖြစ်ဘူး ရှင်ဖြူ"

"အဖော် ဘယ်သူ့ခေါ်မတုံး"

"ကိုရင်ငကျောင်းမှာ မြင်းလည်းရှိတယ်။ ခရီးကဝေးတော့ မြင်းနဲ့အဖော်နဲ့ သွားမှဖြစ်မယ် ... ရှင်ဖြူရဲ့"

"ဒါဆိုလည်း စီစဉ်ပါ ... ကိုရင်ငရှည့်။ ကျွန်မ ရှင်တို့နှစ်ယောက်အတွက် စရိတ်စကရော၊ အပိုရော ပေးပါ့မယ်"

"ကောင်းပြီ ... ကျုပ် ငကျောင်းနဲ့တိုင်ပင်ပြီး လာအကြောင်း ပြန်မယ်။ ဒီကပဲ စောင့်နေကြ"

မုဆိုးငရှည့် အိမ်ပေါ်က ပြေးဆင်းသွားတယ်။

"အစ်မ ..."

"ရှင်ညို ... ညီမလေး ... ပြော"

"အကယ်လို့များ ..."

"ပြောလေ ... ဘာအကယ်လို့များလဲ ... ညီမလေး"

"ကိုဒိဗ္ဗတို့ ... ဟို ... ဟို ... အိမ်ထောင်ကျသွားပြီဆိုရင် ဘယ်လိုလုပ်မတုံးဟင် ... အစ်မ"





"အစ်မတော့ သူတို့ညီအစ်ကိုကို ယုံကြည်တယ် ... ရှင်ညို"

"လူ့စိတ်ဆိုတာ အနေဝေးရင် မပြောင်းလဲဘူးလို့ ပြောနိုင်ပါ့မလား အစ်မရယ် ... ညီမတော့ သိပ်ပူပန်ရတာပဲ"

"အေးလေ ... ကိုရင်ငရှည့်တို့သွားပြီး ပြန်လာရင် အဖြေသိရမှာပေါ့ ... ညီမလေးရယ် နော်"

ဒီမှာပဲ မုဆိုးငရှည့်နဲ့ ကိုရင်ငကျောင်းတို့ အိမ်ပေါ်တက်လာခဲ့ကြတယ်။

"ကိုရင်ငရှည့် ... ဘယ့်နှယ်တုံး"

"ကျုပ်တို့နှစ်ယောက် မြင်းနဲ့ မနက်ဖြန်မနက်ပဲ ခရီးထွက်မယ် .. ရှင်ဖြူ"

"အို ... ဝမ်းသာလိုက်တာ ... ကိုရင်ငရှည့်ရယ် ... ခဏလေး နော်"

ရှင်ဖြူ သစ်သားသေတ္တာကိုဖွင့်ပြီး ရွှေတုံးနှစ်တုံးကို ယူလိုက်တယ်။

"ရော့ ... ဒီရွှေတုံးနှစ်တုံးက ရှင်တို့လမ်းခရီးမှာ ထုခွဲသုံးစွဲဖို့။ ပြန်ရောက်လာရင် ထပ်ပေးဦးမယ် ... သိလား"

"အေးပါ ... အေးပါ ... ရှင်ဖြူတို့ မှာမည့်ကိစ္စကို ပြောပါဗျာ"

"ဟိုးရွှေတုန်းက ဆင်ဖြူတော်သုံးစီး ဖမ်းလာကြတဲ့ အောက်မား ထဲက ကိုရဲသီဟနဲ့ ကိုဒိဗ္ဗကို သိတယ်မဟုတ်လား"

"ဟာ ... သိတာပေါ့ ... မဖြူရာ၊ ကျုပ်တို့နဲ့ ညီအစ်ကိုလို ခင်တာပဲဥစ္စာ။ တောတောင် အတူလည်ခဲ့ဖူးတယ်"

"ဒါဆို ကျွန်မတို့ကိစ္စ သိပြီးရောပေါ့"

"သိပါတယ်ဗျာ ... ကျုပ်တို့ ကူညီပါ့မယ် ... ပြော"

"ပုဂံရွှေမြို့တော်ကို ရောက်ရင် အောက်မားဆင်ဖမ်းအဖွဲ့ရှိတဲ့ နေရာကို အရင်စုံစမ်း။ သူတို့နှစ်ဦးကို တွေ့ရင် ကျွန်မတို့ညီအစ်မ နေ့တိုင်း မျှော်နေတယ်။ ငွေရေးကြေးရေးကိစ္စ အခက်အခဲရှိရင်လည်း လုံးဝ အပူအပင်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါနဲ့။ ဆင်ဖြူတောင်နဲ့ လှေထွင်းတောင်မှာ ကျွန်မတို့ညီအစ်မ ဘုရားစေတီ နှစ်ဆူတည်ဖို့ရာ မောင်ကြီးရဲသီဟနှင့် မောင်လေးရဲဒိဗ္ဗတို့နှင့်မှ အတူတည်၊ ရေစက်ချမှာမို့ ကျည်တောင်ရွာကို မနေ့အမြန်လာခဲ့ပါလို့ ကျွန်မတို့ မှာတဲ့အကြောင်း ပြောပြပေးပါ ... ကိုရင်ငရှဥ့်ရယ်''

''ရှင်ဖြူ ... ကျုပ်တို့ အကြောင်းကြောင်းကြောင့် ကြန့်ကြာနေရင်လည်း အထင်မလွဲပါနဲ့ဗျာ။ ကျုပ်တို့ ကိုရဲသီဟတို့ညီအစ်ကို ဆင်ဖမ်းထွက်တယ်ဆိုရင်တောင် သူတို့သွားတဲ့အရပ်ကို ရောက်အောင်သွားတွေ့ရှင်းပြပါ့မယ်ဗျာ။ ကိုင်း ... ကျုပ်တို့ သွားတော့မယ်နော်''

''ကျေးဇူးပါ ... ကိုရင်ငရှဥ့်ရယ်၊ ကျွန်မတို့ ကိုရင်ငရှဥ့်ထံက သတင်းကောင်းကို စောင့်မျှော်နေပါ့မယ်ရှင်''

မုဆိုးကိုငရှဥ့်နှင့် ကိုငကျောင်းတို့ဟာ အထုပ်ကိုယ်စီ ကျောမှာ သိုင်းပြီးနောက် မြင်းညိုကြီးနှစ်စီးပေါ်ကို ခွစီးခနဲ ခုန်တက်ပြီး ရွာလယ်လမ်းအတိုင်း စိုင်းနှင်ထွက်သွားကြတော့တယ်။

✿ ✿ ✿

[၃၇]

❑

ဖြစ်ချင်တော့ ကံကြမ္မာမုန်တိုင်းက မမျှော်လင့်ဘဲ ကဆုန်စိုင်းဝင်လာတော့တယ်။

ဆင်းရဲတော့လည်း စိတ်ညစ်ရတယ်။

ချမ်းသာတော့လည်း စိုးထိတ်ရတယ်။

ချောလွန်းလှလွန်းတော့လည်း အန္တရာယ်က မသေး။

ဒီနေ့က အဖေတို့အမေတို့ ကောင်းမှုအဖြစ် ဘုရားတစ်ဆူတည်ထားကိုးကွယ် ကုသိုလ်ယူတဲ့နေ့။

ဘုရားဘွဲ့က ရှင်ပလုတ်ဖြူးဘုရားတဲ့။

တဲကနားကြီးထိုးပြီး ထမင်းရည်ချောင်းစီး အလှူကြီးပေး လာသမျှပရိသတ်ကို ကျွေးမွေးဧည့်ခံတယ်။ ဦးဦးဖျားဖျား ထေရဝါဒရှင်ရဟန်း အပါး (၂၀)ကိုလည်း လှူဖွယ်ပဥ္စာအစုစုနဲ့ ရေစက်ချ လှူဒါန်းအမျှဝေတဲ့ပွဲ။

ရွာနီးချုပ်စပ်ကို လွန်ခဲ့တဲ့ နှစ်ရက်ကတည်းက လူလွတ် ‘မျို့’ဟာ ဖိတ်ထားသမို့ ရွာနီးချုပ်စပ် ရွာလုံးကျွတ် လာကြတာ။ အရင်တုန်းကာလ



www.burmeseclassic.com

www.burmeseclassic.com



များက အရည်းတွေကို ရဟန်းအမှတ်နဲ့ ကိုးကွယ်ဆည်းကပ်၊ ရှိသေလေးစားခဲ့ကြတဲ့ ရွာတွေလေ။

ခေတ်ပြောင်းသွားပြီ။

ပုဂံဟောင်းမဟုတ်တော့ဘူး၊ ပုဂံသစ်ဖြစ်နေပြီ။

အရည်းကြီးကိုးကွယ်မှု ပါးလျားသွားပြီ။

အရည်းကိုးကွယ်သူ အချို့ရှိသော်လည်း ရဲရဲဝံ့ဝံ့တော့ မဟုတ်။

ဓမ္မဆိုတဲ့သဘော သိစပြုနေကြပြီလေ။

ဗုဒ္ဓဆိုတာ ဘာလဲ။ ဘယ်လိုပုဂ္ဂိုလ်လဲ ကြားဖူးကြပြီ။

သံဃာ . . . ထေရဝါဒသံဃာ နားလည်စ ပြုနေကြပြီ။

ထေရဝါဒဆိုတာ ဘာလဲ။

ထေကြီးဝါကြီး သံဃာတော် အရှင်သူမြတ်ကြီးများ စောင့်ရှောက်ပွားများ တည်တံ့အောင် လုပ်တဲ့ဝါဒ။

ဘယ်ဝါဒတုံး။

ဗုဒ္ဓဝါဒ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဝါဒ။

ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ဝါဒ။

ကြည့်စမ်းကွယ်ရို့ . . . ကြည်ညိုစရာ ကောင်းလိုက်ဘိနယ် . . .။ သံဃာတော်တိုင်း ဦးပြည်ခေါင်းတုံးနဲ့ အဝါရောင်သင်္ကန်းနဲ့ စက္ခုဣန္ဒြေကို ချလို့ ကြည်ညိုစရာကောင်းလိုက်ပါဘိသနဲ့။

အရည်းရဟန်းဆိုသူတို့နဲ့ ဆိန်နဲ့ရေလို ကွာပါ့။

အရည်းရဟန်းတို့က မုတ်ဆိတ်ကျင်စွယ်တွေနဲ့။

သျှောင်ထုံးတွေနဲ့ ဆံပင်ဖားလျားနဲ့။

စရည်းအိုး ဗိုက်ရွှဲကြီးတွေနဲ့။

ညစာလည်း စားရဲ့၊ မိန်းမပျိုတွေလည်း ပန်းဦးကာမဂုဏ်အရသာကို တရှိုက်မက်မက်ခံစားရဲ့၊ လောကီအောက်လမ်း မှော်ပညာတွေနဲ့လည်း ပညာပြိုင်ကြရဲ့။

စိတ်ကူးသစ်စာပေ



ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး၊ သိုင်း၊ ဖန်တို့ အမျိုးမျိုးသင်ပြီး ရေကူးတယ်၊ မီးလှုံတယ်၊ တုံးခုန်တယ်၊ ဖယ်တောက် ကစားတယ်။ ညစာလည်း စားတယ်။ အချို့ သေရည်သောက်ပြီး မူးယစ်လို့။

နှိုင်းယှဉ်ကြည့်ရင် ကြည်ညိုစရာ ကွာခြားပါဘိ။

ဦးဆောင်ရဟန်းအိုကြီးက ရေစက်ချတရားကိုဟောတယ်။

လူဆိုတာ ကံအလုပ်နဲ့အသက်ရှင်ပြီးနောက် သေဆုံးကြတာတဲ့။

ကံဆိုတာ အလုပ်။ ကောင်းတာလုပ်ရင် ကောင်းတဲ့ကံလို့ ခေါ်တယ်။ အဲဒီကံကို သုစရိုက်ကံတဲ့။

သုစရိုက်ကံကို ငါးပါးသီလနဲ့ ထိန်းကွပ်တယ်။

ရဟန်းသံဃာကို (၁၀)ပါးသီလနဲ့ ထိန်းကွပ်တယ်။

မကောင်းမှုလုပ်တာ မှန်သမျှ ဒုစရိုက်တဲ့။

ဒုစရိုက်ဆိုတာ လူသတ္တဝါတို့အကျိုး၊ မိမိအကျိုး ပျက်စီးရာပျက်စီးကြောင်း ကြံဆောင်ပြောဆို ပြုမူတာကို ခေါ်တာတဲ့။

ဒုစရိုက်မကောင်းမှုတွေကို လုပ်ရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံတစ်ခုခုကို ရောက်မယ်တဲ့။

သုစရိုက်ကောင်းမှု ကုသိုလ်ကံကိုလုပ်ရင် ယခုဘဝမှ သေလွန်ပြီး နောက်ဘဝရောက်သော် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မပြည်ကို ရောက်သတဲ့။

ကံကောင်းချင်ရင် ကောင်းတာတွေ များများလုပ်။

ကံမကောင်းချင်ရင် မကောင်းတာတွေ လုပ်။

ဘယ်လမ်းကို သင်တို့ရွေးကြမလဲတဲ့။

ကံ,ကံ၏ အကျိုးအပြစ်ကို ဟောကြားသွားတာ ကျက်သရေမင်္ဂလာရှိလိုက်တာ။ ငါတို့အရပ်ကို ဒီတရားတွေ အရောက်နောက်ကျလေခြင်းဟဲ့။

ခု ကြားနာရတာနဲ့တင် နှလုံးစိတ်ဝမ်း ချမ်းမြေ့လိုက်ပါဘိကွယ်။

ရေစက်ချတရားနာပြီးနောက် . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝသုန္ဒြေနတ်မင်းကို တိုင်တည်ပြီး ရေသွန်းချ အမျှပေးဝေကြတယ်။

သာဓုခေါ်သံတွေ၊ ရှင်ပလုတ်ဖြိုးဘုရားအခြေမှာ ဝေစည်လျှံလို့။

သံဃာတော်တွေ နေရပ်ကို ပြန်ကြွသွားပြီးနောက် ထမင်းကျွေးမဏ္ဍပ်မှာ ဘုရားဖူးလာသမျှကို သူဌေးဦးဖြိုးတို့မိသားစုက လိုလေသေးမရှိ ထမင်းဟင်းများနှင့် ကျွေးမွေးဧည့်ခံတယ်။ ထမင်းရုံမှာ ဝိုင်းကူသူတွေ လက်မနား ခြေမနား ကျွေးနေကြတယ်။

ရှင်ပလုတ်ဖြိုးဘုရားရှေ့မှာလည်း ပန်း ရေချမ်း ပူဇော်သူ၊ ရှိခိုးကန်တော့သူတွေနဲ့ စည်ကားလို့။

ထမင်းကျွေးရုံထဲမှာလည်း အချင်းချင်း ဟစ်အော်ခေါ်သံ။

ဟင်းလိုက်ပါဦး၊ ထမင်းလိုက်ပါဦး၊ ဟင်းချိုဖြည့်ပါဦး စတဲ့အသံတွေနဲ့ ပျော်စရာကောင်းလိုက်တာ။ ဝေဝေစည်စည် ညံလို့။

ကလေးလူကြီး ဗိုက်ကားအောင် စားကြတာ။

စားနိုင်သမျှ စားကြစမ်းပါရှို့။

ထမင်းဟင်းချက်သူတွေ မီးမပြတ် ချက်ကြဟဲ့နော်။

မစားရသေးသူရှိတာ မကြားချင်ဘူးကွယ်။

သူဌေးဦးဖြိုးတို့ ဒီလိုသဒ္ဓါတရားကြီးတာကို လာလာသမျှ ရွာတွေက ဘုရားဖူးတွေ လက်တွေ့မြင်ရပြီး ဝမ်းသာကြ။

ဒီထက်မက လှူနိုင်ပါစေတော်။

လက်ရှိထက် ဆယ်ဆ၊ အဆတစ်ရာ ကြီးပွားချမ်းသာပါစေတော်။

မေတ္တာရနံ့တွေ မွှေးကြိုင်နေတယ်။

ဒီအချိန်မှာပဲ ရွာထဲကိုဝင်လာတဲ့ မြင်းခွာသံတွေ ကြားရပါရော။

မြင်းခွာသံတွေ များလွန်းလို့ ဘုရားဖူးလာသူ၊ စားသောက်သူတွေ အသံကြားရာကို နားစွင့်လိုက်ကြတယ်။





မြင်းခွာသံတွေကြားတော့ ရှင်ဖြူနဲ့ရှင်ညို ဝမ်းသာအားရ ဖြစ်သွားကြပြီး လှမ်းကြည့်ကြ။

“အစ်မရေ ... မောင်ကြီးဒိဗ္ဗတို့ ပြန်လာရဲ့တူရဲ့ နော်”

“အေးဟဲ့ ... ကိုသီဟတို့၊ ကိုရင်ရှဉ်တို့ ပြန်ရောက်ကြပြီနဲ့ တူရဲ့။ လာ ... လာ ... ညီမလေး သွားကြည့်ရအောင်ဟေ့”

သွားပြေးကြည့်စရာ မလိုပါဘူး။

မြင်းခွာသံတွေနဲ့အတူ မြင်းစီးရှင်တွေ အလှူမဏ္ဍပ်ရှေ့ ရောက်လာကြတယ်။

အလို ... မောင်ကြီးသီဟတို့၊ မောင်လေးဒိဗ္ဗတို့၊ ကိုရင်ရှဉ်တို့ မဟုတ်ပါလား။ ဘယ်သူတွေများပါလိမ့်။ တစ်ခါမှ မမြင်ဖူးတဲ့ သူစိမ်းတွေ။

ရှေ့ဆုံးက အနန်းခွဲရောင် မြင်းထွားကျိုင်းကြီးပေါ်မှာ နှုတ်ခမ်းမွေးစ၊ အဝါရောင်ပဝါပေါင်း။ ရင်စေ့ဘော်ကြယ်ထိုးအကျႌ၊ ဖဲသားရှမ်းဘောင်းဘီနှင့် အသားဖြူဖြူ လူကြီး။

သူ့မျက်လုံးနှစ်လုံးက အရောင်တွေ လက်နေသလိုပဲ။

“ဟီး ... ဟစ် ဟစ် ဟစ်”

“ဟီး ... ဟစ် ဟစ် ဟစ်”

သူ့မြင်းရဲ့ ဘေးဘီဝဲယာ နောက်ဘက်မှာလည်း ရှမ်းဘောင်းဘီဝတ်၊ ပင်နီရင်စေ့ဝတ်၊ မြင်းကိုယ်စီ၊ ဓားလွယ်ကိုယ်စီနဲ့ လူတွေ။

သူတို့မျက်နှာတွေက ခက်ထန်ကြမ်းကြုတ်တဲ့ မျက်နှာတွေ။

အားလုံး မြင်းနှစ်ဆယ်နှင့် လူနှစ်ဆယ်။

ရှေ့ဆုံးကလူကြီးက ဓားအိမ်နဲ့ဓားကို ကျောမှာလွယ်လို့။

သူတို့မျက်စိတွေက ရှင်ပလုတ်ဖြိုးဘုရားရှေ့က လူတွေကိုရော၊ ထမင်းစားရုံရှေ့က ရွာသူရွာသားတွေကိုရော မသင်္ကာစူးစမ်း လိုက်ကြည့်နေတာ။

ဒီမှာ ရှေ့ဆုံးမြင်းပေါ်က နှုတ်ခမ်းမွေးစနဲ့ လူကြီးက စမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာကသူကြီး ဘယ်သူတုံးဟေ့"

"ကျုပ် . . . ကျုပ်ပါပဲ ခင်ဗျ"

ကျည်တောင်ရွာသူကြီး ဖိုးဝေလက လူအုပ်ထဲက ရှေ့တိုးထွက်ပြီး မြင်းစီးရှင်ရှေ့မှာ ရပ်လို့ ပြောလိုက်တယ်။

"ဟီး . . . ဟစ် ဟစ် ဟစ်"

"မောင်မင်းနာမည် ဘယ်လိုခေါ်တုံး"

"ဝေလလို့ ခေါ်ပါတယ်"

"ငဝေလ . . . ငါကတော့ အရှေ့ပေါင်းလောင်းနယ်က ရှမ်းစော်ဘွားပဲ။ ငါ့နယ်သားတွေက ဓားစော်ဘွားလို့ ခေါ်တယ်။ ခမ်းစော်ဘွားလို့လည်း ခေါ်ကြတယ်။ အခု ငါ နယ်မြေတွေကို လှည့်လည်လေ့လာနေတာပဲ။ ဒီနယ်ဟာလည်း ငါ့ပိုင်နက်နဲ့ ဆက်စပ်နေတယ်။ အခု မောင်သူကြီးတို့ ဘာလုပ်နေတာတုံး"

"ဦးဖြိုး . . ပဟာဒီ ဦးဖြိုးနဲ့ မယ်ရှင်မင်းသာတို့က ဘုရားတစ်ဆူတည်ပြီး ဒီနေ့ ထီးတော်တင်ရေစက်ချ၊ ကျွေးမွေးဧည့်ခံနေတာပါ . . . စော်ဘွားကြီး"

"ဘုရားဘွဲ့က ဘာတဲ့တုံးဟဲ့"

ဒီမှာ ဦးဖြိုးနဲ့ မယ်ရှင်မင်းသာက ရိုရိုသေသေ ပြောလိုက်တယ်။

"ရှင်ပလုတ်ဖြိုးလို့ ခေါ်ပါတယ် . . . စော်ဘွားကြီး"

ဒီမှာ . . . ရှမ်းစော်ဘွားကြီးခမ်းက ဘုရားဒကာဦးဖြိုးတို့နောက်က လွန်စွာချောမောလှပတဲ့ ရှင်ဖြူနဲ့ရှင်ညိုကို တွေ့မြင်သွားပြီး အံ့အားသင့်နေပါရော။

သူ့နယ်မှာ အလွန်ချောမောလှပ ဖြူဝင်းတဲ့ ရှမ်းအမျိုးသမီးချောတွေ ရှိပါသော်လည်း ခုတွေ့ရတဲ့ ကျည်တောင်ရွာသူ မိန်းကလေးနှစ်ဦးရဲ့ အလှက အလွန်မဟာဆန်တဲ့ အလှမှန်း မြင်တာနဲ့ သိလိုက်တယ်။





ကိုယ်လုံးကိုယ်ပေါက်ကလည်း မင်းစော်ဘွားတို့ကြိုက်တဲ့ ကိုယ်လုံးကိုယ်ပေါက်။ ခါးသေးရင်ချီ၊ ဖွံ့ဖွံ့ထွားထွား၊ စွင့်စွင့်ကားကား၊ ဖြိုးဖြိုးပြည့်ပြည့်၊ တင်းတင်းရစ်ရစ်။

သူတို့ကိုယ်ပေါ်မှာ ရွှေတွေညွှတ်နေအောင် ဆင်ထားလို့ပါလား။

ဆင်းရဲသား ဟုတ်မယ်မထင်။

မြင်ရပုံက အလွန်ချမ်းသာကြွယ်ဝမည့် ပုံပန်းမျိုး။

အို . . . ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ဒါက အဓိက မဟုတ်ဘူး။

အရွယ်ကောင်း နုပျို၊ သန့်စင်၊ ဝင်းပ ရှုတိုင်းလှတဲ့ မိန်းမကောင်း မိန်းမမြတ် အင်္ဂါနဲ့ ပြည့်စုံဖွယ်ရှိတဲ့ မိန်းမချောနှစ်ဦးရဲ့အလှက စော်ဘွားခမ်းရဲ့ရင်ကို ဆွဲယူကိုင်လှုပ်နေပြီ။

"သူကြီး . . ."

"အမိန့်ရှိပါ . . . စော်ဘွား"

"ဟိုမိန်းမချောနှစ်ဦးက သူကြီးရဲ့ သမီးတွေလား"

"မဟုတ်ပါဘူး . . . စော်ဘွား။ ပဟာဒီက သူဌေးဦးဖြိုးနဲ့ သူဌေးကတော် ဒေါ်ရှင်မယ်သာတို့ရဲ့ သမီးနှစ်ဦးပါ စော်ဘွား"

"ဩော် . . . ဩော် . . . သူဌေးကြီးတို့ သမီးတွေလား။ အလွန်ကျက်သရေ ရှိလှပါရဲ့ဗျာ။ ဟဲ့ . . . မောင်မင်းတို့ . . ."

ရှမ်းစော်ဘွားခမ်းကြီးက သူ့နောက်က မြင်းစီးဓားလွယ် နောက်လိုက်တွေကို လှည့်မေးလိုက်တယ်။

"အမိန့်ရှိပါ . . . စော်ဘွားကြီး"

"ဟိုသူဌေးသမီး ညီအစ်မနှစ်ဦးတို့ ကျက်သရေရှိရဲ့လား . . . မောင်မင်းတို့ရဲ့"

"မှန်ပါ . . . တော်ဝင်နန်းထိုက်ပါပဲ . . . စော်ဘွားကြီး"

"ဟား ဟား ဟား ဟား . . . တော်ဝင်နန်းထိုက်တဲ့လားကွယ်။ တယ်သင့်လျော်တဲ့ စကားပေပဲကွယ်။ ဟဲ့ . . . မိန်းကလေးတို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဖြူနဲ့ ရှင်ညိုလည်း လူပုံအလယ်မှာ ချောတယ်၊ လှတယ်၊ ကျက်သရေရှိတယ်၊ တော်ဝင်နန်းထိုက်လို့ ပြောဆိုရယ်မောနေတာ ကြားရ၊ မြင်ရတော့ ရှက်လွန်းလို့ ခေါင်းငုံ့နေကြသလို၊

ဦးဖြူနှင့် ဒေါ်ရှင်မယ်သာတို့မှာလည်း ဝမ်းသာရနိုး၊ စိုးရွံ့ရနိုးနဲ့ တစ်ဦးလက်တစ်ဦး ဆုပ်ထားကြတယ်။

ဘုရားဖူးလာတဲ့ ပရိသတ်တွေကလည်း နောက်လိုက်နောက်ပါ အင်အားတွေ၊ ဓားတွေ၊ မြင်းတွေနဲ့လာတဲ့ စော်ဘွားကို ခုမှမြင်ဖူးတော့ အသံမထွက်ရဲကြဘူး။

အချို့ကတော့ တရွေ့ရွေ့ နောက်ဆုတ်သွားကြလို့။

''ဟဲ့ ... ကျုပ် မေးနေတယ်လေ ... နာမည် ဘယ်လိုခေါ်ကြတုံး''

''ကျွန် ... ကျွန်မနာမည်က ... ရှင် ... မယ်ရှင်ဖြူပါရှင့်''

''ကျွန်မကတော့ ... ရှင် ... မယ်ရှင်ညိုပါရှင့်''

''မယ်ရှင်ဖြူနဲ့ မယ်ရှင်ညိုတဲ့လား။ အင်း ... အင်း ... မိဘများက မင်းထိုက်စိုးထိုက်များ မွေးပေးသကိုး။ နေအိမ်ကရောကွယ်''

''ဒီရွာလယ်က ဆင်ဝင်နဲ့အိမ်ကြီးမှာပါရှင်''

''ကောင်းပြီ ... ကောင်းပြီ ... ကျုပ် လာခဲ့ဦးမယ်ပ။ ကိုင်း .. ကိုင်း ... လွတ်လွတ်လပ်လပ် နေကြ၊ ပျော်ကြပါကွယ့်''

''ဟုတ်ကဲ့ပါရှင့်''

''သူကြီး ...''

''အမိန့်ရှိပါ ... စော်ဘွားကြီး''

''မောင်မင်းအိမ် ကျုပ် ခဏနားမယ်''

''ဟုတ် ... ဟုတ်ကဲ့ပါခင်ဗျ''

သည့်နောက် သူကြီးဖိုးဝေလက ရှေ့ကလမ်းပြဆောင်ပြီး ခေါ်မယ်လုပ်တော့ စော်ဘွားကြီးက သူတို့ညီအစ်မရှေ့ကို အုန်းခွံ့ရောင်မြင်းကြီး





နဲ့ တိုးလာပြီး အသေအချာကြည့်လို့ ပြုံးလိုက်တယ်။ ရှင်ဖြူတို့ညီအစ်မက ရှက်လို့၊ ကြောက်လို့ တုန်နေရဲ့။

သည့်နောက် ... စောင့်နေကြတဲ့ မြင်းစီးတွေနှင့်အတူ သူကြီး ဦးဆောင်ရာနောက်ကနေ မြင်းစီးပြီး လိုက်သွားကြတော့တယ်။

သူတို့ မြင်းကွင်းကနေ ပျောက်သွားမှ ရှင်ဖြူတို့မိသားစုလည်း ဟင်းချနိုင်တော့လေရဲ့။

မဏ္ဍပ်ထဲမှာလည်း ပြောဆိုဝေဖန်နေကြလို့။

''ရှမ်းစော်ဘွားတဲ့တော့''

''အမယ်လေး ... နောက်လိုက်တွေက ဓားကိုယ်စီ၊ မြင်းကိုယ်စီနဲ့တော့။ လူမိုက်တွေ ကျနေတာပဲနော်''

''စော်ဘွားက ရှင်ဖြူတို့ညီအစ်မကို သဘောကျနေတာဟဲ့''

''ရှင်ဖြူတို့တော့ စော်ဘွားကတော်ဖြစ်ဦးမယ် တူရဲ့''

''ဦးဖြူးလည်း စော်ဘွားယောက္ခမဆိုပြီး ဒီနယ်မှာ ဘုန်းကြီးဦးမယ်ဟေ့''

''စော်ဘွားကြီးက အသားဖြူဖြူ၊ ခန့်ခန့်ကြီးတော်''

''စော်ဘွားဆိုတာလည်း သူ့နယ်ဝန်းကျင်မှာ ဘုရင်ပဲဗျ''

''အမယ်လေး ... ဘုရင်ကတော် ဖြစ်ချင်လိုက်တာတော်။ ပြောရင်း ကြက်သီးတွေထ၊ တင်ပါးအဲကြောတွေ တလှုပ်လှုပ်ဖြစ်လာပြီတော့''

ဒီမှာ သွားခေါခေါ၊ မျက်လုံးပြူးပြူး၊ နားရွက်ကားကားနဲ့ မိနားကားက ကိုယ်ကိုတုန်၊ လက်နှစ်ဖက် ရင်ဘတ်မှာကပ်၊ မျက်နှာကိုရှုံ့လိုက်၊ သွားကိုဖြဲလိုက် လုပ်ပြီး ရှင်ဘုရင်ကို လင်လုပ်ချင်တဲ့ရောဂါ တက်နေပါရော။

''မိနားကား ...''

''တော် ... ကိုရင်တုတ်ကြီး ... အဟင့်''

''နင် လင်ဆာရောဂါတက်နေ မဟုတ်လားဟဲ့''

''အိုတော် ... လင်ဆာတယ်မပြောပါနဲ့ ... ကိုရင်တုတ်ကြီးရယ် ဟင့် ဟင့် ... ရှင်ဘုရင်ကတော် ဖြစ်ချင်လို့တော့ ... အဟင့် ... ဟင့်''



www.burmeseclassic.com

www.burmeseclassic.com



မိနားကားက မျက်နှာတွန့်၊ ကိုယ်လုံးကိုလွန့်၊ တင်ပါးကိုကော့ လက်နှစ်ဖက် စုခါရင်း သွားကနားဖျင်းထိုး၊ ပြုံးပြောနေတာ။

မြင်မြင်သမျှတို့ကလည်း မိနားကား လင်ဆာရောဂါတက်နေတာ ကြည့်ပြီး မျက်စောင်းထိုးကြ၊ မေးငေါ့ကြ။

"မိနားကား ..."

"တော် ... ကိုရင်တုတ်ကြီး"

"နင် ဟိုရှင်ဘုရင်ကို ရရင် ယူမလား"

"ဘယ်သူများလဲတော် ... ရှင်ဘုရင်ပေမင့် ငယ်ငယ်ချောချော၊ တောင့်တောင့်ဖြောင့်ဖြောင့်မှ ကျုပ်က စားဝင်အိပ်ပျော်မှာနော် ... ကိုရင် တုတ်ကြီး ... အဟီး"

"စိတ်ချပါ ... မိနားကားရဲ့ ... သူက တောင့်လည်းတောင့်၊ ဖြောင့်လည်းဖြောင့်ပြီး တန်းနေတာပဲဟ"

"အလိုတော် ... ဘယ်သူများပါလိမ့် ... ကိုရင်တုတ်ကြီးရယ်၊ ပြောရင်း ကြက်သီးထလိုက်တာတော်။ ဘယ်သူတုံး ... ကိုရင်ရဲ့ ... ဟင် ... ဟင့်"

"ပုဂံကျွဲ"

"ပုဂံ ... င ... ငကျွဲ ... အမယ်လေး ... အမေရဲ့ ... ကိုရင် တုတ်ကြီးတို့ ကျွန်မကို ညတွင်းချင်းသေအောင် လင်ပေးစားနေတယ် .. အမေရဲ့ ... ဟီး ဟီး"

ပုဂံကျွဲလို့ ကြားရရော မိနားကား လန့်ဖျပ် တက်မလိုအမူအရာ နဲ့ သွားလေသူ သူ့အမေကိုတပြီး ငိုချင်းချသလို လုပ်ပြတော့ အမြင်ကပ် တဲ့သူတွေက ဝိုင်းဟားကြတော့တာပဲ။

ပုဂံကျွဲဆိုတာ ပုဂံခေတ်ဦးတုန်းက ပြိုင်စံရှား ယောကျ်ားကြီး လေ။ သူ့ကို ဘယ်မိန်းမမှ မယား မတော်ရဲဘူး။ မွေးရာပါပစ္စည်း မြင်တာ နဲ့ အမယ်လေးအော်ပြီး ပြေးရတာရယ်။





နောက်ဆုံး ပုဂံကျွဲကလည်း မိန်းမအရမ်းလိုချင် ...

တစ်နယ်လုံး ဒင်းပစ္စည်းကြောက်လို့ ဘယ်မိန်းမမှ အနားမကပ်။ ကံကောင်းချင်တော့ ပုဂံရေဆိပ်မှာ အဝတ်လျှော်နေတဲ့ မိညှပ်ကြီးဆိုတဲ့ မိန်းမကြမ်းကြီးနဲ့ တွေ့တော့မှပဲ ပုဂံကျွဲလည်း မိန်းမရတော့တာတဲ့။

မိညှပ်ကြီးကလည်း နာမည်ကြီးပဲ။

ညားတဲ့ညတုန်းက မိညှပ်ကြီးက ပြောသေးသတဲ့။

ကျွဲလောက်တော့ ပျင်းတောင် ပျင်းသေးတယ်တဲ့ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃၈ ]

❑

"သူကြီး ..."

"အမိန့်ရှိပါ ... စော်ဘွားကြီးခင်ဗျာ"

သူကြီးဖိုးဝေလက ခေါင်းရင်းခန်းမှာထိုင်နေတဲ့ ရှမ်းစော်ဘွားကြီးခမ်းကို ရှိရှိသေသေနဲ့ ပြန်ပြောနေတယ်။

"တိုတိုနဲ့ လိုရင်းပဲပြောမယ် ... သူကြီး။ မယ်ရှင်ဖြူနဲ့ မယ်ရှင်ညိုတို့မှာ လင်ယောကျ်ားများ ရှိကြသလား"

"မရှိပါ ... စော်ဘွားကြီး၊ နှစ်ဦးစလုံး အပျိုတွေပါခင်ဗျာ"

"ကောင်းတာပေါ့ဗျာ ... ဒီနေ့ပဲ ရွာသူကြီးလည်း သူ့မိဘများကို သွားပြောချေ။ သူ့သမီးနှစ်ဦး ... အဲ ... အဲ ... မယ်ရှင်ဖြူနဲ့ မယ်ရှင်ညိုကို ကျုပ်မြင်မြင်ချင်း ချစ်ခင်စုံမက်တော်မူတယ်။ စော်ဘွားကတော်မယားများအဖြစ် သိမ်းပိုက်တော်မူမှာမို့ နက်ဖြန် ကတော်မယားများဝတ်လဲတော် အဆောင်အယောင်များ ပို့မယ်။ နှစ်ရက်မြောက်မှာ အစောင့်အရှောက်များနှင့် ကတော်မယားများစီးနင်းတဲ့ ဝေါတော်နဲ့ လာရောက်ခေါ်ယူမှာမို့ မောင်သူကြီးကိုယ်တိုင် ကိစ္စပြီးငြိမ်းအောင် စီစဉ်"





"ဟုတ် ... ဟုတ်ကဲ့ပါ ... စော်ဘွားကြီးခင်ဗျာ"

"အကယ်လို့ ငြင်းဆန်ရင် အကုန်ဒုက္ခရောက်မယ် .. သိလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျ"

"ဒီနယ်ကို ငါ ပုဂံဘုရင်ထံက အပိုင်စားရထားတာ နားလည်လား"

"ဟုတ် ... ဟုတ်ကဲ့"

"ရော့ ... ဒါ မောင်သူကြီး လိုရာသုံးဖို့ ငွေစင်တစ်ပိဿာယူ"

သူကြီးဖိုးဝေလဟာ ဝမ်းသာအားရနှင့် စော်ဘွားကြီးချီးမြှင့်တဲ့ ဆုတော်ငွေစင်ထုပ်ကို ရှိရှိသေသေ လှမ်းယူလိုက်တယ်။

ဝမ်းသာလွန်းလို့ လက်တွေတောင် တုန်ဇနေပြီ။

သူ့မယား သူကြီးကတော် လိုချင်တဲ့ လက်စွပ်တို့၊ လက်ကောက်တို့ ဆင်လို့ရပြီလေ။ ကံဇာတာတက်လာတာ မြန်လိုက်တာ။

ဟိုနေ့က ကျောက်ဘီလူးမနေရာမှာ ကျန်တာလေးများရမလားလို့ သွားတူးတာ တွင်းထဲကနေ စပါးအုံးမြွေကြီး လိုက်ဆွဲလို့ မသေရုံတမည် အသက်လု ပြေးခဲ့ရတယ်။

"သူကြီး ..."

"စော်ဘွားကြီးဘုရား"

"ကျုပ် ပြန်မယ်။ ကျန်တာ မောင်မင်း ပြီးငြိမ်းအောင် စီစဉ်။ ကိစ္စတော်ပြီးရင် ငါ သူကောင်းပြုမှာ နားလည်လား"

"နားလည်ကြောင်းပါ ... စော်ဘွားကြီးခင်ဗျာ"

စော်ဘွားကြီးနဲ့ နောက်လိုက်နောက်ပါတွေဟာ မြင်းကိုယ်စီစိုင်းပြီး ခြံဝင်းထဲကနေ ပြန်ထွက်သွားကြတယ်။

"ကိုရင် ... အဲဒါ ဘာထုပ်ကြီးတုံးဟင်"

"ငွေ ... ငွေစင် ... ငွေသားတွေဟဲ့ ... မိန်းမရဲ့"

"ဟင် ... ပြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် . . . သန့်စင်ဝင်းလက်တဲ့ ငွေစင်ငွေပြားတွေ။ အဖိုးတန်ပစ္စည်းတွေ။ သူကြီးကတော့ ငွေစင်ထုပ်ကို ရင်ဘတ်မှာအပ်ပြီး ခုန်မတတ် ဝမ်းသာလို့ တစ်ကိုယ်လုံး တုန်နေတယ်။

"မယ်မင်းကြီးမ . . ."

"တော် . . . တော် . . . ကိုရင် . . . ပြော . . . ပြော . . ."

"ကျုပ် ဖြိုးတို့အိမ်ဘက် သွားဦးမယ်"

"ရှင် မြန်မြန်ပြန်လာနော် . . . ကိုရင်"

"ဘာလုပ်မလို့တုံး . . . မယ်မင်းကြီးမက"

"ဟိုလေ . . . ပန်းတိန်အိမ် . . . ရှာ . . . ရှာပြီး လက်ကောက်လုပ် . . . လုပ်ရမယ်လေတော်"

"ချီးမှုပဲဟာ . . . နောက်မှလုပ်။ ငါ အရေးတကြီးကိစ္စ ရှိသေးတယ်။ သေခါနီး အရေးတွန့်မှ သိပ်ရွှမနေနဲ့ . . . ဖွီ . . ."

"ဟွန်း . . . ရှင့်ကို ကျုပ်မကြိုက်ထဲမှာ အဲဒါ ထိပ်ဆုံးကပဲ"

သူကြီးဦးဝေလ ရွာလယ်ပိုင်းက သူဌေးကိုရင်ဖြိုးတို့အိမ်ကို လာခဲ့လိုက်တယ်။

"သူကြီး . . . ကြွပါဗျာ . . . ကြွပါ . . . ဘာအကြောင်းတွေ ရှိပြန်တုံးဗျာ"

အိမ်ရှေ့မှာ ကိုရင်ဖြိုးနဲ့အတူ မယ်သာ၊ ရှင်ဖြူ၊ ရှင်ညိုတို့ပါ ရှိနေကြတယ်။

"ကိစ္စကတော့ အခြားမဟုတ်ဘူးကွယ့်"

"မင်းတို့မိသားစု ဘုန်းကံကြီးကောင်းစားချိန်ရောက်ပြီ . . . ကိုရင်ဖြိုးရေ"

သူကြီးရဲ့စကားကြောင့် မယ်မင်းသာရော၊ ရှင်ဖြူတို့ပါ သူကြီးမျက်နှာကို ကြည့်ပြီး နားစိုက်နေကြတယ်။

"အခု ရှမ်းစော်ဘွားကြီးက မင်းသမီးနှစ်ဦးကို မြင်မြင်ချင်း ရွှေဘောတော်ကျသွားပြီ . . . ကိုရင်ဖြိုးရေ . . . ဟား ဟား ဟား ဟား"





သူကြီး ပြောရင်း ဝမ်းသာအားရ ရယ်လိုက်တယ်။

ကိုရင်ဖြိုးတို့ မိသားစုကတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ဘာလဲဟဲ့ဆိုတဲ့ အသံတိတ်မေးခွန်းတွေ မေးကြလို့။

"တိုတိုပြောကြပါစို့ကွာ . . . စော်ဘွားကြီးက မင်းတို့သမီး ရှင်ဖြူနဲ့ရှင်ညိုကို တော်ကောက်တော်မူမယ်တဲ့ဗျာ"

"ဗျာ . . ."

"ရှင် . . ."

"ဟင် . . ."

"အလိုလေး . . . ဘုရား . . . ဘုရား . . ."

ကြားရတဲ့စကားကြောင့် အားလုံး အံ့အားလည်းသင့်၊ ရင်ဝလည်း ဒိန်းခနဲဆောင့်၊ ရှင်ဖြူတို့ မျက်နှာပျက်ကုန်ကြပါရော။

"မင်းတို့ သိတဲ့အတိုင်းပဲ . . . ဖြိုးရဲ့၊ ဒီပျဉ်းမနားနယ် ကျည်တောင်ရွာသည် စော်ဘွားကြီးစားရတဲ့ နယ်ဆိုလည်း မမှားတန်ဘူးကွယ့်။ ပုဂံဘုရင် အနော်ရထာမင်းကြီး ထီးနန်းစိုးစံပြီး တိုင်းခန်းလှည့်တော့ မောကိုးပြည်ထောင်ကို အစိုးရတဲ့ မိုးကောင်းစော်ဘွားက သမီးကညာ စောမွန်လှကို ဆက်သသတဲ့။ စော်ဘွားကိုလည်း သူကောင်းပြုထားတာပဲ။ စော်ဘွားကြီးရဲ့ တန်ခိုးဩဇာက အလွန့်တန်ခိုးကြီးတယ်။ စော်ဘွားကတော်ဖြစ်ဖို့ဆိုတာ တော်ရုံကံနဲ့မရဘူးကွ။ အဲဒါ စော်ဘွားကြီးက ငါ့ကိုတာဝန်ပေးထားတာ ဖြိုးရေ။ မင်းသမီးနှစ်ဦးကို စော်ဘွားကတော်အရာထားပြီး သိမ်းပိုက်မြှောက်စားမယ်။ နက်ဖြန်မွန်းတည့်ချိန်အရောက် မင်းတို့အိမ်ကို စော်ဘွားကတော်မယားတို့ရဲ့ အဝတ်အစားများ လာပေးပို့လိမ့်မယ်။ ဒါနဲ့အတူ သွန်သင်ပြသမည့် အထိန်းတော်များလည်း ပါလာလိမ့်မယ်။ ဖိန်းနွဲ့ခါ နှစ်ရက်မြောက်တဲ့နေ့ရောက်ရင် စော်ဘွားကြီးလူယုံတော်တွေ အစောင့်အရှောက်များနဲ့ ရောက်ရှိလာပြီး ရှင်ဖြူနဲ့ရှင်ညိုကို ဝေါယာဉ်နဲ့ဆောင်ကြဉ်ပြီး နေကောင်းရက်မြတ်မှာ မင်္ဂလာပွဲကြီးကို သူအုပ်စိုးရာဒေသမှာ ကျင်းပမယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းလည်း စော်ဘွားယောက္ခမဖြစ်သွားမှာ ဖြစ်သလို ရှင်ဖြူရှင်ညို တို့လည်း စော်ဘွားကတော် မယားအဖြစ်နဲ့ ဩဇာအရှိန်ကြီးပြီ ... ငါ့လူရေ၊ မှတ်မိတယ်နော် ... သူဌေးကိုရင်ငဖြိုး''

ဒီမှာပဲ ဖခင်ဖြစ်သူ ဦးဖြိုးက ...

''သူကြီး ...''

''ပြော ... ကိုရင်၊ ဘာလဲ''

''ကျုပ်သမီးတွေရဲ့ဆန္ဒကို မေး ... မေးပါရစေဦးဗျာ နော်''

''မေးပါ ... မေးပါ ... ဒီအခွင့်အရေးမျိုး၊ ဒီကံကောင်းမှုမျိုးက မိန်းမသားတိုင်း မရဘူးနော် ... ရှင်မယ်သာ''

ဦးဖြိုးနှင့် မယ်မင်းသာတို့ခမျာလည်း သူတို့သမီးတွေမှာ ချစ်သူ ကိုယ်စီရှိနေတာ၊ ချစ်သူကို မျှော်လင့်စောင့်စားနေကြတာ သိထားတော့ အခက်ဖြစ်နေတာပေါ့။

''သမီး ရှင်ဖြူနဲ့ ရှင်ညို ...''

''ရှင် ... အဖေ''

ညီအစ်မနှစ်ဦး အသံတွေ တုန်နေရှာတယ်။

''ငါ့သမီးများသဘော ဘယ်လိုရှိကြတုံးကွယ် ဟင်''

''အဖေ ... သ ... သမီးတို့ ... စော်ဘွားကို ... မ ... မယူ နိုင်ဘူး ... အင့် ... ဟီး''

''အဖေ ... သ ... သမီးလည်း ... မ ... မယူနိုင်ဘူး ဟီး''

ညီအစ်မနှစ်ဦး ကြောက်လန့်ဝမ်းနည်း ငိုကြပါရော။

''ဟဲ့ ... ရှင်ဖြူနဲ့ရှင်ညို ... စော်ဘွားကြီးက စုံမက်မြတ်နိုးလို့ တော်ကောက်တာဟဲ့။ ဟောဒီ ကျည်တောင်ရွာတစ်ရွာလုံး၊ ဆင်ဖြူတောင် တစ်နယ်လုံးမှာရှိတဲ့ မိန်းမတွေထဲက နင်တို့ကိုမှရွေးတာ ရှင်ဖြူရဲ့''

''ဟင့်အင်း ... လုံးဝမယူနိုင်ဘူး ... ဘသူကြီး''

''ငါက နင်တို့ကောင်းစားစေချင်တယ် ... ရှင်ဖြူ''

''ဟင့်အင်း ... မယူဘူး''





''ကဲ ... ဒါဆို ဘာကြောင့် မယူနိုင်တာတုံး။ စော်ဘွားကြီးက ရာထူးသေးလို့လား၊ ရက်စက်ကြမ်းကြုတ်လို့လား၊ ရွှေမရှိ ငွေမရှိ အာဏာ မရှိမို့လား ... ပြော''

''ကျွန်မတို့ ဂုဏ်ပကာသနတွေ မမက်ပါဘူး ... ဘသူကြီး''

''ဒါဆို ငါမေးမယ်၊ အမှန်အတိုင်း ဖြေကြ။ နင်တို့မှာအိမ်ထောင် ဖက်ရည်မှန်းထားတဲ့ ချစ်သူရည်းစား ရှိနေလို့လားဟင်''

''ဟုတ် ...''

''အဲဒီလူတွေက ဘယ်သူတွေတုံး ... ရှင်ဖြူနဲ့ရှင်ညို''

ရှင်ဖြူတို့က မပြောဘဲ ရှိုက်နေကြတယ်။

''ငါမေးတာ ဖြေပါ''

သူကြီးက အသံမာမာနဲ့ မေးလိုက်မှ ...

''ပုဂံအောက်မား ... နှစ် ... ဦး ... ပါ အဘ''

''ရဲသီဟနဲ့ ရဲဒိဗ္ဗတို့ ဆိုတာလား''

''ဟုတ် ... ဟုတ် ...''

''အောက်မား ဆင်ဖမ်းသမားဆိုတာ အညတရ ဆင်းရဲသား။ အကုသိုလ်အလုပ်နဲ့ အသက်မွေးနေတဲ့ လူကြမ်းတွေဟ''

''အို ...''

''ဘသူကြီး ... ဒီလိုမပြောပါနဲ့ ... ဘသူကြီး ... သူတို့လည်း လူကောင်း လူရိုးတွေပါရှင် ...။ ရှင်ဘုရင့် အမှုတော်ထမ်းတွေပါ ... ဘသူကြီး''

ရှင်ညိုက စော်စော်ကားကားလိုမျိုး ပြောနေလို့ အသံမာမာနဲ့ ပြန်ပြောလိုက်တယ်။ ပြီး မျက်ရည်တွေကို လက်ခုံနဲ့ သုတ်လိုက်တယ်။

''ဒါဖြင့် နင်တို့ညီအစ်မက စော်ဘွားကြီးအမိန့်စကားကို လက်မခံ ဘူးပေါ့ ... ဟုတ်လား''

''ဟုတ်ပါတယ် ... အဘ''



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... နင်တို့ ကိုယ့်ဘောကိုယ် မမြင်ကြဘူးကိုး။ စော်ဘွားဆိုတာမျိုးက မေတ္တာနဲ့ ပြောလို့မရရင် နင်တို့ကို အမွေသိမ်းပိုက်တော့ နင်တို့ ဘာတတ်နိုင်မှာတုံး။ ကိုယ့်သေတွင်း ကိုယ်မတူးကြနဲ့။ ငါ့ကို တိတိကျကျ တာဝန်ပေးသွားတယ်။ ငါတို့လည်း နီးရာစား ကြောက်ရတာပဲ။ နက်ဖြန် အဝတ်အစားတွေ လာပို့လိမ့်မယ် ... ယူထား။ အထိန်းတော်တွေ သွန်သင်တဲ့အတိုင်း လိုက်နာ။ ငါ ပြန်မယ်"

သူကြီးဦးဝေလ ဒေါ်ကြီးမောကြီးနဲ့ အိမ်ပေါ်ကနေ ဆင်းသွားတယ်။

သူကြီးမရှိတော့မှ ရှင်ဖြူနဲ့ရှင်ညို မိခင်နဲ့ဖခင်ကို ဖက်ပြီး ချုံးပွဲချငိုကြတယ်။

"အဖေ ... သမီး မယူနိုင်ဘူး ... ဟီး"

"ကျွန်မတို့မှာ ချစ်သူရှိတာ အဖေတို့အသိပဲလေ ... အီး ... အီး ... အင့် ... ဟီး"

"သမီးတို့ရယ် ... တိတ်ပါ"

"အ ... ဖေ ..."

"ပြော ... ရှင်ညို ... သမီး ဘာပြောမှာလဲ ... ပြော"

"အဖေရော စော်ဘွားနဲ့ သဘောတူလား ... ပြောလေ ... ပြောပါ ... အဖေရဲ့၊ အမေ ... အမေရော သဘောတူလားဟင် ... ဟင်လို့ ပြော ... ပြောပါ"

ရှင်ညို အဖေနဲ့အမေ့ရဲ့လက်ကို ကိုင်လှုပ်ပြီး မျက်ရည်ပိုးပိုးပေါက်ပေါက်နဲ့ ပြောနေတယ်။

"ကျွန်မတို့မှာ ချစ်သူကိုယ်စီရှိတယ်။ တစ်ရွာလုံးနီးပါး သိကြတယ်။ သူတို့ကို စောင့်နေတာလည်း အဖေတို့အမေတို့အသိပဲ။ စော်ဘွားက ကျွန်မတို့ ချောလို့လှလို့ တော်ကောက်ချင်တာ ... အဖေ။ ကျွန်မတော့ ဒီမျက်နှာကို လုံးဝ အရုပ်ဆိုးသွားအောင် ဓားနဲ့မွှန်းပစ်မယ်။ ကဲ ..."





"သမီး ... သမီး ... မလုပ်နဲ့ ... မလုပ်ပါနဲ့ သမီးတို့ရယ်။ အဖေလည်း စော်ဘွားယောက္ခမ မဖြစ်ချင်ပါဘူး ... သမီး။ ပြန်ထိုင် ... သမီး"

"ကိုရင်ဖြူး ... ဒါ ... ဒါဆို .. ဘယ်လိုလုပ်ကြမတုံး။ နက်ဖြန်ကို သူတို့ ကတော်အဝတ်အစားတွေ လာပို့မယ်တဲ့။ ဘယ်လိုလုပ်ကြမတုံးဟင်"

"သူတို့ရောက်လာရင် ပြန်ကြမှာမဟုတ်ဘူး။ ငါတို့အိမ်မှာတည်းပြီး ပြေးမလွတ်အောင် စီစဉ်တော့မှာ"

"ဒါ ... ဒါဆို ဘယ်လိုလုပ်ကြမလဲဟင့် ... အဖေ ... ဟင်လို့"

"မပူကြပါနဲ့ ... သမီးတို့ရဲ့၊ အဖေ စီစဉ်ပါ့မယ်။ ကိုင်း ... မျက်ရည်တွေ သုတ်ကြစမ်း။ သူများမြင်ရင် တောင်ပြောမြောက်ပြော ပြောလိမ့်မယ်။ ဟန်မပျက် ပြုံးပြုံးနေကြစမ်း"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၃၉|

❑

သူကြီးဖိုးဝေလနဲ့ အဖွဲ့သားတွေဟာ ဟိုးကျည်တောင်ရွာ အဝင်လမ်းကနေ စော်ဘွားရဲ့လူတွေကို လာရောက်စောင့်ကြိုနေကြတယ်။

စော်ဘွားကြီးနဲ့ ရှင်ဖြူ၊ ရှင်ညိုတို့ လက်ထပ်ပြီးရင် . . .

သူလည်း ကောင်းစားတော့မှာမို့ ပျော်နေတယ်။

ဒါတောင် သူကြီးက လောဘတွေးလေး တွေးလိုက်သေးတယ်။

သူတို့ညီအစ်မ စော်ဘွားနဲ့မတွေ့ဘဲ ပုဂံဘုရင် ရွှေအနော်ရထာမင်းနဲ့ အရင်တွေ့မြင်သွားရင် သိပ်ကောင်းမှာပဲလို့ပေါ့။

ရှင်ဘုရင်နဲ့ညားပြီး ကျည်တောင်ရွာသူတွေ မိဖုရားငယ်ဖြစ်သွားရင် သူ ရွာသူကြီးကနေ ကလန်ကြီးတို့၊ ဆယ်ရွာအုပ်သူကြီးအဖြစ် သူကောင်းပြုချင် ပြုခံရမှာလေ။

[ဒီနေရာမှာ အနော်ရထာမင်းနှင့် မိုးကောင်းစော်ဘွားအကြောင်း နည်းနည်းပြောချင်ပါတယ်။ အနော်ရထာမင်းကြီး ကိုးပြည်တောင်ကို အစိုးရတဲ့ မိုးကောင်းစော်ဘွားထံရောက်တော့ မိုးကောင်းစော်ဘွားကြီးက အလွန်





ချောမောလှပတဲ့ သမီးတော်စောမွန်လှကို မင်းကြီးထံ ဆက်သခဲ့တယ်။ အနော်ရထာမင်းကြီးကလည်း မိဖုရားစောမွန်လှကို အလွန်တရာ ချစ်မြတ်နိုးတော်မူသတဲ့။ ဒီလိုပဲ ဝေသာလီမင်းကလည်း သမီးတော်ဆက်ခဲ့တယ်။ အနော်ရထာမင်းကို ဥဿာပဲခူးမင်းကလည်း သမီးကညာ ဆက်ခဲ့တယ်။ မင်းကြီးမှာ လွန်စွာကျက်သရေရှိတဲ့ မိဖုရားကြီးတွေလည်း ရှိသလို၊ အဆောင်ရ မိဖုရားတွေလည်း ရှိသေးတယ်။ ဘုန်းကြီးတဲ့မင်းလေ။ သူ့ဩဇာအာဏာဟာ ပုဂံကောင်းစားစဉ်က မြန်မာနိုင်ငံအလုံးသာမကဘူး ဇင်းမယ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ ကိုချင်ချိုင်းနား စတဲ့ သံလွင်မြစ်အရှေ့ဘက်နိုင်ငံတွေအထိ ဘုန်းအာဏာစက် ပျံ့နှံ့တယ်။ ကျန်တာဆိုရင် ဆိုင်နယ်အောက်ပိုင်းပဲ ကျန်ရစ်တယ်။

မင်းကြီးက ရှမ်းမင်းသမီး စောမွန်လှကို လွန်စွာချစ်မြတ်နိုးတော်မူတော့ အချို့သောမိဖုရားတွေက မနာလိုဖြစ်ပြီး မင်းကြီးကို မဟုတ်မဟပ် ကတုံးကတိုက် ချောပစ်ကြတယ်။ စောမွန်လှဟာ စုန်းမပါ . . . မင်းကြီး။ စောမွန်လှရဲ့ နားဋ္ဌောင်းက အရောင်မျိုးစုံထွက်ပါတယ်။ မင်းကြီးကိုလည်း ပြုစားနေတာပါ။ ကျွန်တော်မျိုးမတို့လည်း ကြောက်ရွံ့လှကြောင်းပါဘုရား။ အမျိုးမျိုးကုန်းတိုက်ကြတော့ ကြာတော့ မင်းကြီးက စောမွန်လှကို မယုံကြည်သလို ဖြစ်လာတယ်။ ဒါနဲ့ စောမွန်လှမိဖုရားကို နေရင်းဒေသ မိုးကောင်း ပြန်လွှတ်လိုက်တယ်။ စောမွန်လှလည်း လွန်စွာ စိတ်ထိခိုက်တော်မူတာပေါ့။ အမှန်က စောမွန်လှရဲ့နားဋ္ဌောင်းက ဓာတ်တော်တွေ ကိန်းအောင်းနေလို့ ရောင်ခြည်ထွက်တာလို့ ဆိုတယ်။ ဒီလိုနဲ့ မိုးကောင်းကိုအပြန် မြစ်ငယ် အရောက်မှာ ဓာတ်တော်ကိန်းအောင်းတဲ့နားဋ္ဌောင်း ချောင်းရေထဲ ပြုတ်ကျသွားပါရော။ စောမွန်လှလည်း စဉ်းစားတယ်။ ဒီဓာတ်တော်ကိန်းအောင်းတဲ့ နားဋ္ဌောင်း ဒီရေမှာကျတာ ဒီအရပ်မှာ ဘုရားတည်ဖို့ နိမိတ်ကောင်းပြတာပဲ ဆိုပြီး ဒီအရပ်မှာ ဘုရားတည်ခွင့်ရပါက ရေထဲကျသွားတဲ့နားဋ္ဌောင်း ပြန်ရပါစေလို့ အဓိဋ္ဌာန်လိုက်တာ နားဋ္ဌောင်း ပြန်ရသွားတယ်။ အဲဒီအရပ်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရွှေစာရံအမည်ရှိ ဘုရားကို မုခ်ဝမျက်နှာလေးခု အနောက်ဘက်လှည့်ပြီး တည်ထားခဲ့သတဲ့။ နောင်တော့လည်း စောမွန်လှ ရင်ကွဲနာကျပြီး ကွယ်လွန် အနိစ္စ ရောက်ကြောင်းကြားတော့ အနော်ရထာမင်းကြီး ချစ်လှတဲ့ မိဖုရား အတွက် စိတ်မကောင်း ဖြစ်တော်မူသတဲ့။ စောမွန်လှမိဖုရားရဲ့ကောင်းမှု ရွှေစာရံဘုရားဟာ အညာဘုရားတွေထဲမှာ ကျော်လေးဆူဝင် ဘုရားအမည်ရ တယ်။

နောင်တော့ ရှမ်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ မသင့်မမြတ် ရှိခဲ့ကြ သလို ရှမ်းယွန်းတွေကလည်း ထိထိပါးပါး ရှိလာတာနဲ့ နိုင်ငံနှစ်ဖက်စပ် ကြား ရှမ်းယွန်းတွေ မရောစိမ့်စေဖို့ မြောက်အရပ်နှင့် အရှေ့အရပ်တို့မှာ မြို့ပေါင်း (၄၃) မြို့ကို တစ်ပြိုင်နက် တည်တယ်လို့ မြန်မာရာဇဝင်မှာ မှတ်တမ်းတင်ခဲ့တာ ဖတ်ရပါတယ်။]

ဒီမှာ ရှေ့ပြေးလွှတ်ထားတဲ့ ရွာသားတစ်ဦး သူကြီးရှိရာကို ပြေး လာပြီး အော်ပြောလိုက်တယ်။

“သူကြီး ... စော် ... စော်ဘွားကြီးရဲ့ အဖွဲ့ ... အဖွဲ့တွေ ရွာ ရွာပြင်ကို ရောက်လာပြီ”

“ဟုတ်လား ... အားလုံး အသင့်ကြိုရမယ်ဟေ့”

ရွာအဝင်လမ်းတွေလည်း သန့်သန့်ရှင်းရှင်း လုပ်ထားကြသလို ကျွဲ နွား၊ ဝက်တွေလည်း လမ်းပေါ်မှာမရှိရအောင် စီစဉ်ထားတော့ လမ်းဟာ အမှိုက်တစ်စမရှိဘဲ လေညင်းတသုန်သုန်နဲ့ သာယာနေတယ်။

မကြာဘူး ... ရှေ့ကမြင်းစီးသမား (၅)ဦး ရောက်လာတယ်။ နောက်မှာတော့ ရှမ်းလှည်းပေါင်းဝန်းကြီးနှစ်စီး လိုက်ပါလာကြတာကို အား လုံး မြင်ရတယ်။ သူကြီးဦးဝေလက ပြုံးရွှင်ဝမ်းသာနဲ့ ခရီးဦးကြိုတယ်။

မြင်းစီး (၅)ဦးက ရှမ်းဘောင်းဘီတွေကိုယ်စီ၊ ဓားလွယ်ကိုယ်စီနဲ့၊ နောက် ပေါင်းဝန်းဝန်းတင် နွားလှည်းနှစ်စီးကလည်း ဝဖြိုးကျော့မော့နေတဲ့ ရှမ်းနွားထွားထွားကြီးတွေ၊ ချူသံလွင်လို့။





နွားကြီးတွေကိုယ်ပေါ်မှာလည်း အလွန်လှပတဲ့ အလှဆင် ကကြိုး တန်ဆာ ပန်းပွားကိုယ်စီ၊ နှာစည်းတွေနဲ့။

အလွန်သန့်ပြန့်ခန့်ညားလှတဲ့ ဝတ်ကောင်းစားလှဝတ် မိန်းမရွယ် မိန်းမကြီးတွေလည်း အထုပ်သေတ္တာကြီးတွေနဲ့ တွေ့ရတယ်။

“ဗိုလ်မင်းတို့ ... ကျုပ်အိမ်မှာ ခဏတစ်ဖြုတ်နား စားသောက် ကြဖို့ ပြင်ဆင်ထားပါတယ်ဗျ”

ဒီမှာ မြင်းညိုကြီးပေါ်က နှုတ်ခမ်းမွေးကားကားနဲ့ ရှမ်းကြီးက ဗမာ သံဝဲဝဲနဲ့ ပြောလိုက်တယ်။

“သူကြီး ... ကျုပ်တို့စော်ဘွားကြီးရဲ့ ကတော်လောင်းနှစ်ဦးရဲ့ အိမ်ကို အရင်သွားမယ်။ အထိန်းတော်ကြီးတွေ ပါလာတယ်။ ဟိုအိမ်မှာ နေရာချ၊ လိုအပ်တာ စီစဉ်ပြီးမှ ကျုပ်တို့ သူကြီးအိမ်မှာ နားကြမယ်”

“ကောင်းပါပြီဗျာ ... ဒါဆိုလည်း ကတော်လောင်းများအိမ်ကို ကြွကြပါခင်ဗျာ။ ကျုပ်နောက်က လိုက်ခဲ့ကြပါဗျာ”

သူကြီးက ရှေ့ကနေ ရင်ကော့ပြီး ကြွားကြွားသွားလို့။

လမ်းဘေးဝဲယာမှာလည်း ရွာသူရွာသားတွေ ထွက်ကြည့်နေကြ တာ အများကြီးပဲ။ သူကြီးကတော် ရင်ဒပစိက သူ့ယောက်ျား မြင်းစီးရှမ်း စစ်သည်အဖွဲ့ရဲ့ရှေ့ကနေ ဗိုက်ပူရင်ကော့ ဟန်ရေးတပြပြနဲ့ ဦးဆောင်သွား နေတာကို ကြည့်ပြီး အားရကျေနပ်နေတယ်။

“ရှေ့က ငါ့ယောက်ျား သူကြီးလေအေ”

အနီးကမိန်းမကြီးကို လှည့်ကြည့်ပြီး ပြောလိုက်သေးဗျ။

“သိပါတယ် ... ခွေးချီသွားတာတောင် မှတ်မိတယ်”

“ဟဲ့ကောင်မ ... စကားကြည့်ပြော ... ငါ ဘာကောင်မမှတ် နေလို့ ခွေးချီသွားတောင်မှတ်မိသေး ပြောတာလဲ ဟင် ... ကောင်မ”

“ဟုတ်ပါဘူး ... သူကြီးကတော်ရဲ့၊ သူကြီးကတော်လင်က ခန့် လွန်းလို့ အမြဲမှတ်မိတယ်လို့ ပိုပိုသာသာ ပြောတာပါတော်”

“ဟင်း ... အကုန်ထိတ်တုံးခတ်ပစ်လိုက်မယ် သိလား”



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော် ရှင်ပေစိက အားလုံးကို လှည့်ကြိမ်းလိုက်ပြီး သူ့လင်တော်မောင် သူကြီးအကောင်းစားကိုကြည့် ပီတိဖြစ်နေရဲ့။

"ငတို့ ကျည်တောင်ရွာသူကြီး ရှေ့ဆုံးကဗျ"

"ရင်ရော၊ ဖင်ရော ကော့နေတာပဲဟော့"

"အဲလိုကော့လေ ခန့်လေပဲလေ"

"ဟဲ့ . . . ငပေ"

"ဗျာ . . . သူကြီးကတော်"

"ငါ့လင်ကော့တာ နင်တို့အလုပ်မဟုတ်ဘူး နားလည်လား"

"ဟုတ် . . . ဟုတ်ကဲ့ပါ . . . သူကြီးကတော် . . . ကျုပ် . . . ကျုပ်မေ့သွားလို့ပါ။ တောင်းပန်ပါတယ်ဗျာ . . . အဟီး"

"ရာရာစစတော် . . . ငါ့လင်များ ကောက်သလေး၊ ကော့သလေးနဲ့။ ငါ့လင်ကလည်း အိမ်မှာထက်ကို ခုမှ ပိုကော့နေပါ့တော် . . . ဖွီး . ."

"အဟိ . . ."

"အဟာတ် . . ."

"ဟိုအနာကျကောင်တွေ . . . ဘာရယ်တာလဲ . . . ထိတ်တုံးစာတွေ . . . ထိတ်တုံးစာတွေ။ ကြပ်ကြပ်သတိထားနေကြ . . . တို့"

တိုးတိုးနှင့် မကြားတကြားလေး ပြောကြတယ်။

"သူကြီးကတော်က အသားမည်းရတဲ့ကြားထဲ ငွေလက်ကောက်ဝတ်ထားတော့ အိုးဖင် နေထိုးသလို လက်နေတာပဲ" တဲ့။

"သောက်ပြားတစ်ပြားမရတဲ့ သူကြီးကတော် ဖြစ်နေလို့သာပေါ့အေ။ ရွာစားမြို့စားများဖြစ်ရင် မျက်နှာက ကောင်းကင်ချိတ်နေမှာ" တဲ့။

"သူကြီးမကြောက်ရဘူး သင်း ကြောက်နေရတယ်"

"အရှူးဘုံမြှောက်တော့ ချီးခြောက်ကောက်စားတာအေ့"

သူကြီးကတော်ကို ကြည့်မရကြပေမင့် ရှင်ဖြူနဲ့ရှင်ညိုကို ရွာသူသူငယ်ချင်းတွေက သနားကြတယ်။ ခုလည်း ပြောဆိုဝေဖန်ကြပြီ။





"အခုလာတဲ့လူတွေက ရှင်ဖြူနဲ့ရှင်ညိုကို ကတော်မယားအတတ်တွေ သွန်သင်ဖို့ လာကြတာတဲ့"

"စော်ဘွားကြီးကတော်မယားဖြစ်ရင် ချမ်းသာပြီပေါ့"

"အို . . . ရှင်မင်းမိကလည်း သူတို့က စော်ဘွားကြီးကို မယူချင်ဘူးလို့ ငါကြားတယ်အေ့"

"ဟောတော့ . . . စော်ဘွားကတော်နေရာ သူတို့က ပဇာလို့ငြင်းရသတုံး . . . အမိရဲ့"

"ရှင်ဖြူနဲ့ရှင်ညိုမှာ ပုဂံသားချစ်သူရှိတယ် . . . မယ်အုံရဲ့"

"ရဲသီဟနဲ့ ရဲဒိဗ္ဗဆိုတဲ့ ခပ်ချောချောတောင့်တောင့် အောက်မားနှစ်ဦးကိုပြောတာလား . . . ရှင်မိရဲ့၊ ညည်းစဉ်းစားလေအေ။ သင်းတို့က ချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့နဲ့ ပလီပလာပြောတာကို ရှင်ဖြူတို့ညီအစ်မ အဟုတ်သကောအေ့ . . .။ ခု သူတို့မလာတာ သုံးလပြည့်တော့မယ်ဥစ္စာ။ အလကား ပုဂံသား လူညာတွေ"

"ငါတို့ သူတို့ညီအစ်မကို သနားသအေ။ ပသူပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့သူပဲ လင်တော်ချင်သာပေါ့အေ"

ဒီလို ကိုယ်ချင်းစာစိတ်နဲ့ ပြောဆိုဝေဖန်သူ ရှိသလို . . .

မလိုသူ၊ ဝန်တိုသူတွေလည်း ရှိတာပါပဲ။

ဖိုးလုဆွယ်မယား ဒေါ်မွေစိနဲ့ သူ့သား 'ရခီး' တို့က ပိုဆိုးသေးတယ်။ သူတို့အိမ်ကိုကြွလာတဲ့ အရည်းနဲ့ တပည့်ကျောက်ဖားတို့ သိုက်တူးဖို့လာရင်း အသေဆိုးနဲ့သေတာ သိရတော့ စိတ်မကောင်းဖြစ်ရတာကိုး။

အကယ်လို့သာ ဒီအရည်းတို့ သိုက်တူးဖို့အောင်မြင်ရင် မိမိတို့လည်း အနည်းအများ ခွန့်ကြခဲ့ရင် ချမ်းသာကိန်း ဖြစ်မှာလေ။

ဘာလို့လဲဆိုတော့ အရည်းရဟန်း ဆရာတပည့်သိချင်တဲ့ ကျောက်ဘီလူးမနေရာဝန်းကျင်အကြောင်း သူတို့လင်မယားက ဦးဆုံး ပြောပြခဲ့တာ။ ကိုယ့်ပါ အဖော်လာခေါ်ရင် မနည်းဘူးရမှာ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကိုယ်မချမ်းသာဘဲ ဖြေိုးတို့မိသားစုက ချမ်းသာသွားပြီး။ ပြီး သူ့သား ရခီး။

ရခီးက ရှင်ဖြူနဲ့ရှင်ညိုကို လုံးဝကြည့်မရဘူး။

သင်းတို့က ရွာလွန်အရွဲ့တိုက်တဲ့ မိန်းမတွေ။

ရွာနွား ရွာမြက်မစားဘူးဆိုတဲ့ သဘောမျိုးနဲ့ ပုဂံသားအောက်မား နှစ်ဦးကိုမှ ရည်းစားလုပ်ကြတာလေ။

ရခီးက ရှင်ဖြူတို့ အောက်မားတွေနဲ့ ရောရောထွေးထွေး ဝင်ထွက်သွားလာ ပူးတွဲနေတာကို မျက်စိဆံပင်မွေးစူးနေတာ ကြာပြီ။

ဒီကြားထဲ ညီအစ်မတွေ ရုတ်တရက် ကံကောင်း ချမ်းသာပြီး သူဌေးသမီးတွေရယ်လို့ ရွာနီးနားတွေထဲ ကျော်စောနေတာလည်း ကြည့်မရဘူး။

ခုကြည့်စမ်း . . . စော်ဘွားက တော်ကောက်မလို့ ရောက်လာပြီ။

စော်ဘွားကတော်ဖြစ်သွားရင် သင်းတို့ မိုးမမြင် ဖလေမမြင် ဖြစ်ကြတော့မှာ။ မိမိတို့က စော်ဘွားကတော် သင်းတို့ကို တွေ့တိုင်း ကြုံတိုင်း အရိုအသေ ပေးရတော့မှာ။

ဗွီ . . . ကျည်တောင်ရွာသူဟာ ကျည်တောင်ရွာသူပဲဥစ္စာ။

အရိုအသေပေးရမှာ အော့နလုံး နာပါ့။

ဒါကြောင့် ရခီးတို့မိသားစု အခွင့်အရေးကောင်းကို ချောင်းမြောင်းနေတာ။ ဟော . . . မျှော်လင့်စောင့်စားနေရတဲ့ အခွင့်အရေး မျက်စိရှေ့မှောက်ကို ရောက်လာပါပြီဗျာ။

✿ ✿ ✿

[ ၄၀ ]

❑

ရှမ်းစော်ဘွားကြီးရဲ့ ကိုယ်စားလှယ်တော် မိုလ်မင်းခွန်နောင်နှင့် အဖွဲ့ဝင်တွေ သူဌေးဦးဖြိုးတို့ နှစ်ဆောင်ပြိုင်အိမ်ကြီးရှေ့ ရောက်လာကြတယ်။

နောက်မှာလည်း မြင်းစီး ရှမ်းလက်နက်ကိုင်တွေနဲ့။

ပြီး . . . ပေါင်းဝန်းကြီးတွေ၊ ရှမ်းဝန်တင်လှည်းက နှစ်စီး။

နွားကြီးတွေရဲ့ လည်ပင်းမှာ ရွှေချူကုံးတွေ၊ လည်တန်ဆာ၊ ရင်တန်ဆာ၊ မျက်နှာကာတွေနဲ့ ခမ်းနားလိုက်တာ။

ပေါင်းဝန်းလှည်းပေါ်ကနေ ခန့်ခန့်သန့်သန့်၊ ဖြူဖြူဝဝ အထိန်းတော်ကြီးတွေလည်း ဆင်းလာကြတယ်။

ကျည်တောင်ရွာသူကြီး ဖိုးဝေလက သူဌေးကိုရင်ဖြိုးတို့အိမ်ရှေ့ ခြံဝမှာရပ်ပြီး အသံပြုလိုက်တယ်။

ခြံတံခါးကြီး ကလန့်ထိုးလို့။

အိမ်တံခါးတွေလည်း မဖွင့်ကြသေး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ်တွေပါလိမ့်ကွယ်။ မနေ့ကတည်းက အသေအချာမှာထား၊ ပြောထားတာကို။ ဂုဏ်သရေရှိလူတွေကို အားနာစရာ ဖြစ်နေပြီ။

"ဟေ့ ... ကိုရင်ဖြိုးတို့၊ မယ်မင်းသာတို့ရေ တံခါး ဖွင့်ကြပါဦးဟ ... ဒီမှာ စော်ဘွားကြီးရဲ့ အထိန်းတော်ကြီးတွေ ရောက်နေပြီခင်ဗျ"

ဟိုတုန်းကဆို 'ကွ'တို့၊ 'ဟေ့'တို့၊ 'မင်း၊ ငါ'တို့ ပြောတာပေါ့။

ခုဟာက စော်ဘွားယောက္ခမလောင်းတွေဆိုတော့ ရှိရှိသေသေလေးသံနဲ့ ပြောရတာပေါ့။

"ရှင်မယ်ဖြူတို့၊ ရှင်မယ်ညိုတို့ ...တံခါးဖွင့်ပါဦးကွယ့်"

အိမ်ထဲက တုံ့ပြန်သံ မကြားရဘူး။

တစ်ခြံလုံး တိတ်နေတယ်။ ခွေးဟောင်မရှိ။

ဒီမှာ ရှမ်းဗိုလ်မင်းက မေးရော။

"သူကြီး ... ဘယ်လိုဖြစ်တာလဲ"

"ပြန်ထူးသံမကြားရဘူး ... ဗိုလ်မင်း ... ဟေ့ ... ကိုရင်တို့၊ ဒေါ်မယ်သာတို့၊ မယ်ရှင်ဖြူတို့ ... ထကြပါဦးဗျ ... တံခါးဖွင့်ကြပါဦး။ ဒီမှာ အိမ်ရှေ့မှာ စော်ဘွားကြီးရဲ့အဖွဲ့တွေ ရောက်နေတယ်"

လုံးဝပဲ၊ ဘာတုံ့ပြန်သံမှ ထွက်မလာဘူး။

"သူကြီး ... တံခါးကို ရအောင်ဖွင့်ပါ"

ဒါနဲ့ တပည့်ရွာသားနှစ်ဦး အကူအညီနဲ့ သစ်သားတံခါးကို ကျော်ဝင်ပြီး ကန့်လန့်မင်းတုန်းတန်းကို ဖြုတ်ဖွင့်ပေးလိုက်တယ်။

ရှမ်းဗိုလ်မင်းနဲ့ လက်နက်ကိုင်တွေ မြင်းတွေနဲ့ ခြံဝိုင်းထဲကို ဝင်လာပြီး မြင်းပေါ်က ဆင်းလိုက်ကြတယ်။

ဒီတစ်ခါ ရှမ်းဗိုလ်မင်းကိုယ်တိုင် တံခါးကိုခေါက်တယ်။

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဒေါက် ... ဒေါက် ... ဒေါက်"

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."





"ခွန်လုံ့ခွန်သာတို့ ... နောက်ဖေးဘက်ကို ဝိုင်းထားကြစမ်း"

ရှမ်းလက်နက်ကိုင်တွေ ဓားကိုယ်စီနဲ့ အိမ်ဘေးရှေ့နောက်ကို ဝိုင်းထားလိုက်ကြတယ်။ သူကြီးလည်း ရင်ထိတ်နေပြီ။ အထဲမှာ ဘာတွေဖြစ်နေကြတုံးမသိ။ ခြံဝိုင်းထဲမှာလည်း လှည်းယာဉ်ရော၊ လှည်းကြမ်းရော၊ နွားကျွဲတွေရော မရှိ။

ဘုရား ... ဘုရား ...

"ဒုန်း ဒုန်း ဒုန်း ... ဒုန်း ဒုန်း ဒုန်း"

"သူကြီး ... အထဲမှာ လူရှိပုံမရဘူး"

"ဟင် ..."

"ဟေ့ ... တံခါးကို လာဖျက်ဖွင့်ကြစမ်း"

ရှမ်းလက်နက်ကိုင် စော်ဘွားလူတွေ အိမ်ရှေ့တံခါးကို သစ်လုံးကြီးနဲ့ တိုက်ဆောင့်ဖွင့်လိုက်တော့ ရှေ့တံခါး ပွင့်သွားတယ်။ သည့်နောက် သူတို့ အိမ်ထဲအနှံ့ကို လိုက်ရှာတယ်။ သူကြီးလည်း ပါတယ်။

"သူတို့မရှိတော့ဘူး ... သူကြီး"

"အလို ..."

"သူတို့ ညကတည်းက ထွက်ပြေးသွားပုံပဲ။ ဒါ သူကြီးညံ့လို့ ပြေးကြတာ"

"အို ... ကျုပ်ပြောထားပြီးဥစ္စာပဲ ... ဗိုလ်မင်း"

"သင်းတို့ ရာဇဝတ်သင့်တော့မယ်။ ဒီမှာ ... သူကြီး သူတို့ ဘယ်အရပ်ကို ပြေးနိုင်သလဲ"

"ကျုပ်လည်း မပြောတတ်ဘူး"

"သူကြီးပါ ဒုက္ခရောက်သွားချင်သလား"

"သူတို့ပြေးဖို့ကိစ္စ ကျုပ်ကို ကြိုပြောသွားတာမဟုတ်ဘူး ... ဗိုလ်မင်း။ အရေးကြီးတာ ကျုပ်တို့၊ ဗိုလ်မင်းတို့ အချိန်ရှိတုန်း လိုက်ရှာဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဖိုးဝေလက ဒီလိုပြန်ပြောတော့ ရှမ်းဗိုလ်မင်း တိတ်သွားပြီး . . .

''အထိန်းတော်ကြီးတို့နဲ့ ရဲမက်နှစ်ဦး ဒီမှာ စောင့်နေကြ။ ကျုပ်တို့ သင်းတို့ဘယ်ပြေးသလဲဆိုတာ လိုက်စုံစမ်းမယ်။ သူကြီး . . . ခင်ဗျားမှာ မြင်းရှိလား''

''မရှိပါဘူး . . . ဗိုလ်မင်း''

''မြင်းရော စီးတတ်လား''

''အနည်းငယ် စီးတတ်ပါတယ်''

''ဟောဟို . . . ရဲမက်ရဲ့ မြင်းကိုစီးပြီး လိုက်ခဲ့''

သည့်နောက် သူကြီးလည်း လွတ်နေတဲ့မြင်းပေါ်ကို နင်းကွင်းနင်းပြီး ခုန်တက်လိုက်တယ်။ ဟုတ်တယ် . . . ကိုရင်ဖြေုးတို့ တစ်မိသားစုလုံး ညကတည်းက ဘယ်သူမှမသိအောင် ပြေးသွားကြပြီ။

သူတို့စီးနေကျ အမြန်ပြေးလှည်းယာဉ်ရော၊ စာဥပျောက် နွားသိုးနှစ်ကောင်လည်း မရှိတော့ဘူး။ အဝတ်အစားဟောင်းတွေပဲ အိမ်ထဲမှာ ကျန်ရစ်ခဲ့တယ်။

ရာဇဝတ်အိုး တုတ်နဲ့ထိုးကြပြီကိုး။

တတ်နိုင်ဘူးလေ။ သူတို့ မြင်းလေးစီးကိုစိုင်းပြီး ထွက်ခဲ့ကြတယ်။ ရွာထဲက တွေ့သမျှလူကိုလည်း ရှင်ဖြူတို့မိသားစုကို တွေ့လိုက်ကြလား မေးတော့ မတွေ့ဘူးပဲ ပြောကြတယ်။

ရွာထဲမှာလည်း ချက်ချင်း သတင်းပြန့်ကုန်ပြီ။

ရှင်ဖြူတို့မိသားစု ရွာကနေ ထွက်ပြေးသွားကြပြီ။

ရှမ်းစော်ဘွားကို လင်မတော်ချင်လို့ အဝေးကို ပြေးကြပြီ။

သူတို့နောက်ကို ရှမ်းစော်ဘွားလက်နက်ကိုင်တွေ တရကြမ်းလိုက်ရှာနေကြတယ်။ မိရင် သတ်ပစ်မယ်ကြားတယ် ဖြစ်ကုန်ပြီ။





ရွာသူရွာသားတွေ ရှင်ဖြူတို့မိသားစုအတွက် စိုးရိမ်ပူပန်ကုန်ကြပြီ။

ရှမ်းဗိုလ်မင်းတို့ ကျည်တောင်ရွာက ထွက်ခွာနီးမှာ ရွာဝင်ဝကနေ လူတစ်ဦးက လက်ယပ်လှမ်းတားတယ်။ သူတို့ မြင်းတွေကို တံ့ခနဲရပ်လိုက်ပြီး . . .

''မောင်မင်း . . . ဘာလဲ''

''ရှင်ဖြူတို့သတင်းကို ပေးမလို့ပါ . . . ဗိုလ်မင်း''

''ဟုတ်လား . . . ကောင်းတာပေါ့ကွယ်။ မောင်မင်းအမည် ဘယ်လိုခေါ်တုံးကွယ်''

''ရခီးလို့ ခေါ်ပါတယ်ခင်ဗျ''

''ကိုရင်ရခီး ပြောစမ်း''

''ရှင်ဖြူတို့မိသားစု လှည်းယာဉ်နဲ့ ဟိုးအရှေ့ဘက်ထွက်သွားတာကို ညဦးသန်းခေါင်မှာ မြင်တဲ့သူ ရှိပါတယ်။ လှည်းယာဉ် ဒုန်းစိုင်းသွားပါသတဲ့ခင်ဗျ''

''ဘယ်ရွာလို့ မောင်ရခီး ထင်သလဲ''

''ဆင်ဖြူတောင်ပတ်လည် ဝန်းကျင်က ရွာတွေပဲဖြစ်မှာပါ . . . ဗိုလ်မင်း''

''မောင်ရင် အဲဒီရွာတွေ ရောက်ဖူးလား''

''ရောက်ဖူးပါတယ်ခင်ဗျ''

''ငတို့နဲ့လိုက်ခဲ့။ ငစိုင်း . . . မင်းမြင်းပေါ် တင်ခေါ်ခဲ့''

ရခီး ငစိုင်းဆိုသူရဲ့မြင်းပေါ် ခုန်တက်ပြီး လမ်းပြလို့ လာခဲ့ကြတယ်။ သူကြီးနဲ့ မြင်းချင်းယှဉ်မိတော့ ရခီးက ပြောလိုက်တယ်။

''သူကြီး . . . အမေကျော် ဒွေးတော်လွမ်းတဲ့မျိုးကို ဖြတ်ပစ်ရမယ်ဗျ . . . သိလား''



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တစ်ရွာပြီးတစ်ရွာ ရောက်ခဲ့ကြပေမင့် ရွာကလူတွေက လူစိမ်းမလာဘူးချည်းပဲ ပြောကြလို့ ဆင်ဖြူတောင်ခြေက ရွာတွေတင်မက ဘူး၊ လှေထွင်းတောင်ခြေက ရွာတွေအထိ တစ်ရွာဝင်တစ်ရွာထွက် လိုက် ရှာကြတာ အချိန်သာကုန်ရော နေသာဝင်ရော မတွေ့ခဲ့ဘူး။

အရှေ့ပေါင်းလောင်းမြစ်အနီးက ရွာတွေကိုရှာပြီး . . .

ကျည်တောင်ရွာကို ပြန်ခဲ့ပြီ။ အထိန်းတော်ကြီးတွေကို ရွာမှာထား ခဲ့ကာ စော်ဘွားကို ပြန်အကြောင်းကြားဖို့ ရှမ်းဗိုလ်မင်းခွန်နောင် စော်ဘွား ကြီးတည်းခိုနေတဲ့ ယာယီဟော်သစ်ရှိရာကို မြင်းအပြင်း နှင်ခဲ့လိုက်တော့ တယ်။

✿ ✿ ✿

[ ၄၁ ]

❑

ရှင်ဖြူတို့မိစုကလည်း ဆင်းရဲသားလို အသွင်ယူ ရုပ်ဖျက်ပြီး ရွာ တွေမှာ ဝင်ပုန်းခိုနေကြတာ။ ရှမ်းစော်ဘွားအဖွဲ့ သူတို့နောက်ကို လိုက်ရှာ နေတာ သတင်းရတာနဲ့ ဒီရွာကနေ ဟိုရွာ၊ ဟိုရွာကနေ ကွင်းတွေထဲ ရှောင်ပုန်းနေကြတာ။

"အမေ . . . ဘယ်လိုလုပ်ကြမတုံး။ သူတို့ ရွာစုံအောင် လိုက်ရှာ နေကြပြီ။ ပေါင်းလောင်းအရှေ့ပါ လာသွားသတဲ့ . . . အမေ"

"ကိုရင် . . . ကျွန်မ . . . မော . . . မောတယ်ရှင်"

"အားတင်းစမ်းပါ . . . မယ်သာရယ်။ ငါတို့ ပုဂံကိုရောက်အောင် ပြေးမှာပေါ့"

"အမေ . . . သူတို့ ရွာဝင်ရွာထွက်တွေမှာ လူဖြန့်လူစောင့် သတင်း ပေးတွေနဲ့ စီရင်ထား သတဲ့"

"သမီး . . . အမေတို့ ဆင်ဖြူတောင်ပေါ်တက်မယ်"

"ဖြစ်ပါ့မလား . . . အမေ၊ ဆင်ဖြူတောင်က အမြင့်ကြီးလေ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီတောင်ပေါ်ကို အဖေ မောင်ရဲသီဟတို့နဲ့ ဆင်ဖြူရှာတုန်းက ရောက်ခဲ့တယ်။ လုံခြုံစိတ်ချရတဲ့ဂူတွေရှိတယ်။ သူတို့ လက်လျှော့ချိန်ရောက်မှ ပုဂံကို ပြေးကြမယ်"

အမယ်ကြီးရှင်မယ်သာက ပြေးရလွှားရလွန်းလို့ ပင်ပန်းပြီး မောနေတယ်။ သမီးနှစ်ယောက် မချစ်၊ မနှစ်သက်သူ လက်ထဲမှာ မျက်ရည်နဲ့ မျက်ခွက် ဖြစ်မှာစိုးလို့ အရဲစွန့်ပြေးခဲ့ကြရတာ။

သမီးနှစ်ဦးကလည်း ရှမ်းစော်ဘွားနဲ့တော့ လက်မထပ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်မယ် ပြောကြပြီလေ။

သမီးနှစ်ဦးကတော့ ပုဂံသားအောက်မားနှစ်ဦးအပေါ်မှာ သစ္စာစောင့်သိ ချစ်နေတုန်းပဲ။ ခက်တာက သုံးလနေရင် ပြန်လာမယ်လို့ ကတိပေးသွားတဲ့ ရဲသီဟတို့ကလည်း သုံးလစွန်းတာတောင် ရွာကို ပြန်မလာ။

နောက်ဆုံး ဖြစ်ချင်ရာဖြစ် အသက်စွန့်ပြေးခဲ့ကြရပြီ။

စော်ဘွား ယုတ်မာလွန်းတာ၊ အဓမ္မဆန်တာကို လုံးဝ ရွံရှာဆုံးပဲ။ ကြည့်စမ်း ...သင်းက သမီးချောအပျိုနှစ်ဦးစလုံးကို ယူမလို့ဆိုပြီး အားချင်း စီမံတာ။ ရက်စက်လိုက်လေ ...စော်ဘွားရယ်။

ငါ ရှင်ဘုရင်၊ ငါ စော်ဘွားပဲ။ ဘယ်မိန်းမဖြစ်ဖြစ် ငါလက်ညှိုးထိုးရင် ငါ့မိဖုရားဖြစ်ရမယ်။ ငါက သဲဖြူခင်း၊ ရာဇမတ်ကာ တစ်သောင်းတန်တဲ့ ဒေါင်းအလံစိုက်ရင် ဒါ မင်းဘဏ္ဍာလို့ ဓားမိုးချင်နေတဲ့ အာဏာရှင်တွေ။ အာဏာရဲ့တန်ဖိုး နားမလည်တဲ့ တဏှာရူး လောဘသားတွေ။

"ကိုင်း ...မယ်သာ၊ ဆင်ဖြူတောင်ပေါ် တက်ကြစို့ ...ထ"

"အား ...ကျွတ် ...ကျွတ် ..."

"အမေ ...အားတင်းပါ အမေရယ် နော် အမေ"

"ငါ့ ...ငါ့ကို ထားခဲ့ကြပါ"

"မထားဘူး ...မယ်သာ၊ ညည်းကိုငါ ကုန်းပိုးခေါ်မယ် ...ထ"

စိတ်ကူးသစ်စာပေ



ဒီလိုနဲ့ သူတို့ အရုဏ်မတက်ခင်မှာ ဆင်ဖြူတောင်ပေါ်ကို တရွေ့ရွေ့ တက်ခဲ့ကြတယ်။

မွန်းတည့်ချိန်ရောက်တော့ ကျောက်ဂူတစ်ခုကို တွေ့ပြီး ကျောက်ဂူထဲမှာ ပုန်းအောင်းနေကြပြီး ပါလာတဲ့စားစရာတွေကို ဆာလောင်မွတ်သိပ်စွာ စားကြတယ်။

ဒီနေရာကို လိုက်လာရင် ဟိုးတောင်ပေါ်ရောက်အောင် ပြေးကြရမှာပဲ။

ရှင်ဖြူတို့ စော်ဘွားတပ်သားတွေရဲ့ ရန်ကြောင့် ပြေးလွှားပုန်းရှောင်နေချိန်မှာ ပုဂံရွှေမြို့တော်မှာလည်း အုန်းအုန်းခြိမ့်ခြိမ့် ဖြစ်နေရဲ့။ အောက်မား ဆင်ဖမ်းအဖွဲ့က တောင်ငူသစ်တောထဲကနေ ဆင်ဖြူတစ်စီးလက်ရဖမ်းမိလို့ ပုဂံနေပြည်တော်ကို သယ်ယူလာချိန် ပုဂံရဲ့အဝင်လမ်းမှာ မြို့သူမြို့သားတွေ ဆင်ဖြူတော်ကို ကြိုဆိုနေကြတာရယ် မြို့လုံးကျွတ်ပဲ။ တံခွန်ဖြူတွေက တလွင့်လွင့်။

မြို့သူတွေက ဆင်တွေကို ကြဲတွေ၊ ပြောင်းဖူးတွေ လှမ်းကျွေးပြီး သဘောကျလို့။

ကျည်တောင်ရွာသား မုဆိုးလေးရှည်နဲ့ ကျောင်းတို့လည်း ဆင်ဖြူတော်ကြိုတဲ့ လူအုပ်ကြားထဲ ရောက်နေကြပေါ့။

သူတို့ ပုဂံကိုရောက်နေတာ (၁၀)ရက်ကျော် ရှိနေပြီ။

ရှင်ဖြူ၊ ရှင်ညိုတို့က သူတို့ချစ်သူ အောက်မားညီအစ်ကိုကို သွားတွေ့ပြီး မေးပါ။ သူတို့ညီအစ်မအပေါ် အမှန်တကယ် မေတ္တာရှိရင်းမှန်ရင် အမြန်လိုက်ခဲ့ပါလို့ လွှတ်တာနဲ့ ရောက်နေတာ။

ပုဂံကိုရောက်ပြီး ရှင်မထီးဘုန်းကြီးကျောင်းမှာ တည်းခိုစုံစမ်းလိုက်တော့ တောင်ငူကြိုးဝိုင်းသစ်တောမှာ ဆင်ဖြူတော်တစ်စီးပေါ်လို့ လိုက်ရှာဖမ်းနေတာ တစ်လကျော်သွားပြီတဲ့။

ဒီလိုနဲ့ ရဲသီဟတို့ကို စောင့်နေတုန်းမှာပဲ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူတော်ကို ဖမ်းမိပြီ၊ လိမ္မာအောင်ကျုံးသွင်းပြီး ရွှေမြို့တော်ကို သယ်လာနေပြီလို့ ကြားတော့ ဝမ်းသာသွားပါရော။

ဟော . . . ဟော . . . အောက်မားဆင်ဖမ်းအဖွဲ့တွေ လာနေပြီဗျ။

ရှေ့ဆုံးမှာ အောက်မားဆင်မကြီးနဲ့ ဆင်ရဲကြီးမဟုတ်လား။

သူ့နောက်မှာ စွယ်စုံဆင်ဖြူတော်။

ဆင်ဖြူတော်ရဲ့နံဘေးမှာ လှံကိုင်တွေ။

နောက်က အောက်မားဆင်တွေကို ဆင်ဦးစီးတွေကစီးပြီး တန်းစီဝင်လာတာရယ်။ အောက်မားမှူးကြီး၊ အောက်မားစာရေး၊ ဆင်မှူး၊ ဆင်ဦးစီး၊ ဆင်ထိန်းနဲ့ အောက်မားဆင်ရဲသားတွေ တန်းစီပြီး မင်းလမ်းမကြီးအတိုင်း ဝင်လာနေတာ။

ရွှေနန်းတော်ဝမှာတော့ ပုဂံဘုရင်မင်းတရားကြီး အနော်ရထာနှင့် မိဖုရားများ၊ မင်းညီမင်းသားများ၊ ဝန်မင်းများ၊ စစ်သူကြီးများက ဝမ်းသာအားရ ကြိုဆိုကြလို့။ ဒီနေရာတော့ အခြားသူမကပ်ရ။

"ရှည် . . ."

"ဘာတုံး . . . ကျော်"

"ဟောဟိုက လူခန့်ကြီးက စစ်သူကြီး ကျန်စစ်သားတဲ့ကွ။ သူ့နံဘေးက ထွားထွားကျိုင်းကျိုင်းကြီးတွေက ငထွေရူး၊ ညောင်ဦးဖီးနဲ့ လုံးလက်ဖယ်တဲ့ဟ"

"ထွားထွားခန့်ခန့်ကြီးတွေနော်"

"ပုဂံသူရဲကောင်း စစ်သူကြီးတွေကိုးဟ"

"တို့လူ အောက်မားတွေလည်း ရှာပါဦးဟ . . . ကျောင်းရ"

"ဟေ့ . . . ဟေ့ . . . နောက်ဆုံး ဆင်နောက်ကဟာ ကိုရဲသီဟမဟုတ်လား . . . ကြည့်စမ်း"

ကျောင်းလှမ်းကြည့်တော့ စုတ်ပြဲအကျႌပုဆိုး၊ သျှောင်ပွရောင်းနဲ့ မျက်ကွင်းကျနေတဲ့ လူတစ်ဦးကို တွေ့လိုက်တယ်။





"ဟုတ်တယ် . . . အဲဒါ ကိုရဲသီဟကွ။ သူ့နံဘေးကလူက သူ့ညီမဟုတ်လားဟေ့"

"ဟုတ်တယ်ဟေ့ . . . နေ . . . နေ . . . ငတို့ရှေ့ကဖြတ်မှ"

ဒီလိုနဲ့ ဆင်ဖြူတော်အပါအဝင် အောက်မားဆင်တွေ၊ အောက်မားအဖွဲ့ဝန်တွေ သူတို့ရှေ့က ဖြတ်သွားရော . . .

"ကိုရဲသီဟ . . ."

"ဟင် . . ."

"ကျုပ် မှဆိုး ရှည်လေဗျာ"

"ဟေ . . ."

"ကိုသီဟ . . . ကျုပ် ကျောင်းလေ"

"ဟာ . . . ရှည်နဲ့ကျောင်း မင်းတို့ ပုဂံကိုရောက်နေတယ်"

"ကိုရဲသီဟတို့ညီအစ်ကိုကို တွေ့ဖို့ ရောက်နေကြတာဗျာ"

"နေ . . . နေကြဦးဟေ့ . . . ငတို့ ဆင်ဖြူတော်အပ်ပြီးရင် တွေ့မယ်။ မင်းတို့ အခု ဘယ်မှာတည်းကြတုံး"

"ရှင်မထီးကျောင်းမှာဗျ"

"အေး . . . အေး . . . ငါတို့လာခဲ့မယ်ဟေ့ . . စောင့်နေကြနော်"

ရဲဒိဗ္ဗလည်း ရှည်တို့ကိုမြင်ပြီး အံ့အားလည်းသင့်၊ ဝမ်းလည်းသာနဲ့ လက်ပြပြီး ဆင်တော်တွေနောက်ကနေ လိုက်သွားတော့တယ်။

ညနေရောက်တော့ ရှင်မထီးကျောင်းတိုက်ရှိရာကို ရဲသီဟတို့ညီအစ်ကို ရောက်လာပြီး ဝမ်းသာအားရ နှုတ်ဆက်ကြလေရဲ့။

"ကဲ . . . ရှည်နဲ့ကျောင်း၊ မင်းတို့ ပုဂံကိုတောင် ဘယ်လိုအကြောင်းနဲ့ ရောက်တာတုံးဟ . . . ငါ့လူတို့ရ ဟေ"

ဒါနဲ့ ရှည်က ရှင်ဖြူတို့ညီအစ်မက သုံးလပြည့်ရင် ပြန်လာမယ် ပြောသွားပြီး ပြန်မလာကြလို့ သွားရောက်စုံစမ်းခိုင်းတဲ့အကြောင်း ရှင်းပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငရှဉ့်ရေ . . . မလာနိုင်ဆို ငါတို့ဘ၀က မင်းမှုထမ်းအောက်မား တွေကိုးကွ။ လာချင်တာပေါ့။ လာဖို့လည်း စီစဉ်ပြီးပါပြီကွာ။ ဒီမှာပဲတောင် ငှက်ကြိုးဗိုင်းရိုးမမှာ ဆင်ဖြူတော်တစ်စီး တွေ့တယ်ဆိုလို့ အရေးပေါ် ငါတို့ သွားဖမ်းရတာကွာ။ တော်သေးတာပေါ့ကွာ . . . ဆင်ဖြူ လက်ရဖမ်းနိုင်ခဲ့ လို့ပေါ့။ ကဲ . . . ပြောပါဦး၊ ရှင်ဖြူတို့များ ငါတို့ညီအစ်ကိုကို အထင်သေး မုန်းသွားပြီလားကွယ် ဟင်"

"မမုန်းပါဘူးဗျာ . . . ကိုသီဟကိုရော၊ ကိုရဲဒိဗ္ဗကိုရော သူတို့ ညီအစ်မ နှစ်ဦးစလုံးက သစ္စာရှိရှိ စောင့်နေကြတုန်းပါဗျာ။ တစ်ခုပဲမှာလိုက် တယ်။ ကိုသီဟတို့ညီအစ်ကို ပုဂံရွှေမြို့သူများနဲ့ အိမ်ထောင်ကျခဲ့ရင်လည်း ပြောလိုက်ပါတဲ့။ ဆင်ဖြူတောင်နဲ့ လေ့ထွင်းတောင် အိုမင်းရင့်ရော်တဲ့အထိ သစ္စာရှိရှိ ဆက်မေတ္တာရှိသွားမှာပါတဲ့ဗျာ"

"ဪ . . . ရှင်ဖြူရယ်"

ဒီမှာ ငကျောင်းက အားရ၀မ်းသာ ၀င်ပြောတယ်။

"ကိုသီဟနဲ့ ကိုဒိဗ္ဗရေ . . . အခု ရှင်ဖြူတို့က ချမ်းသာသွားပြီဗျား အခု သူတို့မိသားစုကို ဆင်ဖြူတောင်၀န်းကျင်ရွာတွေက သူဌေးကြီးမိသားစု လို့ ခေါ်ကုန်ကြပြီဗျ"

"ဟေ . . . ရှင်ဖြူတို့ ဘယ်လိုချမ်းသာသွားတုံး . . . ငကျောင်းရေ ကြားရတာ ၀မ်းသာလိုက်တာကွယ်။ ပြောစမ်းပါဦးဟ"

ဒါနဲ့ ငကျောင်းနဲ့ငရှဉ့်တို့ ဆင်ဖြူတောင်အရှေ့တောထဲက ရှေး ဟောင်းသိုက်စောင့် ကျောက်ဘီလူးမကြီးကောင်းမှုကြောင့် အံ့ဖွယ်ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ရရှိခဲ့တဲ့ ရွှေထည်ပစ္စည်းများအကြောင်း စုံစုံစေ့စေ့ ပြော ပြလိုက်ရော ရဲသီဟတို့ညီအစ်ကို နှစ်ဦးစလုံး အံ့သြ၀မ်းသာ ဖြစ်သွားကြ တယ်။

သူတို့ညီအစ်ကိုလည်း ဒီဖြစ်ရပ်ဆန်းကြယ်ကို ယုံချင်တယ်။





ဘာလို့လဲဆိုတော့ သူတို့ ဆင်ဖြူတောင်ကြီးပေါ်မှာ ဆင်ဖြူ တော်သုံးစီး သွားရှာစဉ်တုန်းက အလွန်ဆန်းကြယ်လှတဲ့ အဘိုးသူတော်စင် ကြီးနဲ့ အံ့ဖွယ်လျှို့ဝှက်ကျောက်ဂူကြီးတွေကို မြင်ခဲ့ ကြုံခဲ့ဖူးလို့ပါပဲ။

"မှာလိုက်သေးတယ် . . . ကိုသီဟရေ"

"ဘယ်လိုမှာတုံး . . . ငါ့လူရ၊ ပြောပါဦးဟ"

"အိမ်ထောင်မကျသေးရင် အမြန်သာ ကျည်တောင်ရွာက သူမ တို့ဆီကို လိုက်လာခဲ့ပါတဲ့။ မင်္ဂလာပွဲကိစ္စအတွက် ငွေရေးကြေးရေး ညှိခံ ရေးကိစ္စ ဘာမှသောက မရှိပါနဲ့တဲ့ဗျာ"

"ကြားရတာ ၀မ်းသာစရာပဲကွာ။ တို့များလည်း သုံးလပြည့်တော့ ပြန်လာချင်တာပေါ့ . . . ငရှဉ့်ရယ်။ သို့သော် မင်းမှုထမ်းဘ၀နဲ့ ဆင်အောက် သွားရတော့ ငါတို့ ကတိပျက်သလို ဖြစ်သွားတာပေါ့။ ခုတော့ တို့ညီ အစ်ကိုလည်း ဆုတော်လာဘ်တော်များ ရခဲ့ပြီကွယ်"

"ရရ၊ ရရ လိုက်ခဲ့တော့ဗျ။ ဟိုမှာ လွမ်းလို့ ရင်ကွဲနာကျတော့ မယ် . . . ကိုသီဟရ"

"အေး . . . ဒါဆိုလည်း ငါတို့ စီစဉ်စရာရှိတာ စီစဉ်ပြီး ငရှဉ့်တို့ နဲ့ လိုက်ခဲ့ရမှာပေါ့ကွယ်။ ဘယ့်နှယ်လဲဟေ့ . . . ညီလေး"

ဒီမှာ ညီလေးရဲဒိဗ္ဗက . . .

"ကျွန်တော်လည်း ရှင်ညိုကိုလွမ်းလို့ ရင်တွေ မီးအုံးထားသလို ဖြစ်နေပြီ . . . အစ်ကိုရေ။ ဖြစ်နိုင်ရင် ခုချက်ချင်း သွားချင်ပြီဗျ"

"မင်းကလည်းကွာ"

"အစ်ကို . . . ဘာဖြစ်လို့လဲ။ အစ်ကို မသွားချင်လို့လား . . . ဗုတ်လား"

"မဟုတ်ဘူးကွ . . . အစ်ကိုလည်း အဲလို ဖြစ်နေလို့ဟ"

"ဟား ဟား ဟား ဟား ဟား . . . တို့ညီအစ်ကိုကတော့ကွာ"

"ဟား ဟား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးဦး ကိုယ့်စကားကိုယ် သဘောကျပြီး အားရပါးရ ရယ်လိုက်ကြတာ ရှင်မထီးကျောင်းကြီးကို ဟိန်းသွားတာပဲ။

"ကိုရဲ ... မင်္ဂလာဆောင်ရင် ပရိသတ်တစ်ရွာလုံးကို ဘာကျွေးမှာတုံး ... ကိုရဲရ"

ငရှဉ့်က ပျော်လွန်းလို့ မေးရော ...

"ရွာလုံးကျွတ် လာကြမှာပဲကွ"

"ရွာနီးချုပ်စပ်မကျန် လာမှာ ... ကိုရဲရ"

"ဒါဆို ဝက်လေးငါးကောင် လောက်မှာမဟုတ်ဘူး"

"ဘယ်လောက်မှာလဲ ... ကိုရဲရ၊ ဝက် လေးငါးကောင်ချက်ကတော့ ကျုပ်တို့ကျည့်တောင်ရွာသားတွေ ဟင်းချက်ရင်း မြည်းတာနဲ့ အိုးကပ်ပဲကျန်မှာ ... ကိုရဲရ"

"ဗုဒ္ဓေါ ... မလွယ်ပါလား ... ညီလေးဒိဗ္ဗရေ"

"လောက်ငအောင်တော့ ကျွေးမှ ... အစ်ကိုရေ။ တော်ကြာ .. ကျုပ်တို့ကို ကပ်စေးနှဲပုဂံသားတွေလို့ ပြောကြဦးမယ်ဗျ"

"ဟုတ်ပြီ ... လာသမျှလူအားလုံး စားလို့လောက်အောင်ဆိုရင် ဘာကျွေးမတုံးဗျာ"

"ဆင်သုံးကောင် ပြုတ်ကြော်လုပ်ကျွေးမဟေ့"

"ဟား ဟား ဟား ဟား ဟား"

"ကိုရဲသီဟ ..."

"ဘာတုံး ... မောင်ငကျောင်းရ"

"ဆင်ပြုတ်ကြော်တောင် ဆင်သားရေနူးအိအောင် မချက်ပါနဲ့ဗျ"

"ဘာလို့တုံး ... ငါ့လူငကျောင်းရ"

"ဆင်သားရေပါ နူးအောင်ချက်ရင် ကျုပ်တို့ရွာသားတွေ နာဠာဂီရိဆင်မျိုး ငါးကောင်လောက်ချက်မှ လောက်မယ်ဗျ"

"လုပ်ဟ ... ဟား ဟား ဟား ဟား"

---

စိတ်ကူးသစ်စာပေ



"အဟတ် အဟတ် အဟတ် ... ဟား ဟား ဟား"

ညီအစ်ကိုနှစ်ဦးလည်း အရမ်းပျော်နေကြတယ်။ ပျော်လွန်းလို့ တဟားဟား အော်ဟစ်ရယ်မောရင်း အာရှင် အာသွက်နေကြတယ်။

ငရှဉ့်နဲ့ကျောင်းတို့ကလည်း သူတို့အကျိုးဆောင်ကူညီတာ အောင်မြင်ပြီမို့ ရွာအပြန် မျက်နှာပန်းလှပြီဆိုပြီး အူရွှင်နေကြချိန် ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄၂]

❑

''ဗိုလ်မင်း . . .''

''ဘာတုံးဟဲ့ . . . ငရဲခီး . . . ပြော''

''စွန်တောင်ရွာက မုဆိုးတစ်ဦးထံက သတင်းရတယ်ဗျ''

''ဟုတ်လား . . . မြန်မြန်ပြောစမ်းဟဲ့ . . . ငရဲခီးရဲ့၊ ငါတို့မှာလည်း သင်းတို့ညီအစ်မကိုမှ ပြန်မတွေ့ရင် စော်ဘွားကြီးက ငါတို့ကို ကြီးလေးတဲ့အပြစ် ပေးတော့မယ် . . . ရခီးရဲ့''

ဟုတ်တာပေါ့ . . . စော်ဘွားကြီးက ဒီလိုချောမော လှပလွန်းတဲ့ သူဌေးသမီးနှစ်ဦးကို နေ့စဉ်ညစဉ် သတိတရရှိနေတာ။

စော်ဘွားကြီးက ကတော်ဆို ချောမှ၊ လှမှ၊ ဖြောင့်မှ၊ တောင့်မှ နှစ်သက်တာ။ အနီးမှာရှိတဲ့ ကတော်မယားတွေ၊ ရံခြွေတွေကို ကြာတော့ ခံတွင်းပျက် ညည်းငွေ့လာပြီလေ။

သူ့ဘဝမှာ အာဏာရှိတယ်။

အခြွေအရံရှိတယ်။





အင်အားကောင်းတွေ ရှိတယ်။ အဖိုးတန် ကျောက်တွင်းတွေ ပိုင်တယ်။

ရွှေ၊ ငွေ၊ စိန်၊ ကျောက် တင်းတောင်းနဲ့ အပြည့်ရှိတယ်။

ဆင်၊ မြင်း၊ လယ်ယာ၊ ရတနာတွေ အမြောက်အမြားရှိတယ်။

သူ့ဘဝမှာ လက်ညှိုးညွှန်ရာ ရေဖြစ်စေရမယ်။

ကျောက်ခဲကို တံတွေးနဲ့ထွေးရင် ပန်းပွင့်ရမယ်။

ရေပြင်ကို လက်ညှိုးထိုးရင် မီးထတောက်ရမယ်။

ဒီလိုသြဇာကြီးတဲ့ စော်ဘွားကိုမှ ကျေးတောသူ အချောအလှ သူဌေးသမီးနှစ်ဦးက ဆန့်ကျင်အာခံတယ်ဆိုတာ သိရတော့ . . .

အရှက်တော် ကြီးခဲ့ပြီ။

ရာဇဝင်ရှိုင်း သမိုင်းဂုဏ်ရဲ့ ရှက်စရာကောင်းလှတဲ့ဘဝ။

သင်းတို့ကို ခုခံရင် တွေ့ရာသင်္ချိုင်း ဓားမဆိုင်းနဲ့ သတ်ခဲ့။

သင်းတို့ဦးခေါင်းပြတ်ကို ငါ တံတွေးနဲ့ထွေးပြီး ဟားတိုက်ရယ်ရမှ ကျေနပ်မယ်ဟေ့။

ရွှေလက်တစ်ဆုပ်ရှိတဲ့ ကျည်တောင်ရွာသားက သင်းတို့သမီးတွေနဲ့ ငါနဲ့ မတန်ဘူးဆိုတဲ့သဘောနဲ့ ထွက်ပြေးကြသတဲ့။

''ဟား ဟား ဟား ဟား ဟား''

ရှင်ဘုရင်နဲ့ညား မိဖုရားဖြစ်ရတဲ့ဘဝ တမာရွက်ဝါးရသလို ခါးတယ်ထင်တဲ့ ကျေးတောသူမနှစ်ယောက်။

စော်ဘွားနဲ့ညားရင် ဘုရားထူးခံ၊ စည်းစိမ်နဲ့ စံရမှာကို ကျောယားတယ်လို့တွက်ပြီး မစင်တွင်းထဲခုန်ချချင်တဲ့ မိန်းမတွေ။

ငါ့အမုန်း၊ ငါ့နာကြည်းချက်၊ ငါ့အရှက်အတွက် နင်တို့အသက်အားလုံးနဲ့ လဲရမယ်။ နင်တို့အရိုးတွေကို အမှုန့်ချေပစ်ရမယ်။

ဒါကြောင့် လေးပစ်ဖြောင့်တဲ့ လေးသည်တော်နှစ်ဦးကိုပါ ခေါ်သွားကြ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ရှမ်းဗိုလ်မင်းတို့ ရှင်ဖြူတို့မိသားစုကို မြေလှန်ရှာခဲ့တာ သုံးလေးရက်ရှိသွားပြီ။ ရှာလို့လည်း မရဘူး။ ဘယ်ရွာမှာ ပုန်းနေမှန်းမသိ မြေမြှုန်းစုံစမ်းလို့ မရ။

ဘယ်ရမှာလဲလေ . . .

ဆင်ဖြူတောင်နဲ့ လှေထွင်းတောင် ပျဉ်းမနားနယ်တစ်ဝိုက်က ရွာတွေက စော်ဘွားကို ရွံမုန်းတယ်။ ရှမ်းစော်ဘွားက ပေါင်းလောင်းနယ်မှာ ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်တာကိုး။ သူ့လူနောက်လိုက်တွေက ပိုဆိုးသေး။ ဒါကြောင့် . . . ရှင်ဖြူတို့ကို သနားကြတယ်။

ဘုရားတည်၊ ကျောင်းဆောက်တဲ့ ဘုရားဒကာမိသားစုကို လိုက်ရှာတော့ မသိဘူး၊ မလာဘူး၊ မတွေ့ဘူးပဲ ပြောကြတာပေါ့။

''ဗိုလ်မင်း . . . မုဆိုးတစ်ဦးက ဆင်ဖြူတောင်ပေါ်မှာ မိန်းမတစ်ဦး ဆံပင်ဖားလျားချပြီး ငိုနေတာ တွေ့သတဲ့ဗျာ''

''ဟုတ်လား . . . အဲဒါ ဘယ်သူတဲ့တုံး။ ရှင်ဖြူလား၊ ရှင်ညိုလား''

''အဝေးကမို့ ဘယ်သူဘယ်ဝါရယ်လို့ မသိဘူးတဲ့။ မိန်းမရွယ်က မတ်တတ်လည်းရပ်လိုက်ရော ကိုယ်ပျောက်သွားရောတဲ့''

''မင်းနှယ် . . . ရခီးရယ်၊ လူမဟုတ်ဘဲ သရဲ၊ တစ္ဆေကိုတွေ့နဲ့တူရဲ့ကွာ''

''ဆင်ဖြူတောင်ပေါ်တော့ တော်ရုံမုဆိုးတောင် မသွားရဲဘူးဗျ။ အောက်မားတွေ ကြုံခဲ့ပုံဆို အတော်ကြောက်စရာကောင်းသတဲ့ဗျ''

ဒီအချိန်မှာ ရခီးရဲ့လူရင်း ဂဠုန်ဆိုသူရောက်လာပြီး ရခီးနားကပ်လို့ တိုးတိုးပြောလိုက်တယ်။

''ဘာ . . . သေချာလား''

''ကျုပ်ကိုယ်တိုင် မြင်ခဲ့တာ။ အောက်မားက နှစ်ယောက်၊ ကျုပ်တို့ကျည်တောင်ရွာက မုဆိုးဆင့်ညို မုဆိုးငရွှဲနဲ့ ကျောင်းရော အတူတွေ့ခဲ့တာ ကိုရင်ရခီး''





သူတို့ တိုးတိုးလုပ်နေတာကို မသင်္ကာလို့ ရှမ်းဗိုလ်မင်း ခွန်နောင်က လှမ်းမေးတယ်။

''ရခီး . . . ဘာတူးလို့တုံး''

''ဗိုလ်မင်း . . . ဟိုကောင်တွေရောက်လာပြီတဲ့ဗျ . . . သိလား''

''ဘယ်သူတွေကိုပြောတုံးကွ . . . ရခီးရ''

''ရှင်ဖြူနဲ့ရှင်ညိုတို့ရဲ့ ရည်းစား ပုဂံသား အောက်မားနှစ်ယောက်ဗျ''

''မင်းတို့ပြောပြောနေတဲ့ ရဲဒိဗ္ဗနဲ့ ရဲသီဟဆိုတာလားဟေ့''

''ဟုတ်တယ် . . . ဟုတ်တယ် . . . ဗိုလ်မင်း။ သင်းတို့ကို အမြန်ဆင်းစစ်ရင် ရှင်ဖြူတို့ရှိတဲ့နေရာ သိမှာပဲ . . . ဗိုလ်မင်းရေ''

''ခု သင်းတို့ ဘယ်မှာတဲ့တုံး''

''ရှင်ဖြူတို့အိမ်ရှေ့ကို ရောက်နေသတဲ့ . . . ဗိုလ်မင်းရဲ့''

''အေး . . . တွေ့ကြသေးတာပေါ့ကွာ။ ဟဲ့ . . . သားတို့ ပြေးသဟဲ့''

ရှမ်းဗိုလ်မင်း ခွန်နောင်၊ ရခီးနှင့် ရှမ်းဓားသမားနှစ်ဦးတို့ ကျည်တောင်ရွာရှိရာကို မြင်းအပြင်း စိုင်းခဲ့လိုက်ကြတယ်။

ဒီအချိန်မှာပဲ ရဲသီဟတို့လူစုကလည်း ရှင်ဖြူတို့အိမ်ရှေ့ကို မြင်းကိုယ်စီ၊ ဓားလွယ်ကိုယ်စီနဲ့ ရောက်နေတယ်။

''ရှင်ဖြူရေ . . . ရှင်ဖြူ . . . ညီမလေး . . . ရှင်ညို . . . ''

''ရှင်ညို . . . ရေ . . . ရှင်ဖြူရော . . . မောင်ကြီးတို့ ရောက်ပြီဟေ့''

''ဗျို့ . . . အစ်မဖြူ၊ အိမ်ရှေ့မှာ အောက်မားတို့ ရောက်နေတယ်ကွ ထွက်ကြပါဦး''

ရဲသီဟတို့ အိမ်ရှေ့တံခါးရှေ့မှာ မြင်းပေါ်ကဆင်းပြီး ဝမ်းသာအားရ ခေါ်နေတုန်း ရှမ်းဘောင်းဘီဝတ်ရဲမက်တစ်ဦး ထွက်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘယ်သူတွေလဲ။ ဘာလို့ အိမ်ရှေ့မှာ ဆူဆူညံညံ အော်ဟစ်နေကြတာလဲ"

ရှမ်းသံဝဲဝဲ အသံမာမာနဲ့ မေးနေတာ။

"နောင်ကြီးရယ် ... ဒီအိမ်က ရှင်ဖြူတို့၊ ရှင်ညိုတို့နဲ့ တွေ့ဖို့လာတာပါ။ ခေါ်ပေးပါလားဗျာ နော်"

ရှမ်းရဲမက်က သူတို့လေးဦးကို စူးစိုက်အကဲခတ် ကြည့်နေတုန်းမှာပဲ ...

မြင်းခွာသံတွေ တဖြောင်းဖြောင်းကြားရပြီး ...

ရှမ်းဗိုလ်မင်း ခွန်နောင်နဲ့ ရဒီးအပါအဝင် ရှမ်းစားသမားနှစ်ဦးတို့ ရောက်လာပြီး ရဲသီဟတို့နောက်ကနေ မြင်းတွေနဲ့ ဝိုင်းထားလိုက်ကြတယ်။

ရဲသီဟတို့ကလည်း တစ်ခါဘူးမှ မမြင်ဖူးပါသော်လည်း ရှမ်းဘောင်းဘီ၊ ဓားလွယ်တွေနဲ့ မြင်းကောင်းတွေစီးထားတဲ့သူတွေကို ကြည့်ပြီး အံ့အားသင့်နေကြတယ်။

ရှမ်းဗိုလ်မင်းက မြင်းပေါ်က မေးလိုက်တယ်။

"မင်းတို့ ဘယ်ကလူတွေလဲ"

"ကျုပ်တို့ ပုဂံကလာတာပါ"

"အောက်မားဆိုသူတွေလားဟေ့ ... ဟေ"

"ဟုတ်ပါတယ်ဗျ"

"ရဲသီဟဆိုတာ ဘယ်သူတုံးကွ"

"ကျုပ်ပါ"

"သြော် ... သြော် ... ဒါနဲ့ ရဲဒိဗ္ဗကရောဟေ့"

"ကျွန်တော်ပါ"

"ဟိုနှစ်ယောက်ကရောကွ ... ပြောပါဦး"

"ကျုပ်က ငရှဉ့်ဗျ"

"ကျုပ်က ငကျောင်းလို့ ခေါ်ပါတယ်ဗျ"





"ဟင်း ဟင်း ဟင်း ဟင်း ... အာဂကောင်တွေပဲတိုး ဟိုး ... ပုဂံအောက်မားနှစ်ဦးက ဒီအိမ်ကို ဘာကိစ္စနဲ့ လာခဲ့ကြတုံးဟေ့"

"ကျုပ်တို့နဲ့ ဆွေလိုမျိုးလို ရင်းနှီးတဲ့သူတွေမို့ လာလည်ကြတာပါ"

"ဟား ဟား ဟား ဟား ... ဟား ဟား ဟား ဟား ဟား"

ရှမ်းဗိုလ်မင်းက အားရပါးရ အော်ဟစ်ရယ်လိုက်တော့ ရှင်ဖြူတို့ အိမ်ထဲမှာရှိကြတဲ့ အထိန်းတော်ကြီးတွေနဲ့ ရှမ်းအစောင့်နှစ်ဦးတို့လည်း ထွက်ကြည့်ကြရော ...

"ရှင်ဖြူနဲ့ရှင်ညို ... မင်းတို့ သိလား"

"သိပါတယ်"

"သူတို့ အခု ဘယ်ရောက်နေကြလဲ"

"အခုလာတာ သူတို့နဲ့တွေ့ဖို့ လာတာဗျ"

"ဘာ ..."

ရှမ်းဗိုလ်မင်းက မြင်းပေါ်ကနေ မျက်လုံးပြူးပြီး အော်လိုက်ပါရော။

"မှန်မှန်ပြောနော် ... အောက်မားတွေ"

"ဒီမှာ ကျုပ်တို့ ခုမှရောက်တာဗျ။ နေပါဦး ... ခင်ဗျားတို့က ဘယ်သူတွေလဲ"

မြန်မာမင်းမှူးထမ်း မဟုတ်မှန်းသိလို့ ရဲသီဟက ခပ်တည်တည်ပဲ ပြန်မေးတယ်။

"ငါတို့က စော်ဘွားကြီး စဝ်ခမ်းအိမ်ရဲ့ ရဲမက်တွေပဲ။ မင်းတို့ ဒီအိမ်ရှေ့ကို လုံးဝလာစရာမလိုဘူး။ ပြန်ထွက်သွားကြစမ်း"

"ဗျာ ..."

"ဟေ ..."

"နေပါဦး ... ကျုပ်တို့အသိမိတ်ဆွေအိမ် ကျုပ်တို့လာတာ ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား ဟား ... ဟီး ဟီး ဟီး ဟီး ဟီး ... ရယ်ရသကွာ"

"ငါ့လူအောက်မားက ဘာမှမသိသေးဘူးနဲ့ တူတယ်။ ဒါဆို ရှင်းရှင်းလင်းလင်းသိရအောင် ပြောရတာပေါ့နော်။ ဒီအိမ်က ရှင်ဖြူနဲ့ရှင်ညို ညီအစ်မနှစ်ဦးကို ငတို့စော်ဘွားကြီးက ကတော်မယားအဖြစ် တော်ကောက်လိုက်ပြီကွ ... နားလည်ပြီလား"

"ဟင် ..."

"အလို ..."

ရဲသီဟတို့ညီအစ်ကို အံ့ဩပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ဒါနှင့်အတူ အမြန်လိုက်ခဲ့ပါလို့ လာခေါ်ကြတဲ့ ရှေ့ဦးနဲ့ ကျောင်းတို့ကိုလည်း အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်တယ်။

သူတို့လည်း ကြားရချက်ကြောင့် အံ့အားသင့်၊ အံ့ဩနေတာ။

ရှေ့ဦးတို့လည်း ခုမှ ဒီကိစ္စ သိကြတာလေ။

"ဟုတ်ရဲ့လားဗျာ"

"ဟောဒါ မင်းတို့ရွာခံ ရခီးတဲ့။ မေးကြည့်"

ရှေ့ဦးက မြင်းကြီးစီးပြီး မာန်ဝံ့နေတဲ့ ကျည်တောင်ရွာသား ရခီးကို လှမ်းကြည့်ပြီး ...

"ရခီး ... ဒီရှမ်းဆရာကြီးပြောတာ ... ဟုတ်လား ... သူငယ်ချင်း"

"သိပ်ဟုတ်ပေါ့ကွာ။ တစ်ရွာလုံး တစ်နယ်လုံးသိဥစ္စာ။ မင်းတို့ မသိတာ တုံးပါ့ကွာ ... ထွီ"

"ကျုပ် မယုံဘူး"

"ကျုပ်လည်း မယုံဘူး"

ရဲသီဟတို့ညီအစ်ကိုက မာမာတင်းတင်း ပြောလိုက်ရင်း အားလုံးကို အကဲခတ်လိုက်တယ်။

"မင်းတို့ ခုချက်ချင်း အိမ်ရှေ့က ထွက်သွားကြစမ်း"





"မသွားဘူးဗျာ ... ရှင်ဖြူတို့နဲ့တွေ့ပြီး မေးမြန်းပြီး သေချာမှ ကျုပ်တို့ ပြန်မယ်"

"ဒီလိုလားဟေ့ ... သိကြရောပေါ့ကွာ"

"ရှမ်း ..."

"ရှမ်း ... ရှမ်း ..."

ရှမ်းဗိုလ်မင်းက နောက်ကျောမှာလွယ်ထားတဲ့ ရှမ်းဓားရှည်ကို နောက်ပြန် ဓားအိမ်ကနေ ဆွဲထုတ်လိုက်ရော ...

ကျန် ရှမ်းဓားသမားတွေကလည်း ဓားတွေကို ဆွဲထုတ်လိုက်တယ်။

ရဲသီဟတို့ ညီအစ်ကိုကလည်း ဓားအိမ်ထဲကဓားတွေကို ရှမ်းခနဲမြည်အောင် ဆွဲထုတ်ပြီး အသင့်ပြင်လိုက်တယ်။

"အစ်ကို ... သတိထား"

"ညီလေး ... အလစ်မပေးနဲ့နော်"

"စိတ်ချ ... အစ်ကို"

"ကျား ... ဟဲ့"

ရှမ်းဗိုလ်မင်းက သူတို့စီးတဲ့ မြင်းညိုကြီးကို ခြေနဲ့တို့ပြီး မြင်းထွက်မှာပဲ မြင်းပေါ်ကနေ ရှမ်းဓားရှည်နဲ့ ရဲသီဟဦးခေါင်းကို ခုတ်ချလိုက်တာ။

"အစ်ကို ... ဓား"

"ထန် ..."

"ရှမ်း"

မိုးခုတ်ဓားကို ညာလက်ကိုင်ဓားနဲ့ လျှပ်တစ်ပြက်ဆီးခံပြီး လှန်တင်လိုက်တာ ရှမ်းဗိုလ်မင်းဓားရော၊ မြင်းရော လည်သွားတယ်။

"ဟီး ဟီး ... ဟစ် ဟစ်"

"ဟီ ... ဟစ် ဟစ်"

"ခုတ်ကြဟေ့ ... ခုတ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ရှမ်း ..."

"ထန် ထန် ... ချွင်"

သူတို့ မြင်းပေါ်က လွှားခနဲခုန်ဆင်းပြီး ရဲသီဟတို့ညီအစ်ကိုကို ဝိုင်းခုတ်ကြတာ။ သူတို့က ဓားသမားသုံးယောက်။

ဒီက ဓားသမားညီအစ်ကိုနှစ်ယောက်။

ရှမ်းဗိုလ်မင်းက သူ့ဓားကို ဘယ်ညာနင်းခုတ်တယ်။

ရဲသီဟ နောက်ဆုတ် ဓားဆန့်ကာရင်း ဟန့်တားလိုက်တယ်။

"ကျား ..."

"ကျား ..."

"ထန်"

"သေဟ"

"ကျား"

ဓားနှစ်လက် အသွားချင်းတေ့ယှက်သွားကြပြီး သူကလည်း အား နဲ့ဖိ၊ ရဲသီဟကလည်း အားနဲ့တွန်း။

"ရှီး ... ရှမ်း"

ရှမ်းဗိုလ်မင်းက သူ့ဓားကို အားနဲ့ဆွဲချပြီး ဝိုက်ဓားအမြန်နဲ့ ရဲသီဟ ခါးကို ဓားနဲ့ပိုင်းလိုက်တာ ...

ရဲသီဟကလည်း မြန်တယ်။ ဝိုက်ဓားနဲ့ကာပြီး လှန်လိုက်တာ ရှမ်း ဗိုလ်မင်းဓားအလန် ညာတွက်ဓားနဲ့ မျက်နှာကို ဆွဲထည့်လိုက်တာ ...

"အား ..."

"ဗိုလ်မင်း ... ဗိုလ်မင်း ..."

ရှမ်းဗိုလ်မင်းရဲ့မျက်နှာကို ဓားရှပ်ဆွဲမိလိုက်တာ ဘယ်ဘက်မျက် နှာခေါင်းပေါ်ကနေ သွေးတွေရဲခနဲထွက်လာတာကို ဇရဦတို့ရော၊ ရွာထဲက ချောင်းကြည့်သူတွေပါ မြင်လိုက်ကြတယ်။

ဒီမှာ ရှမ်းဗိုလ်မင်း အရှက်နဲ့ဒေါသ ပေါက်ကွဲပြီး ဒရကြမ်း ဝင်ခုတ် ပါရော။

စိတ်ကူးသစ်စာပေ



ထိုးဓား၊ စလွယ်ပိုင်းဓား၊ ရင်လှန်ဓား၊ မိုးဓား၊ စကြာလည်ဓား ချက်တွေနဲ့ ဝင်ခုတ်တာ ...

ရဲသီဟက ဆက်ရက်ခုန်၊ မျောက်ခုန် ခုန်ရှောင်ရင်း ရှမ်းဗိုလ်မင်း ဓားဟိုက်နေတုန်းမှာ ဓားကိုခင်းကျွေးလိုက်တယ်။

ဗိုလ်မင်းက စကြာလည်ဓားကို မွှေ့ယမ်းပြီး လျှပ်တစ်ပြက် ရဲသီဟ ရဲ့ရင်ဝကို ဓားဦးနဲ့တန်းထိုး။

အသာ တစ်ကွက် ကပ်ရှောင်ဝင်ပူးပြီး ဘယ်လက်နဲ့ကာရင်းက ညာလက်က ဓားနှောင့်နဲ့ သင်းနဖူးကို ထုချလိုက်တာ ...

"ဖောင်း ..."

"အား ..."

"ဗိုလ်မင်း ... ဗိုလ်မင်း ..."

ဗိုလ်မင်းရဲ့နဖူး ဟက်တက်ကွဲပြီး နီရဲရဲသွေးတွေ မျက်လုံး၊ မျက်နှာ ပေါ် စီးကျလို့ ဒူးထောက်လဲကျသွားတယ်။

ခြံထဲက ဓားသမားတစ်ဦး ပြေးထွက်လာပြီး ရှမ်းဗိုလ်မင်းကို ပြေး ဆွဲနေသလို၊ ခြံထဲက အထိန်းတော်ရဲ့အော်သံ။

ရွာထဲက လူတွေလည်း အော်ဟစ်သတိပေးနေကြတယ်။

"အောက်မားတို့ ... ပြေးတော့"

"ကိုရဲသီဟ ... ရှောင်ပြေးကြတော့"

ရဲသီဟ သူ့ညီကို ညှပ်ခုတ်နေတဲ့ ဓားသမားနှစ်ဦးဆီ လှမ်းကြည့် လိုက်တယ်။ ရှမ်းဓားသမားနှစ်ဦး ဝင်မခုတ်ရဲကြဘူး။ အဝေးကနေ လှမ်း ခုတ်လိုက်၊ ဆုတ်လိုက်။

ရဲဒိဗ္ဗက ရှေ့လူခုတ်မလိုဟန်နဲ့ နောက်ကဝင်လာတဲ့ ရှမ်းဓားသမား ကို ဓားရှည်နဲ့ လှမ်းထောက်လိုက်တာ ရှမ်းဓားသမားလန့်သွားချိန် မြေကြီး ကို ခြေဦးနဲ့ကော်ပြီး ကြောက်လန့်နေတဲ့ ဓားသမားရှိရာ ပက်ထည့်လိုက် ရာ ရှမ်းဓားသမား မျက်လုံးနဲ့ပါးစပ်ထဲ မြေကြီးမှုန်တွေဝင်ပြီး တဖူးဖူးဖြစ် နေချိန် ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ဓားကိုင်လက်ကို ဆတ်ခနဲ လှမ်းခုတ်လိုက်တာ အားခနဲအော် ပြီး ဓားလွတ်အကျ၊ ခုန်ပြီး မျက်နှာကို ကန်လိုက်တာ ...

"ဖောင်း ..."

"အား ..."

ဒီမှာ ရခီးက မြင်းကိုဒုန်းစိုင်းပြီး အခင်းဖြစ်တဲ့နေရာကနေ ပြေး ထွက်သွားတော့တယ်။

"ကိုရဲသီဟ ... အမြန်ပြေးကြမှဖြစ်မယ်။ ဟိုကောင် အကူသွား ခေါ်ပုံရတယ်။ မြင်းပေါ် တက်ပါတော့"

ရှေ့ဦးနဲ့ ကျောင်းကလည်း အခြေအနေကြမ်းလာမှန်း သိလို့ ဒီ နေရာကရှောင်ဖို့ အော်နေပြီ။

"ညီလေး ... ရှောင်ကြစို့ဟေ့"

သူတို့လေးဦး မြင်းတွေပေါ် လွှားခနဲခုန်တက်ပြီး လဲပြိုနေသူတွေ ကို မြင်းတွေနဲ့ ခုန်ကျော်ကာ အလွတ်ရှောင်ပြေးကြတော့တယ်။

ရွာသူရွာသားတွေကလည်း စိုးရိမ်တကြီး အော်ကြရဲ့။

"အောက်မားတို့ ... ဒီရွာကိုမလာနဲ့၊ ပြေးတော့"

ရဲသီဟက မြင်းကိုဆွဲရပ်ပြီး ရွာသားတစ်ဦးကို မေးလိုက်တယ်။

ဒီလူကြီးတွေက ဆင်ဖြူတော်လာဖမ်းတုန်းက ရင်းနှီးခဲ့သူတွေ။

"ဦးကြီး ... ဦးကြီး ..."

"အောက်မား ... ပြေးတော့"

"ဦးကြီး ... ရှင်ဖြူတို့မိသားစုရော ဘယ်မှာရှိလဲဟင်"

"မသိဘူး ... သူတို့လည်း စော်ဘွားရန်ကြောက်ပြီး ရွာစဉ် လှည့် ပြေးပုန်းနေတာပဲ။ ဒီမှာအောက်မား ..."

"ပြောပါ ... ဦးကြီး ... ပြော"

"သူတို့ထဲက လေးသမားနှစ်ဦးပါတယ် သတိထားပါ။ အရဲမစွန့် ပါနဲ့"

"ကျေးဇူးပါပဲ ... ဦးကြီး"





"အကယ်လို့ ရှင်ဖြူတို့ကို တွေ့ရင် ကျွန်တော်တို့ညီအစ်ကိုရောက် လာပါပြီ။ လိုက်ရှာနေတယ်လို့ ပြောပေးပါနော် ... ဦးကြီး"

ရဲသီဟ တွေ့တဲ့ ရင်းနှီးမျက်မှန်းတန်းမိသူများကို မေးမြန်းမှာကြား ပြီး လေးဦးသား မြင်းတွေကို အပြင်းစိုင်းခဲ့ကြတော့တယ်။

"အစ်ကို ... ကျွန်တော်တို့ ဘယ်လိုရှောင်ကြမှာတုံး"

"နီးရာတောထဲကို ဝင်ကြမယ်။ ငါတို့ ရှင်ဖြူတို့မိသားစုကို ကယ် မှရမယ် ... ညီလေး။ တောက် ... မိုက်ရိုင်းလိုက်တဲ့ စော်ဘွားကွာ။ ဒီ နယ်က မြန်မာမင်းပိုင် နယ်စပ်ကွ။ တွေ့ကြသေးတာပေါ့ ... စော်ဘွား ရာ"

သူတို့ တစ်ကိုယ်လုံး ချွေး၊ ဖုန်တွေနဲ့ ပေလူးညစ်ပေနေပြီ။

မြင်းတွေလည်း ချွေးစိုရွှဲပြီး ပန်းနေပြီ။

သူတို့ အိမ်ရာလုံးဝမတွေ့ရတဲ့ တောအုပ်ထဲကို မြင်းတွေနဲ့ ဝင်ခဲ့ လိုက်ကြတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄၃ ]

ရှမ်းဗိုလ်မင်းလည်း မျက်နှာကဒဏ်ရာကို သန့်စင်ဆေးထည့်ပြီး အနာမကျက်သေးဘဲနဲ့ ရဲသီဟတို့နောက်ကို အဖော်ဓားသမား၊ လေးသမားတွေနဲ့ ဒေါသတကြီး လိုက်ခဲ့တယ်။

သူ ရှက်လည်းရှက်၊ နာလည်း နာနေပြီ။

စော်ဘွားက ကြိမ်းမောင်းဆူပူတာတစ်မျိုး ...

ရှင်ဖြူတို့ကို မမိရတဲ့ကြားထဲ ရှင်ဖြူတို့ရဲ့ရည်းစား ပုဂံအောက်မားတွေနဲ့ ရွာလူအများရှေ့ ဓားခုတ်ပွဲဖြစ်လိုက်ရပြီး ဒဏ်ရာရခဲ့တော့ ယမ်းပုံမီးကျ ဒေါပွရတော့တာပဲ။ သူများနယ်မှာ ဒီလိုဖြစ်ရတာ ခံပြင်းလွန်းလို့ အံကြိတ်တောက်ခတ်။

သူကြီးဦးဝေလကိုလည်း ခေါ်ကြိမ်း၊ ဆဲရေးတိုင်းထွာ လုပ်ခဲ့သလို တွေ့ရာလူတွေကိုလည်း ခေါ်ရိုက်စစ်မေး လုပ်တော့တယ်။

ရွာသူရွာသားတွေက ရှမ်းလက်နက်ကိုင်တွေကို သူသွမ်း၊ အဓမ္မသားတွေလို့ပဲ မြင်တယ်။ သို့သော် နီးရာဓားမို့ ကြောက်နေတယ်။





ရခီးကလည်း ရွှေစင်ငွေစလေး ချီးမြှင့်ခံရတော့ ရှမ်းဗိုလ်မင်းနိုင်းသမျှ အကုန်လုပ်ပေးတယ်။

ထန်းရည်ခါးလိုချင် ထန်းရည်ရှာပေးတယ်။

သူ ဝမ်းသာနေတယ်လေ။ ရှင်ဖြူတို့ ခွေးပြေးဝက်ပြေး သေပြေးရှင်ပြေး ပြေးပုန်းနေရပြီ။ အလုမာန်တက်ပြီး တစ်ရွာသားကို ရည်းစားထားလင်တော်ချင်တဲ့ မိန်းမတွေ မှတ်ရော။

သူတို့မိသားစု ချမ်းသာရမည့်ဂွင်ကို ကြားဖြတ်ရယူပြီး သူ့ဒွေးအခေါ်ခံချင်တဲ့ ဖြူးတို့လည်း အိမ်ပစ်၊ ယာပစ်ပြီး သေမည့်နေ့ကို စောင့်နေရပြီ။

ငါတို့မိသားစုကို ကျောချင်တဲ့သူတွေ ခု ရခီးအကြောင်း သိရပြီပေါ့။

"ဗိုလ်မင်း ..."

"အေ့ ... ဝေ့ ... ဘာလဲ ... ရခီး"

"ကျုပ်တို့ ပုဂံသား အောက်မားနှစ်ဦးကိုတွေ့ရင် ဟိုမိန်းမတွေကိုလည်း မိမှာပဲ ... ဗိုလ်မင်း"

"အဲဒါ မင်းပြောမှလား ... ဖွီ ... ဘယ်မှာလဲ ဟိုပုဂံသားနှစ်ယောက်ရဲ့ သဲလွန်စ"

"မကြာဘူး ရရပါစေ့မယ် ... ဗိုလ်မင်းရယ်။ ကျုပ်လူတွေလည်း ရှာအနှံ့ လွှတ်ထားပါတယ်ဗျ"

"အေး ... ဒီကောင်တွေ ပြေးနိုင်ရင် ပုဂံပဲကွ။ တွေ့ရင်တော့ အားလုံးကို စဉ်းကောပစ်မယ်ဟေ့"

"ဗိုလ်မင်း ခု ... မနေ့တုန်းက တိုက်ပွဲမှာတုန်းက ကျုပ်လက်ထဲ ဓားမရှိလို့ပေါ့ဗျာ။ ဓားသာရှိရင် နှစ်ခေါင်းလောက်ဖြတ်ပစ်မှာ ... ဗိုလ်မင်းရ"

"မင်းက ..."



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မင်းက လေလုံးထွားနေတဲ့ရခီးကို ထန်းရည်ခိုးဝေတဲ့ မျက်လုံးနဲ့ စိုက်ကြည့်ပြီး မေးတယ်။

“ဟုတ်တာပေါ့ဗျာ”

“ထို ...”

“အဟီ”

“အဟေ ... ဟေ့ ... ဟေ”

ဗိုလ်မင်းက ရခီးမျက်နှာကိုကြည့်ပြီး သောက်လက်စခွက်ထဲက ထန်းရည်နဲ့ ပက်လိုက်တယ်။ ကျန်တဲ့ ရှမ်းလက်နက်ကိုင်တွေကလည်း တခိခိ တခစ်ခစ်နဲ့ ရယ်ကြရော ရခီး မျက်စိမျက်နှာ ပျက်နေပါရော။

“မင်းက ဓားခုတ်တတ်လို့လား ... ရခီး”

“အရည်းတွေ ခေတ်ကောင်းတုန်းက အနည်းငယ် သင်ဖူးပါဗျ”

“ကောင်းပြီ ... ငါ ဓားတစ်လက်ပေးမယ်၊ ဟိုဝရမ်းပြေးတွေထဲက တစ်ခေါင်းဖြတ်နိုင်ခဲ့ရင် မင်းကို ရွှေလက်စွပ်တစ်ကွင်းပေးမယ်”

“တ ... တကယ်လား ... ဟင် ... ဟင်”

“အကယ်လို့ မင်းခေါင်းအဖြတ်ခံရရင် မသာစရိတ်တောင် လုံးဝ မပေးဘူး ... ကြားလား”

“ဟာဗျာ ...”

“ဟား ဟား ဟား ဟား ဟား”

“အဟတ် အဟတ် အဟတ် အဟတ်”

“ဟား ဟား ဟား ဟား ... ဗိုလ်မင်းဗျာ ... မသာချရင် မြေချကို အရည်းရဟန်းနဲ့ပဲချတာ ကောင်းမယ်ဗျ နော်”

“ဟား ဟား ဟား ဟား ဟား”

“ဟော့ကောင် ... ရခီး”

“ဗျာ ... ဗိုလ်မင်း”

ရခီးက သင်းတို့ကို မကြည့်သလို ကြည့်ရင်းက ထူးလိုက်တယ်။

“မင်းကောင်မှုဆိုး ... ဘယ်သူ ...”





“တေရော်ပါ ... ဗိုလ်မင်း”

“လာမယ်ဆိုပြီး ခုထိ မရောက်သေးပါလားကွ ... အေ့ ... ဂေ့”

ရခီးက ထန်းတောအဝင်လမ်းကို လှမ်းမျှော်ကြည့်နေတုန်း လှံရှည်ကိုင် လူကြမ်းတစ်ဦးလာနေတာကို တွေ့လိုက်လို့ ...

“ဗိုလ်မင်း ... လာနေပြီဗျ။ ဟော့ ... တေရော်၊ ဒီကိုလာဗျ”

ဂင်တိုတိုမည်းမည်း၊ မျက်နှာလေးထောင့် ခေါင်းတုံးနှင့် မုဆိုး တေရော် ထန်းရည်ဝိုင်းကို ဝင်လာလိုက်တယ်။

“တေရော်က မင်းလား”

“ဟုတ်ဗျ ...”

“တစ်နေ့တုန်းက ဆင်ဖြူတောင်ပေါ်မှာ မိန်းမတစ်ယောက်တွေ့ဆို ... ဟုတ်လား”

“ဟုတ်တယ်ဗျ ... ကြည့်နေတုန်း ပျောက်သွားတာပဲ”

“လူလား၊ တစ္ဆေလား ... တေရော်”

“တစ္ဆေပဲလား မသိဘူးဗျ။ ဒီနေရာက တောကြမ်း၊ နတ်ကြမ်းကြီးဗျ”

“မင်းကတော့ တောကြမ်းနတ်ကြမ်းလည်း မကြောက်ဘူး မဟုတ်လား။ ငါကြည့်တာနဲ့ သိပါတယ် ... တေရော်ရာ ... ဟင်း ဟင်း ဟင်း”

“အဲ ... အဲ ... အဟဲ ... အဲ ... ကျုပ် မကြောက်ပေါင်ဗျာ”

မုဆိုး တေရော်လည်း အမြှောက်ကြိုက်ပဲ။

ဒီမှာ ဗိုလ်မင်းက ပြုံးထေ့ထေ့နဲ့ မေးတယ်။

“မင်း ထန်းရည်သောက်တတ်သလား”

“နည်းနည်းပါးပါး စားကောင်းရုံတော့ သောက်သဗျ”

“ဟုတ်လား ... ချကွာ ... ပျော်ပျော်ပါးပါးပေါ့ ... ရော့”



www.burmeseclassic.com

www.burmeseclassic.com



တရော် အားနာပါးနာနဲ့ ကမ်းပေးလာတဲ့ ထန်းရည်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး ပါးစပ်ကို လက်နဲ့သပ်လိုက်တယ်။

"ဘယ့်နှယ်လဲကွ ... တရော်၊ ကောင်းရဲ့လားဟ"

"ဒါ ငှက်ခါးတောင် ပင်ကျပဲဗျ ... မင်းကြီးကြိုက်ပဲ"

"သောက်ကွာ ... ရော့ ..."

"မလုပ်ပါနဲ့ဗျာ ... တစ်ခွက်ဆို တော်ပြီဗျ"

"ဒီတစ်ခွက်တော့ သောက်ပါကွာ"

ဒီလိုနဲ့ တော်ပါပြီ၊ နှစ်ခွက်ဆို မူးသွားမယ် မလုပ်ပါနဲ့၊ ဗိုလ်မင်းတို့ သောက်ပါ ...။ အားလိုက်တာဗျာ ... ကျုပ်မူးရင် အိမ်ကမိန်းမက မကြိုက်ဘူးနဲ့၊ နောက်ဆုံး ထန်းရည်ကို မြူးအိုးလိုက် မော့ပါလေရော။

လူလည်း အားနာပါးနာသောက်ရင်း မူးနေပြီ။

"တရော် ..."

"ဗျ ... အေ့ ... ဂေ့ ..."

"မင်း ဆင်ဖြူတောင်ပေါ်မှာ တွေ့ခဲ့တာ လူလား၊ သရဲတစ္ဆေလား"

"အေ့ ... ဂေ့ ... လူ ... လူလို့ ထင်တာပဲဗျ ... ဂေ့"

"ချောလားကွ ... အရွယ်ကရောဟေ့"

"နည်းနည်းဝေးတော့ သိပ်မထင်ရှားဘူးဗျ။ လုံးကြီး ... ပေါက်လှ ... ပုံမျိုးပဲ ... အေ့ ... ဂေ့"

"မင်းမိန်းမနဲ့ဆို ဘယ်သူက ပိုတောင့်တုန်းဟ ... တရော်လေးရ ... အေ့ ... ဂေ့"

"အဲ ... အဲ ... ကျုပ် ... ကျုပ် ... အေ့ ... ကျုပ်မိန်း ... မိန်းမတော့ ... ဘယ် ... ဘယ်မှာတုံး ... ဗိုလ်မင်းရ ... ဂေ့"

"ဟား ဟား ဟား ဟား ... အပြောကတော့ ပြိုင်စံရှားပဲဟေ့"

"ဟား ဟား ဟား ဟား"

"ဒီမှာတရော် ... ငါပြောတာ နားထောင်"





"ပြောပါ ... ဗိုလ်မင်း ... အေ့ ... ဂေ့"

"မင်းက မုဆိုးဆိုတော့ တောကျွမ်းတယ်။ အဲဒီဆင်ဖြူတောင်ပေါ်ကို တက်ပြီး စုံစမ်းစမ်းကွယ်။ ရော့ ... ဒါ ရွှေလက်စွပ်၊ မင်းအတွက် ကွယ့်"

"ဗျာ ..."

တရော် ဝင်းလက်နေတဲ့ ရွှေလက်စွပ်ကို ဆတ်ခနဲလှမ်းယူပြီး အအံ့တသြ ကြည့်နေလိုက်တယ်။

သူ့ဘဝမှာ ရွှေလက်စွပ်မပြောနဲ့ ငွေစငွေနတောင် မမြင်ဖူးသလောက်ဆိုတော့ ရွှေလက်စွပ်ကိုကြည့်ပြီး ဝမ်းသာလို့။

"ဗိုလ် ... ဗိုလ်မင်း ... ဒါ ... ဒါ ... ကျုပ် ... ကျုပ်ကို ... ပေး ... ပေးတာ"

"ဟုတ်ပ့ဗျာ ... နောက်လည်း ပေးဦးမှာဗျာ"

"ဟင် ... ဒါ ... ဒါဆို ... ကျုပ် ... ကျုပ် ... ဘာ ... ဘာလုပ်ပေးရမလဲ ... ဟင် ... ဟင် ... အားမနာနဲ့ဗျာ ... ပြော ... ပြောပါဗျ ... ပြောပါ ... ဗိုလ်မင်းရ"

"ဆင်ဖြူတောင်ပေါ်တက်စုံစမ်း။ မိန်းမသုံးယောက်နဲ့ ယောကျ်ားတစ်ယောက် တောင်ပေါ်မှာ ရှိနိုင်တယ်။ နောက်ထပ် ယောကျ်ားလူရွယ်နှစ်ယောက်ပါ ပေါင်းရင် အားလုံး ခြောက်ယောက်ပဲ။ မင်း ရှင်ဖြူနဲ့ရှင်ညိုကို မြင်ဖူးသလား"

"မြင်ဖူးတာပေါ့ဗျာ ... သူဌေးမတွေဗျ၊ ပြီး မိန်းမချောတွေပဲဗျ"

"အေး ... ဟုတ်တယ်၊ တောင်ပေါ်မှာ သူတို့ကိုတွေ့ရင် ငါ့ကို လာအကြောင်းကြား။ သေချာရင် မင်းမိန်းမအတွက် ကျောက်နီရွှေနားကပ် ပေးမယ်ဟေ့"

"စိတ်သာချ ... ဗိုလ်မင်း၊ ကျုပ် နက်ဖြန် ဆင်ဖြူတောင်ပေါ် တက်ပြီး လိုက်ရှာမယ်"

"သောက် ... စိတ်ကြိုက်သောက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ထန်းရည်ကို သူတို့ မူးယစ်နေအောင် သောက်ကြပြီး လူစုခွဲလိုက်ကြတယ်။ မုဆိုးတေရော် မူးမူးယိုင်ယိုင် ရွှေလက်စွပ်ကို ဆုပ်ပြီး အိမ်အရောက်ပြန်ခဲ့လိုက်တယ်။

ရွှေလက်စွပ်များ မြင်ရင် သူ့မယားမယ်ပို ဝမ်းသာပြီး ခုန်နေမှာ။ သူဝမ်းသာပြီးခုန်မှ ညကျရင် . . . အဟီး။ မယ်ပိုရေ . . . ညကျရင် နင်တော့ မယ်ပိုဖြစ်အောင်ကို ငါတော့ အားရပါးရ ချစ်လိုက်မယ်ဗျာ . . . အဟေ့ . . . ဂေ့ . . . အေ့။

✿ ✿ ✿

|၄၄|

❑

ရဲသီဟတို့ပုန်းခိုနေတဲ့ တောစပ်ကို ခေါင်းတုံးနဲ့ တစ်ကိုယ်လုံး ရွှံ့တွေပေလူးနေတဲ့ လူတစ်ယောက် ငါးသိတ္တဲတစ်တွဲနဲ့ လာနေတာကို ငရှည်က မြင်လိုက်တယ်။ ဒါနဲ့အတူ စိုးရိမ်သွားတယ်။

ရှမ်းစော်ဘွားရဲ့လူလား။

ငါးရှာ၊ ဖားရှာသမားလား မသိရဘူး။

ခေါင်းတုံးကြီးက တောစပ်ကပြောင်းရွက်တွေကိုခူးရင်း ဟိုကြည့်ဒီကြည့်နဲ့ မသင်္ကာစရာ။

မုဆိုးငရှည် ရဲသီဟတို့ရှိရာကို ပြေးသွားပြီး ပြောလိုက်တယ်။

“ကိုရဲသီဟ . . . ခေါင်းတုံးနဲ့ ငါးဖားရှာတဲ့လူတစ်ယောက် တောစပ်မှာ ဟိုကြည့်ဒီကြည့် လုပ်နေတယ်။ ကျုပ် မသင်္ကာဘူး”

“ဟုတ်လား . . . ကျောင်း မြင်းတွေကို နေရာရွှေ့ထား”

သူတို့ ဆောင်စားတွေကို ဓားအိမ်ကဆွဲထုတ်ပြီး သပိပင်ကြီးအကွယ်ကနေ ချောင်းကြည့်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့လက်ထဲမှာလည်း နာမည်ကျော် အမဲလိုက် လေးမြားနှင့် အမဲလိုက်ဓားမြှောင်ပါ ရှိနေပြီး ...

ကျောင်းလက်ထဲမှာတော့ အမဲလိုက်လုံ့ရှည်နဲ့။

ဒီလက်နက်တွေက သူတို့ ညဘက် သူတို့အိမ်တွေက တိတ်တဆိတ်ဝင်ယူလို့ရတဲ့ လက်နက်တွေ။ သူတို့လည်း ရှမ်းလက်နက်ကိုင်တွေနဲ့ ရန်သူဖြစ်သွားကြပြီလေ။ ဘဝက မထူးတော့ဘူး။

"ဘယ်မှာတုံး"

"ဟို ... ကင်ပွန်းချုံနံဘေးမှာ"

"တိတ်တိတ်နေ"

ရဲသီဟ ခြေသံဖော့ပြီး လူရိပ်မပေါ်အောင် ရွှံ့တွေပေလူးနေတဲ့ ငါးတွဲနဲ့ ခေါင်းတုံးကြီးရှိရာ နောက်ကနေ ဝင်ပြီး ပါးစပ်ပိတ် လည်ပင်းညှစ်ပြီး ကျွန်းပင်ကြီးအောက်ကို ဆွဲခေါ်လာခဲ့လိုက်တယ်။

လူကြီး အသံမထွက်နိုင်ဘဲ ယက်ကန်ယက်ကန် ပါလာတယ်။

ရှေ့က အမဲလိုက်ဓားမြှောင်နဲ့ ရွှံ့ပေခေါင်းတုံးကြီးရဲ့ ရင်ဝကို ထောက်ပြီး ...

"မအော်နဲ့နော်။ အော်ရင် သေပြီသာမှတ်"

ရဲသီဟက ပါးစပ်ပိတ်ထားတဲ့ လက်ကို လွှတ်ပေးလိုက်ရော ရွှံ့ပေခေါင်းတုံးကြီးက မရုန်းကန်ဘဲ သူ့မျက်နှာကို ကြည့်တယ်။ တစ်ကိုယ်လုံး ခေါင်းရော၊ မျက်နှာရော၊ ပုဆိုးရော ပေလူးညစ်ပတ်နေတာပဲ။

"ခင်ဗျား ဘယ်သူလဲ။ ဒီနေရာမှာ ဘာခိုးကြောင်ခိုးဝှက် လုပ်နေတာလဲ။ မှန်မှန်ပြော ... မပြောရင် သတ်ပစ်မယ် ... ပြော"

ဒီမှာ ရွှံ့ပေခေါင်းတုံးကြီးက ...

"မောင်သီဟ ..."

"ဟင် ... ခင်ဗျား ... ကျုပ်နာမည် သိနေတယ်။ ခင်ဗျား ဘယ်သူတုံး"

"ရှင်ဖြူတို့အဖေ ကိုရင်ဖြေးပါ ... မောင်သီဟ"





"ဟာ ... ဦးကြီး ... ဦးကြီးဖြေး ... ဝမ်းသာလိုက်တာ ... ဦးကြီးရာ"

"တော်ပါသေးရဲ့ဗျာ ... ရန်သူ့လူမှတ်ပြီး သတ်မိရင် ဒုက္ခပဲဗျာ။ တော်ပါသေးရဲ့ ... ကန်တော့ပါရဲ့ ဗျာ။ ဦးကြီး ... ဟို ... ဟို ... ရှင်ဖြူ ... ရှင်ညိုတို့ရော ... ဟင် ... ဟင်လို့ ..."

"ဆင်ဖြူတောင်ပေါ်က ဂူထဲမှာ အားလုံးပုန်းနေကြတယ် ... လူလေး။ ဦးကြီး ပြေးလမ်းကြောင်း သင့်မသင့် ခေါင်းတုံးတုံး၊ ရွှံ့လူး ရုပ်ဖျက်ပြီး ထွက်လာတာ။ မောင်သီဟတို့နဲ့တွေ့ရတာ ဝမ်းသာလိုက်တာ .. လူလေးရယ်။ ဟို ... ဟို ... မောင်ဒိဗ္ဗရော"

"ရှိတယ် ... ဦးကြီး ... လာ ... လာ"

ကိုရင်ဖြေးဟာ ရဲဒိဗ္ဗတို့ကိုပါ မြင်ရရော အားရဝမ်းသာဖြစ်ပြီး ပြေးခဲ့ရတဲ့ ဖာတ်ကြောင်းစုံကို ရှင်းပြလိုက်တယ်။

"ဦးကြီး ... ကျွန်တော် တောင်ပေါ်ကို လိုက်ခဲ့မယ်"

"အစ်ကို ... ကျွန်တော်လည်း လိုက်မယ်"

"ညီလေး ... မင်း မလိုက်ခဲ့နဲ့ဦး။ မင်းနဲ့ရှေ့နဲ့ အခြေအနေကြည့်ပြီး ဒီကစောင့်။ ရှေ့ရေ ..."

"ဗျာ ... ကိုရဲသီဟ"

"တို့များ အခြေအနေကြည့်ပြီး ပုဂံကို ပြေးမှာမို့ လှည်းကြမ်းရရ၊ လှည်းယာဉ်ရရ ရှာလို့ရရင် ရှာပြီး ဖွက်ထား။ ပြီး မင်းအစ်ကို မုဆိုးဆေင့်ကိုပါ ခေါ်လို့ရရင် ခေါ်ထား။ ရော့ ... လိုသလိုသုံးဖို့ ငွေစယူထား"

"စိတ်ချ ... ကိုသီဟ၊ ကျုပ် ကြိုးစားမယ်ဗျာ"

"ညီလေး ..."

"အစ်ကို ..."

"ဖြစ်နိုင်ရင် နက်ဖြန်မိုးမလင်းခင် ရှင်ဖြူတို့မိသားစုကို ခေါ်ပြီး ပုဂံကို ပြေးကြမယ်။ လိုလိုမည်မည် အသင့်လုပ်ထား။ အစ်ကိုတို့သွားမယ် နော် ... ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



"သွား ... အစ်ကို၊ သတိဝီရိယနဲ့ သွားနော် ... အစ်ကို"

ရဲသီဟ၊ ကျောင်းနှင့် ဦးဖြိုးတို့ဟာ ချုံတွေ၊ နွယ်ပင်တွေ၊ လျှော်ရိုင်းပင်တွေကို အကာအကွယ်ယူပြီး သွားလိုက်ကြတာ ထမင်းတစ်အိုးကျက်ခန့်အကြာတော့ ဆင်ဖြူတောင်ပေါ်ကို စတက်လာနိုင်ခဲ့တယ်။

တော်သေးတယ်။ အချိန်က နေလုံးပျောက်ပြီး တောရိပ်နဲ့ မှောင်သွားခဲ့လို့။

ဒီတောင်တက်လမ်းက ရဲသီဟတို့ ဆင်ဖြူတော်ဖမ်းတုန်းက သွားခဲ့တဲ့လမ်း။ ဆင်သွားလမ်း။ သူတို့သုံးဦး သစ်ပင်ကြီးတွေ၊ ကျောက်တုံးတွေ၊ ကျောက်စွယ်ကမ်းပါးတွေကို ကျော်ရင်း အတန်ကြာတော့ မြက်ရိုင်းရှည်တွေနောက် ကျောက်ကုန်းမြင့်အောက်က ဂူထဲကို ရောက်ခဲ့ကြတယ်။

ဦးကြီးဖြိုးက လက်ခုပ်သုံးချက်တီးလိုက်တော့ မှောင်မည်းနေတဲ့ ဂူထဲကနေ ...

"အဖေလား ..."

"အေး ... လာဟေ့ ... မောင်သီဟ"

ဂူကကျဉ်းပြီး မှောင်နေတော့ ရှင်ဖြူက နောက်ကပါလာတဲ့လူတွေကို မြင်ပြီး ရင်တုန်သွားရင်းက ...

"အဖေ ... နောက်က ဘယ်သူတွေတုံးဟင်"

"မောင်ရဲသီဟတို့ သမီး"

"ဟင် ... အစ်ကိုသီဟ ... မောင်ကြီး ... မောင်ကြီး"

"ရှင်ဖြူ ... နှမလေး"

"အို ... မောင်ကြီးရယ်"

ရှင်ဖြူ မရှက်နိုင်တော့ပါဘူး။ ဒီချစ်သူအတွက် အသက်နဲ့ရင်းပြီး တစ်မိသားစုလုံး ရှမ်းစော်ဘွားကို ဆန့်ကျင်လာခဲ့ကြတာ။

သူဆင်းရဲလို့ဝတ်စားပြီး ထမင်းနစ်မမှန်၊ အသက်လုပြေး၊ ရှောင်ပုန်းပြီး မျှော်ခဲ့ရတာ။





မချစ်မနှစ်သက်သူရဲ့ ရင်ခွင်မှာ နေ့စဉ်မျက်ရည်ကျရမည့်အစား တောထဲပဲသေသေ၊ တောင်ပေါ်ပဲသေသေ၊ ရေထဲပဲသေသေ သူတို့ ရွှန်းစားခဲ့ကြတာ။

အဲဒါ ချစ်သူကို မျှော်လင့်လို့။

ချစ်သူအပေါ် သစ္စာစောင့်သိလို့။

အခု သူ့ချစ်သူ သူမရှိရာကို အမှန်တကယ် ရောက်လာခဲ့ပြီ။

ရှင်ဖြူ ရဲသီဟကို ပြေးဖက်ပြီး ရှိုက်ကြီးတငင် ငိုပစ်လိုက်တယ်။

မကြာပါဘူး ... ရှင်ညိုနဲ့ ဒေါ်မယ်သာလည်း ဂူထဲကနေ လှမ်းလာပြီး ဝမ်းသာဝမ်းနည်း ငိုကြ။

သူတို့ကလည်း ဒီသမီးနှစ်ဦးကို ချစ်လွန်းလို့ သေအတူ ရှင်မကွာဆိုပြီး ပြေးခဲ့ကြတာလေ။ အားလုံး စိတ်ဆင်းရဲကြလို့ ပိန်လှီမျက်တွင်းချောင်ခြစ်နေကြတယ်။

"အစ်ကိုသီဟ ..."

"ညီမလေး ... ရှင်ညို၊ ညီမလေးရော၊ အမေသာရော နေကောင်းခဲ့လားဟင် ... ဟင် ... ညီမလေး"

"အသက်ရှင်အောင် ကြိုးစားစောင့်နေရတာပါ အစ်ကို။ အစ်ကိုသီဟ ... မောင်ကြီးဒိဗ္ဗရော ... ဟင် ... ဟင်"

"ရှိပါတယ် ... ညီမလေး တောင်ခြေကတောထဲမှာ စောင့်နေကြတယ်၊ မစိုးရိမ်ပါနဲ့"

"မောင်ကြီးဒိဗ္ဗက ဘာလို့မလိုက်လာတာလဲ ... အစ်ကိုရဲ့"

"မောင်ကြီး စီစဉ်ပြီးထားခဲ့တာပါ ... ညီမလေးရယ်"

"ကိုင်း ... မောင်သီဟရေ ... ဒီကိုလာဟေ့"

သူတို့အားလုံး ဂူကောက်ပြီး အကွေ့ရှိရာကို ဝင်လိုက်တော့ မီးခဲရဲရဲနဲ့ မီးပုံကို မြင်ရပြီး တစ်ဦးကိုတစ်ဦး မသဲမကွဲ မြင်ကြရတယ်။

www.burmeseclassic.com



''မီးတောက်မတင်ရဲဘူး . . . မောင်သီဟ၊ မတော် မုဆိုးတွေ တွေ့မှာစိုးလို့ နွေဘက်တောင် မထွက်ရဲဘူး။ နေဝင်မှ လှုပ်ရှားရတယ်''

ရှင်ညိုက သူ့အဖေလက်ထဲက ငါးတွေကို အကြေးခွံလှန်ရေဆေးပြီး သိတံနဲ့ မီးခဲမှာ ကင်လိုက်တယ်။

''ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ် . . . ဦးကြီးတို့၊ အမေသာတို့၊ ရှင်ဖြူတို့ရယ်။ ကျွန်တော်တို့ သုံးလကြာရင် ပြန်လာမယ်ဆိုတဲ့ကတိ ပျက်သလို ဖြစ်သွားခဲ့ရတယ်။ မင်းကြီးက တောင်ငူကြိုးပိုင်းသစ်တောရိုးမမှာ ဆင်ဖြူတော်ဖမ်းဖို့ အမိန့်ကြောင့် ကြန့်ကြာသွားခဲ့ရတာ။ ကျွန်တော်တို့သာ စောစောရောက်ခဲ့ရင် ဦးကြီးတို့မိသားစု အခုလို အသက်ဘေးဒုက္ခရောက်စရာ ဖြစ်မှယ်မထင်ပါဘူးဗျာ။ ဒီစော်ဘွား အတော့်ကို ရိုင်းသွမ်းတာပဲ။ တိုင်းရင်းစုံနေကြတဲ့ ဒီနယ်စွန်နယ်ဖျားဟာ ပုဂံမင်းပိုင်နယ်ပါ . . . ဦးကြီး။ ဒါ သင်းတို့ ပုဂံမင်းပိုင်နက်ကို ကျူးကျော်စော်ကားတာ။ ပုဂံကိုရောက်မှ ဒီအကြောင်း တင်ပြရမှာပဲ''

''အဖေနဲ့အမေ့ကိုလည်း သနားတယ် . . . မောင်ကြီးရယ်၊ ရှင်ဖြူတို့ကြောင့် အိုကြီးအိုမအရွယ်နဲ့ အသက်ဘေးကြောင့် ပြေးလွှားပုန်းရှောင်နေရတယ်။ နဂိုရည်ရွယ်ရင်းက မောင်ကြီးတို့ပြန်ရောက်ရင် ကျွန်မက ဆင်ဖြူတောင်ပေါ်မှာ စေတီတစ်ဆူ မောင်ကြီးနဲ့တည်မယ်။ ညီမလေးကလည်း မောင်ရဲဒိဗ္ဗနဲ့ လှေထွင်းတောင်ပေါ်မှာ စေတီတည်မယ်။ မိဘဘိုးဘွားနဲ့ ဘဝဟောင်းက ဆွေမျိုးတော်စပ်ပုံရတဲ့ အမေကျောက်ဘီလူးမကြီးတို့အတွက် ရည်စူးရေစက်ချ အမျှဝေပြီး ဘဝသစ်ကိုထူထောင်ကြမယ်လို့ ရည်ရွယ်ထားပေမင့် စော်ဘွားဆိုးရဲ့ အန္တရာယ်ကြောင့် ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ဖြစ်ခဲ့ကြတယ်။ မချစ်၊ မနှစ်သက်သူရဲ့ ရင်ခွင်မှာ ရွှေပန်းကန်နဲ့ထမင်းစားပြီး အသက်မရှင်ချင်ဘူး . . . မောင်ကြီးရဲ့။ နောက်ဆုံးမှာတော့ ကျွန်မတို့ကို ငဲ့ပြီး အဖေနဲ့အမေလည်း ဒုက္ခရောက်ရတာပေါ့''





''မောင်ကြီးတို့ဘက်က ချို့ယွင်းတာလည်းပါတာပေါ့လေ။ ကိုင်း ဖြစ်လာမှပေါ့ ရဲရဲရင်ဆိုင်ကြရမှာပဲ။ ကျွန်တော်တို့ ဒီလိုစီစဉ်ထားတယ် . . . ဦးကြီး။ စော်ဘွားရဲ့လူ လက်မရွံ့တွေ ရှင်ဖြူတို့ကိုရော၊ ကျွန်တော်တို့ကိုရော အသက်အန္တရာယ်ပြုဖို့ ရွာတိုင်းမှာ လူခွဲလူဖြန့် ရှာနေကြတယ်။ ဒီနေရာဝန်းကျင်မှာ အချိန်ကြာလို့ မဖြစ်ဘူး။ မနက်မိုးမလင်းခင် ကျွန်တော်တို့ ဒီတောင်ပေါ်ကနေ ဆင်းကြမယ်။ လင်းလင်းချင်းချင်းသွားရင်လည်း သူတို့နဲ့ တွေ့မှာပဲ။ ကျွန်တော် ညီလေးနဲ့ မုဆိုးရှေ့ဦတို့ကို လှည်းရှာပြီး ပုဂံသွားမည့်လမ်းမှာ စောင့်နေဖို့ ကျွန်တော် ပြောထားပြီးပြီ။ ဘယ်လိုသဘောရလဲ''

''ဒီလိုပဲလုပ်ရမှာပေါ့ . . . မောင်ရဲသီဟ''

ဒီမှာ ရှင်ညိုက . . .

''အစ်မရေ . . ထမင်းဟင်း အသင့်ဖြစ်ပြီ၊ စားဖို့ လာကြတော့''

''ကဲ . . . မောင်ကြီးရော၊ ကိုငကျောင်းရော၊ အဖေတို့ရော . . . ထ၊ ထမင်းစားကြစို့။ ကိုရင်ငကျောင်းတို့လည်း ကျွန်မတို့ကိုကူညီရင်း ဒုက္ခရောက်သလိုဖြစ်ပေါ့ . . . ကိုရင်ငကျောင်းရယ်''

''ကိစ္စမရှိပါဘူး . . . ရှင်ဖြူ . . . ဒီစော်ဘွားရော၊ သူ့လူတွေရော မတရားလုပ်တာကို သိရတော့ ငုံ့ခံလို့ မဖြစ်တော့ဘူးလေ။ ပြီး ရှင်ဖြူတို့က ကျုပ်တို့ရွာသူရွာသားတွေ။ ကိုရဲသီဟတို့ရဲ့သဘောလည်း သိထားပြီးဖြစ်တော့ ပေါက်တဲ့နဖူး မထူးတော့ပါဘူး . . . ရှင်ဖြူ''

''ကိုင်း . . . စကားလည်းပြော၊ စားလည်း စားကြပါရှင်''

ငါးမီးအုံး၊ ဟင်းရွက်ဟင်းချို၊ တောရှောက်ရွက်တို့စရာ၊ ငါးကင်တို့နှင့် ဝါးကျည်တောက်ထဲက ရေနွေးကြမ်း ငှဲ့လိုက် စားလိုက်၊ စားနေကြတာကတစ်ပိုင်း၊ ကိုယ့်လူတွေ ပြန်ဆုံတာတစ်ပိုင်းကြောင့် စားလို့ကောင်းလိုက်ကြတာနှယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် နက်ဖြန်အရုဏ်မတက်ခင် တောင်ပေါ်ကဆင်းမည့် အစီအစဉ်နှင့် လှည်းပေါ်ရောက်ရင် ပြုမူနေထိုင်ရမည့် အစီအစဉ်တို့ကို တိုင်ပင်ရေးဆွဲပြီး သိမ်းစရာ၊ ယူစရာတွေကို ထုပ်ပိုးသိမ်းဆည်းခိုင်းလိုက်တယ်။

ပြီးနောက် ဂူရှိရာ ဝင်တဲ့လမ်းမှာ ကျောက်တုံးငယ်တွေ၊ ဟိုဘက်ဒီဘက် ထပ်ပြီး နွယ်ကြိုးနဲ့ ချည်တန်းထားလိုက်တယ်။ သားကောင်ဖြစ်စေ၊ လူဖြစ်စေ ဝင်တိုးရင် ကြိုးတင်းပြီး ခဲလုံးတွေ ပြုကျရော။

✿ ✿ ✿

## |၄၅|

❑

ညဥ့်က တောင်ပေါ်လေနှင့် အေးစိမ့်နေတာပဲ။ လဆုတ် (၇)ရက်လရောင်က ကျောက်ဂူရှေ့တစ်ဝန်းကို ဖြာကျနေရဲ့။

ရှင်ဖြူတို့ကို ဂူအတွင်းပိုင်းမှာ အိပ်စေပြီး ရဲသီဟနဲ့ ငကျောင်းတို့က ဂူဝမှာ အဝတ်ပိုင်းခင်း၊ ကျောက်ခဲကို ခေါင်းအုံးရင်း တစ်ယောက်တစ်လှည့် အိပ်လိုက်ကြတာ။

ညဥ့်သန်းခေါင်အရောက်မှာ . . .

"ဝရော . . . ဂလုတ် . . . ဂလုတ် . . . ဂလောက် . . ဂလောက်"

ရဲသီဟ ကျောက်တုံးတွေ ပြုကျသံကြောင့် ဆတ်ခနဲ ထလိုက်တယ်။ ငကျောင်းလည်း လှံရှိုးကိုဆုပ်ကိုင်ပြီး အောက်ခြေမှာဝပ်လို့ကြည့်လိုက်တယ်။

"ကိုသီဟ . . . ကျုပ်တို့ဆင်ထားတဲ့ကြိုးကို ဝင်တိုက်လို့ ဆင့်ထပ်ထားတဲ့ကျောက်တုံးတွေ ပြုကျတာဗျ"

"လူလား၊ သားကောင်လား"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်"

သူတို့ ဂူဝကနေ ဝမ်းလျားမှောက်ရင်း ဂူပြင်ကို စူးစူးစိုက်စိုက် ကြည့်နေတုန်းမှာပဲ လူငါးယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြပါရော။

ကုန်းကုန်း ကုန်းကုန်းနဲ့ ဝပ်လိုက် ထလိုက် ဂူရှိရာကို လာနေကြ တာ။

ဟုတ်ပြီ . . . ဒါ ရန်သူ။

ရှမ်းဘောင်းဘီဝတ်တွေ။

ရှမ်းခမောက်ဆောင်းက နှစ်ယောက်။

ဓားတွေကိုင်ထားတာကို လရောင်နဲ့ မြင်ရတယ်။

ကျန်တစ်ယောက်က ပုဆိုးတိုတို ဝတ်လို့။

သူ့လက်ထဲမှာ လှံတိုတစ်ချောင်းကိုင်ထားတာ မြင်ရတယ်။

"ကိုသီဟ . . . စော်ဘွားရဲ့ လူတွေဗျ"

"ဟုတ်တယ် . . . ငါတို့နောက်ကနေ နောက်ယောင်ခံ လိုက်လာ ပုံပဲ။ သူတို့ ဂူထဲဝင် လုပ်ကြံမည့်ပုံကွ။ ငကျော်း . . . ဂူထဲကိုဝင်လာရင် ဝင်လာတဲ့သူကို အခြေအနေကြည့် ရှင်းပစ်မယ်"

"ကောင်းတယ် . . ."

ဒီမှာ ပုဆိုးဝတ်လှံကိုင်က ခြေသံကို ဖော့ပြီး ဂူရှေ့မှာရပ်ရင်း ဂူ ကို အကဲခတ်ကြည့်နေတယ်။

ရှမ်းလက်နက်ကိုင်သုံးဦးက ဂူပေါက်ရဲ့ ဘယ်ညာရှေ့မှာ နေရာ ယူထားတယ်။ သူတို့ရဲ့ဓားတွေဟာ လရောင်နဲ့ လက်နေတာပဲ။

ဒီမှာ ရှေ့က လမ်းပြဖြစ်ဟန်တူသူက နောက်ကလူတွေကို ရပ် လို့ အချက်ပြပြီး မှောင်မည်းနေတဲ့ ဂူထဲကို တစ်လှမ်းချင်းဝင်လာနေတာ မြင်ရတယ်။

ရဲသီဟနဲ့ ကိုရင်ငကျော်းတို့က ထရပ်ပြီး ဂူနံရံမှာ ကျောကပ် နေလိုက်ကြတယ်။ လှံသမားက မှောင်နေတဲ့ ဂူထဲကို တစ်လှမ်းချင်းဝင်





အသွား ရဲသီဟ နောက်ကနေ ဒင်းလည်ပင်းကို ဘယ်လက်နှင့်သိုင်းညှစ် ပြီး ဓားမြောင်နဲ့ လှံသမားရင်ဝကို ထိုးစိုက်ချလိုက်တယ်။

လှံသမား အသံမထွက်နိုင်ဘဲ ဒူးညွတ်မှောက်ကျ အသက်ပျောက် သွားတယ်။ လှံသမားရဲ့အလောင်းကို နေရာရွှေ့ပြီး အပြင်ကို ပြန်ချောင်း ကြည့်ကြတော့ . . .

ဝင်သွားတဲ့ ရှေ့ပြေးသမား ပြန်ထွက်မလာလို့ သူတို့ချင်း ခေါင်း ချင်းဆိုင် တီးတိုးတိုင်ပင်နေကြတာ မြင်ရတယ်။

မကြာဘူး . . . ရှမ်းခမောက်ဆောင်း ဓားသမားနှစ်ဦး ဓားရှည် တွေ ဆန့်တန်းပြီး တစ်လှမ်းချင်းဝင်လာနေတာ မြင်ရတယ်။

"ငကျော်း . . ."

"ကိုသီဟ . . ."

"မင်း မင်းဘက်ကလူ မင်းရှင်း၊ ငါ့ဘက်ကလူ ငါရှင်းမယ်"

"ဟုတ်"

ရှမ်းခမောက် ဓားသမားနှစ်ယောက် ရင်ဘောင်တန်းပြီး ဓားရှေ့ ဆန့်လို့ အထဲကိုအဝင် . . .

"ကဲဟာ . . ."

"သေဟာ"

"ခွပ်"

"အား . . . အ . . . အ"

"ခွပ် . . . အား . . . အ . . . အ"

ရဲသီဟထိုးလိုက်တဲ့ ဓားဦးက ရှမ်းဓားသမားရဲ့ ဝမ်းဗိုက်ထဲ တဲ့ဝင် ပြီး ဒင်း ပုံလျက်ကျသွားတယ်။

ငကျော်းငေါ့လိုက်တဲ့ လှံချက်က ချက်ကောင်းကို မထိုးမိဘဲ ရှမ်းဓားသမားရဲ့ ခါးဘေးသားထိုးမိတော့ ရှမ်းဓားသမားက စူးစူးဝါးဝါး အော် လိုအော်ပြီး ဒဏ်ရာကို လက်နဲ့ဖိလို့ ဂူပြင်ကို ထွက်ပြေးပါရော။

ဒီမှာ ရှမ်းဓားသမားတစ်ဦးက ဒဏ်ရာရတဲ့သူကို ထြေးအကြို . .



www.burmeseclassic.com

www.burmeseclassic.com



"ထွက်တိုက် . . . ကျား"

"ကျား . . . သေလဟ"

အငိုက်မိတဲ့ ရှမ်းဓားသမားနှစ်ဦးအနက် ရဲသီဟရဲ့ဓားချက်နဲ့ လာပွေ့တဲ့ ရှမ်းဓားသမား ခေါင်းပြတ်သွားသလို ငကျောင်းကလည်း ဒဏ်ရာရ ရှမ်းဓားသမားက ဓားနဲ့ပြန်အတွက်မှာ လှံရိုးနဲ့ရိုက်ချပြီး လှံဦးနဲ့ ထိုးလိုက်တာ ရှမ်းဓားသမားရဲ့ အသံနက်ကြီးနဲ့ စူးနင့်နာကျင်အော်သံဟာ တောရော တောင်ရော ဟိန်းသွားတာပဲ။

ရှင်ဖြူတို့မိသားစုကလည်း အော်သံကြီးကြောင့် နိုးထလာပြီး ထွက်ကြည့်ကြရော။ ဂူအပြင် မျက်နှာစာကွက်လပ်မှာ ဓားခုတ်ကြိမ်းဝါးသံတွေနှင့်အတူ တိုက်ခိုက်နေတဲ့ မြင်ကွင်းကိုမြင်ပြီး စိုးရိမ်သွားပါရော။

"ကိုသီဟ . . ."

"ရှင်ဖြူ . . . မလာနဲ့၊ အထဲမှာနေ"

"ကိုင်းဟာ . . ."

"ထန် . . . ထန် . . ."

"ရွှီ . . . ရွှမ်း"

ရှမ်းဓားသမားက အခုန်အပျံတွေနဲ့ ဝင်ခုတ်တာရယ်။ ဝင်လာတဲ့ ဓားကို စကြောလည်ဓားနဲ့ ဖယ်ထုတ်လိုက်ပြီး ကိုယ်ခုတ် သူကာ၊ သူခုတ် ကိုယ်ကာ တရကြမ်း ခုတ်ကြတာ။

ငကျောင်းကလည်း ဓားသမားနဲ့ သည်းကြီးမည်းကြီး တိုက်နေတာ။

ငကျောင်းက လှံရှည်နဲ့ဆိုတော့ ရှမ်းဓားသမား ဝင်လို့မရဘဲ အကွက်ပဲ ချောင်းနေတယ်။ ဒီမှာ ရှမ်းဓားသမားရဲ့ ဝါးခမောက်ကို ရဲသီဟရဲ့ဓားထိပြီး ခမောက် စုတ်ပြတ်လွင့်သွားတယ်။

"မင်းလားကွ . . . စော်ဘွားလူ"

"ဟုတ်ကော . . . အောက်မား . . . နင်တို့ ဒီည သေရမယ်ကွ"

"ကဲကွာ"





"ထန် . . . ရွှမ်"

"ဝို . . . ရွှပ်"

ဒီမှာ ရဲသီဟ ကျောက်ခဲကို နင်းမိပြီး နောက်ပြန်ထိုင်လျက် လဲအကျ . . .

"သေဟ . . . အောက်မား"

"ဗိုး . . ."

ရှမ်းကြီးက ပြေးလာပြီး မိုးဓားနဲ့ အားထည့်ပြီး ထိုင်ကျနေတဲ့ ရဲသီဟရဲ့ခေါင်းပေါ် ခုတ်ချလိုက်တာ၊ တော်ပါသေးရဲ့ သတိနဲ့ ခေါင်းကို တိမ်းလိုက်တော့ ရှမ်းကြီးရဲ့ဓားက ခေါင်းကိုလွဲပြီး ဓားဦး မြေစိုက်နေချိန်မှာပဲ ရဲသီဟ ညာလက်ပြန် ခုတ်ချလိုက်တာ . . .

"ဒုတ် . . ."

"အား . . . အားယား . . . အား . . . အား"

ရှမ်းကြီးရဲ့ခါးထဲ ဓားဝင်သွားလိုက်တာ ဓားလည်းအနုတ် ဒင်းလည်း ခါးပြတ်လုလုနဲ့ အော်ပြီး လဲကျ အသက်ပျောက်သွားတော့တယ်။

သည့်နောက် ငကျောင်းကိုကူဖို့ ပြေးလာချိန်မှာ . . .

ရှမ်းဓားသမားက အခြေအနေမဟန်သိလို့ ဆက်မတိုက်ဘဲ နောက်လှည့်ပြီးအပြေး၊ ငကျောင်းကလည်း ပြေးလိုက်။

"ငကျောင်း . . . ရပ်လိုက်"

"သူ . . . သူ . . ."

"နေ . . . နေ . . . ငါရှင်းမယ်"

ရန်သူက ကုန်းဆင်းအတိုင်း အသက်လုပြေးနေတုန်း ရဲသီဟ ခါးကြားကဓားမြှောင်နဲ့ ပစ်ထည့်လိုက်တာ . . .

"ဖောက် . . ."

"အားမလေး . . . အာ . . . အ . . . အ"

"ဝုန်း . . . ဝရော . . . ဝရော . . . ဝရော"



www.burmeseclassic.com

www.burmeseclassic.com



ရန်သူရဲ့နောက်ဘက် ကျောရိုးမကြီးနံဘေးကို ဓားမြှောင်စိုက်ဝင်ပြီး ကျောက်ကုန်းဆင်းအတိုင်း ပြုတ်လိမ့်ကျသွားရော။

ရဲသီဟတို့ လိုက်ကြည့်တော့ လမ်းရဲ့နံဘေး ချောက်ထဲမှာ ရန်သူ ရှမ်းဓားသမား လုံးဝ မလှုပ်တော့ဘူး။ သူတို့ ဂူရှိရာကို အမြန်ပြန်ခဲ့ပြီး ..

"ရှင်ဖြူ ... အထုပ်အပိုးတွေပြင်၊ ညတုန်းက ပြောထားတဲ့ အတိုင်း လုပ်ပြီးပလား"

"မောင် ... မောင်ကြီး ... မောင်ကြီး"

"မောင်ကြီးကို မပူနဲ့။ အရဏ်တက်တော့မယ်။ ဒီက အမြန်ထွက်ရတော့မယ်။ လုပ်တော့"

သည့်နောက် ရန်သူ့အလောင်းတွေကို ချောက်ထဲပစ်ချလိုက်ပြီး သူတို့ဓားနဲ့ လှံတွေကို သိမ်းယူလိုက်တယ်။

"မောင်ကြီး ... ပြီးပြီ"

"ရှင်ညိုရော"

"ဒီမှာပါ အစ်ကို"

"ဦးကြီးတို့ကို တွဲခေါ်ခဲ့ကြ။ ငါ ရှေ့ကသွားမယ်။ ငကျောင်း နောက်က စောင့်လိုက်"

"ဟုတ် ... ကိုသီဟ"

ရဲသီဟ ခန္ဓာကိုယ်ပေါ်က ရန်သူ့သွေးတွေကို ကျောက်ခွက်ထဲက ရေနဲ့ အမြန်ဆေးပြီး ရှေ့ကနေ ထွက်ခဲ့လိုက်တယ်။

"ဦးကြီး ... ကျွန်တော်တို့ ဒီလမ်းအတိုင်း ဆင်းလို့ မဖြစ်ဘူးဗျ။ ရန်သူတွေ တောင်ခြေကနေ စောင့်နေနိုင်တယ်။ နည်းနည်းပင်ပန်းမယ်။ လမ်းသစ်ရှာပြီး သွားမှဖြစ်မယ်"

"မင်းသဘောပဲ ... မောင်သီဟ၊ ရတယ် သွား"

ဒီလိုနဲ့ ... သူတို့ လမ်းဟောင်းကို ရှောင်ပြီး တောင်ကြားလမ်းသစ်ကြီးဝါးကြီး၊ တောတွေ ကိုင်းပင်၊ ဆင်သွားလမ်းတွေက တိုးဝှေ့ထွက်လာခဲ့လိုက်တာ အရဏ်ပျို့စမှာ ရဲဒိဗ္ဗတို့ရှိတဲ့တောထဲကို ရောက်ခဲ့တယ်။





လူကြီးနှစ်ဦးနဲ့ မိန်းမသားနှစ်ဦးကတော့ ပင်ပန်းလွန်းလို့ ယိုင်နေကြပြီ။

"ညီလေး ..."

"အစ်ကို ..."

"ဟို ... ဟို ... အစ်မကြီးနဲ့ ရှင်ညိုရောဟင်"

"နောက်မှာပါတယ် ... ညီလေး"

"ကိုဒိဗ္ဗ ..."

"ရှင်ညို ... ရှင်ညိုရယ်"

သူတို့ တစ်ဦးနဲ့တစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ပြီး မျက်ရည်တွေ ကျနေကြတယ်။ မိဘနှစ်ဦးကလည်း သမီးတွေ သူတို့ယုံကြည်အားကိုး မျှော်လင့်စောင့်စားနေကြတဲ့ ချစ်သူတွေနဲ့ ပြန်ဆုံ၊ ဝမ်းသာမျက်ရည်ကျနေတာကြည့်ပြီး ဝမ်းနည်းဝမ်းသာ ဖြစ်ကြ။

"ညီလေး ... လှည်းရလား"

"ရတယ် ... အစ်ကို၊ လှည်းက ဒုန်းပြေးလှည်း၊ မြန်တယ်။ လှည်းသမားလည်း အသင့်ပဲ။ ကဲ ... ရှင်ညို၊ ပြောထားတဲ့အတိုင်း လုပ်စမ်း ... မြန်မြန်"

ရှင်ညို နနွင်းတွေကို ဘူးခါးရေဘူးထဲကရေနဲ့ ဖျော်ပြီး တစ်ကိုယ်လုံး ခြေလက်မျက်နှာပါ မကျန်၊ လူး လိမ်းလိုက်တယ်။

ပြီး ကွမ်းစားထုံးနဲ့ နနွင်းဖျော်ပြီး ထဘီကို သုတ်လိုက်တယ်။ သူတို့အဝတ်အစားတွေလည်း စုတ်ပြဲနေကြပြီ။

ရှင်ဖြူက အိုးမည်းနဲ့ မြေကြီးမှုန့်တွေ ရေနဲ့ဖျော်ပြီး မျက်နှာ၊ လက်၊ ခြေတို့ကို လူးလိုက်တယ်။

သည့်နောက် ရှင်ဖြူနဲ့ရှင်ညို တဘက်တွေကို ခေါင်းမှာပတ်ပေါင်းပြီး ကောက်ရိုးခင်းထားတဲ့လှည်းပေါ် တက်လိုက်ကြတယ်။ အရဏ်တက်စပြုနေပြီ။ တောကြက်တွေရဲ့ အသံစူးစူးနဲ့ တွန်သံကို ကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဖြူတို့၊ ဦးကြီးတို့ မကြောက်ကြနဲ့နော်။ ကျွန်တော်တို့ အတူ သွားရင် တွေ့တဲ့လူ မသင်္ကာဖြစ်ကြမယ်။ မလှမ်းမကမ်းက လိုက်ခဲ့မယ် .. သိလား။ သိပ်အခက်အခဲဖြစ်ရင် ကျွန်တော်တို့ ဝင်တိုက်မယ်။ ဒီနယ်မြေ ကကျော်ရင် စိတ်အေးရပြီ။ ကဲ . . . သွားကြ"

လှည်းသမားက နွားကို ကြိမ်နဲ့တို့လိုက်တော့ နွားသိုးကြီးနှစ် ကောင်ဟာ ဝုန်းဆို လှည်းကိုဆွဲပြီး တောလမ်းအတိုင်း စိုင်းနှင်သွားကြ တယ်။

ရဲသီဟ၊ ရဲဒိဗ္ဗ၊ မုဆိုးငရှည်၊ သူ့အစ်ကို ငဆင့်နဲ့ ငကျောင်းတို့က မြင်းကိုယ်စီနဲ့ တစ်မြင်သာသာက ခွာလိုက်ခဲ့ကြတယ်။

အားလုံးရဲ့ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့။

ဒီနေရာကလွတ်ရင် ရန်သူအမွှသား ရှမ်းစော်ဘွားရဲ့လူတွေနဲ့ ဝေးပြီ။ ပုဂံကိုရောက်မှ အတိုးချနားပြီး . . .

✿ ✿ ✿

[ ၄၆ ]

❑

နွားလှည်းဟာ ခပ်သော့သော့ပြေးပြီး မြူဖွဲဖွဲကျ အရုဏ်အောက် မှာ သွားနေတယ်။ လမ်းခရီးမှာ ဘယ်သူမှ မတွေ့ရဘူး။ တော်ပါသေးရဲ့။ ရှင်ဖြူတို့ရင်ထဲမှာလည်း ဒိတ်ဒိတ်ခုန်နေကြတယ်။

"အစ်ကိုကြီး . . . မြန်မြန်မောင်းပါရှင့်"

"အေးပါဟ . . . ဟဲ့ . . . သားတို့ . . . ပြေးလဟ"

"အစ်ကိုကြီး . . . ကျွန်မတို့နယ်ကို ကျော်ပြီလားဟင်"

"ကျော်ခါနီးပြီ . . . နှမရဲ့၊ နောက်ထပ် ထမင်းတစ်အိုးချက်လောက် ဆို နယ်ကျော်ပြီပေါ့"

အားလုံး လက်အုပ်ချီဆုတောင်းပြီး ပုဂံနယ်ဇရိယာထဲကို မြန်မြန် ရောက်ပါစေ၊ အန္တရာယ်ကင်းပါစေလို့ ဆုတောင်းနေကြတယ်။

ဒီလိုနဲ့ . . .

ကျည်တောင်ရွာအပါအဝင် ရွာကြီး (၆)ရွာကို ကျော်တော့ နေ ရောင်က ပျို့ထွက်လာလို့ နံဘေးနံဘီကို အရှင်းသား မြင်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက် လှမ်းတစ်မြင် မရှိတရှိမှာလည်း ရဲသီဟတို့က မြင်းတွေနဲ့ လိုက်လာနေတာ မြင်ရလို့ ရင်ပူလေး သက်သာတုန်းရှိသေး . . .

"ရပ် . . ."

"ဟင် . . ."

"ဟေ့ . . . ရပ်လို့ပြောတာ မကြားဘူးလား"

ကျယ်လောင်တဲ့ အမိန့်ပေးသံတစ်ခုနှင့်အတူ မြင်းတစ်စီးနဲ့ လူတစ်ယောက် လက်ဝဲဘက် ထန်းတောထဲက အပြင်းလိုက်လာတယ်။

"အစ်ကိုကြီး . . . မရပ်နဲ့၊ မောင်း . . . မောင်း . . ."

"ဟဲ့ . . . သားတို့"

"ဟေ့ . . . ရပ်လိုက်စမ်း"

မြင်းစီးသမားငါးဦး ဓားတွေဝင့်ပြီး လှည်းရှေ့က ပိတ်ဆို့ထားလို့ လှည်းသမားက နဖားကြိုးကို တွဲဆွဲပြီး ရပ်လိုက်တယ်။

"မြတ်စွာဘုရား . . . ကယ်တော်မူပါ"

ရှေ့ဆုံးကလူကြီးက ရှမ်းစော်ဘွားရဲ့လက်ရုံး ဗိုလ်မင်း စိုင်းခွန်နောင်။ ရက်စက်ကြမ်းကြုတ်ရာမှာ နာမည်ကြီးတဲ့ လူကြမ်းကြီး။

ရှင်ဖြူတို့ ဘုရားတပြီး သူတို့ကို မမှတ်မိပါစေနဲ့လို့ ဆုတောင်းနေတုန်း . . .

"မင်းတို့က ဘယ်ကတုန်းဟေ့ . . . မနက်စောစောစီးစီး၊ ဘယ်လိုကြောင့် အပြေးနှင်နေကြတာတုံး . . . ပြောစမ်း"

ဒီမှာ လှည်းသမားကြီးက . . .

"မန်ကျည်းကုန်းကပါ . . . ဗိုလ်မင်း။ မိန်းကလေးတစ်ဦး သားဖျက်ပြီး သွေးလွန်နေလို့ ဟိုးရှေ့ ဆင်ကြီးကုန်းရွာက သမားတော်ကြီးဆီ ဆေးကုသွားမလို့ပါခင်ဗျာ"

ဗိုလ်မင်းခွန်နောင်က မြင်းနဲ့ပတ်ပြီး လှည်းအနီး တိုးကြည့်လိုက်တယ်။

မျက်ကွင်းချောင်၊ ပါးရိုးချောင် စောင်ခြုံထားတဲ့ လူကြီးတစ်ဦး။





ပြီး မျက်နှာကို တဘက်ပေါင်းထားတဲ့ ပါးကွက်ကျား ထူပိန်းနဲ့ မိန်းမကြီး။ လှည်းပေါ်မှာ နန္ဒင်းဝါထိန်ထိန် ထဘီသွေးလူးလူးနဲ့ ညည်းညူနေတဲ့ မိန်းမကို ပွေ့ထားတဲ့ ပုဆိုးခေါင်းပေါင်း မျက်ရည်ကျနေတဲ့ အိုးမည်းပေလူး မိန်းမကြီးကတစ်ဦး။

"ကလေးပျက်လို့ . . . ဟုတ်လား"

"ဟုတ်ကဲ့ပါ . . . ဗိုလ်မင်း၊ မိန်းကလေးအခြေအနေက အတော်ဆိုးနေပါတယ် . . . ဗိုလ်မင်းရယ်"

ရှမ်းဗိုလ်မင်းက သူတို့ငါးဦးကို ကြည့်ပြီး စဉ်းစားနေတယ်။

လူမမာကလည်း လှည်းပေါ်မှာ လူးလွန့်အော်နေတယ်။

"ထေး . . . ရခီးရောဟေ့"

"ရခီး ထန်းရည်အသောက်လွန်ပြီး မနိုးသေးပါ ခေါင်းဆောင်"

"သွားနိုးခေါ်ခဲ့ . . . မြန်မြန်သွား"

ခဏနေတော့ ကျည်တောင်ရွာသား ရခီး ဒယီးဒယိုင် အိပ်မှုန်စုံမွှားနဲ့ လှည်းအနီးကို ရောက်လာတော့ ရှင်ညိုတို့က ခေါင်းငုံ့ပြီး လူမမာကို ဆုပ်နယ်သလို လုပ်နေတယ်။ ဘုရား . . . ဘုရား . . . ဘုရား။

သို့သော် ရင်တွေခုန်နေပြီ။

ဗိုလ်မင်း မမှတ်မိပေမင့် ရခီးက မှတ်မိရင် သွားပြီ။

"ရခီး . . ."

"ဗျ . . . ဗိုလ်မင်း၊ အော့ . . . ဂေ့"

"ဟောဒီလှည်းပေါ်မှာ မိန်းမသုံးယောက်နဲ့ ယောကျာ်းနှစ်ယောက်ပါတယ်။ ငါ သူတို့ကို သိပ်မသင်္ကာဖူး။ မင်းက နယ်ခံဆိုတော့ သိမယ်။ လှည်းပေါ်တက်ကြည့်စမ်း"

ရခီး ထန်းချည်နဲ့ တယောင်းယောင်းနဲ့ လှည်းပေါ်တက်လိုက်ပြီး ဦးစွာ စောင်ခေါင်းမြီးခြုံထားတဲ့လူရဲ့ စောင်ကို ခပ်ကြမ်းကြမ်း ဆွဲချပြီး မျက်နှာနားကပ် ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ခင်ဗျား ... ခင်ဗျား သူ့ဒွေးငဖြိုးမဟုတ်လား။ ဟို ကောင်မ မျက်နှာသုတ် ခွာစမ်း။ ကဲဟာ ..."

ခေါင်းစောင်းမျက်နှာသုတ်အဝတ် ကွာကျသွားရော လန့်တုန်နေတဲ့ မိန်းမပျို့ရဲ့ မေးစေ့ကို သူ့လက်ကြမ်းကြီးနဲ့ မ,မော့ပြီး ...

"ဟား ဟား ဟား ဟား ဟား ... ဗိုလ်မင်းဗျ"

"ဘယ်လိုတုံးဟေ့ ... ရခီး"

"ကျုပ်တို့ ဗိုလ်မင်းတို့ အပင်ပန်းခံပြီး ရှာစရာ မလိုတော့ဘူးဗျ။ ဟောဒါ စော်ဘွားကြီးရဲ့ ကတော်လောင်း ရှင်ဖြူ။ ဟိုလူက ရှင်ဖြူ့အဖေ စော်ဘွားယောက္ခမလောင်း ငဖြိုး။ ဟိုကောင်မက ... ဘာတုံး၊ နေမကောင်းဘူး ... ဟုတ်လား။ ထစမ်း ... မိန်းမလည်တွေ ... ထ"

"အား ... အမလေး ... အား"

ရခီးက သားပျက်လူမမာယောင်ဆောင်နေတဲ့ ရှင်ညိုရဲ့ဆံပင်ကို စုကိုင်မပြီး ယမ်းပစ်လိုက်တော့ ရှင်ညိုလည်းအော်၊ ရှင်ဖြူနဲ့ ဒေါ်မယ်သာလည်း ကြောက်လန့်တကြားအော်။

"ဟား ဟား ဟား ဟား ဟား ... နင်တို့ ပြေးလို့ လွတ်ရိုး လားဟ"

ဆံပင်ကို ဆွဲဆောင့်ခါယမ်း။ ရှင်ညိုက ပြန်ဆွဲပြီး တောင်းပန်။

"ဟေ့ ... ရခီး၊ အားလုံးကို ဆွဲချလိုက်စမ်း"

"မ ... မလုပ်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်။ ကိုရခီး ဗိုလ်မင်း ... မလုပ်ပါနဲ့ရှင်"

"ကိုင်းဟာ ..."

"ဖြန်း ... ဖောင်း ... အား ..."

ဒီအချိန်မှာ မြင်းငါးကောင် သူတို့ရှိရာကို ဒုန်းစိုင်းလာတာ မြင်လို့ ရှမ်းဗိုလ်မင်းတို့ရော လှည်းပေါ်က ရခီးရော လှမ်းကြည့်နေချိန် ...

"လှည်းကို မောင်းပြေးတော့ ... မောင်းပြေး"





လှည်းသမားကလည်း သိလိုက်ပြီ။ ပုဂံသား ရဲသီဟတို့ လိုက်လာနေပြီ။

"ဟဲ့ ... သားတို့ ပြေးလဟ ... ဟဲ့"

"ဝုန်း ... ဝေါ ..."

"ဖောင်း ..."

"အမယ်လေးဗျ ... သေပါပြီဗျ"

လှည်းသမားက လှည်းကို ဟဲ့အော်ပြီး မောင်းပြေးရော လှည်းပေါ်မှာ လက်ဓားရေးပြနေတဲ့ ရခီး လှည်းပေါ်ကပြုတ်ကျပြီး မြေပေါ်မှာ လူးလွန့်နေစဉ် ...

"တိုက် ... ပုဂံသားတဲ့ကွ ... ကျား"

"ဟေ့ ... အောက်မားညီအစ်ကို မဟုတ်လားကွ"

"ဟုတ်တယ် ... ခေါင်းဆောင်"

"ပြန်ချကွာ ... ဟဲ့ ..."

"ကျား ... ကျား ... ကျား ..."

ရဲသီဟတို့ ညီအစ်ကိုရော၊ ကျောင်းတို့ပါ မြင်းကို အပြင်းစိုင်းပြီး ဓားတွေနဲ့ ဝင်ခုတ်ကြတာ ရှမ်းရဲမက်နှစ်ဦး ဓားထိပြီး မြင်းပေါ်က ပြုတ်ကျသွားတယ်။

ဒီမှာ ကျောင်းက လဲရာကနေ ထပြေးဖို့ကြံတဲ့ သစ္စာဖောက် ရခီးရဲ့လည်ပင်းကို လှံနဲ့ထိုးလိုက်တာ ရခီး အသံနက်ကြီးနဲ့အော်ပြီး လှံရိုးကို ကိုင်ထားတုန်း ကျောင်းက လှံကို ဆောင့်ဆွဲလိုက်ရော ရခီး မျက်လုံးကြီးပြူးကြည့်ပြီး လဲကျသွားတော့တယ်။

"မှတ်ထား ... ရွာရဲ့သစ္စာဖောက်။ နင်ပြီးရင် နင့်အဖေဟဲ့"

ရဲဒိဗ္ဗကလည်း ရှမ်းမြင်းစီး ဓားသမားတစ်ဦးနှင့် ဓားချင်းယှဉ်ခုတ်နေလိုက်တာ ဓားချင်းထိခတ်သံ၊ မြင်းတွေရဲ့ဟီသံ လုံးထွေးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ရှမ်းဓားသမားက ဓားကိုအမြှောက် ...

ရဲဒိဗ္ဗရဲ့ဓားဦးက သင်း ချိုင်းကြားကို တိုးဝင်ပြီး ရှမ်းဓားသမား မြင်းပေါ်က ပြုတ်အကျ မြင်းက သူ့ရင်ဘတ်ကို နင်းလိုက်ပါရော။

ဒီအချိန်မှာ ရှမ်းလှံသမားတစ်ဦးက နောက်ကျောပေးနေတဲ့ ရဲဒိဗ္ဗရဲ့ ကျောကုန်းရှိရာကို လှံကိုမြှောက်ပြီး ပစ်မလို့ရွယ်ရော ...

"ဟေ့ကောင် ... သေဟ"

"ရှိုး ..."

"ဖောက်"

"ဟာ ..."

ရှမ်းလှံသမားရဲ့ ရင်ဝကို မုဆိုးငရှဉ့်ရဲ့လေးက မြားတစ်စင်း ဖြေးစူးဝင်ပြီး လှံသမား မြင်းပေါ်က ပြုတ်ကျသွားတယ်။

ရှေ့မှာတော့ ရှမ်းဗိုလ်မင်း စိုင်းခွန်နောင်က ရှင်ဖြူတို့လှည်းသွားရာကို မြင်းနှင့် နင်းလိုက်နေတယ်။

သူ့နောက်မှာ ရဲသီဟကလည်း မြင်းနဲ့ဒုန်းစိုင်းလိုက်နေတာ။

ဒီမှာ ရှမ်းဗိုလ်မင်းက ရှမ်းလိုအော်လိုက်တယ်။

"လေးနဲ့ပစ်၊ လှည်းပေါ်က မိန်းမတွေကို ပစ်"

ရဲသီဟ မြင်းချင်းယှဉ်မိရော ဝင်တိုက်ပစ်လိုက်တာ ရှမ်းဗိုလ်မင်း သူ့မြင်းပေါ်က ပြုတ်ကျသွားတယ်။ ရဲသီဟလည်း မြင်းပေါ်ကနေ လွှားခနဲ ခုန်ဆင်းပြီး ဓားကိုထုတ်လိုက်တယ်။

"ရွှမ်း"

"ရွှမ်း"

ရှမ်းကြီးကလည်း ကျွမ်းပစ်ခုန်ထပြီး ဓားအိမ်ထဲကဓားကို ဆွဲထုတ် လိုက်တယ်။ နောက်မှာလည်း တိုက်ပွဲက မပြီးသေးဘူး။ ရှမ်းစော်ဘွားရဲ့လူတွေနဲ့ ရဲဒိဗ္ဗတို့နှင့် သူသေကိုယ်သေ ခုတ်နေတုန်းပဲ။

စိတ်ကူးသစ်စာပေ



ရှင်ဖြူတို့ကို တစ်ချက်လှမ်းကြည့်တော့ ...

သူတို့လှည်း ဒုန်းပြေးနေတာ မြင်ရလို့ တစ်ချက်ဝမ်းသာသွားတယ်။

အန္တရာယ်နယ်မြေက လွတ်မယ်လို့ ယူဆရတယ်။

"ကျား ..."

"ကျား ..."

"တိုးခဲ့စမ်းဟေ့ ... ရှမ်းကြီး။ ငါက မင်းလို စော်ဘွားကျွန်နဲ့ ခုတ်ချင်ဘူး။ မင်းတို့စော်ဘွား မယားတရူး၊ တဏှာရူးစော်ဘွားနဲ့ ယှဉ်ခုတ်ချင်တာ ... ရှမ်းကြီးရ"

"အောင်မာ ... ငါ့စော်ဘွားရဲ့ဓားထက်* ငါ့ဓားနဲ့ ဒီနေ့ ဒီလို သေရမယ်ဟေ့ ... ကျား"

"ရွှမ်း"

"ကျား ... ပုဂံသားကွ ... ကျား"

"ထန် ... ချွင်"

ဒီတစ်ခါ ရှမ်းဗိုလ်မင်းက ဓားရေးကို လက်ကုန်သုံးတယ်။ သူ့ဓားချက်မြန်လွန်းလို့ ရဲသီဟ သတိထားရှောင်နေရလေရဲ့။

"ရှမ်းကြီး ဒီနေ့မင်းရင်ကို ခွဲပြီး အသည်းကို နေလှန်းမယ်ဟေ့"

"ငါလည်း နင့်ခေါင်းရယ်၊ ရှင်ဖြူ၊ ရှင်ညိုတို့ရဲ့ခေါင်းကို ဖြတ်ပြီး မိုးကောင်းကို ပို့မယ်ဟေ့။ ကိုင်း ... လာဟေ့"

"ဝှီး ..."

"ထန်"

ရဲသီဟက ရှမ်းကြီးဒေါသထွက်အောင် ဓားကို မရိုတရို ခုတ်ရှောင် လုပ်ပြရော၊ ရှမ်းကြီး ဒေါကန်ပြီး ဘယ်ညာစလွယ်သိုင်း ခုတ်လိုက်၊ ဓားဦးနဲ့ ပြေးထိုးလိုက်။ ဒီမှာ သူက ရဲသီဟကို ဓားဦးနဲ့ ရင်ဝပြေးထိုးမလို့ ဟန်ပြပြီး လက်ကိုလှစ်ခနဲရုတ်ပြီး မိုးဓားနဲ့ ခုတ်ချလိုက်တာ ရဲသီဟ ဓားနဲ့ ကာခံထားတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကြီးက တယ်သန်တဲ့လူပဲ။ အားနဲ့ဖိတယ်။ ရဲသီဟ ခံထားရင်း လက်တုန်နေပြီ။

ဒါကို ရှမ်းကြီးက သိသွားပြီး အားနဲ့ စိုက်တွန်းလိုက်ချိန် ...

ရဲသီဟကလည်း ဓားဓားချင်း ဘေးတွန်းဖယ်လိုက်ရာ ရှမ်းကြီး ဟန်ချက်အပျက် ဖျတ်ခနဲ ခန္ဓာကိုယ်ကို ကျို့ပြီး ဓားကို အောက်ပြန် စလွယ်လှန်ဆွဲပြီး ခုန်ထွက်လိုက်တာ ...

"အား ..."

ရှမ်းဗိုလ်မင်းရဲ့ ညာဘက်ချိုင်းကြားက သွေးတွေ ဖျာခနဲ စီးကျပြီး ရှမ်းကြီးကြောင်သွားချိန် တစ်ဆက်တည်း နောက်ပြန်ဝိုက်ဓားနဲ့ သင်ဓားကိုင်လက်ကို ခုတ်ချလိုက်တာ လက်မောင်းရင်းကနေ ပြတ်ပြီး ရှမ်းကြီးရဲ့ ဓားကိုင်လက်ပြတ်ကြီး မြေပေါ်မှာ ခုန်နေတယ်။

ရှမ်းကြီး သူ့ညာလက်ပြတ်က ပန်းထွက်လာတဲ့ သွေးကိုမြင်ပြီး ရှမ်းလို အော်ဟစ်ကြုံးဝါးလို့ ကျန်လက်နှင့် သူ့ခါးကြားကဓားမြှောင်ကို ဆွဲထုတ်ပစ်မယ်လို့ အရွယ် ရဲသီဟရဲ့ မြန်လွန်းလှတဲ့ဓားချက်က ဓားမြှောင်ထုတ်တဲ့ လက်ကောက်ဝတ်ပေါ်ကို ကျသွားတာ။

"ဒုတ် ..."

"အား အား အား"

သူ့ဓားမြှောင်ကိုင် လက်ကောက်ဝတ် မြေကြီးပေါ် ပြတ်ကျသွားရာ လက်ပြတ်နှစ်ဖက်ကနေ နီရဲရဲသွေးတွေ စီးကျပြီး သွေးရူးသွေးတန်း အော်ပြေးတော့တယ်။

ပြေးရင်းနှင့် သူ့လူဓားသမား လူသေကောင်ကို ခလုတ်တိုက်ပြီး လူသေကောင်ပေါ် မှောက်လျက်ကျ လူးလိမ့်ပြီး ငြိမ်ကျသွားခဲ့တယ်။

ရဲသီဟတစ်ကိုယ်လုံး သွေး၊ ချွေးနဲ့ မြေမှုန်တွေ ပေကျံနေပြီ။

မြေပြင်မှာ စော်ဘွားရဲ့ ဓားသမားအလောင်းငါးလောင်း ခေါင်းဖြတ်အပွင့် အကျည်းတန်စွာ သေနေကြလို့။

---

စိတ်ကူးသစ်စာပေ



ရဲဒီဗွတို့ဘက်ကို ကြည့်လိုက်တော့ ထွေး[illegible] လူသွမ်းတွေနောက်ကို ပြေးလိုက်နေတာမြင်လို့ လှမ်းခေါ်လိုက်တယ်။

"ညီလေး ... အချိန်မရှိဘူး။ ရှင်ဖြူတို့လှည်းနောက်ကို အမြန်လိုက်ကြစို့"

သူတို့အားလုံး မြင်းတွေပေါ် ခုန်တက်ပြီး ရှင်ဖြူတို့လှည်းနောက် ဒုန်းစိုင်းလိုက်ကြတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၄၇|

❏

လှည်းက အားသွန်ပြေးနေတယ်။ နွားနှစ်ကောင်လည်း လျှာထွက်နေပြီ။ လှည်းဟာ ကျင်းတွေ၊ ချိုင့်တွေထဲကိုကျလို့ ဂျုန်းဂျိုင်း အသံတွေ မြည်ပြီး ဘယ်ညာလူးနေတယ်။

"ဟဲ့ . . . သားတို့ ပြေးလဟ"

ရှင်ဖြူတို့ လှည်းရံတိုင်တွေကို ကိုင်ပြီး ရဲသီဟတို့ကို ခေါ်နေတယ်။

"မောင်ကြီးသီဟ . . ."

"မောင်ကြီးဒိဗ္ဗ . . . မောင်ကြီးတို့ မြန်မြန်လိုက်ခဲ့ပါတော့"

"ရှင်ညို . . . နောက်ကမြင်းတွေက ဘယ်သူတွေတုံး . . သမီး"

"ဂျုံး . . . ခုံး . . . ဂျိုင်း"

"ဟဲ့ . . . ဟဲ့ . . . ပြေးဟ . . . သားတို့ရ . . . အန္တရာယ်ကင်းနယ်ထဲ ရောက်တော့မဟ"

"အမေရေ . . . နောက်ကလိုက်လာတာ အစ်ကိုသီဟတို့၊ မောင်ကြီးဒိဗ္ဗတို့တော့။ မောင်ကြီး . . . မောင်ကြီးရေ . . ."





"ရှင်ဖြူ၊ ရှင်ညို . . ."

နွားလှည်းကလည်း အန္တရာယ်နယ်ကို ကျော်တော့မှာမို့ ဒုန်းစိုင်းဝုန်းဒိုင်းကြဲလို့။ လှည်းပေါ်မှာလည်း အော်ဟစ်ခေါ်သံတွေနဲ့ညံ့။

နောက်က ရဲသီဟတို့ မြင်းအုပ်စုကလည်း ဒုန်းစိုင်းနှင်လာနေချိန် . . .

"မောင်ကြီးရေ . . ."

"ဖောက် . . ."

"အမလေးတော့ . . ."

"အစ်မ . . . အစ်မ . . ."

"သမီး . . . ရှင်ဖြူ . . ."

ရှေ့စွယ်ကုန်းပေါ်က ရန်သူပစ်လိုက်တဲ့ အဆိပ်လူးမြားတစ်စင်း ရှင်ဖြူရဲ့လည်ပင်းကို ဖောက်ဝင်ပြီး ရှင်ဖြူ အမလေးအော်ရင်း ပုံလျက်လဲကျ။

ရှင်ညိုက လှမ်းအပွေ့ . . .

"ရွှီး . . ."

"ဒုတ် . . ."

ရှင်ညိုရဲ့ နောက်ကျောကို ရန်သူ့အဆိပ်လူးမြားတစ်စီး စူးဖောက်ဝင်သွားပြီး ရှင်ညို အမေ့လို့ တစ်ချက်အော်ရင်း လဲကျသွားချိန် . . .

နောက်ထပ်မြားတစ်စင်းက မတ်တတ်ရပ်ရင်း လှည်းအပြင်းမောင်းနေတဲ့ လှည်းသမားရဲ့ရင်ဝကို စူးဝင်ပြီး လှည်းသမား လှည်းပေါ်က ပြုတ်ကျသွားတော့တယ်။

"ရှင်ဖြူရေ . . ."

"မြားနဲ့ပစ်နေတယ်။ ရှေ့နဲ့ဆင့် ကျောက်ကုန်းပေါ်မှာ လေးသမားတွေ၊ လေးသမားတွေ"



www.burmeseclassic.com

www.burmeseclassic.com



ရဲသီဟက လေးသမား မုဆိုးနှစ်ဦးကို လှမ်းအော်သတိပေးပြီး မောင်းလှူမပါဘဲ ခြေဦးတည့်ရာပြေးနေတဲ့ လှည်းပေါ်ကို မြင်းပေါ်ကနေ လွှားခနဲ ခုန်တက်ပြီး နွားကြိုးဆွဲလို့ တန့်ထားတုန်း . . .

ရန်သူရဲ့မြားတစ်စင်းက သူ့လည်ပင်းနားကနေ 'ရှီ'ခနဲအော်ပြီး ဖြတ်သွားလို့ ငုံ့ချလိုက်တယ်။

''ရှီ''

''ဖောက်''

''အ . . .''

''ရှီ . . .''

''ဖောက် . . .''

''အား . . . မလေးဗျာ''

မုဆိုးရှေ့နှင့် ဆောင့်တို့က မြင်းကို အမြန်ရပ်ပြီး မြေကြီးကုန်းမြင့်ပေါ်က လေးနဲ့ပစ်နေတဲ့ ရန်သူနှစ်ဦးရှိရာကို လေးနဲ့ ပြိုင်တူပစ်လိုက်တယ်။

ရန်သူလေးသမား နှစ်ဦးစလုံး ရင်ဝမြားတန်းလန်းနဲ့ ကုန်းမြင့်ပေါ်ကနေ ပြုတ်ကျသွားတယ်။ သည့်နောက် သူတို့ညီအစ်ကိုနှင့် ငကျောင်းတို့ မြားသမားတွေရှိရာကို လိုက်ရှာကြတယ်။

နွားလှည်း ရပ်သွားပါပြီ။

''ရှင်ဖြူ . . . နှမ . . . ရှင်ဖြူ . . . ညီမလေး . . . ရှင် . . . ညို''

ရဲဒိဗ္ဗလည်း မြင်းပေါ်ကနေ လှည်းပေါ်ကို ခုန်တက်ပြီး ချစ်သူ ရှင်ညိုရဲ့ ကျောကုန်းမှာစိုက်နေတဲ့ မြားကို ဆွဲနုတ်လိုက်တယ်။

''အား . . .''

နီရဲရဲသွေးတွေ ပွက်ခနဲ။

''ရှင်ညို . . . ရှင်ညို . . . မောင်ကြီး အနားမှာရှိတယ် . . . ရှင်ညို ရဲ့''





ရဲသီဟကလည်း ရှင်ဖြူကိုပွေ့ပြီး တစာစာခေါ်။ ရှင်ဖြူလည်ပင်း မြားဒဏ်က သွေးတွေ သူ့ခန္ဓာကိုယ်မှာ ပေလူးသွားခဲ့တယ်။

ရဲသီဟ အံကြိတ်ပြီး စူးဝင်နေတဲ့မြား ဆွဲနုတ်လိုက်တော့ နာကျင်မှာ ညည်းညူရင်း ရှင်ဖြူ ပါးစပ်ကို အားယူဖွင့်နေတယ်။ သွေးတွေက ရင်ဘတ်ပေါ်ကို စီးကျနေပြီ။

သူ့မိဘတွေလည်း သမီးတွေအဖြစ်ကို မြင်ပြီး ဝမ်းနည်းသတိ ထစ်သွားကြပြီ။

''မောင် . . . ကြီး . . . သီ . . . ဟ . . .''

''ရှင်ဖြူ . . . အားတင်းထား . . . နှမ . . . မောင်ကြီးတို့ အန္တရာယ် ကင်းတဲ့နယ်ထဲကို ရောက်တော့မယ် . . . နော် . . . နော်''

''မောင်ကြီးရယ် . . . မော . . . မောလိုက်တာရှင် . . . ဟူး''

''ဟော့ . . . လှည်းကိုမောင်းဖို့ . . . လုပ်ကြစမ်း''

''မောင် . . . ကြီး . . .''

''ရှင်ဖြူ . . . နှမ . . . အားတင်းထားနော် . . . နော်''

''ကျွန်မ . . . မောင်ကြီးတို့ . . . မောင်လေးတို့ကို စောင့်နေတာ။ တို . . . ဆင်ဖြူတောင်မှာ ဘုရားတည်ဖို့ . . .''

ရှင်ဖြူက ရဲသီဟရဲ့လက်ကို တင်းကျပ်စွာ ဆုပ်ရင်း မောနေ တယ်။

''ကျွန် . . . မ . . . မောင် . . . ကြီးကို . . . အင့် . . .''

''ရှင်ဖြူ . . . ရှင်ဖြူ . . . ရှင်ဖြူရေ . . . ဟီး ဟီး ဟီး''

ရဲသီဟ ရင်နှင့်အမျှချစ်ရတဲ့ရှင်ဖြူ လည်ပင်းဇက်ကျိုးကျသွားပါ ပြီ။

ရင်ကွဲအော၁် အော်ခေါ်လည်း သူမ မကြားနိုင်တော့ပါဘူး။

သူ ရှင်ဖြူရဲ့ သွေးလူးနေတဲ့ ခန္ဓာကိုယ်ကို တင်းကျပ်စွာ ပွေ့ဖက် ပြီး ဝမ်းနည်းရှိုက်ငင် ငိုချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးအိမ်က မျက်ရည်တွေဟာ ချစ်သူရှင်ဖြူရဲ့ပါးပြင်ပေါ်က မျက်ရည်တွေနဲ့ ရောယှက်သွားခဲ့တယ်။

"ရှင် ... ညို ..."

ညီလေးရဲ့ ရင်ခေါင်းသံကြီးနဲ့ အော်သံကြောင့် လှည့်ကြည့်လိုက်တော့ ...

ညီလေးက သူ့ချစ်သူ ရှင်ညိုရဲ့လည်ပင်းကိုဖက် ပါးချင်းအပ်ပြီး ရင်ကွဲသံနဲ့ ငိုနေတာကို မြင်ရတော့ ...

"ညီလေး ... ရှင် ... ရှင် ... ရှင်ညိုရော"

"အစ်ကို ... ရှင်ညို ... ဆုံးသွားပြီဗျ ... ဟီး ဟီး ဟီး"

"ဖြစ်ရလေ ... ညီမလေး ... ရှင်ညိုရေ ... ဟီး"

ငရှဉ့်တို့၊ ငကျောင်းတို့လည်း ရင်နင့်ကြေကွဲစရာအဖြစ်ကိုကြည့်ပြီး မျက်ရည်တွေ ကျနေကြတယ်။

"ကိုသီဟ ..."

"ကိုရင်ငရှဉ့် ..."

"အငိုရပ်ပါတော့ ... ကိုရဲသီဟရာ၊ ကျွန်တော်တို့ သူတို့အလောင်းမြေကျရေးကိစ္စကို စီစဉ်ကြပါစို့"

❀ ❀ ❀

[ ၄၈ ]

❑

ဆင်ဖြူတောင်ကြီးဟာ ဝေ့ဝဲနေတဲ့ မြူတွေအကြားမှာ ထီးထီးကြီး ရပ်လို့။

တောင်ခြေမှာတော့ မြေပုံမို့မို့အသစ်နှစ်ခု ယှဉ်တွဲရှိနေရဲ့။

မြေပုံမို့မို့ရှေ့မှာ မျက်ရည်မိုးတွေ တဖွဲဖွဲ ရွာနေတယ်။

ရှင်ဖြူနဲ့ ရှင်ညို။

ပုဂံသား အောက်မားချစ်သူတွေအပေါ် အချစ်သစ္စာ ခိုင်မာစွာစောင့်သိခဲ့ကြတဲ့ ကျည်တောင်ရွာသူ မိန်းမပြတ်နှစ်ဦး။

တစ်သက်မှ တစ်ခါ နုမွတ် သန့်စင်စွာပွင့်လာတဲ့ အချစ်။

ရိုးသားခြင်း၊ သိမ်မွေ့ခြင်း၊ သစ္စာစောင့်သိခြင်းတို့နဲ့ ထုဆစ်ပုံဖော် ဆေးခြယ်သထားတဲ့ အချစ်ပါ။

ဒီအချစ်ကို အသက်နှင့်ထပ်တူ ချစ်ရတဲ့

ချစ်သူမှတစ်ပါး အခြားမရှိလို့ ယုံကြည်ခဲ့ကြရဲ့။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေပလ္လင်၊ မြပလ္လင်၊ စိန်ပလ္လင်ပေါ်၊ ရွှေသားခံ၊ စိန်မကိုဋ်ဆောင်းပြီး အဖိုးထိုက် အဆင်တန်ဆာတွေဆွဲ၊ ယမားယပ်ကြီးတွေ ခပ်ပြီး မိဖုရားဖြစ်ရမှာ၊ ကတော်မယားဖြစ် ရမှာ မလိုချင်။

မင်္ဂလာရွှေစောင်းနှင့် ရွှေနားတော်သွင်း ချေါင်းရွတ်သံ မမက်မောတဲ့ အရိုးခံတောသူ၊ တောင်သူမလေးတွေပါ။

ချစ်သူပြန်လာမည့်ရက်ကို လယ်ချိုးရေတွက်ပြီး ရွှေကျီးသာသံကြားတိုင်း၊ မောင်လာချိန်နီးပြီမို့ ရွှေကျီးရယ်ညိုပြာ ထိုးတယ်လို့သာဆိုပြီး မျှော်လင့်ခြင်း၊ ချစ်ခြင်းတွေကို စုဆောင်းပွေ့လိုက် တယုတယစိုက်ပျိုးနေတဲ့ . . .

အချစ်သစ္စာရှင် မိန်းမမြတ်လေးတွေပါ။

ဆင်ဖြူတောင်မှာ သစ္စာတိုင် စေတီတစ်ဆူ၊ ချစ်သူနှင့် အတူတည်ပြီး ဘဝဆက်တိုင်း နှစ်ကိုယ်တူ သောကမဲ့ မေတ္တာတရားတွေနှင့် ကြည်ဖြူစွာ ပေါင်းရပါစေသားလို့ . . .

သစ္စာတိုင်စေတီမှာ ခေါင်းလောင်းထိုးပြီး ဆုတောင်းချင်တဲ့ မယ်ရှင်ဖြူ။

ဟောဟိုက လေ့ထွင်းတောင်ပေါ်မှာ အသက်နှင့်အမျှ ချစ်ရတဲ့ မောင်ကြီးရဲ့ဒီဗွနှင့် မေတ္တာသစ္စာတိုင် ငြိမ်းချမ်းအေးမြ စေတီတစ်ဆူတည်ပြီး . . .

ချစ်ခြင်းမေတ္တာရဲ့ ချိုမြိန်အေးမြခြင်း၊ နွေးထွေးခြင်း အရသာကို တသိမ့်သိမ့် ခံစားပျော်ရွှင် ကြည်နူးချမ်းမြေ့ချင်တဲ့ နှမလေး မယ်ရှင်ညီတို့ရေ . . .

ဟောဒီ . . . ဆင်ဖြူတောင်ခြေက အညတြကျေးတော သုသာန်ကလေးမှာ နှမတို့ မနိုးသောအိပ်စက်ခြင်းနဲ့ ထာဝရ အနားယူကြပါတော့။

မင်းတို့ရဲ့ သောကအပူအလွမ်း မျက်ရည်စက်တွေ အပေါ်ကို သစ္စာတရားရဲ့ အေးမြခြင်း၊ တန်းဘိုးကြီးခြင်းဆိုတဲ့ မီးငြိမ်းမိုးတွေ ဖြိုင်ဖြိုင်ရွာချပြီး . . .

စိတ်ကူးသစ်စာပေ



အသည်းနှလုံးလှတဲ့ အချစ်ဝိညာဉ်တွေ တစ်ပွင့်ပြီးတစ်ပွင့် ဖူးပွင့်ကြပါတော့ကွယ် . . .

နှမတို့ရဲ့ အချစ်ဝိညာဉ် ပန်းပွင့်ဝတ်မှုန်တို့သည်လည်း အချစ်ကိုတန်ဘိုးထား၊ သစ္စာစောင့်သိသူတို့ရဲ့ ပါးပြင်ပေါ်မှာ ရင်ညွှန့်ထက်မှာ၊ နှလုံးအိမ်မှာ တယုတယ ခိုနားမွေ့ပျော်နိုင်ကြပါစေ . . .

မင်းတို့ဝိညာဉ် ရှင်သန်ရာ တောင်တန်းအရပ်မှာ . . .

အဝမ္မတွေ ချုပ်ငြိမ်းပါစေ . . .

ဓားသံ၊ လေးသံ၊ မြားသံတွေ ဆိပ်သုဉ်းကြပါစေ . . .

ရက်စက်ကြမ်းကြုတ်ခြင်းတွေ ကင်းမဲ့ပြီး . . .

က,သောလက်နှင့် အမုန်းမဲ့အပြုံးတွေ ရှင်သန်ပါစေ . . .

ရှင်ဖြူနဲ့ ညီမလေး ရှင်ညီရေ . . .

မင်းတို့ရဲ့ မျက်ရည်နဲ့ စိုစွတ်နေတဲ့ ဟောဒီ အရှေ့ပေါင်းလောင်းနယ် ဆင်ဖြူတောင်နဲ့ လေ့ထွင်းတောင် ရင်ဘတ်အပေါ်မှာ မောင်ကြီးတို့ အမှတ်တရ ကျောက်စာထိုးခဲ့မယ်။

မင်းတို့ ညီအစ်မနှစ်ဦးရဲ့ ဖြူစင်သန့်ရှင်းတဲ့ အချစ်သစ္စာဟာ ပုဂံခေတ်ကို ကျော်လွန်ပြီး . . .

အချစ်ရှိတဲ့ ခေတ်တိုင်းမှာ ဂုဏ်ယူလေးစား သတိတရ စံပြဖြစ်စေဖို့ . . .

တို့များလည်း မျက်ရည်စက်နှင့် ကျောက်စာရေးထိုးခဲ့တယ် . . . နှမတို့ရယ်။

ဟောဒီ မျက်ရည်တောင်မှာ ထိုးခဲ့တဲ့ ကျောက်စာကို အချစ်စစ်ရှိသူတိုင်း ဖတ်မိကြပြီး အချစ်စစ်တွေ စိမ်းစိုနုပျို ရှင်သန်နိုးထ ဖတ်ပြီးရင် ဖတ်ချင်ကြပါစေ။

ရှင်ဖြူတို့ ဝိညာဉ်သစ်တွေလည်း . . .

နှလုံးသားနဲ့ ထပ်ကာထပ်ကာ ဖတ်ပြီး မျက်ရည်သိမ်မိုးကို ရုပ်လိုက်ပါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

မင်းတို့ရှိတဲ့ မျက်ရည်တောင်ကို မောင်ကြီးတို့ ရောက်လာရင်လည်း ရေးထိုးထားတဲ့ ကျောက်စာတွေကို မွေ့မွေ့ပျော့ပျော့ အော်ဖတ်ပြီး ပြေးကြိုလှဲ့နော် . . . နှမတို့''

[မှတ်ချက် ။ ယခုအခါ ချစ်ခြင်းသစ္စာတရားကို အသက်နှင့်ရင်းပြီး မှတ်ကျောက်တင်သွားခဲ့သည့် ရှင်ဖြူနှင့်ရှင်ညို ညီအစ်မနှစ်ဦးတို့သည် ဆင်ဖြူတောင်နှင့် လေ့ထွင်းတောင်ကို စွဲကာ နတ်ကွန်း၊ နတ်နန်းရှင်၊ နတ်စိမ်းဘဝနှင့် ချစ်သူကို မျှော်လျှက်ရှိပါကြောင်း။]

"အချစ်စစ် အချစ်မှန် သစ္စာတရားကိုရေးထိုးတဲ့ ကမ္ပည်းကျောက်စာ မှန်သမျှ စာလုံးအက္ခရာတွေ ပဲ့ချင်ပဲ့ပေမင့် အချစ်စစ်ရဲ့ တန်ဖိုးကတော့ နေ့စဉ် ဈေးကြီးတန်ဖိုးတက်နေဦးမှာပါပဲလေ"

မောင်ညိုမှိုင်း(သန်လျင်)




www.burmeseclassic.com